
PEACE (SARPAY)
( )C-002, နှင်းဆီလမ်း

# နေနွယ်စင်မြင့်



ကျွန်မနာမည်ရှင်ယွန်းမေ






# နေနွယ်ဇင်မြှင့်



ကျွန်မ နာမည်
ရှင်ယွန်းမေ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





ကျွန်မနာမည် ... ရှင်ယွန်းမေ ... ပါ။ ကျွန်မှာ အလွန်ချစ်ခင် အားကိုးရတဲ့ သူငယ်ချင်းမလေး တစ်ယောက်ရှိပါတယ်။ သူ့နာမည်က .. ဖြူစင်သန့် ... တဲ့။

နာမည်နဲ့ လူနဲ့ လိုက်ဖက်လွန်းလှတဲ့ ... ပြီးတော့၊ ကံကောင်းသူလေးလည်း ဖြစ်နေသေးတဲ့၊ အဲဒီသူငယ်ချင်းမလေးဟာ ကျွန်မကို အမြဲဖေးမခဲ့တယ်။ ကူညီခဲ့တယ်။ ကျွန်မရဲ့ရှင်သန်မှုအတွက် ခွန်အားတွေကို ဖြည့်ဆည်းပေးခဲ့တယ်။

သူ့ကို ကျွန်မ .. သိပ်ချစ်ပါတယ်။ ကျွန်မရဲ့ ကျေးဇူးရှင်မကလေးလည်း ဖြစ်ပါတယ်။ သူ့ဘဝကို အရမ်းအားကျမိပါတယ်။ ရယူပိုင်ဆိုင်ချင်လှပါတယ်။ ကံတရားက ကျွန်မအတွက် တစ်ကြိမ်တလေ ဖေးမကြင်နာစွာ ပေးသနားခဲ့မယ်ဆိုရင် .. သူ့ဘဝကို (ခဏလေးပဲဖြစ်ဖြစ်) ကျွန်မရလိုက်ချင်ပါတယ်။

အဲဒီလောက်ထိ သူ့ဘဝကို ကျွန်မ အားကျတယ်။ မက်မောပါတယ်။ ရယူပိုင်ဆိုင်လိုတဲ့ ဆန္ဒပြင်းထန်ပါတယ်။

သက်ရှိလူသားတစ်ယောက်ကို၊ သူချစ်ရင် .. ကျွန်မလည်း ချစ်မယ်။ သူမုန်းရင် .. ကျွန်မလည်း မုန်းမယ်။ ဒါပေမဲ့ .. ကျွန်မဘဝမှာ မုန်းစရာလူဆိုတာ ခုချိန်ထိ မတွေ့မကြုံရသေးတာ

က၊ သူဆိုတဲ့ ကျွန်မသူငယ်ချင်း၊ သူတော်ကောင်းမလေးမှာ "မုန်းသူ"ဆိုတာ ရှိမနေခဲ့လို့ပါပဲ။

ချစ်သူတစ်ယောက်တော့ ရှိနေလေရဲ့။

မင်းချမ်းမြေ့ ... တဲ့။ အိမ်ဦးသခင်အဖြစ် လေးစားကိုးကွယ်၊ မြတ်နိုးဖွယ် သက်ရှိယောကျ်ား တစ်ယောက်ပါပဲ။

✧ ✧



# အခန်း ၁

"တော်ရုံတန်ရုံ အယူသီးတဲ့ သူတွေသာဆိုရင်၊ ဒီအိမ်ကို ဟန်းနီးမွန်းအတွက် လာမှာမဟုတ်ဘူးနော်"

ကားမောင်းရင်း .. အသစ်စက်စက် ဇနီးလေးရဲ့စကားကြောင့် လှည့်ကြည့်ရင်း ပြုံးပြလိုက်သူက ဒေါက်တာမိုးမြင့်သူပါ။

"သီတာက အယူသီးတတ်လို့လား"

"ဟင့်အင်း .. မသီးပါဘူး၊ အယူသီးတာတို့၊ အတိတ်နိမိတ်တို့ ဆိုတာက၊ တကယ်တော့ .. စိတ်ရဲ့တစ်ဖက်စွန်းရောက် ခံစားမှုတွေပဲ။ အိမ်မှာ ဘုရားညောင်ရေအိုးကျကွဲတာက ... ကိုင်တာလက်မမြဲလို့၊ အိမ်သားထဲက ခရီးထွက်သွားတဲ့သူ ကားမောင်းရင်း ဘက်ဆီးဒင့် Accident ဖြစ်တာက သူမှားလို့သော်လည်းကောင်း၊ တစ်ဖက်ကားက မှားလို့သော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့်ပဲ။ အဲဒီနှစ်ခုဟာ ဘာမှမဆိုင်ဘူး"

"သီတာ့ကို ချစ်တာအပြင် အထင်ကြီးတာလည်း ပါတယ်ဆိုတာ၊ အဲဒီလို မှန်မှန်ကန်ကန် တွေးခေါ်တတ်လို့ပဲ။

လူတွေတော်တော်များများဟာ စိတ်ကို တစ်ဖက်စွန်းရောက်အောင် ခံစားတတ်ကြတယ်။ အဲဒီခံစားမှုအပေါ်မှာ ကိုယ်ဆွဲချင်တဲ့ ကောက်ချက်ကို ဖမ်းဆွဲပြီး အယူသီးချင်သလို သီးသွားကြရော။ တကယ်တော့ ရူပါစတစ်ရုပ် Superstitious ဖြစ်တာ"

သူတို့နှစ်ယောက်က ဇနီးမောင်နှံ အသစ်စက်စက်ကလေးပါ။ ရန်ကုန်မှာ လက်ထပ်ခဲ့ကြပြီး၊ ကိုယ့်ကားလေး ကိုယ်မောင်းလျက် နှစ်ယောက်တည်း ထွက်လာသော ပျားရည်ဆမ်းခရီးဖြစ်၏။ လက်မထပ်မီကတည်းက လက်ထပ်ပြီးလျှင် ပြင်ဦးလွင်သို့ ခရီးထွက်မည်၊ ချောင်းသာလို ငွေဆောင်လို ပင်လယ်ကမ်းခြေတွေကို ဒုတိယခရီးအဖြစ် အိမ်ထောင်သက်ကလေး ... လေးငါးခြောက်လ၊ တစ်နှစ်ဆိုသလိုရမှ (သားသမီး မယူမီ) သွားမည်ဟု နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ လက်ထပ်ပွဲတစ်ခုဆိုတာကလည်း စီစဉ်ရတာ လေး,ငါးခြောက်လ မဟုတ်တောင် အနည်းဆုံး၊ သုံးလေးလလောက်တော့ ကြာတတ်မြဲ။ ပြင်ဦးလွင်သို့ ဟန်းနီးမွန်းထွက်ဖို့ ဆုံးဖြတ်ချက်က ချစ်သူဘဝထဲက ချခဲ့ကြတာဖြစ်သည်။

"ကိုမိုး .. အစ်ကိုတို့ လက်ထပ်ပြီးလို့ ပြင်ဦးလွင်ကို သွားမယ်ဆိုရင် ကျွန်တော့်အိမ်မှာ ကြိုက်သလို တည်းနိုင်တယ်နော်"

ဒေါက်တာမိုးမြင့်သူ၏ညီ၊ တိုးမြင့်သူ၏ သူငယ်ချင်း "မင်းချမ်းမြေ့"က ဒေါက်တာမိုးမြင့်သူကို ချစ်ခင်လေးစားသလောက် ရင်းနှီးသူလည်း ဖြစ်၏။ ပြီးတော့ .. သူက မိဘမရှိ၊



ညီကိုမောင်နှမ အရင်းအခြာ မရှိသည်မို့ သူငယ်ချင်းနှင့် သူငယ်ချင်း၏ညီကိုမောင်နှမတွေကို အရင်းအခြာနှယ် ခင်မင်နေရသူဖြစ်၏။ သဘောကောင်းသည်။ ရက်ရောသည်မို့ လူချစ်လူခင်ပေါသည်။ သူကိုယ်တိုင်ကလည်း လူတကာကို ခင်တတ်သည်။ သူဘစ်ဦးတည်းပိုင်သော အထူးကုဆေးခန်းကြီးက အင်းစိန်အစွန်နားလေးမှာ ကျယ်ဝန်းဟိန်းမားလှသည်။

"အမွေတွေ အများကြီးကို ငယ်ငယ်ရွယ်ရွယ်နဲ့ရပြီး၊ မပျက်မစီး၊ လူကောင်းသူကောင်း ဖြစ်နေတာ .. ဒီကောင့်ကို အရမ်းချီးကျူးဖို့ ကောင်းတယ်။ သူ့ဆေးခန်းဝင်ငွေက တစ်လ ဘယ်လောက်ဝင်သလဲ မမေးနဲ့၊ တစ်နေ့ကို ဘယ်နှသိန်းဝင်သလဲလို့မေး"

တိုးမြင့်သူက သူ့သူငယ်ချင်းကို ချီးကျူးလေ့ရှိသလို၊ ခင်လည်း အရမ်းခင်သည်။

"သူ့မိဘတွေက လေးဆယ်ကို တော်တော်ကျော်မှ အိမ်ထောင်ပြုကြတဲ့ အပျိုကြီးနဲ့ လူပျိုကြီးလေ။ သူ့တစ်ယောက်တောင် မီရုံကလေး မွေးရတာဖြစ်မယ်၊ သူ့မိဘတွေ ... နောက်ထပ် တစ်နှစ်လောက်ကြာမှသာ လက်ထပ်ဖြစ်ရင် ကလေးရဖို့တောင် မမြင်ဘူး"

"ချမ်းမြေ့ရိပ်ငြိမ်"ဆိုသော အထူးကုဆေးခန်းကြီးသည် မိဘလက်ငုတ်ဖြစ်၏။ ရောဂါပေါင်းစုံအတွက် အထူးကုသမားတော်ကြီးပေါင်းစုံ ရှိသည်။ ဆေးရုံတက်ရောက် ကုသနေဖို့ အတွင်းလူနာများအတွက် ခုတင်ရှစ်ရာအတွက် တစ်ယောက်ခန်းချည်း ရှစ်ရာရှိသည်။ နှစ်ယောက်ခန်းတို့ ဟောခန်း Hall တို့

မရှိပါ။ တချို့ တစ်ယောက်ခန်းတွေက အိပ်ခန်းနှင့် အိမ်သာ၊ ရေချိုးခန်းတွဲလျက်၊ တီဗီ၊ ရေခဲသေတ္တာ၊ တယ်လီဖုန်း၊ လေအေးပေးစက်၊ မိသားစုထဲမှ လူနာလာစောင့်လိုလျှင် အိပ်စက်နားနေဖို့ ခုတင်အပိုတစ်လုံး၊ ထမင်းထိုင်စားဖို့ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ဧည့်သည်ထိုင်ဖို့ ကူရှင်ပါသော တစ်ယောက်ထိုင်ကုလားထိုင်သုံးလုံး ... တို့ကို ချောင်ချောင်ချိချိ ထားရှိထည့်သွင်းပေးထားသည့် အခန်းမျိုးဖြစ်၏။

တချို့ တစ်ယောက်ခန်းတွေကျတော့၊ တစ်ယောက်ခန်းသာဆို (လူနာတစ်ဦးအတွက်သာ ဆိုပေမယ့် သာမန်အိမ်တစ်လုံးနီးပါးကျယ်၏)။ အခန်းက နှစ်ခန်းဖြစ်နေ၏။ ပထမဝင်ဝင်ချင်းမှာ ဧည့်ခန်း။ ဆိုဖာဆက်တီများ ချထားသည်။ လေအေးပေးစက် တပ်ထားသည်၊ အလယ်စားပွဲမှာ လှပမွှေးကြိုင်သည့် ပန်းအိုး ထိုးထားသည်။ တစ်နေ့ တစ်ကြိမ် လဲပေး၏။ အဲသည် ဧည့်ခန်းကတစ်ဆင့် ဝင်ရသည့် အခန်းကမှ လူနာခန်း။ အခြားလူနာခန်းထက် နည်းနည်းပိုကျယ်သေးသည်။ အခြားလူနာခန်းတွေမှာပါသည့် အသုံးအဆောင်ပစ္စည်း အကုန်ပါသည်။ ရေချိုးခန်းပိုကျယ်သည်။ စပါယ်ရှယ်ခန်း ဖြစ်ပါ၏။

နေ့ည သူနာပြုဆရာမကို "ယူပါရစေ"ဟု ပြောစရာမလိုပါ။ ဝန်ဆောင်မှုထဲမှာ ပါပြီးသားဖြစ်သည်။ တာဝန်ကျဆရာဝန် လေး,ငါးဦးတို့က ကော်ရစ်ဒါထောင့်ချိုးတွေမှာ နှစ်ဆယ့်လေးနာရီ မပြတ်ရှိသည်။ ကိုယ့်ကို ကြည့်ရှုကုသပေးသည့် သမားတော်ကြီးက ဝန်ဆောင်မှုအဖြစ် တစ်နေ့ကို တစ်ကြိမ်လာကြည့်ပေးသည်။ ထို့ထက်ပို၍ (လူနာအခြေအနေ အပြောင်းအလဲ



အဆိုးအကောင်း ရှိလျှင်ရှိသလို) နှစ်ကြိမ် သုံးကြိမ် ဆိုသလိုလည်း ...င့်ဖိတ်နိုင်သည်။ တာဝန်ကျ ဆရာဝန်များက လူနာခန်းတိုင်းသို့ လူနာတွက် အရေးပေါ် လိုအပ်လျှင်လာသည်၊ အရေးပေါ် ...လိုအပ်သော်လည်း၊ တစ်နာရီလျှင် တစ်ကြိမ်ကျ၊ ကျန်းမာရေးအခြေအနေကို လာကြည့်သည်။

တာဝန်ကျဆရာဝန်နှင့် တစ်ရက်မှာ နှစ်ဆယ့်လေးကြိမ်တွေ့ခွင့်ရ၏။ လူနာအိပ်ချိန်ဆိုလျှင် မနိူးတော့ဘဲ အခြေအနေကိုသာကြည့်၊ ညစောင့်ဆရာမထံမှ စစ်တမ်းကို မေးမြန်းပြီး ပြန်...ွက်သွားပေမဲ့၊ လူနာအခြေအနေ ကောင်းသည်ဟုဆိုကာ မလာ...ဘဲ မနေပါ။ ဂရုစိုက်မှုက အတိုင်းထက်အလွန်။ ဆရာဝန်နှင့် ဆရာမများ၊ ဆေးခန်းဝန်ထမ်းများ အားလုံးသည် "နှုတ်ချိုလျှိုတစ်...ါး"ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၏။ အပြုံးလှိုင်လှိုင်...က မျက်နှာပေါ်မှာ မျက်နှာဖုံးတစ်ခု စွပ်ထားသလောက်ကို ...မြင်ရ၏။

ဤသည်များပင်လျှင် "ချမ်းမြေ့ရိပ်ငြိမ်"အထူးကုဆေးခန်းကြီး၏ အခြားနှင့်မတူသော ထူးခြားမှု၊ လူနာများစိတ်တိုင်းကျရမှု ဖြစ်တော့သည်။ ဝန်ဆောင်မှုက သူများထက် သာသည်မို့ စရိတ်စကလည်း သူများထက် သာသည်ပင်။ သို့ပေမဲ့ ... လူနာနှင့်တကွ၊ လူနာ၏မိသားစုတစ်ခုလုံး စိတ်တိုင်းကျ ကျေနပ်မှုရသည်မို့ သူများထက်သာသော စရိတ်စကို ပျော်ပျော်ကြီးပေးကြလေ၏။ နှုတ်ဖျားမချ ချီးကျူးကျေနပ်ကြလေ၏။

အပြင်လူနာပြခန်း၊ ဓာတ်ခွဲခန်း စသည်များ၊ ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ၊ သူများထက်သာသည်၊ ပြည့်စုံသည်။

ချမ်းမြေ့ရိပ်ငြိမ်ကို ရောက်လျှင်၊ အဲသည်မှတစ်ဆင့် တခြားသို့ သွားရောက် စစ်ဆေးရတာမျိုး၊ ဘာတစ်ခုမျှမရှိ၊ ဤဆေးခန်းမှာ တွင်ပင် အားလုံးပြည့်စုံ၏။ ဓာတ်မှန်ကျွမ်းကျင် ပြန်သွားပြီမို့ အရေးပေါ် ဓာတ်မှန်ရိုက်လို့ မရပါဆိုတာမျိုး၊ တီဗီဓာတ်မှန် ဆရာဝန်က ရုံးချိန်သော်လည်းကောင်း၊ သူ့အချိန်နှင့်သူသော် လည်းကောင်း လာတာမျိုးမို့ မရိုက်ရ၊ မစစ်ရ ဆိုတာမျိုး လုံးဝ မရှိ။ နှစ်ဆယ့်လေးနာရီ ဝန်ဆောင်မှုအပြည့် ရှိပါသည်။

အဲသည် ဆယ့်နှစ်ထပ်ဆေးခန်းကြီး (ဓာတ်လှေကား ငါးစင်း ရှိသေးသည်)၏ ပိုင်ရှင် ဦးသက်မင်းနှင့် ဒေါ်ခင်ချမ်းမြေ့ တို့မှာ ဒေါ်ခင်ချမ်းမြေ့က အရင်ကွယ်လွန်သည်။ ပြီးတော့ ... ဦးသက်မင်းက နှစ်နှစ်အကြာမှာ ထပ်မံကွယ်လွန်၏။ တစ်ဦးတည်း သောသား "မင်းချမ်းမြေ့"ကိုယ်တိုင် ဆရာဝန်ဖြစ်ချိန်မှာ အသက် ခုနစ်ဆယ်နီးပါးနှင့် ခုနစ်ဆယ်ကျော်တွေ ဖြစ်နေကြပြီဖြစ်သော မိဘနှစ်ပါးမှာ သက်တမ်းတွေ ကုန်ဆုံးသွားကြသည်။ သူတို့၏ စည်းစိမ်ချမ်းသာတွေကို ချန်ရစ်ခဲ့ကြရသည်။ တစ်ဦးတည်းသော အမွေခံသား "ဒေါက်တာမင်းချမ်းမြေ့"ကလေး အသက်နှစ်ဆယ့် လေးမှာ "ချမ်းမြေ့ရိပ်ငြိမ်"ဆေးခန်းကြီးကို တစ်ဦးတည်းပိုင်သည်။

ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဒသမခုနစ်ငါး(.၇၅) တီတီကျယ်သော ခြံဝင်းကြီး၊ နှစ်ထပ်ခွဲတိုက်ကြီး (အဲသည်ခြံမှာ သားမိသားဖသုံးယောက် နေခဲ့သည်)တို့ကို တစ်ဦးတည်း အမွေ ဆက်ခံရသည်။ ပြင်ဦးလွင် ... ကန်တော်ကြီးနားမှာ တစ်ဧကခွဲ ခန့်ကျယ်ပြီး တစ်ထပ်ခွဲ၊ ဘန်ဂလိုဆန်ဆန်၊ ပုံစံလှလှ ချစ်စရာ တိုက်ကလေး၊ ပန်းမျိုးစုံဖူးပွင့်ဝေဆာလျက် "ချမ်းမြေ့ရိပ်ငြိမ်"ဟု



င် နာမည်ပေးထားသည့် ခြံကလေးကတော့ နွေရာသီစံအိမ်က လေး ဖြစ်၏။ ခြံထောင့်တစ်နေရာမှာ ကားဂိုဒေါင်ခပ်ကျယ်ကျယ် တစ်လုံး၊ ကားဂိုဒေါင်အပေါ်ထပ်မှာ ခြံစောင့်၊ ရေလောင်း၊ ပေါင်းသင်၊ အိမ်ရှင်း၊ တစ်ခြံလုံး တစ်အိမ်လုံး ဘယ်နေရာမျှ လှမပ မရှိစေရဖို့ တာဝန်ယူရသူ၊ ဦးသက်မင်း၏ ဆွေနီးမျိုးစပ် ဆိုလည်းဟုတ်၊ တပည့်ကျေးဇူးစားဆိုလည်း ဟုတ်သော သားသမီး ရှိ၊ မုဆိုးဖို အသက်ငါးဆယ်နားနီး ဦးကျော်အေး ဆိုသူကိုနေ ်င်းထားလျက် လခပေးထားပါသည်။

အဲသည် နွေရာသီစံအိမ်လေးမှာ ဒေါက်တာမိုးမြင့်သူ ့ လက်ထပ်ပြီးလျှင် ဟန်းနီးမွန်းထွက်နိုင်ဖို့ စီစဉ်ခဲ့ခြင်းဖြစ်လေ၏။

"မင်းချမ်းကလည်း လက်ထပ်တော့မဲ့ဟာ ... မင်းကတောင် ငါတို့အရင် ကျနေမလား"

မင်းချမ်းမြေ့မှာ ချစ်သူရှိပါသည်။ သူတို့ချစ်သူနှစ် ်းမှာလည်း မိဘသဘောတူ ကြည်ဖြူလျက် မကြာမီ လက်ထပ် ကြမှာဖြစ်၏။

"ကျွန်တော်တို့ အရင်ကျရင် ကျွန်တော်တို့ အရင်သွားမှာ ပေါ့၊ ကိုမိုးတို့က အရင်ဆိုရင် ကိုမိုးတို့ အရင်သွား၊ ပြိုင်တူဆုံနေလည်း ဘာအရေးလဲ၊ နှစ်စုံတွဲဆိုတော့ ပိုတောင် ပျော်စရာကောင်းဦးမယ်၊ အိမ်က အကျယ်ကြီးပဲဟာ၊ နေ ပါလေ့"

"အိုခေ ... ကျေးဇူးပဲကွာ၊ သွားမယ်"

"အစ်ကိုတို့ သွားချင်ရင်၊ ကျွန်တော် မရှိရင် ကမ္ဘာအေးခြံက မျိုးထွန်းဆီက သော့တောင်းသွားနော်၊ ကျွန်တော်တို့က

ပြင်ဦးလွင် အရင်သွားဖြစ်မလား၊ ချောင်းသာ အရင်သွားဖြစ်မလား၊ ဇန်ကောက် အရင်ထွက်ဖြစ်မလား မဆုံးဖြတ်ရသေးဘူး”

“တူတူသွားရရင်တော့ ပိုပျော်မယ်”

“ဖြူစင်က မြဘုရား ဖူးချင်လို့ ဇန်ကောက် အရင်သွားချင်စိတ် များနေတယ်။ ပြီးတော့ ... အဲဒီ ပြင်ဦးလွင်ကို ဖြူစင်က တစ်ခေါက် ရောက်ဖူးပြီးပြီ၊ ကျွန်တော်တော့ မပါဘူး၊ သူ့သူငယ်ချင်းတွေနဲ့ မိန်းကလေးငါးယောက် သွားကြတာ၊ ကန်တော်ကြီးရီဇော့မှာ မတည်းဘူး၊ ချမ်းမြေ့ရိပ်ငြိမ်မှာပဲ တည်းခဲ့တာ”

“ဒါဆိုရင်တော့ ... မင်းကောင်မလေး ... ဇန်ကောက် အရင်သွားဖို့ များတယ်”

“ချောင်းသာလည်း သွားချင်နေသေးတယ်၊ သူက ပင်လယ်ကိုလည်း ကြိုက်လို့တဲ့။ မဆုံးဖြတ်ရသေးပါဘူး”

“မင်းတို့က ဘာဖြစ်လို့ အချိန်ဆွဲနေတာလဲ”

“ဆီဒိုးနားရက်လည်း စောင့်ရင်း ... စေ့စပ်မှာက ဒူးဇစ် အင်းယားလိပ်ခ်၊ လက်မှတ်ထိုး လက်ထပ်မှာက မြရိပ်ညို၊ မင်္ဂလာဧည့်ခံပွဲက ဆီဒိုးနား၊ ညဘက် ဒင်နာက ဟိုတယ်လ် နစ်ကိုးလ်၊ အဲဒါတွေအကုန်လုံးရဖို့ ရက်ညှိရ စောင့်ရတာက တစ်မျိုး၊ သူ့အမေကလည်း နေမကောင်းဖြစ်နေတာ၊ ပြီးခဲ့တဲ့လတည်းက အင်ဖါ့က် Infarc ရလို့ ကျွန်တော့်ဆေးခန်းမှာတောင် နှစ်ပတ်တင်လိုက်ရသေးတယ်။ အဲဒါတွေ ကြာနေတာ”



“ကျေးဇူးပဲ မင်းချမ်းရာ ... သွားကာနီးရင် သော့လာတောင်းရမလား”

“ပြင်ဦးလွင် ချမ်းမြေ့ရိပ်ငြိမ်ရဲ့ သော့တွေက သုံးတွဲတောင်ရှိတာ။ တစ်တွဲက အဲဒီမှာနေတဲ့ ဦးလေးဦးကျော်အေးဆီမှာ၊ နှစ်တွဲက ကမ္ဘာအေးချမ်းမြေ့ရိပ်ငြိမ်က မျိုးထွန်းဆီမှာ၊ ကျွန်တော်တို့ သွားရင် သော့တွဲယူသွားစရာ မလိုဘူး၊ ဟိုက ဦးကျော်အေးဆီမှာ ရှိတယ်”

“တို့သွားတော့လည်း ဟိုက ဦးကျော်အေး ဆီမှာ ရှိမှာပဲ မဟုတ်လား”

“ကိုမိုးတို့ကိုမှ ဦးကျော်အေးက မသိတာ ဘယ်ဖွင့်ပေးမလဲ။ ချမ်းမြေ့ရိပ်ငြိမ်သော့တွဲယူလာတဲ့ စုံတွဲဆိုရင် လက်ခံပြီး ချက်ပြုတ်ကျွေးမွေး၊ ကောင်းကောင်းပြုစု၊ လိုရင်လုပ်ပေး၊ မလိုရင် ရှောင်ပေး၊ ခေါ်ရင်သွား၊ မခေါ်ရင် ဝေးဝေးနေလို့ မှာထားမယ်”

ပြောပြီး မင်းချမ်းမြေ့က ရယ်၏။ မိုးမြင့်သူလည်း လိုက်ရယ်သည်။

“ပြီးရင် ကိုမိုးက ကျွန်တော့်ဆေးခန်းမှာ အလုပ်ဝင်မှာ မဟုတ်လား”

ဒေါက်တာမိုးမြင့်သူက ရန်ကုန်မှာ M.B.,B.S အောင်၊ ပြီးတော့ လန်ဒန်သွား Plab ဖြေ၊ ဆေးရုံမှာ ဝင်လုပ်ပြီး စိတ်ကျန်းမာရေးအထူးကု သမားတော် M.R.C.Psy ဘွဲ့ကို ယူလာခဲ့သူ၊ လောလောဆယ် အလုပ်မဝင်ရသေးသူ ဖြစ်ပါသည်။

"ငါက ဆေးရုံလည်း ပြန်ဝင်မှာဆိုတော့ မင်းဆေးခန်းမှာ အချိန်ပိုင်းပဲ ရမယ်"

"ဒါပေါ့ ... ကျွန်တော် မရှိရင် ... မျိုးထွန်းဆီမှာ သော့တောင်းသွားပေါ့ ကိုမိုး။ မျိုးထွန်းကို မှာထားမယ်၊ ဟန်နီးမွန်းထွက်မဲ့စုံတွဲ ပြင်ဦးလွင် ချမ်းမြေ့ရိပ်ငြိမ်သော့ လာတောင်းရင် ပေးလိုက်လို့"

"မင်းကို ကျေးဇူးတင်တဲ့အကြောင်း ပြောရရင်၊ ဒီတစ်ကြိမ်ပါနဲ့ဆို ... သုံးကြိမ်လား၊ လေးကြိမ်လား"

"ကျေးဇူးတွေများမှ ကျွန်တော့် အင်းစိန်ချမ်းမြေ့ရိပ်ငြိမ်မှာ ကိုမိုး မလွဲမသွေ လာထိုင်ပေးတော့မှာပေါ့။ ငြင်းဖို့ မျက်နှာပူ အားနာမယ်လေ။ အလကား နောက်တာပါ ကိုမိုးရ။ ဆေးရုံကပိုတဲ့ အားချိန်လေး အချိန်းပိုင်းဆိုလည်း ကျေနပ်ပါပြီ၊ ရန်ကုန်မှာ Psychiatry နဲ့ ပတ်သက်ရင် ...

"Diploma တွေပဲရှိပြီး Master မရှိသေးတော့၊ ကျွန်တော်က ကိုမိုးကို သိပ်လိုချင်နေတာ၊ အချိန်ပိုလေးမှာ တခြားဆေးခန်းတွေနဲ့ပါ မျှရရင် ကျွန်တော့်ဆီ အချိန်နည်းမှာပဲ စိုးတာ"

"အပြောကောင်းတယ်နော် မင်းချမ်း ... မင်းကျေးဇူးတွေကလည်း ပိသလောက် ဖြစ်နေပါပြီ။ ဆေးရုံပြီးရင် ကျန်တဲ့အချိန် အကုန်လုံး၊ မင်းဆေးခန်း တစ်ခန်းပဲ၊ ကျေနပ်ပြီလား"

"အရမ်းကျေနပ်တာပေါ့ ကိုမိုးရ၊ ကျေးဇူးအရမ်းတင်တယ်နော်၊ ကျွန်တော်ကို ... ကိုမိုး ကျေးဇူးမတင်နဲ့တော့၊ ကိုမိုး



နဲ့ ကျွန်တော်နဲ့ အပြန်အလှန် တင်လိုက်တဲ့ ကျေးဇူးချင်းတွေ ကျေသွားပြီလို့ သဘောထား"

"အေး ... ကောင်းတယ်"

ခုတော့ ...

ဒေါက်တာမိုးမြင့်သူ M.B.,B.S(YGN), M.R.C.Psy London) နှင့် ဒေါက်တာသီတာအေး M.B.,B.S(YGN) တို့ဇနီးောင်နှံ အသစ်စက်စက်ကလေး တစ်စုံတွဲ ... ပြင်ဦးလွင်န်တော်ကြီးဥယျာဉ်အနီးမှ ချမ်းမြေ့ရိပ်ငြိမ်ဆီသို့ ပျားရည်ဆမ်း ထွက်ခဲ့ပါပြီ။ ရန်ကုန်ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်မ် ... မျိုးထွန်းဆီမှ သော့တွဲတစ်တွဲ တောင်းလာခဲ့သည်။ ခြံနှင့်မ်ကိုဖွင့်ဖို့ မဟုတ်ပါ။ မင်းချမ်းမြေ့ ခွင့်ပြုချက်နှင့် ရောက်လာများဖြစ်ကြောင်း၊ ဦးကျော်အေး ထံတွင် ထောက်ခံချက်အဖြစ်သဖို့သာ ဖြစ်တော့၏။

သည်သော့တွဲကို မြင်လျှင် ... ဦးကျော်အေးကမြင်ဖူးထားသူ မဟုတ်သော်ငြား) အိမ်မှာ လက်ခံပြုစုဖို့ယျာဝစ္စ ဆောင်ရွက်ဖို့ မင်းချမ်းမြေ့က အမိန့်ချမှတ်ထားခဲ့သည်လေ။

✧ ✧

## ၂

ပြင်ဦးလွင်သို့ တန်းတက်ခဲ့တာ မဟုတ်ပါ။

မန္တလေးသို့ အရင်ဝင်၏။ မန္တလေးရောက်တော့ ညဦးပိုင်း ဖြစ်နေပြီ။ ဟိုတယ်မှာ တစ်ညအိပ်၊ နံနက်စာစား၊ မဟာမြတ်မုနိဘုရားကြီး သွားဖူး။ ပြီးတော့ မိတ်ဆွေသူငယ်ချင်း တချို့အိမ် သွားလည်ပတ်၊ ဖုန်းဆက်ပြီး မှတ်ဆက်တန်တာဆက်၊ ဈေးလည်းဝယ်။ နေ့လယ်စာ စားချိန်မှာ တည်းခိုသည့် ဟိုတယ် ပြန်၊ Check Out အထွက်ပြ၊ အဲသည်မှာပဲ နေ့လယ်စာ စားပြီးမှ ပြင်ဦးလွင်သို့ ထွက်ခဲ့တော့ မွန်းတောင်လွဲခဲ့ပြီ။

ရန်ကုန်ဆေးတက္ကသိုလ်မှ တူတူအောင်ခဲ့သည့် ဆရာဝန်တချို့က မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွေမှာ တာဝန်ကျ ရောက်တာ ရှိသလို မန္တလေးဆေးတက္ကသိုလ်မှ အောင်မြင်ခဲ့သည့် ဆရာဝန်တချို့ကလည်း ရန်ကုန်နှင့်တကွ၊ အနီးတစ်ဝိုက် မြန်မာပြည်အောက်ပိုင်းတွေမှာ တာဝန်ကျရောက်တာတွေလည်း ရှိသည်မို့ ဆရာဝန်အချင်းချင်းဆို ... သိကျွမ်းခင်မင်နေတတ်ကြတာများပါသည်။



"ပြင်ဦးလွင် ရောက်ရင် နည်းနည်းမှောင်မယ်နော် ... မှောင်စပြုချိန်လောက် ဖြစ်နိုင်တယ်။ မိုးနဲ့ ဆောင်းကြားဆိုတော့လေ ... နေဝင်တာလည်း စောစပြုပြီ၊ ညစာစားဖို့"

"ဟုတ်ပါရဲ့ ... တစ်နေရာရာဝင်စားပြီး သွားမှကောင်းမယ်၊ ဟိုရောက်မှ ဦးကျော်အေးကို ဒုက္ခပေးလို့ မကောင်းဘူး၊ နောက်တစ်နေ့မှ ပိုက်ဆံပေးပြီး ဈေးထွက်ဝယ်ခိုင်းရမှာ၊ ဦးကျော်အေးက ချတ်တတ် ပြုတ်တတ်မှ ရှိရဲ့လား မသိဘူး"

"သီတာ ချက်မှာပေါ့ မောင်ရဲ့၊ ဟန်းနီးမွန်းပါ လို့ ... ဦးကျော်အေးကို ဈေးလွှတ်ပြီး မောင်နဲ့ သီတာနဲ့ မီးဖိုချောင် တူတူဝင်မှာပေါ့"

"ဟာ ... မီးဖိုထဲက မထွက်နိုင်တာနဲ့ ဘယ်မှမသွားရဘဲ နေဦးမယ်"

"လျှောက်သွားမဲ့ နေ့တွေကျတော့လည်း ဖြစ်သလို ကြံသလိုပေါ့ မောင်ရာ"

"ကောင်းတယ် ... မောင့်မိန်းမ တော်တယ်"

"မသိရင် မှတ်ထား။ ဘယ်နေရာမှ မညံ့တဲ့မိန်းမ"

"လေးစားချီးကျူးပြီးသားပါ။ ဒီအိမ်ကို ဟန်းနီးမွန်းလာရဲ့တဲ့ သတ္တိကိုက နည်းလား"

"ဒါ ... အယူမသီးတတ်လို့ပါ။ သတ္တိကောင်းလွန်းလို့တော့ မဟုတ်ပါဘူး။ ပြီးတော့ ... မင်းချမ်းနဲ့ ဖြူစင်တို့က ဒီအိမ်မှာ နေမှနေဖြစ်မသွားတာ။ တစ်ခုခုဆိုရင်တောင် ဒီအိမ်နဲ့ သူတို့နဲ့ ပတ်သက်စရာ မရှိပါဘူး။ ကြောက်စရာမှ မရှိတာ"

"မကြောက်ဘူး ဆိုတာ .. သတ္တိရှိတာပဲပေါ့ မိန်းမရယ်"

မိုးမြင့်သူနှင့် သီတာအေးတို့ မောင်နှံစုံတွဲဟာ၊ မင်းချမ်းမြေ့နှင့် ဖြူစင်သန့်တို့ စုံတွဲထက် ... အတွဲလိုက် အသက်ပိုကြီးကြပါသည်။ သူတို့က သုံးဆယ်ကျော်တွေ။ မိုးမြင့်သူအောက် စိုးမြင့်သူ၊ စိုးမြင့်သူအောက် တိုးမြင့်သူ (ညီအစ်ကိုသုံးယောက် ရှိသည့်အနက် အငယ်ဆုံး)နှင့်မှ သူငယ်ချင်းဖြစ်သော မင်းချမ်းမြေ့က ခုမှ နှစ်ဆယ်ကျော်လေး။ ဆယ်နှစ်လောက်တော့ ကွာကြ[illegible]သည်။

"မင်းချမ်းတို့ စုံတွဲနဲ့သာ တူတူလာဖြစ်ရင်၊ ဟိုအတွဲက ... ကလေးစုံတွဲ၊ မောင်တို့အတွဲက အဘိုးကြီး အဘွားကြီးစုံတွဲ ဖြစ်နေတော့မှာ၊ သူတို့စုံတွဲနဲ့ အပြိုင်ကဲနေရင်တောင် လူကဲ့ရဲ့စရာကြီး"

မိုးမြင့်သူက ပြောရင်း မသက်မသာ ရယ်၏။

"မင်းချမ်း တစ်ယောက်လည်း ဘယ်ရောက်နေတယ် မသိဘူးနော်"

"နိုင်ငံခြားမှာပဲ ထင်တယ်။ ဟိုတစ်ခါ သူဖုန်းဆက်တော့ ကမ္ဘောဒီးယားမှာတဲ့"

"သူက နိုင်ငံခြားကို ဒီလောက်မြန်မြန် ထွက်လို့ရတယ်နော်"

"သူက ... ဆေးခန်းကိစ္စနဲ့လည်း သွားဖို့ လာဖို့ရှိတော့ ပါ့စပို့တ်ကို In hand အင်ဟဲန်း(လက်ထဲမှာ ကိုင်ရှိထားသည်) လုပ်ထားတာ၊ သူ့မိဘတွေဆုံးပြီး၊ သူ ဆရာဝန် မဖြစ်ခင်ကတည်းက ... သူ့ဆေးခန်းကိစ္စနဲ့သူ ... စင်ကာပူလောက်ကတော့ နှစ်ခေါက် သုံးခေါက် သွားဖူးပြီးနေပြီ၊



ဆေးခန်းသုံး စက်ပစ္စည်းတွေလည်း ဝယ်ရင်း၊ ဟန်းနီးမွန်းကို ဂျပန်ထိ ထွက်မယ်တောင် ပြောခဲ့ဖူးတယ်"

"သနားပါတယ်နော် ... သူတို့အဖြစ်ကလေး ဆိုးလိုက်တာ။ အဘက်ဘက်က ပြည့်စုံပြီး၊ ပြောစရာမရှိတဲ့ စုံတွဲလေး။ ချစ်လိုက်ကြတာလည်း တုန်လို့။ လောကကြီးက မတရားပါဘူး၊ ဒီစုံတွဲလေးကိုမှ မျက်နှာသာ မပေးဘူး။ ပျော်ရှာပါစေတော့လားကွယ်"

"အင်း ... ဒုက္ခဆိုတာ ချိုနဲ့လား မေးရမဲ့ကောင်လေး။ ဒုက္ခနဲ့ ရင်ဆိုင်တွေ့ရတော့ ရက်ရက်စက်စက်ပဲ၊ သူဘယ်ရောက်နေလဲ ဆိုတာသာ သိရရင် လိုက်ခေါ်ပြီး သူ့စိတ်ကို အတင်းကူညီ ဖြေသိမ့်ပေးပါရဲ့"

"ဟုတ်ပါရဲ့နော် ... သူ့ကို စိတ်သက်သာသွားအောင် မောင်က စကားတွေ အများကြီး ထိုင်ပြောပေးနေနိုင်တာပဲ"

"မောင် ဟိုမှာတုန်းက ... အဲဒီလို စိတ်မကျန်းမာတဲ့လူနာတွေ အမျိုးစုံတွေ့ခဲ့ရတယ်။ သူ့လိုလူမျိုးကျတော့ ကိုယ့်ဘဝကိုယ် ရင်မဆိုင်ရဲတော့လို့ ဘဝထဲကထွက်ပြေးတာ။ တချို့ကျတော့ ကိုယ့်ဘဝကိုယ် စိတ်ပျက်နာကြည်းရသလောက်၊ တခြားတစ်ယောက်ရဲ့ ဘဝကို အားကျအပိုင် ရချင်တာ၊ တချို့ကျတော့လည်း စိတ်က ... ကစဉ့်ကလျားပေါ့လေ ...

"စိတ်ဖောက်ပြန်ပြီး ကိုယ့်လက်ကောက်ဝတ်ကိုယ် ... ဓားနဲ့လှီးလာတဲ့သူတွေ ... အဲဒီလို အရေးပေါ်တွေ ရောက်လာလို့ ကိုယ့်ဂျူတီချိန် မဟုတ်ပေမဲ့ On call ယူထားရင် ထပြေးရတယ်။ သွားကုပေးရတယ်"

"သွေးသံရဲရဲတွေလား"

"တချို့ သွေးသံရဲရဲနဲ့ပေါ့။ တချို့ကျတော့ ... စိတ်ရောဂါက တစ်မျိုး၊ ကိုယ်ခန္ဓာရောဂါကတစ်မျိုး၊ စိတ်မကျန်းမာရတဲ့ကြားထဲ အဖျားကြီး သတိလစ်နေတဲ့သူလည်း ရှိရဲ့။ ဒါပေမဲ့ ... သွေးသံရဲရဲကိစ္စဆို ... သက်ဆိုင်ရာ ဆရာဝန်က ဆေးကြောသုတ်သင် ...

"ချုပ်တန်တာ ချုပ်ပြီးမှ၊ သတိလစ်လာ၊ တက်လာတဲ့ လူနာတွေကျတော့ ဆေးပေးသမားတော်က ဆေးကုတန်သလောက် အရေးပေါ်ကုသလိုက်ပြီးမှ မောင့်ဆီရောက်တာပါ၊ မောင်က စိတ်ကိုပဲကုရတာဆိုတော့လေ ..."

"တချို့ ကြမ်းကြမ်းတမ်းတမ်းကြီးတွေရော မရှိဘူးလား ဟင်။ သိတာ ကြားဖူးတယ် သိလား။ စိတ်ဝေဒနာရှင်က သတ်လို့ ဆရာဝန်တွေ ဘာတွေ သေတယ်ဆိုတာ ..."

"ဖြစ်ခဲ့ပါတယ်။ များသောအားဖြင့် ယဉ်ယဉ်လေးတွေ၊ သူငယ်ပြန်တွေ၊ ကလေးသူငယ်ဦးနှောက် ကျပ်မပြည့်တွေ။ သွက်သွက်ခါနေလို့ အခန်းထဲ သော့ခတ်ပိတ်ထားရတဲ့ သူတွေလည်း ရှိတာပေါ့။ သူတို့ကျတော့ သံတိုင်တွေနဲ့ ထားရတယ် ...

"သူတို့ ဘာလုပ်နေလဲ ဆိုတာ အမြင်က အတိုင်းသား မြင်နေဖို့လိုတယ်။ ထွက်လာလို့ မရဖို့လည်း လိုတယ်။ အဲဒီလူတွေကို သွားကြည့်ပြီ ဆိုရင်တော့၊ ဘေးနားမှာ ယောက်ျားသူနာပြုတွေ ရှစ်ယောက်လောက် ပါတယ် ...



"အားကောင်းမောင်းသန် ... အာနိုးလို လူကြီးတွေ။ လူနာက လက်ကလေးတစ်ဖက်လောက် မြှောက်လိုက်တာနဲ့ ချက်ချင်းဖမ်းချုပ်လိုက်ရတာပေါ့။ နိုင်ပါတယ်။ အဲဒီလို လူကြမ်းကြီးတွေကို ဆယ်မိနစ်လောက် စကားပြောလိုက်ရင်၊ သူတို့ငြိမ်ကျသွားတာ များပါတယ် ...

"ငြိမ်သွားမှပဲ ဆေးလေး ဘာလေး တိုက်နိုင်တာ၊ အဲဒီလို သွက်သွက်ခါတဲ့ သူတွေကျတော့၊ သူတို့ဘာသာ သူတို့ ဆေးမသောက်ဘူး။ တိုက်ပေးရတယ်။ တိုက်ပေးဖို့တောင်၊ ဆေးချိန်မှာ ... လူသန်ကြီးတွေ ခြံရံပြီး ဆရာဝန်ကိုယ်တိုင် လိုက်ချော့ရတယ်"

"ဘာသာစကား အခက်အခဲ ရှိမယ်နော်"

"သိပ်ရှိတာပေါ့။ သူတို့ကို နားဝင်အောင် ချော့မော့ရတယ်ဆိုတာ သူတို့ဘာသာစကားကို မွတ်နေမှ၊ ညက်နေမှ၊ ကိုယ့်ဘက်ပါအောင် ဆွဲပြောနိုင်တဲ့ထိ ကျွမ်းကျင်မှ၊ အင်္ဂလိပ်မှာတောင် ပြောတဲ့စကားက သိပ်တူချင်တာ မဟုတ်ဘူး ...

"Wales ဝေးလ်စ်က တစ်မျိုးပြောချင် ပြောမယ်၊ အင်္ဂလိပ် စကားတော့ အင်္ဂလိပ်စကားပဲပေါ့။ ရန်ကုန်နဲ့ အညာနဲ့ ဆိုရင်တောင် မြန်မာစကားချင်း ပြောတာမှ မတူဘဲ၊ ဘမ်းစကား ပြောတဲ့သူက ရှိသေးတယ်၊ အားလုံးကို ကျွမ်းနိုင်မှ"

"အိမ်မှာမောင်ရယ် ... ရယ်နေရတယ်။ မေမေ့ကောင်မလေးတွေက အညာက။ တံခါးဖွင့် ဆိုရင် တံခါးလှပ်တယ်တဲ့။ တစ်ခါတလေ ဆိုရင် ... သူတို့က တလေတစ်ခါတဲ့။

ဖွန်းကို ဖွင်းတဲ့။ ရေတွင်းကျတော့ ရေတွန်းတဲ့။ မင်းသား ထွန်းထွန်း ကိုတောင် ထွင်းထွင်း ဆိုလို့ ရယ်လိုက်ရ တာ"

ညစာကိုလည်း အပြင်မှာပဲ စားခဲ့ကြသည်။ လော လောဆယ် လိုအပ်တာလေးတွေ၊ အဆာပြေစားဖို့ ဘာညာ စသည်၊ ကော်ဖီကိရိယာလေးများ စသည် ... ဝယ်ခြမ်းစားသောက် ပြီး၊ ပြင်ဦးလွင် ချမ်းမြေ့ရိပ်ငြိမ်သို့ ရောက်တော့ ညနေခြောက် နာရီ။ ညနေ ... ဟုသာ သုံးရ ... မှောင်နေပြီ။

"ကန်တော်ကြီးနဲ့ တော်တော်နီးတယ်၊ ဒီလမ်းပေါ်မှာပဲဆို တော့ လမ်းဘေးတစ်လျှောက် ပန်းခြံတွေက ပျိုးပင်တွေ လည်း ဝင်ကြည့်ရင်း၊ မနက်ဖြန်ကျ ... လမ်းပဲလျှောက် သွားကြရအောင်နော် ... မောင်"

မိုးမြင့်သူက ခေါင်းညိတ်လိုက်သည်။ ပိတ်ထားသည့် ခြံတံခါးရှေ့မှာ ကားဟွန်းတီးလိုက်၏။

"ဘဲလ် ... ရှိနိုင်သေးတယ်နော်"

သီတာက ပြောသည်မို့ မိုးမြင့်သူက ကားပေါ်မှ ဆင်း၏။ ခြံတံခါးတိုင်မှာ ဘဲလ်တွေ့သည်မို့ ဘဲလ်ကိုလည်း နှိပ် သည်။ ယောကျာ်းကြီးတစ်ယောက် လက်နှိပ်ဓာတ်မီး တဝင်းဝင်း နှင့် ပြေးထွက်လာလေ၏။

✧ ❧ ✧



"ဘာကိစ္စပါလဲ ခင်ဗျာ"

"ဦးကျော်အေး ထင်ပါရဲ့"

သီတာက ကားပေါ်မှ ဆင်းလိုက်၏။ စုံတွဲမှန်း သိသာအောင် ရပ်ပြလိုက်ခြင်းပါ။ မိုးမြင့်သူက ဘောင်းဘီအိတ် ဘဲမှာ အဆင်သင့်ဆောင်ထားသည့် သော့တွဲကို ထုတ်ပြ၏။

"ရန်ကုန်က ... ချမ်းမြေ့ရိပ်ငြိမ်က မောင်မျိုးထွန်းဆီက တောင်းလာခဲ့တဲ့ သော့တွဲပါ။ ကျွန်တော်တို့ ဟန်းနီးမွန်း ထွက်လာမယ်ဆိုတာ မင်းချမ်းမြေ့များ ကြိုပြောထားသေး လား မသိဘူး၊ မောင်မျိုးထွန်းဆီက သော့တွဲဝင်တောင်း လာခဲ့ရင် ... ဦးကျော်အေးကို ပြပြီး နေနိုင်တယ် ဆိုလို့ ပါ"

"ကျွန်မက ဒေါက်တာသီတာအေးပါ။ သူက ကျွန်မခင်ပွန်း ဒေါက်တာမိုးမြင့်သူပါ။ မင်းချမ်းမြေ့က ဒီနာမည်တွေများ ပြောထားသေးလား မသိဘူး"

ဦးကျော်အေး ... ခြံတံခါးကို ရုတ်တရက် ဖွင့်မ ပေးတာ၊ နားလည်နိုင်ပါသည်။ နောက်ဆုံး ... လုံးဝဖွင့်မပေးတော့ ဘူး ဆိုလျှင်တောင်၊ ရှေ့ဆက်ပြီး ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ကားဆက်မောင်းလိုက်လျှင် ကန်တော်ကြီးဥယျာဉ်နှင့် မျက်နှာချင်း ဆိုင်မှာ ရှိနေသော ကန်တော်ကြီးရိဇော့တ်ဟိုတယ်မှာ သွားတည်း လိုက်ရုံပင်။ ချမ်းမြေ့ရိပ်ငြိမ်မှာ လာရောက်တည်းခိုသည် ဆိုခြင်း

က၊ ကိုယ့်အိမ်ကိုယ့်ရာလို ... နှစ်ယောက်တူတူ ချက်ပြုတ်စားလိုက်ကြ၊ ပန်းပင်တွေကြားထဲ တတ်သလောက် မှတ်သလောက်နှင့် စိုက်လိုက်ကြ၊ ပျိုးလိုက်ကြ၊ ရေလောင်းလိုက်ကြ၊ ကားတစ်စင်းနှင့် လျှောက်လည်လိုက်ကြ၊ မချက်ချင်တော့လည်း ဝယ်စားချင်စား၊ ဦးကျော်အေးက လုပ်ပေးနိုင်တာရှိလျှင်လည်းခိုင်း၊ ရက်ကြောနည်းနည်းရှည်ရှည်ကလေး (တာဝန်မဲ့စွာ၊ စိတ်လွတ်လပ်စွာ၊ နောက်ဆံမတင်းစွာ) နေချင်လို့ပဲ ဖြစ်သည်။ လုပ်ငန်းတာဝန်မဝင်မီ၊ တာဝန်ကြီးတစ်ခု ကျောပေါ်မပိခင်၊ ဘာတာဝန်မှ လေးလေးပင်ပင် မရှိဘဲ နေချင်သလိုနေ၊ စားချင်ရာစား၊ သွားချင်ရာသွား နေချင်လို့သာပင်။

ဟိုတယ်မှာ တည်းလျှင်တော့၊ လျှောက်လည်၊ ဝယ်စား၊ ဒီလောက်နှင့်ပြီးကာ ရက်တိုအတွင်း ပျော်ရတာ ဝ,သွားနိုင်သည်။ ကိုယ့်အိမ်ကိုယ့်ယာလို နေရတော့ ရက်ကြာကြာလေး ပျော်နိုင်သည်။ ဒီလောက်ပါပဲ။ ဦးကျော်အေး လက်ခံဖို့ ဝန်လေးနေပုံရတာကိုလည်း နားလည်သည်။ လက်မခံလျှင်လည်း ကိစ္စမရှိ။ လက်ခံတော့လည်း နေလိုက်ရုံ။

ဦးကျော်အေးက ခေါင်းကုတ်လေ၏။

"ဒေါက်တာမိုးမြင့်သူတို့ ဒေါက်တာသီတာအေးတို့တော့ ပြောမထားပါဘူး၊ ရန်ကုန်က သူ့မိတ်ဆွေ လာတည်းချင် တည်းလိမ့်မယ်လို့တော့ ပြောထားပါတယ်"

ဇနီးမောင်နှံ ဟန်းနီးမွန်း လာလိမ့်မည်ဟုလည်း ပြောမထားပါ။ "မိတ်ဆွေ"ဟုသာ ပြောထားခဲ့သည်မို့ တစ်ယောက်ဖြစ်ချင်လည်း ဖြစ်နိုင်သည်။ နှစ်ယောက် ဖြစ်ချင်လည်း ဖြစ်နိုင်



သည်။ ဘယ်နှယောက်ဟုလည်း ပြောမထားပါ။ မင်းချမ်းမြေ့၏ ိတ်ဆွေဆိုသည်မှာ နှစ်ယောက်နှင့်၊ နှစ်ယောက်အထက် ဆိုလျှင် နီးမောင်နှံလည်း ဖြစ်နိုင်သလို မိသားစုလည်း ဖြစ်နိုင်သေးသည်။ ီးကျော်အေး ခမျာ နည်းနည်းတော့ ခေါင်းရှုပ်ရှာ၏။

ဒေါက်တာမိုးမြင့်သူ ဆိုသူ၏ လက်ထဲမှာလည်း သော့တွဲတစ်တွဲကို ကိုင်မြှောက်ပြထားသည်။ ဤသော့တွဲကို ြင်ရုံနှင့် (ခပ်လှမ်းလှမ်းမှ မြင်ရသည်ပင် ဖြစ်စေ) ရန်ကုန် ျမ်းမြေ့ရိပ်ငြိမ်မှ မောင်မျိုးထွန်းထံမှ သော့တွဲမှန်းလည်း သိပါ သည်။ ကိုယ့်ဆရာသမား မင်းချမ်းမြေ့ဟာ ရန်ကုန်မှာ နေစဉ် ာန်းကတည်းက သော့တွဲကို ဘယ်တော့မှ သိမ်းဆည်းကိုင်ဆောင် လေ့ရှိသူ မဟုတ်မှန်း သိသည်။ တစ်အိမ်လုံး အခန်းတွေ၊ တံခါး ွေ သော့မှန်သမျှ ရန်ကုန်သော့တွေလည်း မောင်မျိုးထွန်းပဲ ကိုင်ရသည်။ မင်းချမ်းမြေ့ ကိုင်တာဆိုလို့ သော့သုံးချောင်းပဲရှိ၏။ ်းခံသေတ္တာသော့၊ သူ့ဗီရိုသော့နှင့် သူ့အခန်းသော့။

မောင်မျိုးထွန်းထံမှာ ရန်ကုန်သော့တွေအပြင် ပြင်ဦး လွင်သော့တွေပါ ရှိနေရခြင်းကတော့ မင်းချမ်းမြေ့ဟာ သူ့မိတ် ဆွေများ လာရောက်တည်းခို လည်ပတ်ခွင့်ကို မကြာခဏ ပေး တတ်လို့ပဲ ဖြစ်၏။

"မျိုးထွန်းဆီက သော့တွဲပါလာရင်၊ ဒီပြင်ဦးလွင် ချမ်းမြေ့ ရိပ်ငြိမ်ရဲ့ ဝင်ထွက်ခွင့်လက်မှတ်လို့သာ သဘောထားပြီး လက်ခံရမယ်၊ ပြုစုရမယ်၊ ဝေယျာဝစ္စတွေ ဆောင်ရွက် လုပ်ကိုင်ပေးရမယ်၊ မလိုဘူး ဆိုရင်လည်း ကိုယ့်ဘာသာ နေပေါ့။ လိုတယ် ဆိုရင်တော့ တာဝန်ကျေပစေ"...တဲ့။

ဆရာသမား ပေါက်စလေးက မှာထားပါသည်။ ကိုယ့်ဆရာသမားဆိုလည်းဟုတ်၊ ဆွေတစ်စ မျိုးတစ်စ တူသားဆိုလည်းဟုတ်၊ ကိုယ့်ကို အေးဆေးစွာ နေထိုင်စားသောက်နိုင်အောင် (လုံလုံလောက်လောက် ပေါပေါများများ) ပေးကမ်းထားသည့် ကျေးဇူးရှင်လည်းဖြစ်သည့် မင်းချမ်းမြေ့၏ စကားဆိုလျှင် ဦးကျော်အေး မြေဝယ်မကျ နားထောင်ရပါမည်။ သည်မိသားစု၏ ကျေးဇူးကို စားလာတာ ... မင်းချမ်းမြေ့ လက်ထက်ကျမှ မဟုတ်ဘဲ၊ သူ့မိဘများဖြစ်ကြသော ဦးသက်မင်း၊ ဒေါ်ခင်ချမ်းမြေ့တို့ လက်ထက်ကတည်းကပင်။

လက်တော့ လက်ခံရမှာပါပဲ။ သို့ပေမဲ့ ... ဦးကျော်အေး ခေါင်းကုတ်ရတာက ... အဲသည်လိုပဲ ... ဤသော့တွဲမျိုး တစ်စုံကို ကိုင်လျက် ဝင်ရောက်လာသူ ဧည့်သည်တစ်ဦးက ရောက်နှင့်နေပြီးသားမို့၊ နှစ်ဦးလုံးကို လက်ခံရမှာလား ဆိုတာကို မဆုံးဖြတ်နိုင်လို့ပါ။ ကိုချမ်း တစ်ယောက်ဟာ ဒီသော့တွဲမျိုးဆင်တူ ဘယ်နှစုံများ လုပ်ထားပါလိမ့်။

ဦးကျော်အေး ခြံတံခါးကို ဖွင့်ပေးလိုက်ပါသည်။ မိုးမြင့်သူနှင့် သီတာအေးတို့က ကားပေါ်ပြန်တက်၍ ခြံထဲသို့ မောင်းဝင်၏။ ပေါ်တီကိုအောက်မှာ ရပ်သည်။

"ဂိုဒေါင်ထဲ သွင်းချင်ပါသလား ဆရာ"

"ဒီမှာပဲ ရပ်ထားလည်း ဘာမှမဖြစ်နိုင်ဘူး မဟုတ်လား"

"မဖြစ်နိုင်ပါဘူး ဆရာ၊ သူခိုးသူဝှက်လည်း မရှိပါဘူး။ ခြံကလည်း လုံပါတယ်၊ ညရှစ်နာရီထိုးရင်လည်း ခွေးသုံးကောင် ခြံထဲ လွှတ်လိုက်ပါတယ်"



"ဪ ... တော်တော် စိတ်ချရတာပဲ။ ကောင်းပါတယ်"

ဦးကျော်အေးက အိတ်များ ဆွဲပေးလျက် ဧည့်ခန်းသို့ဝင်၏။ အိမ်တံခါးမကြီးကို သော့ဖွင့်စရာ မလိုဘဲ တွန်းဖွင့်ဝင်ရဖြစ်နေပုံကို မိုးမြင့်သူ နည်းနည်းအံ့သြ၏။ ဦးကျော်အေးဟာ ဧည့်သည်ရောက်လာမယ်မှန်း ကြိုမသိသည်မို့ သူ အပိုင်စားရထားသည့် ဂိုဒေါင်အပေါ်ထပ်ဆောင်မှာ မနေဘဲ အိမ်ကြီးထဲပဲ ဝင်နေလေသလား။ အဲသည်လို အခွင့်မရှိ ဝင်နေတာကို လူမိသွားသည်မို့ ရုတ်တရက် အစဉ်းစားရကျပ်ကာ ခြံတံခါးဖွင့်ပေးဖို့ နှောင့်နှေးနေတာလား ... ဟု တွေးမိရ၏။ သီတာ့ကို လှစ်ခနဲ လှမ်းကြည့်ဖြစ်သည်။ စိတ်တူကိုယ်တူ ဇနီးမောင်နှံမို့ပဲ ဖြစ်ပါလိမ့်မည်။ သီတာက မိုးမြင့်သူ သဘောကို နားလည်စွာ ပြုံး၍ ခေါင်းတစ်ချက် ညိတ်လေ၏။

"ဧည့်ခန်းမှာ ခဏထိုင်ပါဦး ဆရာ"

ဦးကျော်အေးက မတ်တတ်ရပ်မြဲ ရပ်နေ၏။

"ဒီလိုပါ ဆရာ ... ဒီအိမ်မှာ ဧည့်သည်တစ်ယောက် ရောက်နှင့်နေပါတယ်"

"ဟာ ... ဒီလိုဆို ကျွန်တော်တို့က ဟိုတယ်မှာတည်းလည်း ရတယ်။ ဖြစ်တယ်နော်"

"ဒီလိုပါ ဆရာ ... ဧည့်သည်က တစ်ယောက်တည်းပါ၊ မိန်းကလေးလည်း ဖြစ်ပါတယ်၊ ငယ်လည်း ငယ်ပါသေးတယ်၊ နှစ်ဆယ်လောက်ပဲများလား မသိဘူး၊ နေလို့လည်း မကောင်းဘူး ဆရာ"

"ဦးကျော်အေး ဧည့်သည်လား"

"မဟုတ်ပါဘူး ဆရာ ... ဆရာကိုချမ်း ဧည့်သည်ပါပဲ။ မောင်မျိုးထွန်းဆီက သော့တွဲတစ်စုံနဲ့ ရောက်လာတာပါပဲ။ ကိုချမ်းက မောင်မျိုးထွန်းဆီမှာ ဒီလိုသော့တွဲမျိုး ဆင်တူ ဘယ်နှတွဲတောင် လုပ်ပေးထားတယ် မသိပါဘူး ဆရာ"

မိုးမြင့်သူနှင့် သီတာအေးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပြန်သည်။ ကိုယ်တို့က ဟန်းနီးမွန်းထွက်လာတာ။ ဒီအိမ်မှာ ကိုယ်နှင့်လည်း မခင်မင်သော သူစိမ်းမိန်းကလေး ခပ်ငယ်ငယ် တစ်ယောက်နှင့် အတူနေရမည် ဆိုတော့ ကိုယ်တို့ရဲ့ ဟန်းနီးမွန်းဟာ ပျော်စရာကောင်းပါ့မလား ဆိုတာကို တွေးမိရခြင်းပါ။

"နေစရာတွေကတော့ အများကြီးပါ။ အခန်းကျယ်ကြီးတွေ အိမ်ထောင်ပရိဘောဂ အပြည့်အစုံနဲ့ အများကြီးပါ"

"ရောက်နေတဲ့ ဧည့်သည်က ရန်ကုန်က သော့တွဲပါလာတယ်ဆိုတာ၊ သော့တွဲက အစစ်အမှန်ပဲလား"

မင်းချမ်းမြေ့ ဧည့်သည်ယောင်ဆောင်ပြီး တက်နေတာဆိုလျှင်တော့ မင်းချမ်းမြေ့ရဲ့ မိတ်ဆွေစစ် ဝတ္တရားအတိုင်း မင်းချမ်းမြေ့ အတွက် ကူညီဆောင်ရွက်ပေးဖို့ တာဝန်ရှိပါသည်။

"အစစ်အမှန်ပါပဲ။ ကိုချမ်းက သော့တွဲတွေကို တွဲတဲ့အခါမှာ သစ်သားပြားကြီးကို ကီးချိန်းသဘော လုပ်ထားတာပါ။ တစ်ဖက်က ချမ်းမြေ့ရိပ်ငြိမ် ဆိုတဲ့ စာသားကို ထွင်းထားပြီး၊ တစ်ဖက်က ကိုချမ်းရဲ့ ထိုးနေကျလက်မှတ် ... မင်းချမ်းမြေ့ ဆိုတာ လက်မှတ်ထိုးပြီး ထွင်းထားတာပါ"



မိုးမြင့်သူ ယူလာသည့် သော့တွဲလည်း အဲဒီပုံစံပါပဲ။

"ရန်ကုန်အိမ် သော့တွဲရော၊ ဆေးခန်းကြီးရဲ့သော့တွဲတွေ အားလုံးပါ၊ အဲဒီလို သစ်သားပြားကြီးနဲ့ ထူထူရှည်ရှည် မြောမြော၊ တစ်ဖက်က ချမ်းမြေ့ရိပ်ငြိမ်၊ တစ်ဖက်က ... လက်မှတ်ထိုးထားတာ ...

"သစ်သားထဲထွင်းပြီး ပုံဖော်ထားတဲ့ ဒီဇိုင်းချည်းပဲလို့ ကိုချမ်း ပြောဖူးပါတယ်။ သော့တွဲကတော့ မောင်မျိုးထွန်းဆီက တောင်းလာတာ အစစ်အမှန်ပါပဲ။ ပြီးတော့ ... အဲဒီကလေးမလေးက ဒီသော့တွဲကိုတောင် ထုတ်ပြတာ မဟုတ်ပါဘူး"

"ဘယ်လို ..."

"နှစ်ရက်ရှိပါပြီ ဆရာ ... ညနေစောင်းပဲ၊ ရထားလုံးနဲ့ ရောက်လာတာ၊ ဘာပစ္စည်းမှလဲ မပါဘူး၊ ပိုက်ဆံအိတ် တစ်လုံးပဲ ပါပါတယ်။ ပိုက်ဆံအိတ်ဖွင့်ပြီး ရထားလုံးခ ပေးပြီး၊ ပြန်တောင် မပိတ်နိုင်ခင် ခြံရှေ့မှာတင် လဲကျသွားတာပါ ဆရာ"

"ဘာဖြစ်တာလဲ"

"အရမ်းဖျားနေပါတယ်။ ဖျားရက်ကြီးနဲ့ ဘယ်ကနေ ဘယ်လိုရောက်အောင် လာခဲ့တယ် မသိပါဘူး၊ ပိုက်ဆံအိတ်ပွင့်ပြီး ပစ္စည်းတွေ ထွက်ကျတဲ့ အထဲမှာ အဲဒီသော့တွဲကို တွေ့တော့၊ ကိုချမ်း မိတ်ဆွေပဲလို့ ကျွန်တော်က သတ်မှတ်လိုက်ပါတယ်"

"သတိလစ်နေလား"

"လဲမကျခင်ကတော့ သတိမလစ်သေးလို့ ရထားပေါ်က ဆင်းလာနိုင်တာပေါ့ ဆရာ။ လဲကျသွားတော့ သတိလစ်သွားပါတယ်။ ရထားလုံးဆရာကိုပဲ အကူအညီတောင်းပြီး၊ အိမ်ထဲပို့၊ သူ့ကိုပဲ ဆရာဝန်သွားပင့်ခိုင်းရပါတယ်၊ လဲစရာ အဝတ်လဲ မပါဘူး ...

"ကျွန်တော့်မှာလည်း မရှိဘူး၊ သူကလည်း မထနိုင်၊ သတိတော့ ရနေပါပြီ၊ အဖျားလဲ ကျစပြုပါပြီ၊ ဆရာဝန်ပင့်တာတောင် ကျွန်တော့်စရိတ်နဲ့ပါ။ သူ့အိတ်ထဲမှာ ပိုက်ဆံဆိုလို့ ထောင်တန်တစ်ရွက်နဲ့ နှစ်ရာတန် သုံးရွက်၊ ငါးဆယ်တန် တစ်ရွက် ...

"စုစုပေါင်း ထောင့်ခြောက်ရာငါးဆယ်ပဲ ပါတာပါ။ ရေလည်းမချိုး၊ အဝတ်လည်း မလဲနဲ့ ဒီနေ့ပါနဲ့ဆိုရင် နှစ်ရက်ပါ။ ဆရာဝန်ကတော့ မနက်ပိုင်းက လာကြည့်ပြီးသွားပါပြီ။ အဖျားကျသွားပါပြီတဲ့။ ဆေးတော့ ဆက်သောက်ရဦးမယ်တဲ့"

"နို့ ... အစားအသောက်ကျတော့ရော"

"ကျွန်တော်ပဲ ... ဆန်ပြုတ် ပြုတ်တိုက်လိုက်၊ ခေါက်ဆွဲထုတ် တိုက်လိုက်နဲ့ ခံတွင်းလိုက်အောင် အပြောင်းအလဲလေးရအောင် ရှိတာလေးနဲ့ ပြုစုနေရတာပါပဲ"

"ခင်ဗျား တော်တော် စိတ်ကောင်းရှိတဲ့သူပဲ၊ ချီးကျူးပါတယ်ဗျာ"



"ကျွန်တော်က ကိုချမ်းတို့ ကျေးဇူးနဲ့ လူလုပ်နေရတာပဲ ဆရာရယ်"

အင်း ... မိန်းမသား။ ငယ်ငယ်လေး။ ဖျားကလည်း နေသေး၊ သတိလည်း လစ်လိုက်သေး၊ တစ်ကေခွဲခြံကြီးထဲ ဦးကျော်အေးနှင့် နှစ်ယောက်တည်း။ ဦးကျော်အေးသာ လူ ောင်းမဟုတ်လျက် ဒီကောင်မလေး ဘဝပျက်ပြီ ... ဟုတွေးမိ ဆရာဝန်စိတ်နှင့် ... အကြင်နာတွေ သွန်ကျသွားရတော့၏။ တော့ထံ အကြည့်တစ်ချက် ရောက်ပြန်သည်။ ပြန်ကြည့်လိုက် ည့် သီတာ့ မျက်ဝန်းအိမ်မှာ ကိုယ်နှင့်အတွေးတူစွာ လက်ဖြာ ာကို ဖတ်မိသည်။

ဟန်းနီးမွန်းမို့ လူပိုနှင့် မနေချင်ပါဘူး ... ဆိုတာ က်၊ ဒီအိမ်ပေါ်မှာ ကိုယ်တို့အရင်ရောက်နှင့်နေသည့် မိန်းက း (မင်းချမ်းမြေ့၏ မိတ်ဆွေလည်း ဖြစ်နေသေးသူ)ကို ကူညီ င့်ရှောက်ဖို့ တာဝန်ဟာ၊ ကိုယ်တို့ဓနီးမောင်နှံရဲ့ ပခုံးပေါ်ကျ ... ဟု တွေးလိုက်မိသည်။ ဒီလို မိန်းကလေးမျိုးကို ဆရာဝန် မောင်နှံဟာ မျက်နှာလွှဲခဲပစ် လုပ်ရက်ပါ့မလား။

"ခု ... သူဘယ်မှာလဲ"

"သူ့အခန်းထဲမှာပါ"

"စားတော့ သောက်တော့ရော"

"ကျွန်တော် ... အခန်းထဲဝင် ကျွေးရပါတယ် ဆရာ။ အသက်အရွယ်ချင်းကလည်း သားအဖအရွယ်မို့ ကျွန်တော် သမီးကလေးလို သဘောထားပြီး ပြုစုပါတယ်။ အဝတ်အစားတော့ မလဲရဘူး ဆရာ"

“ခင်ဗျားကို ... အဲဒီကလေးမကိုယ်စား၊ မင်းချမ်းမြေ့ကိုယ်
စား ... ကျွန်တော်တို့ ဇနီးမောင်နှံက ကျေးဇူးတင်လိုက်
ပြီဗျာ။ လေးစားချီးကျူးပါသေးတယ်”

“ကျွန်တော် ... ကိုချမ်း မိတ်ဆွေကို ဒီလိုပဲ ပြုစုပေး
ဝတ္တရားလည်း ရှိပါတယ်”

“သူ စကားပြောလား”

“တစ်ခွန်း နှစ်ခွန်းပါပဲ”

“ဘယ်သူတဲ့လဲ၊ သူ့နာမည် ပြောလား”

“ဖြူစင်သန့် ... တဲ့”

“ဗျာ ...”

“ဟောတော့ ...”

မိုးမြင့်သူနှင့် သီတာအေးတို့ထံမှ အာမေဋိတ်နှ
က အလုံးအရင်းနှင့် ပြိုင်တူထွက်ကျရတော့သည်။

“ဖြူစင်သန့် ... တဲ့။ ဟုတ်လား”

“ဟုတ်ကဲ့ ... အဲဒီလိုပဲ ပြောပါတယ်။ ဒါပေမဲ့ ... လွန်
တဲ့ တစ်နှစ်လောက်က မိန်းကလေးအုပ်စု တစ်ခု အဲဒီလ
မောင်မျိုးထွန်းဆီက သော့ယူပြီး လာတည်းခိုသွားဖူးတာ
ကျွန်တော် မှတ်မိနေပါတယ်။ အဲဒီတုန်းကလည်း ဖြူစင်သ
ဆိုတဲ့ မိန်းကလေးတစ်ယောက် ပါပါတယ်”

“သူပဲလား”

“မဟုတ်ဘူး ခင်ဗျ၊ ရုပ်ချင်းမတူပါဘူး”

“မင်းချမ်း လက်ထပ်တာ ခင်ဗျား သိလား”



“လက်ထပ်ကာနီးပြီဆိုတာ သိပေမဲ့၊ တကယ် လက်ထပ်
ပြီးပြီလား ဆိုတာတော့ ကျွန်တော် မသိပါဘူး၊ ကျွန်တော့်ဆီ
ဘယ်သူမှ အကြောင်းမကြားပါဘူး၊ ကိုချမ်းကလဲ ... ဒီပြင်ဦး
လွင်ကခြံကို သိပ်စိတ်ဝင်စားတာ မဟုတ်တော့၊ ရန်ကုန်နဲ့
ပြင်ဦးလွင် ... သိပ်အဆက်အသွယ် မရှိပါဘူး၊ ကိုချမ်း ကိစ္စ
ရှိလို့ ဖုန်းဆက်မှ ကျွန်တော်နဲ့ အဆက်အသွယ် ရတာပါ”

“ဒီအိမ်မှာ ဖုန်းရှိလား”

“ရှိပါတယ်”

“ခင်ဗျားက ... ရန်ကုန်ကို ဖုန်းဆက်လေ့ မရှိဘူးလား”

“မရှိပါဘူး၊ ကိုချမ်း ဆက်မှသာ နားထောင်တာပါ”

“အခု ... မင်းချမ်း ဘယ်မှာလဲ ခင်ဗျား သိလား”

“ရန်ကုန်မှာ မဟုတ်ဘူးလား ဆရာ”

မိုးမြင့်သူ ခေါင်းခါ၏။

“ခု ... သုံးလေးလအတွင်း မင်းချမ်း ... ခင်ဗျားဆီ
အဆက်အသွယ် မလုပ်ဘူးလား”

“မလုပ်ပါဘူး၊ လွန်ခဲ့တဲ့ ခြောက်လလောက်က ထင်တယ်။
ဧည့်သည်လာရင် လက်ခံလိုက်လို့ ပြောထားတာ”

“ဖြူစင်သန့် ဆိုတာ မင်းချမ်းနဲ့ ဘယ်လိုပတ်သက်သလဲ
ခင်ဗျား သိလား”

“မသိပါဘူး ဆရာ”

“ဟိုတစ်ခါ လာလည်တဲ့ ဖြူစင်သန့်နဲ့ အခုရောက်လာတဲ့
ဖြူစင်သန့်နဲ့ မတူတာ၊ တစ်ယောက်တည်း မဟုတ်တာ
သေချာတယ်နော်”

"သေချာပါတယ် ဆရာ။ နာမည်သာ တူပြီး၊ လူချင်းနည်းနည်းလေးမှ မဆင်ပါဘူး။ ဟိုတစ်ခါ လာတည်းတဲ့ ဖြူစင်သန့်က အသားအရမ်းဖြူပြီး အရမ်းသဘောကောင်းပါတယ်။ အခု ဖြူစင်သန့်က သဘောကောင်း မကောင်းကတော့ မသိသေးဘူး ...

"အသားက ဆွတ်ဆွတ်မဖြူဘဲ ဝါညက်ညက်နဲ့ပါ။ မျက်ခုံး၊ မျက်လုံး အရမ်းလှပါတယ်။ အခု ဖြူစင်သန့်က ပိုချောပါတယ်။ အရပ်လည်း ပိုမြင့်တယ် ထင်ပါတယ်၊ အရင် ဖြူစင်သန့်က နည်းနည်းပုတယ် ထင်တယ်"

"ကဲ ... ဦးကျော်အေးရေ ... ကျွန်တော်တို့နှစ်ယောက်က ဇနီးမောင်နှံ၊ ရန်ကုန်မှာ လက်ထပ်ပြီး ပြင်ဦးလွင်ကို တက်လာခဲ့တာ။ ဒီအိမ်မှာလည်း တည်းဖြစ်ပြီ၊ ဧည့်သည် တစ်ယောက်ကလည်း ရှိပြီးသားဆိုတော့ ...

"ခင်ဗျားပဲ ကျွန်တော်တို့ကို ကြည့်ရှုနေရာချထား ပေးပါတော့၊ လိုတာရှိရင်တော့ ခင်ဗျားအကူအညီယူပါရစေ"

"ဟုတ်ကဲ့ ... ခိုင်းသာခိုင်းပါ ဆရာ၊ ကျွန်တော် တစ်ယောက် တည်း ချက်ပြုတ်စားနေတော့၊ ထမင်းဟင်းလည်း ချက် တတ်ပါတယ်။ ဖြူစင်သန့် ရောက်လာတော့ သတိလည်း မရသေးတာနဲ့၊ နီးရာအခန်းတည်းပဲ ပို့ထားလိုက်တာ ...

"သူ့ကလည်း အခန်းမပြောင်းဘူး၊ အခန်းထဲကကို ထွက် မလာသေးတာပါ။ ဒီအိမ်ရဲ့ အကျယ်ဆုံးအခန်းကြီးက ဒီ တိုင်း ရှိနေပါသေးတယ်။ ဆရာတို့အတွက် အဆင်ပြေမှာ ပါ။ ကျွန်တော် အိပ်ရာ ဘာညာပြင်ပေးပါ့မယ်"



"နေ ... နေ ... ရတယ်။ ကျွန်တော်တို့ ဘာသာလုပ်မယ်"

"တံမြက်စည်းလေး ဘာလေး လှည်းပေးပါ့မယ်၊ မြန်ပါတယ်"

ပြောပြောဆိုဆို ... ဦးကျော်အေးက လှစ်ခနဲ ထွက်သွားတော့သည်။ မိုးမြင့်သူနှင့် သီတာအေးတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြန်သည်။

"ဘယ်လိုလဲ ... သီတာ နေချင်စိတ် ရှိရဲ့လား"

"ပြန်ချင်ရင်တောင် ... ဖြူစင်သန့် ပြဿနာတော့ ရှင်းပေးခဲ့ဖို့ ဝတ္တရားရှိနေပြီ"

"ဖျားလည်း ဖျားနေသေးတယ်ကဲ့။ ခုတော့ အဖျားကျပြီဆိုပေမဲ့ ... လူကောင်းကြီးတော့ ဘယ်ဟုတ်နိုင်ပါဦးမလဲ"

"သီတာ့ အဝတ်အစားတွေပေးပြီး လဲခိုင်းဦးမှ၊ ကျန်းမာရေးနဲ့ တော်တော် မညီမညွတ် ဖြစ်နေလောက်ပြီ၊ ဦးကျော်အေး ပြန်ထွက်လာရင်၊ မိတ်ဆက်ပေးခိုင်းပြီး ဝင်ကြည့်လိုက်ကြရအောင်"

"ကျောင်းအစ်မ ... အချိန်လည်း ကြည့်ဦး။ ဒီလိုမှောင်ပုံနဲ့ အိပ်တောင် ပျော်နေပလား မသိဘူး၊ ဒီညတော့ ရှိပစေတော့၊ မနက်ဖြန်ကျမှပဲ"

"ဟုတ်ကဲ့ ... ကျောင်းဒကာရေ့"

ဦးကျော်အေး ပြန်ထွက်လာကာ လက်ဆွဲအိတ်တွေ ယူသည်မို့ သူ့နောက်မှာ လိုက်ပါကြရတော့သည်။

"မနက်စာအတွက် ဘယ်လိုစီစဉ်ပေးရပါမလဲ ဆရာ"

"ရှမ်းခေါက်ဆွဲ စားချင်တယ်ဗျာ၊ ကော်ဖီ ဘာညာအတွက်က အရေးမကြီးဘူး။ ပါလာတယ်။ အဲဒါတွေလည်း မီးဖိုထဲ ကြည့်သိမ်းပေးဦး၊ ချက်ပြုတ်စားဖို့လည်း လိုအပ်တာလေးတွေ ဝယ်ရအောင်၊ ခင်ဗျားပါ လေးယောက်စာ ...

"လောလောဆယ်တော့ နှစ်ပတ် သုံးပတ်စာပေါ့ဗျာ၊ မီးဖိုချောင်ပစ္စည်းလေးတွေလည်း ဝယ်ဖြည့်ပေးပါ။ မုန့်ပဲသွားရေစာလေးတွေရောပေါ့။ ဆပ်ပြာတို့ သွားတိုက်ဆေးတို့တော့ ပါတယ် ...

"ဒီအိမ် ... ဘာနဲ့ ချက်လဲဗျာ၊ ဂက်စ်ဆိုလည်း ဂက်စ်၊ မီးသွေးဆိုလည်း မီးသွေးပေါ့ ... ဗျာ၊ အဲဒါလေးတွေလည်း ဝယ်ပေးဦး"

ပြောရင်း ... အခန်းထဲ ရောက်လာ၏။ အခန်းက ကျယ်ပါသည်။ နှစ်ယောက်အိပ်ခုတင်တစ်လုံး၊ အိပ်ရာခင်းခေါင်းအုံးစွပ်တို့ လဲလှယ်ပြင်ဆင်ပြီးနေပြီ။

"ချက်တာတော့ ကျွန်မပဲ ချက်မယ်"

သီတာအေးက ပြော၏။

"မဟုတ်တာ ... ကျွန်တော် ချက်ပေးပါမယ်၊ ရေခဲသေတ္တာထဲ သားငါး များများဝယ်ထည့်ထားလိုက်မယ်၊ အသီးအနှံရောပေါ့"

"သြော်... ဦးကျော်အေး၊ ဘုရားစင်ရှိရဲ့လား၊ ဘုရားပန်းရော"

"ရှိပါတယ် အစ်မ ... ဘုရားပန်းလည်း မညှိုးရပါဘူး၊ ကျွန်တော် ... လဲပါတယ်။ ဖြူစင်သန့်နဲ့ စကားသွားပြောကြည့်မလား အစ်မ"



"ဒီညတော့ နေပါစေတော့ ... မနက်စောစောတော့ ဦးကျော်အေး လာပြီး မိတ်ဆက်ပေးဦးနော်"

"ဟုတ်ကဲ့ ... ကိုချမ်း ကိုယ်စားပဲ ကျွန်တော် အကူအညီတောင်းပါရစေ။ ဆရာဝန်က အဖျားကျသွားပြီဆိုတော့ မလိုအပ်ရင် လာမခေါ်နဲ့တော့တဲ့။ သောက်ဆေးတော့ ဆက်သောက်ရမယ်တဲ့"

"ဟုတ်တာပေါ့"

"အဲဒါ ... ဆရာတို့ ဇနီးမောင်နှံလည်း ဆရာဝန်တွေပဲဆိုတော့လေ ... လိုအပ်ရင် ကြည့်ရှုကုသပေးပါဦးလို့ အကူညီတောင်းချင်လို့ပါ"

"ခင်ဗျား ပြောသလိုပေါ့။ မင်းချမ်းမျက်နှာနဲ့ ... ကျွန်တော်တို့ လုပ်ပေးရမှာပေါ့"

မိုးမြင့်သူက မေးတစ်ချက် ဆတ်ပြသည်။ သီတာ က သဘောပေါက်စွာ ... ပိုက်ဆံအိတ်ကိုဖွင့်၏။ ထောင်တန် အုပ် တစ်ဝက်စီ ခွဲလိုက်၏။ အသစ်ထုပ်မို့ ငွေစက္ကူနံ့ပါတ် မှ ငါးဆယ်သည် ငါးသောင်းပါ။

"ဦးကျော်အေး လိုအပ်တာတွေဝယ်ဖို့ ယူလိုက်ပါ"

"ဘယ်လောက်လဲ မမ"

"ငါးသောင်းလေ"

"ဟာ ... အများကြီးပဲ"

"လူလေးယောက် ... တစ်ယောက်က လူမမာ၊ နှစ်ပတ် သုံးပတ်စားမှာ၊ တစ်လဖြစ်ချင်လည်း ဖြစ်မယ်၊ ဘယ်လောက်ဦးမလဲ၊ ထပ်တောင် ပေးရဦးမှာ"

"ဟုတ်ကဲ့ ... ဒါဆိုလည်း ကျွန်တော် ကြည့်ဝယ်လိုက်ပါ မယ်"

"ခင်ဗျား ... ဘာနဲ့ သွားမလဲ"

"မော်တော်ဆိုင်ကယ် ရှိပါတယ်"

"တယ်ဟုတ်ပါလား"

"ကိုချမ်း ကျေးဇူးတွေပါ ဆရာ"

"ကောင်းပြီလေ ... ကဲ ... ကဲ ... မနက်မှ တွေ့ကြတာပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် သွားမယ်၊ ညဘက် အပြင်မထွက်ပါနဲ့တော့နော်၊ ကျွန်တော် ... ဒီကပြန်ရင် ခွေးလွှတ်တော့မှာ၊ မနက်ဖြန် မနက်ကျမှ ခွေးတွေနဲ့ မိတ်ဆက်ပေးပါမယ်"

"ခွေးနဲ့လည်း မိတ်ဆက်ရဦးမှာလား"

"သူတို့က စိမ်းရင် ကိုက်တယ် ဆရာရဲ့။ သုံးကောင်တောင် အားလုံး အထီးချည်းပဲ"

"ဘာခွေးတွေလဲ"

"ဒိုဘာမင်"

"ဖိုက်တာတွေပေါ့"

"ဟုတ်ကဲ့"

ဦးကျော်အေးက သူ့မှာရှိသော သော့တွဲကိုပါ မိုးမြင့်သူထံမှာ အပ်လိုက်၏။

"ဆရာတို့ပဲ တံခါးတွေ ပိတ်ပါ"

"ကောင်းပြီလေ"



မိုးမြင့်သူ တံခါးတွေ လိုက်ပိတ်တုန်းမှာ သီတာအေးက ဟိုဘက်ခန်းမှာ ရှိပါသည်ဆိုသော ဧည့်သည်လူမမာကို ဘိတ်တိတ်ကလေး သွားချောင်း၏။ တံခါးက ဟစေ့ကလေး ပွင့်နေသည်မို့ ချောင်းလို့ကောင်း၏။ အခန်း၏ ဟိုဘက်နံရံမှာ ကပ်ချထားသည့် တစ်ယောက်အိပ် ခုတင်ပေါ်မှာ အခန်းတံခါးဝကို ကျောပေး၍ မိန်းမသားတစ်ဦး လဲလျောင်းနေပါသည်။

သူသာ အိပ်ပျော်မနေလျှင် သီတာတို့ အသံကို မကြားဘဲနေမည် မဟုတ်ပါ။ ကြားမှာ အသေအချာ။ ကြားပြီဆိုလျှင်လည်း မိန်းမသားဗီဇနှင့် ... အခန်းထဲမှ ထွက်လာရမည်။ စုံစမ်းမေးမြန်းသည်ဟုပဲခေါ်ခေါ် ... အမှန်တော့ စပ်စုတာပဲဖြစ်၏။ အဲသည်လို စပ်စုရမည်။ အဲသည်လို မလုပ်ခြင်းဟာ ... တော်တော်ကြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့လား။ စပ်စုလိုစိတ် မရှိလို့လား။ စပ်စုချင်ပေမဲ့ အိပ်ရာထဲမှ မထနိုင်လို့လား။ ထနိုင်ပေမဲ့ မထချင်လို့လား။

သီတာအေး၏ **အတွေးထဲမှာ ...**

လောကဓံ၏ **ထိုးနှက်ရိုက်ပုတ်**ခြင်းဒဏ်ကို မရှုမလှ ခံလာရသည့် ကံဆိုးမလေး**လား ... လောကဓံ**ကို ခါးစောင်းတင်မည့် လူလိမ်မလေးလား ... **ကိုယ်သော်လည်း**ကောင်း၊ စိတ်သော်လည်းကောင်း ကျန်းမာရေး **ချို့တဲ့နေသူလေးလား** ... ဆိုတာကို ဝေခွဲမရအောင် ရှိလှတော့**သည်။**

✧ ✧

## ၃

ခက်တာက ... ဖြူစင်သန့်ကို အပြင်မှာ မမြင်ဖူး ခြင်းပင်။

မင်းချမ်းမြေ့ဟာ တိုးမြင့်သူနှင့် သူငယ်ချင်းမို့ (ဘယ်လောက်ပဲ ခင်မင်ရင်းနှီးပါသည်ဆိုငြား) အူမချေးခါးမကျန်၊ လိုက်သိ၊ လိုက်ရင်းနှီးသူတော့ မဟုတ်ချေ။ မင်းချမ်းမြေ့၏ ချစ်သူ၊ လက်ထပ်မည့် ဇနီးလောင်းကို တိုးမြင့်သူကတော့၊ သူငယ်ချင်းချင်းမို့ မြင်ဖူးထားမည်သာ။ မိုးမြင့်သူက မမြင်ဖူးချေ။ မိုးမြင့်သူတောင် မမြင်ဖူးမှတော့ သီတာအေးလည်း ဘယ်မြင်ဖူးနိုင်ပါ့မလဲ။ သတို့သမီးလောင်းကို မမြင်ဖူးပေမဲ့၊ ခင်မင်ရင်းနှီးမှုအတိုင်းအတာအရ၊ မင်းချမ်းမြေ့ရဲ့ မင်္ဂလာပွဲကိုတော့ တက်ရောက်ရမည်ပင်။ မင်းချမ်းမြေ့ရဲ့ မင်္ဂလာပွဲကို ဖေဖေနှင့် မေမေတို့က လူကြီးသူမ စုံတွဲအဖြစ် လည်းကောင်း၊ မိုးမြင့်သူက သူငယ်ချင်းရဲ့ အစ်ကိုအဖြစ်လည်းကောင်း၊ တိုးမြင့်သူက အခြားသူငယ်ချင်းများနှင့်အတူ၊ အာရှာဧည့်ကြိုအဖြစ်၊ နေရာချထားရေး ကြိုဆိုရေးတို့ လုပ်ကိုင်ပေးရန်အတွက်လည်းကောင်း၊ စိုးမြင့်သူက လူပျိုရံ



အဖြစ်လည်းကောင်း၊ အိမ်ရှိလူကုန် ဆိုသလို တက်ရောက်အားပေး ချီးမြှင့်ကူညီကြရမှာ ဖြစ်သည်။

တစ်အိမ်လုံးကိုလည်း ဖိတ်ထားသည်။ အဖိတ်ခံရသည့် စာရင်းမှာ သီတာအေးတော့ မပါဝင်ချေ။ တိုးမြင့်သူမှာသာ ချစ်သူရည်းစား ရှိနေလျှင် ဖိတ်ကောင်း ဖိတ်မည်ဖြစ်ငြား သူငယ်ချင်းချင်းမို့) မိုးမြင့်သူ၏ လက်မထပ်ရသေးသော (မကြာမီ လက်ထပ်တော့မည် ဆိုပေမဲ့) ချစ်သူကိုတော့ နည်းနည်းပါးပါး ရင်းသက်သေးသည်မို့ အဖိတ်ခံစာရင်းထဲ မပါခဲ့ပါ။ သို့ပေမဲ့ ... မြင့်သူလည်း အဲသည် ... မင်္ဂလာဆောင်ကို မတက်ရောက်ခဲ့ပါ။

"ကျွန်တော်တို့ကျရင်လည်း သူ့ကို ဖိတ်မှာ၊ ပြီးရင် သူ့ရဲ့ နွေရာသီစံအိမ်ကိုပဲ ဟန်းနီးမွန်းက ထွက်ဦးမှာဆိုတော့ ကျွန်တော့်အနေနဲ့ သီးသန့်လက်ဖွဲ့ သပ်သပ်လုပ်ချင်တယ် မေမေ ... စီစဉ်ပေးပါ"

မေမေ့ကို မှာခဲ့ရသည်။ မင်းချမ်းမြေ့တို့ မင်္ဂလာပွဲအတွက် ဖေဖေနှင့် မေမေတို့က လက်ဖွဲ့တစ်ထုပ်၊ တိုးမြင့်သူက အခြားသူငယ်ချင်းတွေနှင့် စုပေါင်း၍ ထိုက်ထိုက်တန်တန် လက်ဖွဲ့တွင် ပါဝင်၍လည်းကောင်း၊ စိုးမြင့်သူကတော့ လူပျိုရံလုပ်ပေးသည်မို့ သီးသန့်လက်မဖွဲ့တော့ပါ။ မိုးမြင့်သူက သီတာအေးမည်ပါထည့်လျက် (မေမေ့ အစီအစဉ်ဖြင့်) လက်ဖွဲ့ထုပ်တစ်ခု သီးသန့် ပေးပို့ဖြစ်ခဲ့ပါသည်။ အဲဒါကြောင့် (မသွားဖြစ်သော ကြောင့်) ဖြူစင်သန့်ကို မမြင်ဘူးလိုက်ရပါ။ မင်္ဂလာဆောင်သို့ သွားဖြစ်လိုက်ရသော အကြောင်းက ...

မိုးမြင့်သူ ... အင်္ဂလန်နိုင်ငံမှာ M.R.C.Psy ဘွဲ့ယူရန် ဆေးရုံတစ်ဖက်နှင့် စာမေးပွဲဖြေစဉ်က သူ့ဆရာ၊ သူ့ Consultant ဆရာသမားက ဆေးရုံကိစ္စနှင့်ပင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ (အဲသည်ရက်မှာ တိုက်ဆိုင်စွာ) ရောက်လာခဲ့သည်။

"ဒေါက်တာသူ ... တွေ့ချင်တယ်၊ ဗန်ကောက်ကို လာခဲ့နိုင်မလား" ... ဆိုသော e-mail ကို လာခဲ့ပါမည်ဟု ပြန်ထားသည်မို့ ဗန်ကောက်သို့ ထွက်သွားခဲ့ရသည်။ ကိုယ်ဆေးရုံမှာ လုပ်စဉ်၊ စာမေးပွဲဖြေစဉ်တွေမှာ အများကြီး အကူအညီ ပေးခဲ့သည့် ကိုယ့်အထက်မှ ကိုယ့်ဆရာသမားကို သွားရောက်တွေ့ဆုံဖို့ တာဝန်ရှိပါသည်။ ဗန်ကောက်မှာ နှစ်ပတ်တိတိ ကြာခဲ့၏။ အမှန်က သွားတွေ့၊ နှုတ်ဆက် ... ဆိုတာလောက်လုပ်ဖို့။ အဲဒါဆိုလျှင် သုံးရက်လောက်နှင့် ပြန်နိုင်၏။ ခုတော့ ဆရာသမားက ဆွေးနွေးပွဲ၊ စာတန်းဖတ်ပွဲတွေလည်း ပြုလုပ်နေသေးတော့၊ ပညာလိုချင်တာနှင့် ဆရာသမား ပြန်သည်ထိ နေလိုက်ခြင်းဖြင့် နှစ်ပတ်တိတိ ကြာသွားခဲ့ရသည်။ ပြန်အလာမှာ ... မင်းချမ်းမြေ့၏ စိတ်မချမ်းမြေ့ဖွယ် အမင်္ဂလာသတင်းက ဆီးကြိုနေတော့၏။

"မယုံနိုင်အောင်ပဲ အစ်ကိုရာ"

တိုးမြင့်သူက သူ့လက်ဝါးတစ်ဖက်ကို ကျန်လက်သီးတစ်ဖက်နှင့် နာအောင်ထိုးရင်း မချိတင်ကဲ ပြောရှာ၏။

"ချမ်းမြေ့ရိပ်ငြိမ်ကို ... မင်းချမ်း ကိုယ်တိုင် ကားမောင်းပြီး တက်သွားတာ၊ မင်္ဂလာဦးဆိုတော့လေ ... အဖော်လည်း မပါဘူးပေါ့၊ နှစ်ယောက်တည်း"



ရန်ကုန်မှ ထွက်သွားတာကိုက ညဉ့် ရှစ်နာရီ ...

"မန္တလေးကို မနက်ရောက်မယ်ပေါ့ အစ်ကိုရာ"

"ဟာကွာ ... ဘာဖြစ်လို့ ညဘက်ကြီး ကားမောင်းရတာလဲ"

"ညဘက် ကားမောင်းရတာ ပျော်လို့တဲ့"

"အိပ်ငိုက်သွားလို့လား"

"မငိုက်ပါဘူး။ အစောကြီး ရှိသေးတာ၊ ဘယ်ရောက်သေးလို့လဲ ... တောင်ငူတောင် မရောက်သေးဘူး၊ အပေါ်က ဆင်းလာတဲ့ အိပ်က်စ်ပရက်စ်ကြီး၊ မိုးကလည်း တအားရွာချလာတယ်။ မြန်မာပြည်က မိုးက သိတဲ့အတိုင်းပဲ ...

"ဆောင်းဝင်စပြုပေမဲ့ မိုးက ကုန်ချင်မှ ကုန်တာ။ တစ်ဖက်ကားကြီး လမ်းချော်တာ အစ်ကိုရယ် ဘေးတိုက်ကြီး ကွေ့ကျလာတော့ မင်းချမ်းတို့ကားကို ခါးလယ်က ဖြတ်တိုက်တယ်။ ဖြူစင်သန့်ဘက်ကပေါ့ ..."

"မင်းချမ်းကရော ..."

"ကုသိုလ်ကံလို့ ပြောရမလားပဲ။ တစ်ကိုယ်လုံး ပေါက်ပြဲစုတ်ပြတ် ဒဏ်ရာဗရပွ၊ သွေးသံရဲရဲနဲ့ပေမဲ့ အပေါ်ယံ ထိခိုက်ပွန်းပဲ့မှုတွေချည်းပဲ။ ကားကြီးပေါ်က လူတချို့ပြန်ပြောပြတာ ...

"မင်းချမ်းက ဖြူစင်သန့်ကို ပွေ့ပြီး ရန်ကုန်ဘက် ပြန်ပြေးတာတဲ့၊ ညကြီးမင်းကြီး၊ ကားကြုံမတွေ့ရင် ရန်ကုန်ထိများ ကုန်းကြောင်းပြေးမလားဘဲတဲ့။ သွေးတွေကတော့

မင်းချမ်းဆီကရော၊ ဖြူစင်သန့်ဆီကရော ... မြင်မကောင်းဘူးတဲ့၊ ကားကြီးက ဆက်မောင်းလို့ ရသေးတော့ မင်းချမ်းဆီက လူနာကို အတင်းလိုက်ဆွဲလုပြီး ...

"တောင်ငူဆေးရုံတင်ဖို့ ကားနဲ့သွားရတာပေါ့။ မရပါဘူး။ လမ်းမှာထဲက အသက်မရှိတော့ဘူး။ အလောင်းကိုတော့ ရန်ကုန်ပြန်ယူတယ်။ ရန်ကုန်မှာပဲ သင်္ဂြိုဟ်တယ်။ ဖြူစင်သန့် ရှာပနချတဲ့နေ့ဟာ မင်းချမ်းကို နောက်ဆုံးတွေ့လိုက်ရတာပဲ ...

"ဘယ်ထွက်သွားမှန်းကို မသိတာ၊ ဘယ်သူ့ကိုမှ ဘာမှ မမှာခဲ့ဘူး။ အိမ်တို့ ဆေးခန်းကြီးတို့ကတော့ ပူစရာမရှိပါဘူး။ သူ့အဖေလက်ထက်ကတည်းက လူယုံတွေရော၊ မင်းချမ်းကို တူလို သားလို ချစ်ကြတဲ့ ဆရာဝန်ကြီးတွေရော ...

"အားလုံးက ဝိုင်းပြီးထိန်းသိမ်းပေးထားကြတယ်။ မင်းချမ်းကိုသာ ရှာမတွေ့တော့တာ၊ ကျွန်တော်လည်း ဖုန်းတွေဆက်၊ အီးမေးလ်တွေပို့နဲ့ လက်လှမ်းမီသမျှ အကုန်လိုက်စုံစမ်းပြီးပြီ။ မင်းချမ်း ရောက်မလာဘူးတဲ့"

"အင်း ... တော်တော် စိတ်ထိခိုက်သွားရှာတာပဲကွာ"

"မင်းချမ်းနဲ့ ဖြူစင်သန့်နဲ့က သိပ်ချစ်ကြတဲ့ စုံတွဲလေး။ သူတို့အတွဲက တစ်ယောက်နဲ့ တစ်ယောက်လည်း သိပ်နားလည်တာပဲ။ သူများတွေလို ရန်တွေ ဘာတွေတောင် တစ်ခါမှ မဖြစ်ဘူးတဲ့"

"ဖြူစင်သန့် အမေရော ... နှလုံးရောဂါနဲ့ဆိုတာ ..."



"ခုထိ ... မင်းချမ်း ဆေးခန်းကြီးပေါ်က မဆင်းရသေးဘူး၊ အဲဒီမှာပဲ တင်လိုက်ရတယ်၊ အသက်တောင် ... မနည်း ပြန်လုထားရတယ်လို့ ပြောတာပဲ"

"ဖြစ်မှ ဖြစ်ရလေကွာ"

"အင်းလေ ... ဘယ်လိုမှ စိတ်မကောင်းနိုင်ဘူး။ ကျွန်တော်တို့ကို ဒင်နာပေးပြီး နောက်တစ်နေ့ ထွက်ကြတာ။ ရန်ကုန်က ချမ်းမြေ့ရိပ်ငြိမ်မှာ တစ်ရက်ပဲ နေလိုက်ရတယ်"

"ပြင်ဦးလွင်က ချမ်းမြေ့ရိပ်ငြိမ်ကိုပဲပေါ့"

"မသွားခင်တောင် ပြောသွားသေးတယ်၊ အစ်ကိုတို့ မြန်မြန် လက်ထပ်ဖြစ်ရင် သူတို့က ဟိုကစောင့်မယ်တဲ့။ ခုတော့ ... ရောက်တောင် မသွားရရှာဘူး"

မင်းချမ်းမြေ့တို့ အဖြစ်က အဲသည်လို ရင်နာကြေကွဲ ာရာလေးပါ။

ဖြူစင်သန့် သေဆုံးခဲ့တာ အမှန်တကယ်၊ လူသိ တ်ကြား၊ ရှာပန အခမ်းအနား စည်စည်ကားကား၊ အုတ်ဂူလေး သည်း တခမ်းတနားမို့ ပြင်ဦးလွင်သို့ ရောက်လာသူ မိန်းကလေး ဘာ မင်းချမ်းရဲ့ "ဖြူစင်သန့်" ဘယ်လိုဖြစ်နိုင်မှာလဲ။ ဖြူစင်သန့်ကို အသက်ရှင်စဉ်က မြင်ဖူးမထားခဲ့သည်မို့ "အခက်"ဟု ပြောရပေမဲ့၊ ညှိုသည် လူနာမလေးဟာ ဖြူစင်သန့် မဟုတ်နိုင်တာကတော့ အသေအချာပင်။ ဒါဆို ... သူက ဘာဖြစ်လို့၊ သူ့ကိုယ်သူ ... ဖြူစင်သန့်ပါလို့ ပြောရတာလဲ။ မင်းချမ်းရဲ့ ဖြူစင်သန့် မဟုတ်ပေမဲ့ သူ့နာမည်လည်း ဖြူစင်သန့် ဖြစ်ချင်ဖြစ်နေနိုင်တာ ပဲလေ။ လောကမှာ နာမည်တူဆိုတာက ရှားမှမရှားတာ။

ဖြူစင်သန့် နောက်တစ်ယောက်ပဲ ထားပါတော့။ အရင်ဖြူစင်သန့်နှင့် ဆွေမျိုးသားချင်းများ တော်စပ်နေသေးလား၊ ငယ်စဉ်က ကွဲကွာသွားကြသည့် အမြွှာညီအစ်မများ ဖြစ်နေသေးလား။ ဦးကျော်အေးကတော့ အရင်ဖြူစင်သန့်နှင့် အခုဖြူစင်သန့်က ရုပ်ချင်း မဆင်ပါတဲ့။ ဖြူစင်သန့်က ချမ်းမြေ့ရိပ်ငြိမ်သို့ ရောက်ဖူးသည်ဟု မင်းချမ်း ပြောဖူးသည်မို့ အရင် ဖြူစင်သန့်သည်သာလျှင် မင်းချမ်းရဲ့ ဖြူစင်သန့်ဖြစ်ပြီး အခု ဖြူစင်သန့်က ဘယ်သူလဲ၊ ဘယ်ကလဲ။ ဘယ်လို ဒုက္ခသုက္ခမျိုးနှင့် ဖျားနာ၊ သတိလစ်မေ့မြောပြီး တစ်ယောက်တည်း ရောက်လာရသလဲ။

"ဖြူစင်သန့် သေမှသေရဲ့လား မောင်"

"ဟာကွာ ... သေလို့ပဲ အသုဘတွေ ဘာတွေချတဲ့ဥစ္စာ၊ ဂူတောင် သွင်းထားသေးတယ်"

"ဟိုဘက်ကားကြီးပေါ်ကရော လူအသေအပျောက် မရှိဘူးလား၊ ဟိုက ပြုတ်ကျပြီးသေတဲ့ အလောင်းကိုများ ဖြူစင်သန့် မှတ်ပြီး ..."

"သီတာလည်း ဆရာဝန် မလုပ်ဘဲ လျှို့ဝှက်သဲဖို စာရေးဆရာလုပ်ဖို့ ကောင်းနေပြီ။ သီတာ ပြောသလိုဆို ... ဖြူစင်သန့် အစစ်က ဘယ်ရောက်သွားမလဲ ... ကဲ။ ဘာဖြစ်လို့ အိမ်မပြန်သလဲ ... ကဲ"

"ကားထဲက လိမ့်ထွက်၊ မှောင်နဲ့မည်းမည်းမို့ သူ့ကိုမမြင်၊ သူက အတိတ်မေ့ပြီး နောက်တစ်နေ့မနက်မှာ တစ်နေရာရာ ရောက်ချင်ရောက်၊ ကယ်တဲ့သူ တွေ့ချင်တွေ့"

"စိတ်ကူးယဉ်ပုံလေး မဆိုးပါဘူး၊ ဆက်ပြော ..."



"ခုမှ ... ကိုယ့်ကိုယ်ကိုယ် သိသိချင်း၊ ချမ်းမြေ့ရိပ်ငြိမ်ကို မရောက် ရောက်အောင် အရင်သွားလိုက်ဦးမယ်ဆိုပြီး ရောက်လာသလားမှ မသိတာ"

"သီတာ ပြောသလိုပဲ ထားပါတော့။ မောင်တို့က ချမ်းမြေ့ရဲ့ ဖြူစင်သန့်ကို မမြင်ဘူးတော့ ဒီဖြူစင်သန့်ဟာ ချမ်းမြေ့ရဲ့ ဖြူစင်သန့် ဟုတ်,မဟုတ် မဆုံးဖြတ်နိုင်ဘူးပေါ့။ ထားပါတော့ ...

"ဖြူစင်သန့် အစစ်သာဆိုရင် သူ့အိမ်ကို ဘာဖြစ်လို့ ဖုန်းမဆက်သလဲ၊ ဘာလို့ အိမ်မပြန်သလဲ"

"အိမ်ကို ဖုန်းဆက်ရင် ချက်ချင်း ပြန်လာခိုင်းမှာပေါ့။ သူက အိမ်မပြန်ချင်သေးဘဲ၊ သူတို့ ဟန်းနီးမွန်းထွက်ဖို့ ဆုံးဖြတ်ထားတဲ့ နေရာကို မရောက်,ရောက်အောင် လာလိုက်ချင်သေးတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"တစ်ယောက်တည်း လာစရာလိုမလား၊ မင်းချမ်းနဲ့ ဆက်သွယ်ရမှာပေါ့"

"မောင့်မင်းချမ်းက ဘယ်ရောက်နေမှန်းမှ မသိတာ"

"မင်းချမ်း ပျောက်နေတာ သူသိချင်မှ သိမှာပေါ့"

"မင်းချမ်းကို သေပြီလို့ ထင်ချင်လည်း ထင်နေမှာ"

"သီတာ့ ဇာတ်လမ်းက မပြည့်စုံဘူး၊ ဟာကွက်တွေရှိတယ်"

"ဖြူစင်သန့်ကို အရင်က မြင်ဖူးမထားတာ ဆိုးတာပဲ၊ အဲဒါ တစ်ခုခက်နေတာ"

"ဒါဆိုလည်း တိုးမြင့်ကို ဖုန်းဆက်ခေါ်လိုက်လေ၊ လာကြည့်ချေလို့"

"အဲဒါ ... မဆိုးဘူး"

"လုပ်မနေနဲ့။ ဖြူစင်သန့်က အသုဘချပြီးသား"

"ခုပဲ ... ဟိုဘက်ခန်းကူးပြီး စကားတွေ ပြောချင်လို

တာ"

"စပ်စပ်စုစုကွာ ... သူ့ခမျာ အိပ်ရှာပါစေ"

"သီတာတို့ လက်ထပ်ရက်ကလည်း နည်းနည်းနောက်

သွားတော့၊ ခုဆို ... မင်းချမ်း ပျောက်နေတာ ..."

"ငါးလလောက် ရှိပြီထင်တယ်"

"မင်းချမ်းလည်း ရှိမှရှိသေးရဲ့လား"

သူ့ဘာသာပြောပြီး ... ဖွဟဲ့၊ လွဲပါစေ၊ ဖယ်ပါ ဘုရား၊ ဘုရား ... လုပ်နေသည့် သီတာကို၊ မိုးမြင်သူက မ ရက်ရက်နှင့်ပင် ပြုံးကြည့်လိုက်မိတော့သည်။

✧ ❧ ✧

"နှစ်ယောက်လုံး ဆရာဝန်တွေပဲ"

ဦးကျော်အေးက မိတ်ဆက်ပေး၏။

"ဖြူစင် ကံကောင်းတာပေါ့နော်။ ဖြူစင်က နည်းနည် မကောင်း ဖြစ်နေသေးတော့ ဆရာနဲ့ မမကိုပဲ အား မှာ"

ပြုံး၍ ပြောရှာ၏။ ချစ်စရာလေးပါပဲ။ မျက်နှာ ကတော့ နွမ်းသည်။ အားငယ်ရိပ် လွှမ်း၏။

"ဖြူစင်က တစ်ယောက်တည်း ဒီကိုလာတာလား"



"ဟုတ်ကဲ့ ... မင်းချမ်းကို လာရှာတာ၊ မင်းချမ်းများ ဒီကို ရောက်နေမလားလို့"

"မင်းချမ်းကို လာရှာတာဆိုတော့ မင်းချမ်းက ပျောက်နေ လို့လား"

"မမရယ် ... မင်းချမ်းက ဖြူစင့်ကို သိပ်ချစ်တာပါ။ တစ် ရက်မတွေ့ရရင်တောင် မနေနိုင်ပါဘူး။ ဖြူစင်ဆီကို ဖုန်း လည်းမဆက်၊ လူလည်းမလာနဲ့ မင်းချမ်း ပျောက်နေတာ ငါးလရှိပါပြီ"

"ညီမလေးက မင်းချမ်းကို၊ မင်းချမ်းလို့ပဲ ခေါ်တာလား"

"ဟုတ်ပါတယ် မမ။ ဖြူစင်တို့က တက္ကသိုလ်ရောက်မှ တွေ့ကြတာပေမဲ့ သူငယ်ချင်းတွေလို အရင်စခင်တော့ လေ ...။ ပြီးတော့ ... အသက်ချင်းကလည်း တူတူပါ"

"ညီမလေး တစ်ယောက်တည်း ထွက်လာတော့ အိမ်က စိတ်မပူဘူးလား။ မင်းချမ်းကို လိုက်ရှာမယ်လို့ အိမ်က *မိဘတွေကို ခွင့်တောင်းခဲ့သေးလား"*

"ဟင့်အင်း မမ ... ဖြူစင်က ကားအက်ဆီးဒင့် ဖြစ်တာ"

"ဩော် ... ဟုတ်လား"

မိုးမြင့်သူက တစ်ခွန်းမျှ ဝင်မပြောဘဲ စူးနစ်စွာ ည့်နေသည်။

"အဲဒါ ... ဘာမှတော့ သိပ်မဖြစ်ဘူး၊ ခဏတဖြုတ် မေ့ သွားသေးလားတော့ မသိဘူး၊ ဖြူစင် ကိုယ့်ကိုယ်ကိုယ် သိသိချင်းလေ ... မင်းချမ်းကိုပဲ သတိရလိုက်တော့ မင်းချမ်း အိမ်ကိုပဲ သွားလိုက်တယ်"

"ဒီအိမ်လား"

"ဟင့်အင်း ... ရန်ကုန်အိမ်ပါ။ သိတယ်မှလား။ မင်းချမ်းက တစ်ယောက်တည်းသမား ဆိုတော့လေ၊ သူ့အိမ်မှာ သူ မရှိရင် ဘယ်သူမှ မရှိဘူးလေ မမရယ်။ ဒါပေမဲ့ ခြံစောင့်ထင်တယ်၊ တစ်ယောက်တော့ တွေ့တယ်"

"ဘာပြောလဲ"

"မင်းချမ်းနဲ့ တွေ့ချင်တယ်လို့ ပြောတော့၊ ဆရာကိုချမ်း ပျောက်နေတာ လေး,ငါးလရှိပြီတဲ့။ ဖြူစင် တအားငိုချ တယ် ... မမရဲ့"

"ခြံစောင့်နာမည် သိလား"

"ဟင့်အင်း"

"မောင်မျိုးထွန်းတဲ့"

"ဩော် ... ဖြူစင်က အဲဒီတစ်ခေါက်ပဲ မင်းချမ်း အိမ် သွားတာ။ သူက တစ်ယောက်တည်း နေတော့ သူ့အိ ကို ဖြူစင် ဘယ်တော့မှ မသွားဘူး။ မောင်မျိုးထွန်း လည်း မသိပါဘူး"

"ဒီ ပြင်ဦးလွင်အိမ်ကို လာမယ်ဆိုတော့ ... မောင်မျိုးထွ ဆီက သော့တောင်းခဲ့သေးလား"

"ဟင့်အင်း ... မတောင်းပါဘူး။ ဖြူစင့်ဆီမှာ ... ဟိုးအ တုန်းကတည်းက အဲဒီသော့ ရှိတာပဲ။ ဦးကျော်အေး မ ရင်တောင် ဖြူစင်က အဲဒီသော့တွေနဲ့ ကိုယ့်ဘာသာဝင် လို့ ရတာပဲ"

"ဦးကျော်အေးကိုတော့ သိလား"



"ဟင့်အင်း ... အဲဒီ ဦးလေးကြီးက သူ့ကိုယ်သူ ဦးကျော် အေးပါဆိုလို့"

"ညီမလေး ... အရင်က ဒီအိမ်ကို ရောက်ဖူးလား"

"ဟင့်အင်း ... တစ်ခေါက်မှ မရောက်ဖူးဘူး"

"ဒါဆို ... သော့က ဘာလို့ ညီမလေးဆီမှာ ရှိနေတာလဲ"

"မင်းချမ်းပေးထားတာ နေမှာပေါ့ မမရဲ့။ မမှတ်မိပါဘူး"

"ညီမလေးအိမ်ကို အကြောင်းကြားမလား"

"ဟင့်အင်း"

"မိဘတွေ စိတ်ပူနေလိမ့်မယ်"

"မိဘ ..."

"အင်းလေ ... ညီမလေးရဲ့ ဖေဖေတို့ မေမေတို့ပေါ့"

"ဟုတ်လား ... ဖြူစင် တစ်ခါမှ စိတ်ပူတာတွေ ဘာတွေ မခံရဖူးဘူး ထင်တယ်"

"ရန်ကုန်ကို အကြောင်းကြားမလား"

"ရန်ကုန်အိမ်မှာ မင်းချမ်း မရှိဘူး မမရဲ့"

"ညီမလေးရဲ့ မိဘအိမ်ကိုလေ။ ဖြူစင်သန့်ရဲ့ မိဘအိမ်ကို လေ"

ဖြူစင်သန့် မိခင် ... ယခုထက်ထိ ဆေးရုံမှမဆင်းသေးတာကို မပြောဘဲ ချန်ထားလိုက်သည်။

"မကြားပါဘူးဆို ...။ မမ ဘယ်လို ဖြစ်နေတာလဲ မသိဘူးနော်။ ဖြူစင် ဒီလိုပြောလို့ စိတ်မဆိုးပါနဲ့ မမရယ်။ ဖြူစင်က ဝမ်းနည်းလွယ်တယ်။ အားငယ်တယ်။ ဒါပေမဲ့ ခုတော့ တစ်မျိုးကြီးပဲမို့ပါ"

"ဘယ်လိုတစ်မျိုးကြီးလဲ"

"ဖြူစင်က မင်းချမ်းရဲ့ ဇနီးလေ။ မင်းချမ်းပိုင်တဲ့အိမ်ဟာ ဖြူစင်ပိုင်တဲ့ အိမ်ပဲပေါ့။ ဖြူစင်ပိုင်တဲ့ အိမ်ပေါ်ကို မမတို့ ဇနီးမောင်နှံက ဧည့်သည်အဖြစ် ရောက်လာကြတာ မဟုတ်လား။ မင်းချမ်းရဲ့ မိတ်ဆွေတွေဆိုတော့လည်း ဖြူစင်က ခင်မင်လိုက်တာပါပဲ ...

"မမေးမမြန်းဘဲ ကြည်ဖြူလိုက်တာပါပဲ။ ဖြူစင်ကသာ မမတို့ကို မေးခွန်းတွေ မေးရမှာ၊ ခုတော့ ... မမကချည်း မေးခွန်းတွေ မေးနေတယ်။ ပြီးတော့ ... မယုံသင်္ကာသလိုကြီး။ ပြောင်းပြန်ကြီး ဖြစ်မနေဘူးလားဟင်။ ဖြူစင် ဒီလိုပြောတာ မမ စိတ်မဆိုးပါနဲ့နော်"

သီတာက ရယ်လိုက်၏။ "ပြောင်းပြန်ကြီး"ဆိုသည့် စကားကြောင့် မိုးမြင့်သူလည်း ပြုံးမိ၏။ ကျန်နှစ်ယောက်က ရယ်ကြ ပြုံးကြနှင့်မို့ ဖြူစင်ကလည်း ရောနှော ပြုံးဖြစ်တော့သည်။

"ဖြူစင်လေ ... အဲဒီလို မပြုံးမိတာတောင် ကြာပြီ။ မမတို့လို ဧည့်သည်မျိုး ရောက်လာတာ ဖြူစင် ပျော်ပါတယ်။ မြင်မြင်ချင်းလည်း ခင်တယ်။ မင်းချမ်း ပြန်လာတဲ့ထိ ဖြူစင်က ဒီကနေ စောင့်မှာဆိုတော့လေ ...

"မမနဲ့ ဆရာက ဖြူစင့်ကို စောင့်ရှောက်ပါနော်။ ဖြူစင် အိမ်ပြန်ဖို့တော့ မပြောနဲ့။ ဖြူစင့်မှာ စိတ်ပူမဲ့သူ မရှိဘူး။ ဖြူစင် ... တစ်ခါမှ စိတ်ပူတာ မခံရဖူးဘူး"

"ဖြူစင့်မေမေ နေကောင်းရဲ့လားဆိုတာ သိရဲ့လား"



"မသိပါဘူး။ ကောင်းချင်လည်း ကောင်းမှာပေါ့။ မကောင်းချင်လည်း မကောင်းဘူးပေါ့ မမရယ်။ နေမကောင်းရင်လည်း ဆေးကုကြမှာပေါ့။ သူတို့က ပိုက်ဆံရှိပါတယ်"

"သူတို့"ဆိုသည့် အသုံးအနှုန်းက စိမ်းသက်လှတာ သီတာ သတိထားမိသည်။

"ဖြူစင့်မှာတော့ ပိုက်ဆံမရှိဘူး သိလား။ မမနဲ့ဆရာက ဖြူစင့်ကို ကျွေးထားနော်"

"မမတို့က ဧည့်သည်လေ။ လာတည်းခိုတာ။ ညီမလေးက အိမ်ရှင်ဆိုတော့ ညီမလေးက ကျွေးရမှာပေါ့"

"မမ ခဏစိုက်ထားလေ။ မင်းချမ်း ပြန်လာမှ ပြန်တောင်းပေးမယ်။ မင်းချမ်းကလည်း ခက်လိုက်တာ။ ဖြူစင့်ကို ဘာစိတ်ဆိုးသွားတယ် မသိပါဘူး"

"ဖုန်းဆက်ကြည့်ပါလား"

"ဘယ်နေမလဲ။ ဖုန်းမကိုင်ဘူး"

"မမတို့လည်း ဝိုင်းဆက်ပေးမယ်။ မင်းချမ်းရဲ့ဖုန်းနံပါတ်ပေး"

ဖြူစင်သနံ့က လက်ကိုင်ဖုန်းနံပါတ်ကို ဒိုးဒိုးဒေါက် ပြောချ၏။ သီတာက မိုးမြင့်သူကို မော့ကြည့်သည်။ ပဲလား"... ဟု မျက်ဝန်းဖြင့် မေးတော့၊ မိုးမြင့်သူ ခေါင်းသည်။

"ဖြူစင့်မှာ ပိုက်ဆံမရှိပေမဲ့ ဖြူစင်က အိမ်ရှင်ဆိုတော့ ဖြူစင်ပဲ ထမင်းချက်ပါ့မယ်။ မမနဲ့ ဆရာက ... အဆင်သင့် စားနော်"

"လောလောဆယ်မှာ ဦးကျော်အေးက ချက်ပေးနေတာ ညီမလေးရဲ့"

"ဖြူစင် နေကောင်းပါပြီ။ ဖြူစင်ပဲ ချက်မယ်"

"ညီမလေး ... ရန်ကုန်ကနေ ဒီကို ဘာနဲ့လာလဲ"

"မန္တလေးကို ... ရထားနဲ့။ အဲဒီကမှတစ်ခါ ကားနဲ့၊ ကားက ဈေးနားမှာ ရပ်တော့လေ ... ရထားလုံး စီးလာတာပေါ့"

"အဲဒီတုန်းက ညီမလေး အရမ်းဖျားနေတယ်နော်"

"ရန်ကုန်မှာတည်းက ဖျားတာ"

"ဒါနဲ့များ တစ်ယောက်တည်း ထွက်လာရသလားကွာ မိုက်တဲ့ ညီမလေးပဲ"

"မမ ... ရိုက်ချင် ရိုက်ပစ်လေ။ ဖြူစင် ... မမကိုချစ်တယ် ကိုယ့်အစ်မလိုပဲ"

ခေါင်းလေး ထိုးပေးသော အရိုက်ခံ ပုံစံလေးက ချစ်ချင်ဖွယ်။ သိတာ ... အကြင်နာတွေ သက်ရောက်လျက် မခင်မင်ဘဲ မနေနိုင်အောင် ဖြစ်သွားရတော့သည်။

ဘာပဲဖြစ်ဖြစ် ... သူ့ပြောစကားတွေက ရှေ့နောက် အဆီအငေါ် မတည့်တာတွေ ပါသည်။ မိုးမြင့်သူနှင့် မင်းချမ်းမြေ့ တို့၏ ရင်းနှီးမှု အတိုင်းအတာကို သိဟန်မတူပါ။ မိုးမြင့်သူဟာ ဖြူစင်သန့်ကို မမြင်ဖူးပေမဲ့ (မမြင်ဖူးသည်မို့ အပြန်အလှန် ခင်မင်ရင်းနှီးသည့် မိတ်ဆွေအဖြစ်သို့ ရောက်ရှိခွင့် မရပါ) ဖြူစင်သန့် အကြောင်းကို စေ့စေ့စုံစုံ သိထားမှန်း၊ ဤကလေးမ မသိဘူး ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် ... သူဟာ လူလိမ်လူညာမ



လေးပါပဲ။ နောက်ထပ်။ ဘာပဲဖြစ်ဖြစ် ... ဟု ထပ်ပြောရလျှင်တော့ အဲသည် လူလိမ်လူညာမလေးနှင့် တစ်မနက်ခင်းသာသာလေး စကားပြောလိုက်ရုံမှာ ... ဒီကောင်မလေးကို မုန်းတီးစိတ်ပျက်ဖို့ထက်၊ ချစ်ခင်နှစ်လိုခြင်းတွေသာ ဖြစ်ထွန်းသွားရတော့၏။

"တိုးမြင့်သူကို သိလား"

မိုးမြင့်သူက ဝင်မေးသည်မို့ ဖြူစင်သန့်က မော့ကြည့်သည်။

"ဟင့်အင်း ... မသိပါဘူး ဆရာ"

"မသိရင် မှတ်ထားလိုက်ပေါ့၊ တိုးမြင့်သူ ဆိုတာ မင်းချမ်းရဲ့ အချစ်ဆုံး သူငယ်ချင်း"

"ဟုတ်လား"

"ကိုယ်က တိုးမြင့်သူရဲ့ အစ်ကို"

"ဪ"

"ဒေါက်တာမိုးမြင့်သူတဲ့။ မမနာမည်က သိတာအေး"

"ဪ ... သိပါပြီ။ မမလည်း ဒေါက်တာပဲ ဆိုတာတော့ ဦးကျော်အေး ပြောပြီးပြီလေ။ တိုးမြင့်သူကို မသိပေမဲ့ စိုးမြင့်သူကိုတော့ သိတယ်။ အဲ ... သိတာတော့ မဟုတ်ဘူးလေ။ သူက မင်းချမ်းရဲ့ လူပျိုရုံ။ ဆရာတို့က ညီအစ်ကိုတွေပေါ့"

မိုးမြင့်သူ ခေါင်းညိတ်၍ ပြုံးပြလိုက်သည်။ ပြုံးပြခြင်းက ဒီကလေးမနှင့် ကိုယ်တို့ကြားထဲမှာ ခင်မင်နှစ်လိုခြင်းများ ဖြစ်ထွန်းစေချင်လို့ပါ။ လူပျိုရုံလုပ်သူကိုတော့ သိပြီး၊ လူပျိုရုံထက် ပိုရင်းနှီးသည့် တိုးမြင့်သူကိုတော့ မသိဘူးဆိုပဲ။ ဒီကောင်မလေး

ဟာ … လူလိမ်မလေးဆိုလျှင် … ဘာရည်ရွယ်ချက်နှင့်လဲ။ လူသိနတ်ကြား သေဆုံးပြီးသူတစ်ဦးရဲ့ နေရာမှာ အစားဝင်လို့ … သူ့ကို ဘယ်သူယုံမှာလဲ ဆိုတာလေးမှ မတွေးမိဘူးလား။

ရန်ကုန်မှ နာရေးသတင်းဟာ ပြင်ဦးလွင်ကို ရောက်မလာနိုင်ဘူး ထင်နေလျှင်တော့ အလွန် ပေါ့တိမ်သေးဖွဲ့သည့် ဦးနှောက်ပင်။ သတင်းစာတွေကို မေ့ထားလို့ ရမလား။ ဖြူစင်သန့်လို မိန်းကလေးတစ်ယောက်၊ သူ့အသိုင်းအဝိုင်းနှင့်သူ … နာရေးသတင်းကို သတင်းစာထဲ မထည့်ဘဲနေမလား ဆိုတာလေးပဲမတွေးမိဘူးဆိုလျှင် ဒီကောင်မလေးရဲ့ စဉ်းစားတွေးခေါ်မှု နိမ့်ကျလွန်းခြင်းက သံသယဖြစ်ဖွယ်ပင်။

"ညီမလေးမှာ ညီကိုမောင်နှမ မရှိဘူးလား"

မိုးမြင့်သူကလည်း "ညီမလေး" ဟုပဲ ခေါ်လိုက်၏။ သူ့ကို ဖြူစင်သန့်ဟု မခေါ်ချင်ပါ။ မခေါ်နိုင်ပါ။ နာမည်တူလေးဆိုလျှင်တော့ ခေါ်ပါမည်။ သူ … သရုပ်ဆောင်နေတာက နာမည်တူ သဘောမျိုးမှ မဟုတ်တာ။ ဖြူစင်သန့်ကို မမြင်ဖူးခဲ့ပေမဲ့၊ ရန်ကုန်မှာ … မိုးမြင့်သူကိုယ်တိုင် ဖတ်ဖြစ်ခဲ့သည့် "နာရေးသတင်း"ကတော့ လုပ်ကြံလီဆယ်ခြင်း မဖြစ်နိုင်မို့ ဒီကောင်မလေးသာလျှင် လီဆယ်လုပ်ကြံသူ ဖြစ်ရတော့မည်။ အဲဒါကြောင့် … ဖြူစင်သန့် အစစ် မဟုတ်တာ သေချာနေသည်မို့၊ သူ့ကို ဖြူစင်သန့်ဟု အသိအမှတ် ပြုမပေးနိုင်သည်မို့ ဖြူစင် … ဟု၊ သူ့ကိုယ်သူ နာမ်စားသုံးစွဲသလို၊ ဘယ်လိုမှ မခေါ်ပေးနိုင်ပါချေ။

"ဖြူစင်က တစ်ဦးတည်းသမီးပါ ဆရာ၊ ဒါကြောင့်လေ … မင်းချမ်းက ပြောခဲ့တာ။ ကိုယ်တို့ လက်ထပ်ပြီးရင် သား



သမီး သုံးယောက် ယူမယ်တဲ့။ သူလည်း တစ်ဦးတည်းသား၊ ဖြူစင်လည်း တစ်ဦးတည်းသမီး ဆိုတော့ မောင်နှမနည်းလို့တဲ့၊ ပြီးတော့ … သူရော ဖြူစင်ရော ရမဲ့အမွေအနှစ်ဟာ …

"ဖြူစင်တို့ သားသမီးသုံးယောက် အဆင့်အတန်းမြင့်မြင့် နေနိုင်တဲ့ထိ ခွဲဝေပေးနိုင်ပါတယ်တဲ့။ တစ်ယောက်တစ်ယောက်ရမဲ့အမွေဟာ မနည်းနိုင်ပါဘူး။ ခုတော့လည်း … သူက ဘာစိတ်ဆိုးသွားမှန်း မသိတော့ပါဘူး ဆရာရယ်"

"ညီမလေးက မင်းချမ်းနဲ့ လက်ထပ်ပြီးတော့ ဘယ်မှာနေလဲ"

"ရန်ကုန်က ချမ်းမြေ့ရိပ်ငြိမ်မှာပဲ နေမှာပေါ့၊ သိပ်မသိပါဘူး ဆရာ"

"မမှတ်မိတာလား"

"တချို့နည်းနည်းမေ့နေပါတယ်"

"အတိတ်မေ့ရောဂါပေါ့။ ဟုတ်လား"

"မဟုတ်ပါဘူး။ အတိတ်မေ့ရောဂါဆိုရင် မင်းချမ်းကိုပါ မေ့သွားရမှာပေါ့။ မင်းချမ်းကို … ဖြူစင် ဘယ်တော့မှ မမေ့ဘူး။ ဖြူစင်တို့ နှစ်ယောက်ဟာ အရမ်းချစ်တဲ့ ချစ်သူတွေပါ ဆရာ …

"စိတ်ဆိုး စိတ်ကောက်ဆိုလည်း … ဒီတစ်ခါတည်းပါပဲ။ ဒါတောင် ဖြူစင်က မဆိုးပါဘူး။ တစ်နေ့မတွေ့ရရင်လည်း မနေနိုင်ကြပါဘူး။ ခုဆို … မတွေ့ရတာကြာပြီ။ လွမ်းပါတယ် ဆရာရယ်"

"မင်းချမ်း ရောက်လာရင်ရော ..."

"ဒီမှာ ခဏတဖြုတ် ဆက်နေပြီးရင် ရန်ကုန်ပြန်မှာပေါ့ ဆရာရယ်။ မင်းချမ်း အလုပ်က ရန်ကုန်မှာပဲ။ ဒီမှာ မင်းချမ်းကို လာစောင့်တာက ... မင်းချမ်း စိတ်ဆိုးပြေရင် ဒီကို ရောက်လာမယ် ထင်လို့ပါ"

အဲသည်နေ့က တစ်နေကုန် စကားတွေ ပြောကြပါသည်။ တခြားအကြောင်းအရာတွေလည်း ပါသည်။ ရုံတင်ပြသနေသော ရုပ်ရှင်ကားများအကြောင်း ပြောတော့ ဖြူစင်သန့်က သိပ်မပြောနိုင်ပါ။ ရုပ်ရှင်မင်းသား မင်းသမီးတွေအကြောင်းကျတော့ ပြောနိုင်၏။ စာရေးဆရာတချို့၏ ဝတ္ထုတွေလည်း သူဖတ်ဖူးကြောင်း ပြောနိုင်သည်။ အဆိုတော်တွေကိုလည်း သိသည်၊ အဲသည်လိုနှင့် ညဘက်သို့ ရောက်ခဲ့ရတော့သည်။

"သီတာ ..."

"ဘာလဲမောင် ... ဟိုကောင်မလေး အကြောင်း ပြောမလို့လား"

"အင်း ... ပြိုင်စရာမဟုတ် လိုက်ပြိုင်ရဦးမယ်။ ဟိုကောင်မလေးက သူနဲ့ မင်းချမ်းဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေတဲ့။ သီတာနဲ့ မောင်ကမှ ... တစ်ယောက် ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နခွေဆိုတာ သိတဲ့ထိ နားလည်မှု ရှိကြတဲ့ ချစ်သူတွေ။ စိတ်တူကိုယ်တူတွေ၊ ကိုယ်တို့အတွဲက ပိုချစ်တယ်"

သီတာက မျက်စောင်းထိုး၍ ပြုံး၏။

"ပြောပါဦး ... အဲဒီကောင်မလေးကို ဘယ်လိုထင်လဲ"



"ကိုယ်တို့ရဲ့ ဟန်နီးမွန်းဟာ ... သွားဟယ် လာဟယ်နဲ့တော့ မပျော်ရတော့ဘူး။ လူနာမ,လေး တစ်ယောက်ကို ဆေးကုရင်းနဲ့ ပျော်ရတော့မယ်"

"ဟိုကောင်မလေး ဘာဖြစ်နေလို့လဲ"

"စိတ်ကစဥ့်ကလျား ဖြစ်နေတယ်လို့ ထင်တာပဲ"

"ဟောတော့ ... တကယ်"

"သူ ဘယ်သူလဲတော့ မသိဘူး။ ဖြူစင်သန့် ဘဝကို အငှားခန္ဓာမြှောင်ထားတဲ့ ဝင်ကစွပ်မလေး။ အင်းလေ ... သူ ... ဟန်ဆောင်နေတာ မဟုတ်ဘူး ဆိုရင်ပေါ့"

"မောင်က လိမ်ညာနေတယ် မထင်ဘူးပေါ့"

"လိမ်တယ် ညာတယ်ဆိုမှတော့ ပိရိအောင် လိမ်တော့ညာတော့မှာပေါ့။ သူ ပြောပုံက၊ လိမ်ရာညာရာရောက်မှာလည်း နည်းနည်းမှ စိုးရိမ်ပုံမရဘူး။ စိတ်ထဲရှိတာတွေ အမှန်ထင်ပြီး ပြောနေတာ"

"သူ ... ဆိုက်ကိုပေါ့"

"ဟုတ်တယ်"

"မောင် သေချာလား"

"သေချာသလောက်ပဲလို့ ပြောရမယ်။ ဒါပေမဲ့ စကားတွေ အများကြီး ထပ်ပြောရဦးမယ်"

"အဲဒါလည်း ပျော်စရာ တစ်မျိုးပေါ့ မောင်ရဲ့။ သီတာတို့ရဲ့ ဟန်နီးမွန်းက သူများနဲ့မတူတဲ့ ထူးထူးခြားခြားဟန်နီးမွန်းလေး ဖြစ်တာပေါ့"

"သိတာ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်"

"တော်ကြာ ... မပျော်ရဘူး ဖြစ်မှာစိုးလို့။ လွတ်လွတ်လပ်လပ် ပျော်ချင်ရင်တော့ မောင်တို့ ကန်တော်ကြီးရိဇော့တ်မှာ ပြောင်းတည်းပြီး ..."

"ဒီကောင်မလေးကို ဖြစ်ချင်ရာဖြစ် ... မထားခဲ့နိုင်ပါဘူး မောင်ရယ်။ ဦးကျော်အေးလည်း လူကောင်းဆိုပေမဲ့ မသင့်တော်ပါဘူး"

"မောင့်မိန်းမကို ချစ်တာအပြင်၊ အထင်ကြီး လေးစားတယ်ဆိုတာ အဲဒါတွေပဲ။ စိတ်ကောင်းရှိလိုက်တာ"

"မြှောက်ခိုင်းပါ။ မနက်ကျရင် မောင့်အတွက် ဟင်းတစ်ခွက်၊ ကိုယ်တိုင်ဝင်ချက်ပါ့မယ်"

"မြန်မာပြည်မှာ မောင့်အတွက် စေတနာနဲ့ ကုရမဲ့ ပထမဦးဆုံးလူနာ၊ စိတ်မကျန်းမာရှာတဲ့ ရောဂါသည်လေးပဲနော် ... မောင်တို့ရဲ့ ဟန်းနီးမွန်းက မွန်မြတ်ပါတယ်"

"မင်္ဂလာဦး ကုသိုလ်ပေါ့ မောင်ရယ်"

တစ်ဖက်ခန်းမှ ကောင်မလေးကတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေရှာပါပြီ။ သူ အိပ်မက်တွေများ မက်နေဦးမလား မသိပါ။ သူ့အိပ်မက်တွေထဲ ဝင်ကြည့်လို့သာရလျှင် သိတာက စပ်စုစွာ ဝင်ကြည့်လိုက်ချင်သေး၏။ ခင်လည်း ခင်သွားရလို့ပါ။ သနားလည်း သနားလိုက်ရလို့ပါ။ ရေစက်ဆိုတာ ... ဒီလိုပဲ ကြုံဖန်ဆုံစည်းတတ်တယ် ထင်ပါရဲ့။



မနက်ဖြန်ကျလျှင်တော့ ...

"ညက အိပ်မက်တွေ ဘာတွေ မက်သေးလား" ...

ဟယ်လို့ မေးမိမှာ အသေအချာပင် ဖြစ်တော့၏။

✧ ✧

# အခန်း ၄ ခြောက်

"ညီမလေး ... အနွေးထည်တွေ ဘာတွေ၊ ဈေးဘက်သွား ကြည့်ရအောင်၊ ငှက်သိုက်မလိုင်လည်း ဝယ်ချင်တယ်။ ပြီးတော့ ပျိုးခင်းတွေလည်း ကြည့်ချင်တယ်။ လိုက်မလား"

ဖြူစင်က အဖျားလုံးဝကျကာ ကောင်းကောင်းကြီး နေကောင်းနေပြီမို့၊ မီးဖိုထဲ ဝင်ချက်လိုချက်၊ ခြံထဲဆင်းပြီး ပန်းပင်တွေ ရေလောင်းလိုလောင်း, ... စသည်လေးတွေတောင် လုပ်စပြု၏။

"မင်းချမ်း ပျောက်နေတာကလွဲရင် ... ဖြူစင် ပျော်တယ် သိလား။ မမတို့ မပြန်ဘဲ ဒီမှာ တစ်သက်လုံးနေတော့" ... ဟုတောင် ပြောထားသည်။ သူ နေကောင်းပြီမို့ ဈေးဝယ်လေး ဘာလေး ထွက်ချင်ထွက်ကြည့်ဖို့၊ အသိမိတ်ဆွေလေးလည်း တွေ့လိုတွေ့ငြား၊ သိတာက ခေါ်တော့ ဖြူစင် ခေါင်းညိတ်၏။

"သွားချင်တယ်။ မလိုင်တွေလည်း စားချင်တယ်။ ဆွယ်တာလှလှလေးတွေ တွေ့ရင်လည်း ဝယ်ချင်တယ်။ ပိုက်ဆံ



ကျတော့လည်း မရှိဘူး။ မမ ခဏချေးထားနော်။ မင်းချမ်း ပြန်လာရင် ပြန်ဆပ်မယ်"

"ညီမလေး လိုချင်ရင် မမက ချေးပါတယ်။ ဒါပေမဲ့ ... စဉ်းစားကြည့်ပါဦး၊ ညီမလေးမှာ ကိုယ်ပိုင်ပိုက်ဆံတွေ Bank Account (ဘဏ်စာရင်း)တွေ ရှိမှာပေါ့။ ညီမလေးက သူဌေးသမီးပဲ"

"ဟုတ်တယ် ... ဖြူစင်က သူဌေးသမီးပါ။ ဒါပေမဲ့ ... အဲဒီ သူဌေးဆိုတဲ့ မိဘတွေက ဘယ်မှာလဲ မသိဘူး"

"ရန်ကုန်မှာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်"

"ဖုန်းလေး ဘာလေး ဆက်ပါလား"

"ဖြူစင် ဆက်လေ့မရှိဘူး မမရဲ့"

"ကွယ် ... ကိုယ့်အိမ်ကိုယ် ... ဖုန်းဆက်လေ့မရှိဘူးရယ်လို့ပဲ"

"ဟုတ်တယ် ... ဖြူစင်လေ၊ အိမ်ကို တစ်ခါမှ ဖုန်းမဆက်ဖူးဘူး ထင်တယ်"

"မင်းချမ်းနဲ့ လက်မထပ်ခင်ထိ မိဘနဲ့ တူတူနေတာ မဟုတ်ဘူးလား"

"ဟုတ်တယ်နော်။ နေမှာပေါ့။ ဒါပေမဲ့ ... ဖြူစင် မမှတ်မိဘူး မမရဲ့။ မမက ဖြူစင် မဖြေတတ်တာတွေ မေးရင် ဖြူစင် သိပ်စိတ်ညစ်တာပဲ။ ခေါင်းလည်းကိုက်တယ်။ မမေးပါနဲ့ မမရယ်၊ ဖြူစင် မဖြေတတ်ဘူး။ ဖြူစင်က မမတို့နဲ့ နေရတာ ပျော်နေတာ"

"မမတို့က လက်ထပ်ပြီး ဟန်းနီးမွန်း ထွက်လာတာ ညီမလေးရဲ့ နှစ်ပတ် သုံးပတ်လောက် နေပြီးရင် ပြန်မှာ ဒါတောင် ... ညီမလေး ရှိနေလို့။ ညီမလေးသာ မရှိရင် ဒီမှာ နည်းနည်းပါးပါး လည်ပတ်၊ ပိတ်ချင်းမြှောင် သွား ပြီးရင် ပြန်မှာ၊ အလွန်ဆုံး တစ်ပတ်၊ ဆယ်ရက်ပေါ့"

"ရန်ကုန်မှာ အလုပ်ကိစ္စ သိပ်အရေးမကြီးရင် မပြန်ပါနဲ့ ဦးလား မမရယ်။ မမတို့နဲ့ နေရတာ ပျော်လို့ပါ။ မမတို့ ပြန်သွားရင် ဖြူစင် တစ်ယောက်တည်း။ ပြီးတော့ ... ဖြူစင့်ကို ဘယ်သူက ကျွေးမှာလဲ"

"ညီမလေး ဆရာက ဆေးရုံကို အလုပ်ဝင်ရမယ်။ အခု နိုင်ငံခြားက ပြန်လာပြီး၊ အလုပ်မဝင်သေးဘဲ လက်ထပ် တာ၊ မမက ... ဆရာ နိုင်ငံခြားသွားနေတုန်း အလုပ်ဝင် လုပ်ထားတယ်။ အခု အလုပ်ကထွက်ပြီး နားနေတာ ပြန်ဝင်ရင် ... မင်းချမ်းရဲ့ ဆေးခန်းကြီးမှာပဲ ဝင်မလို့"

"မမရော ... ဆရာရော၊ ဖြူစင် အလုပ်ခန့်တယ်။ ရပြီ သာ မှတ်နော်"

သီတာက ရယ်ချင်သွားရတော့သည်။ ပြောပုံလေး က ဘာမှမသိနားမလည်သည့် ပုံစံနှင့်ပါ။

"ဒါဆို ... တို့တွေအားလုံး ရန်ကုန်ပြန်ကြမယ်ပေါ့ တူတူလေ။ ညီမလေးက မမတို့ကို အလုပ်ခန့်ရဦးမှာဆို တော့ ဆေးခန်းကြီးကို ပြန်အုပ်ချုပ်ရဦးမှာပေါ့"

"အဲဒါကြီးက ... မင်းချမ်း အုပ်ချုပ်တာ"



"အခု ... မင်းချမ်းမှ ပြန်မလာသေးတော့၊ မင်းချမ်းဇနီး က အုပ်ချုပ်ပေါ့"

"ဖြူစင်က ဘာအရည်အချင်းမှ မရှိဘူး မမရဲ့။ ဘာမှ မလုပ်တတ်၊ မကိုင်တတ်နဲ့၊ မင်းချမ်း ပြန်လာမှ ဖြစ်မှာ ပါ"

"ကဲ ... ခုတော့ အဝတ်အစားလဲ။ ဈေးဘက်သွားမယ်"

"အဝတ်အစားကအစ ... မမတို့ ဝယ်ပေးထားရတာနော်၊ ဖြူစင် ခရီးထွက်လာတယ် ဆိုရင် အဝတ်အစားအိတ် ပါရမှာပေါ့။ ဖြူစင် ဖျားနေတုန်း သူခိုး ခိုးခံရတယ်ထင် တယ်"

သူ့မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်မို့ စစချင်း ၁ သီတာ့ အဝတ်ကလေးတစ်စုံ ပေးရသည်။ သီတာက ထွား ား ကျိုင်းကျိုင်းမို့၊ အရပ်မြင့်ပေမဲ့ ပါးလျားသွယ်လျသည့် ဖြူစင် န့်မှာ သီတာ့ အင်္ကျီကြားထဲမှာ မြုပ်နေရှာ၏။ နောက်**နေ့တော့** ယ်လွယ်ကူကူ၊ ဘလောက်စ်နှင့် ဘောင်းဘီစက သုံး**စုံဝ**ယ်ပေး က်ရသည်။

"ဖြူစင် ... ထဘီအစစ် ဝင်ချင်တယ် **မမ**" ... **တဲ့။**

သူကပေမဲ့ အလာကြီး။ ပူဆာတတ်ရှာ**၏**။ ပူ**ဆာပုံ** လည်း ကြည့်ဦးလေ။ ထဘီအစစ်တဲ့။

"ဖြူစင်လေ ... ပတ်ထဘီတို့၊ စကတ်ရှည်**ဘောင်း**ကွဲတို့ နောက်ကွဲတို့ ဝတ်ရတာ မကြိုက်ဘူး မမရဲ့။ ထဘီအစစ် ကို အားရပါးရ ဆွဲဝတ်လိုက်ရမှ ကိုယ်နဲ့ တစ်သားတည်း ဖြစ်သွားသလို စိတ်ကျေနပ်တယ် ...

"စကတ်တွေက ခါးမှာ ကျပ်အောင်လုပ်ထား
ခါးတစ်ခုသာ ကျပ်တာ။ ဗိုက်ပူသလိုပဲ။ မြန်မာမိန်းကလေး
တွေဟာ ထဘီနဲ့ အလှဆုံးပဲနော်။ ဟုတ်တယ်။ ထဘီက
လှကိုလှတာ။ ဝယ်ပေးဦးနော် မမ။ ပြီးရင် အကြွေးမှတ်
ထား။ မင်းချမ်း ပြန်လာမှ တောင်းပေးမယ် ...

"ခု ... မမဝယ်ပေးတဲ့ ဘလောက်စ်နဲ့ ဘောင်းဘီစ
က ဝတ်လို့တော့ ကောင်းတယ်။ လွတ်လပ်တယ်။ အလု
လုပ်လို့ ကောင်းတယ်။ အိမ်မှာချက်ရင်းပြုတ်ရင်း၊ ခြံ
ရေလောင်းရင်း ဝတ်လို့ကောင်းတယ်" ...

ဆိုလို့ သူ့ကို ထဘီနှင့် အကျီလည်း ချုပ်ပေးရသေး
သည်။

"ဖြူစင့် အတွက် ကုန်ကျရတာနဲ့ ... မမတို့မှာ
ပိုက်ဆံလောက်သေးရဲ့လား"... ဟုလည်း မေးဖော်ရသည်။

ပျိုးပင်ရောင်းသည့် ပန်းခြံတွေထဲရောက်တော့ ...
ပျော်နေလိုက်ပုံများ။ ဟိုအပင်မြင်လည်း ဝယ်ချင်၊ ဒီအပင်မြင်
လည်းဝယ်ချင်။ ချမ်းမြေ့ရိပ်ငြိမ် ခြံကြီးထဲမှာလည်း သီးပင်စားပင်
က စုံပါသည်။ ပန်းတွေလည်း စုံပါသည်။ သို့ပေမဲ့ ... လူသိ
များသော အပင်တွေများချည်း။ မက်မန်းပင်တွေ အများကြီး
သည်။ နှင်းဆီပင်ကြီးက လူနှစ်ရပ်ကျော်ကျော်မြင့်ကာ ပင်စည်
လုံးပတ်က ကိုးလက်မလောက် ရှိနေသည်။ ဒေစီပင်တွေရှိသည်။
ဂန္ဓမာပင်တွေ ရှိသည်။ မြန်မာသစ်ခွမျိုးတွေတော့ မရှိ
ဦးကျော်အေး လုပ်နိုင်သလောက်၊ သူ ... ကျွမ်းသော အပင်လောက်
ကိုသာ စိုက်ပျိုးထားပုံရ၏။



ပျိုးပင်အရောင်းဆိုင် ခြံတွေမှာတော့ တရုတ်ပြည်
မှ ဝင်လာသည့် ပန်းမျိုးဆန်းတွေ၊ မတွေ့ဖူး၊ မမြင်ဖူးသေး
သည့်အပင် အဆန်းအပြားတွေ များလွန်းလှသည်။

"မောင်ရေ ... ပြန်ကာနီးကျရင် ဒါတွေ အကုန်ဝယ်သွား
မယ်"

သီတာလည်း အပင်ဝါသနာပါသူပဲ ဖြစ်သည်။
တာ့အမေက ဆိုလျှင် ခြံထဲမှာ တစ်နေကုန်နေပြီး သစ်ပင်အဆန်း
သမျှ သူ့ခြံထဲ မရှိမဖြစ်စေရ "မှု"ကို ထားရှိသူဖြစ်၏။ ရေ
ာင်းပေါင်းသင်၊ မြေစာကျွေး၊ အပင်ခွဲ၊ ကိုယ်တိုင်လုပ်လွန်းလို့
လောင် ရေလောင်းဖြစ်ကာ အသားတွေတောင် ညိုကုန်ရသည်ထိ။
မေ့ အတွက်လည်း အပင်တွေ အများကြီး ဝယ်သွားရပါဦးမည်။

"ဖြူစင်လည်း ဝယ်ချင်လိုက်တာ၊ ပိုက်ဆံလည်း မရှိဘူး။
မမပဲ ဝယ်သွားတော့၊ ရန်ကုန်ရောက်ရင် ပွားပြီးပေးနော်၊
ရန်ကုန်က ချမ်းမြေ့ရိပ်ငြိမ်မှာ ဖြူစင် စိုက်မယ်"

"ဖြူစင်က ဘယ်တော့ ပြန်မှာမို့လဲ"

"သတင်းစာထဲမှာ ... မင်းချမ်း အမြန်ပြန်လာပါ ... လို့
ကြော်ငြာထည့်လိုက်မယ်၊ မကောင်းဘူးလား မမ"

"ထည့်ပြီးပြီ"

"ဟင် ... ဟုတ်လို့လား၊ ဖြူစင်တောင် မသိဘူး၊ ဘယ်သူ
ထည့်လိုက်တာလဲ"

ချမ်းမြေ့ရိပ်ငြိမ်ဆေးခန်းကြီးမှ မှာထားသော ဆေးခန်း
စက်ပစ္စည်းတစ်ခု နိုင်ငံခြားမှ ရောက်သည်မို့ မင်းချမ်းကိုယ်
ဆောင်ရွက်ရပါမည့် ကိစ္စတစ်ခု ပေါ်ပေါက်လာ၍ ဘယ်

ဘွက်သွားမှန်း မသိသည့် မင်းချမ်း အတွက်၊ သူ့ဆေးခန်းအုပ်
ချုပ်သူ ဒါရိုက်တာများက ကြော်ငြာထည့်ကြပါသည်။ မင်းချမ်
ထံမှ ကိုယ်စားလှယ်ပါဝါလွှဲစာ တစ်စောင်သာ ရောက်လာခဲ့သည်
ဖုန်းဆက်သည်။

"အဆင်ပြေအောင် ကြည့်လုပ်လိုက်ကြပါ။ ကျွန်တော် ... ရန်ကုန်ကို ပြန်မလာချင်သေးဘူး၊ ကျွန်တော် ... အ ကမ္ဘောဒီးယားမှာ" ... တဲ့။

ကမ္ဘောဒီးယားကိုတော့ မြန်မာသတင်းစာက သူ
အလိုလို မရောက်နိုင်ပါ။ မင်းချမ်းနှင့် ပတ်သက်၍ တာဝန်
ဆောင်ရွက်ပေးနေသူ တစ်ဦးဦးတော့ ရန်ကုန်မှာရှိနေပြီ။ မင်းချမ်
ဘယ်ရောက်နေတယ် ဆိုတာကို သိနိုင်သူ တစ်ဦးဦးတော့ ရှိပြ
အဲဒီလူ ... ဘယ်သူမှန်းသာ မသိတာဟု တွေးမိခဲ့ကြရ၏။

"မင်းချမ်းက ... ပြန်မလာခဲ့ဘူးနော်"

"မလာဘူး၊ သူ့ဆီ သတင်းစာကြော်ငြာ ဘယ်သူသတင် ပို့သလဲ ဆိုတာကို မမတို့က သိချင်တာ"

မိုးမြင့်သူကလည်း မင်းချမ်းကို ပြန်လာစေချင်ပြ
သူ့ကိုယ်သူ "ဖြူစင်သန့်"ပါ ... ဆိုသည့် လူလိမ်မလေးဟ
စိတ်ကျန်းမာရေးချို့တဲ့နေသူဟု မိုးမြင့်သူ ယူဆသည်မို့၊ ဟန်းနီးမွ
ကုသိုလ်အဖြစ် ဆေးလည်းကုပေးချင်သည်။ ဆွေမတော် မျိုးမ
ကိုယ့်သဘောနှင့်ကိုယ် ဆွဲလွဲကုလိုက်လို့ သင့်တော်ပါ့မလာ
ဖျားနာနေတာဆိုလျှင်တော့ ဆေးတိုက်ရုံ။ ကျိုးပဲ့တာ ဆိုလည်
ခွဲစိတ်ကုသရုံ။ ခုဟာက ... စိတ်နှင့်ဆိုင်နေ၏။ ကာယကံရှ
လူနာက ကုသပေးပါဟု ... အပ်ဖို့ဝေး၊ သူ့ကိုယ်သူ လူကောင်း



င်နေ၏။ ကုပေးပါ ... ဟု အပ်နှံမည့် လူနာရှင်လည်း မရှိ။
ချမ်း ပြန်ရောက်လာလျှင်တော့၊ ဒီကောင်မလေးဟာ ဖြူစင်သန့်
ဘယ်လိုပတ်သက်နေသလဲ ဆိုတာကို သဲလွန်စကလေးရ
ာင်းရဲ့။ မင်းချမ်းနှင့် တိုင်ပင်ပြီး ကုတန်ကုရရဲ့။

"ညီမလေးရဲ့မိဘတွေပါ၊ မင်းချမ်းရဲ့ ယောက္ခမတွေပဲ လေ။ မိဘမရှိတဲ့ မင်းချမ်းအဖို့၊ ယောက္ခမဆိုတာ မိဘပဲ မဟုတ်လား။ မင်းချမ်း ဘယ်မှာရှိတယ်ဆိုတာ ... သူတို့ များ သိမလား"

အရင်းနှီးဆုံး သူငယ်ချင်းပါ ... ဆိုသည့် တိုးမြင့်သူ
သိတာတော့ သေချာ၏။

"နှုတ်တောင် ဆက်မသွားပါဘူး။ ဒီကောင်း ဘယ်လောက် စိတ်ထိခိုက်သွားတယ် မပြောတတ်ဘူး" ... တဲ့။

"ဖြူစင့်မှာ အိမ်ရှိလို့လား။ မိဘတော့ ရှိတယ်ထင်တယ် နော်"

"ရှိတယ်လေ ... ရှိတာပေါ့။ အဖေရှိတယ်၊ အမေရှိတယ်၊ မောင်နှမတော့ မရှိဘူး ထင်တယ်"

"အဲဒါ ... ညီမလေး အသိဆုံး ဖြစ်ရမှာပေါ့"

"မိဘဆိုတာ ဘယ်သူလဲ မသိဘူးနော်"

"ဟောတော့"

"မေ့နေပြီ မမရယ်"

"ဒါဖြင့် ... မင်းချမ်း ပြီးရင် ဘယ်သူ့ကို သတိရလဲ"

"ရှင်ယွန်း ... ရှင်ယွန်းဟာ ဖြူစင့် အချစ်ဆုံး သူငယ်ချင်း ပဲ။ သူက ... အရမ်းလည်း ဆင်းရဲတော့ ဖြူစင် အမြဲတမ်း

ကူညီစောင့်ရှောက်ခဲ့ရတယ်။ သူ့ကို သတိရတယ်။ ဒါပေမဲ့ သူက သေသွားပြီ မမရဲ့"

"ဟောတော့ ဘာဖြစ်လို့လဲ"

"သူက ဆွေမျိုးတွေနဲ့ နေရတော့၊ ကောင်းကောင်းမကျွေးဘူး၊ အလုပ်ကျတော့ အများကြီး လုပ်ရတယ်။ အိပ်ဆေးတွေလည်း မဝပါဘူး၊ ဖျားရင်လည်း ဆေးကုမပေးကြဘူး အဲဒီတော့ ... သေတာပေါ့။ သူ့နာမည်က ရှင်ယွန်းမေ တဲ့။ လှတယ်။ တော်တော်လေး လှတယ် ...

"လှူပဲလှုပြီး ကံမလှတော့ ဒုက္ခရောက်တာပေါ့နော် ဖြူစင်က သူ့ကို အမြဲတမ်း မုန့်ဖိုးတွေ ပေးခဲ့ရတယ်၊ ဖြူစင့် မိဘတွေတောင်၊ သူ့ကို ဖြူစင် ဒီလောက်ထောက်ပံ့တာ မသိဘူး"

"ဟော ... မိဘတွေကို သတိရပြီလား"

"သိပ်မရင်းနှီးဘူး"

"မိဘကို မရင်းနှီးဘူးရယ်လို့ပဲ။ ရန်ကုန်မှာ မိဘတွေနဲ့ တူတူနေခဲ့တဲ့အိမ်ကို မှတ်မိလား"

"သိသားပဲ"

"အရောင်နေ့တွေတုန်းကတော့ မသိဘူးဆို"

"ပြန်မှ မပြန်ချင်တာ"

"ဒါဆို ... ရန်ကုန်ပြန်ရင် ဘယ်သူနဲ့ နေမလဲ"

"အမှန်က ... ရန်ကုန်ကို မပြန်ချင်တာ၊ ဒီကနေပဲ မင်းချမ်းကို စောင့်ချင်တာ။ မင်းချမ်းက စိတ်ဆိုးပြေရင် ဒီကိုပဲ ပြန်လာမှာ"



"မင်းချမ်း စိတ်ဆိုးပြီး ထွက်သွားတာလို့ ညီမလေးကို ဘယ်သူပြောလဲ"

"ထင်တာ"

"ရန်ကုန်က ချမ်းမြေ့ရိပ်ငြိမ်မှာ ပြန်စောင့်လည်း ရတာပဲ"

"ဟုတ်တယ်နော် ... ဒီမှာကျတော့ မမတို့ ပြန်သွားရင် ဖြူစင်က ထမင်းကျွေးမဲ့သူ မရှိဘူး၊ ဖြူစင် လက်ဝတ်လက်စားတွေ ရောင်းစားပြီးနေမယ် စိတ်ကူးတာ၊ ဖြူစင့်မှာ ဘာလက်ဝတ်လက်စားမှလဲ မရှိဘူး ...

"ဖြူစင့် စိန်နားကပ်နဲ့ စိန်လက်စွပ် ... ဘယ်ရောက်သွားလဲ မသိဘူး၊ လော့ကက်ကလည်း စိန်ပဲ၊ တစ်ခုမှမရှိတော့ဘူး။ ဘယ်သူ ယူသွားလဲ မသိဘူး"

"အမယ်လေး ... ကျုပ်တို့တော့ မယူဘူးနော်"

"ယုံပါတယ် မမရဲ့"

"ဒါဖြင့် ရန်ကုန်ပြန်ရင် လိုက်ခဲ့မလား"

"ဘယ်အိမ်မှာ နေရမှာလဲ"

"ချမ်းမြေ့ရိပ်ငြိမ်မှာ နေပေါ့"

"ထမင်း ဘယ်သူကျွေးမလဲ"

"ညီမလေး မိဘတွေ ကျွေးမှာပေါ့"

"မကျွေးပါဘူး။ မမတို့က နှစ်ယောက်တည်းနေတာလား ဟင်၊ ဖြူစင် လိုက်နေချင်တယ်။ ခေါ်မလား။ ခေါ်ပါမမ ရယ်။ ဖြူစင်က ထမင်းချက်ကျွေးပါ့မယ်"

သီတာက မိုးမြင့်သူကို မော့ကြည့်လိုက်၏။ ရန်ကုန် သူတို့ဇနီးမောင်နှံပိုင် ကွန်ဒိုတစ်ခန်း ရှိပါသည်။ ကွန်ဒိုမို့

ကျယ်ဝန်း၏။ လူပိုတစ်ယောက်ကို ခေါ်ထားနိုင်သည်။ ပြီးတော့ လူတစ်ယောက် တာဝန်ကိုလည်း ယူနိုင်ပါသည်။ ရန်ကုန်စရိတ်ဖြင့် လူတစ်ယောက် တာဝန်ဆိုတာ မသေးလှပေမဲ့ မိုးမြင့်သူတို့ ဇနီးမောင်နှံ့အဖို့၊ တာဝန်မယူနိုင်လောက်အောင် ကြီးမားလှသည်ဟု မဆိုသာပါ။ နှစ်ဖက်မိဘတွေနှင့် ပူးပေါင်းမနေဘဲ ကိုယ်ချည်းသပ်သပ်နေဖို့ ဝယ်ထားတာမို့ လွတ်လပ်ပါသည်။

မောင့်သဘော ဘယ်လိုလဲ ... ဟု မျက်စဖြင့်မေး၏။ မိုးမြင့်သူက မျက်စပြန်ပစ်သည်။ ဆိုလိုသည်မှာ ...

"မောင်ကတော့ ကန့်ကွက်ရန်မရှိ၊ အရမ်းကြီးလည်း မထောက်ခံ၊ သီတာ့ သဘော" ... ဟူ၍။

ဟုတ်သည်လေ ...။ မိန်းမသားပျိုပျိုရွယ်ရွယ် ခ ငယ်ငယ် တစ်ယောက်ကို အိမ်မှာခေါ်ထားဖို့အတွက် အားတက်သရောကြီး မတောင်းဆိုရဲပါ။ မထောက်ခံရဲပါ။ ဘုန်းကြီးအမှုကရွာမှာ လာပတ်နိုင်သည်။ နောက်ဆုံး ... ဇနီးသည်က စိတ်အခန့်မသင့်တာနှင့် ကြုံလျှင် ... မောင့်ကောင်မလေးက ဘာဖြစ်တယ်၊ ညာဖြစ်တယ် ... ပြောလာလျှင် လက်ထပ်ပြီးတာမှ မကြာသေး ဇနီးမောင်နှံ ချင်းချင်းမှာ ပြဿနာတွေတက်၊ အထင်တွေလွဲ သက်ာတွေ ရှင်းနေရလျှင် ဘယ်ကောင်းပါ့မလဲ။ ကန့်ကွက်တော့ ရော၊ စိတ်ပုပ်ရာ ရောက်တော့မှာပေါ့။ သူ့ကိုယ်သူ "ဖြူစင်သန့်" ပါ။ မင်းချမ်းမြေ့ ဇနီးပါဆိုသည့် ကောင်မလေးကို မင်းချမ်းမြေ့ ယောက္ခမ (ဖြူစင်သန့် မိဘ)အိမ်ပေါ် သွားတင်လို့လည်း ဖြစ်မှာမှ မဟုတ်တာ။ ဒီကောင်မလေး ... ဖြူစင်သန့် (မင်းချမ်း ဇနီး) မဟုတ်တာက သေချာနေတာ။ ပြီးတော့ ... ဒီကောင်မလေး



ကြည့်ရတာ၊ အားကိုးရာ ရှိပုံလည်း မပေါ်။ နေစရာမရှိ၊ စားစရာ ရှိ။ ဘာမှန်းမသိသည့် မိန်းကလေးတစ်ဦးကို မျက်နှာလွှဲခဲပစ် ိုက်ဖို့ရာလည်း အခက်။

"ဇီဝိတာဒါနပေါ့ မောင်ရယ်"

"မောင်တို့ ကူညီမဲ့ကိစ္စနဲ့ အဲဒီ ပါဠိစကားနဲ့ ဆီလျော်ရဲ့လား"

"မသိဘူး၊ ဆီလျော်တယ် ထင်လို့ သုံးလိုက်တာပဲ။ မဟုတ်ဘူးလား"

"မပြောတတ်ဘူး"

နှစ်ယောက်သား ရယ်ဖြစ်တော့မှ ဖြူစင်သန့်လည်း င်ရယ်၏။

"စောစောတည်းက ရယ်ချင်နေတာ၊ မရယ်ရဲလို့"

"ဟင် ... ဘာဖြစ်လို့ ရယ်ချင်ရတာလဲ"

"ဆရာနဲ့ မမ ... ဇနီးမောင်နှံပဲ ဖြစ်နေပြီ။ ခုမှ မျက်စတွေ ပစ်နေကြတော့ ရယ်ချင်တာပေါ့"

သူပြောမှ ထပ်ရယ်ရတော့သည်။

"မမ ... ရန်ကုန်မပြန်ခင် ပိတ်ချင်းမြောင် ပို့ဦးနော်"

"ဟုတ်ကဲ့ ... မဖုယားလေး အမိန့်ပါပဲ"

ချစ်စနိုးလေး ပြောဖြစ်သွားရတော့သည်။ ရှေးရေ က်ပဲ ထင်ပါရဲ့။ ဒီကောင်မလေးကို ခင်မင်နှစ်လိုစိတ်တွေ ဖြစ် ွန်းရပြီ။ သူမလေးဟာ လူလိမ်လူညာလေးလည်း ဖြစ်နိုင်သည်။ ဘ်မကျန်းမာရှာသူလေးလည်း ဖြစ်နေနိုင်သည်။ သူ ဖမ်းထားတဲ့ ခံကတော့ အားကိုးရာမဲ့ အသွင်သဏ္ဍာန်လေး။ လက်လွှတ်စပယ် လုပ်ရက်ပါဘူးလေ။

သီတာတို့က ပိတ်ချင်းမြောင်ကို တစ်ခါမျှ မရောက်ဖူးသည်မို့ ခုမှ စတွေ့ဖူးရကာ တအံ့တသြ။ ဖြူစင်သန့်က ရောက်ဖူးပြီးသားလို ... သူက ဦးဆောင်ပြီး ရှင်းပြနေသေး၏။ လိုဏ်ဂူထဲသို့ ဝင်ခဲ့ပြီး၊ လူတစ်ထိုင်စာ ငုံ့ဝင်ရမည့် နေရာတွင်းသို့ ရောက်တော့ သီတာတို့က မဝင်ရဲပါ။

"လာလေ မမ ... နည်းနည်း ဝင်လိုက်ပြီးရင် ဟိုဘက်ကျ ... မတ်တတ်ရပ်လို့ ပြန်ရကယ် ရေစက်တွေကျနေတာ ပျော်စရာကြီး၊ အရမ်းလည်း အံ့သြဖို့ ကောင်းတယ်၊ လှလည်း တအားလှတာ"

"မဝင်ရဲဘူး၊ ပြီးတော့ ... အသက်ရှူလည်း မွန်းတယ်။ ဖြူစင်က ဒီကို အရင်က ရောက်ဖူးလို့လား"

"မပြောတတ်ပါဘူး။ ဒါပေမဲ့ ... ဒီနေရာတွေ၊ မန္တလေး၊ ပြင်ဦးလွင်တွေ၊ ဖြူစင် ကျွမ်းကျင်နေသလိုပဲ"

"နေခဲ့ဖူးလို့လား"

"မသိပါဘူး မမရယ် ... အပြန်ကျရင် မိုးညင်းသမ္ဗုဒ္ဓေနဲ့ ဇောမိတစ်ထောင်လည်း ဝင်မယ်နော် မမ"

"အဲဒါတွေ ... ညီမလေး ရောက်ဖူးလား"

"မပြောတတ်ဘူး။ ဒါပေမဲ့ ... သမ္ဗုဒ္ဓေဘုရားဟာ မဖူးဘူးသေးတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ဖူးသင့်တဲ့ ဘုရားမဟုတ်လား"

"အေးလေ ... ဝင်တာပေါ့"

"ဇောမိတစ်ထောင်ရောက်ရင် သနပ်ခါးတုံးတွေ ဝယ်လို့ကောင်းတယ်"



"ဝယ်တာပေါ့"

"ဆရာ ကားမောင်းရတာ မပင်ပန်းအောင် မိတ္ထီလာလောက်မှာ ညအိပ်မလား မမ"

"အိပ်တာပေါ့"

"အညာကုန်တွေ ပေါတယ် မမရဲ့"

"ဝယ်တာပေါ့"

"ဟင် ... မမကလည်း၊ လုပ်တာပေါ့ချည်းပဲ"

"ကျုပ်မှ မသိတာ။ မရောက်ဘူးတာ။ ရှင်ပဲသိ၊ ရှင်ပဲတတ်နေတော့ ရှင်ပြောသမျှ နားထောင်ရတော့မှာပေါ့"

"မမက အရမ်း ရယ်ရတာပဲ"

ကိုယ်လေး ယိမ်းထိုး၍ ရယ်နေပုံက အပြစ်ကင်းသ့် ကလေးလေးလိုမို့၊ လူလိမ်လူညာမလေး မဖြစ်ပါစေနဲ့ဟု တောင်းတော့သည်။ သို့ပေမဲ့ ... သူ့ဟန်ပန်ကလေးတွေကသာ လေးသာသာပုံစံဖြင့် အပြစ်ကင်းနေသည်။ သူ့မျက်ဝန်းတွေက သ်စင်ရွှန်းလက်မှု ကင်းနေ၏။ မျက်ဝန်းညို့ညို့မှာ နာကျင်နေသလားဟု ထင်ရသည်။ ဤကလေးမ ... လောကဓံ၏ အထုထောင်းကိုတော့ တစ်ကြိမ်တစ်ခါပဲဖြစ်စေ၊ ကောင်းကောင်းကြီးခဲ့ ရဖူးရလေ၏။

✧ ✧

"မထော်မနန်းအေ ... ဘယ်က ကောင်မလေး ခေါ်လာ
တာလဲ။ ရုပ်ရည်လေးကလည်း ရှိသေး၊ ကိုယ့်မှာလည်း
အိမ်ထောင်ဦး"

မေမေက သီတာ့ကို ကျိတ်ဆူ၏။

"သနားစရာ မဟုတ် သနားစရာရှား"

"သူ့ကြည့်ရတာ စိတ်ရောဂါသည်ပုံ ပေါက်နေလို့ပါ
မောင်ကလည်း မြန်မာပြည် ပြန်ရောက်ရောက်ချင်း ပထ
ဆုံး စေတနာနဲ့ ကုခွင့်ရတဲ့လူနာ ဆိုပြီး ..."

"ရူးနေတယ်ပေါ့။ အရူး ... အရူးနဲ့ အိမ်ဦးတက်ပြီး ခေ
ပါတာကမှ ကျုံးပစ်လို့ လွယ်သေးတယ်၊ အိမ်ဦးနတ်
ချိုင်ချသွားမှ ... ဟုတ်ပေ့ ဖြစ်ပြီး ကျန်ရစ်မယ်။ ကြည့်
တာ လူကောင်းပါအေ။ ညာနေတာ နေမှာပါ၊ သူ ပြေ
တာတွေ ဟုတ်မှမဟုတ်ဘဲ"

"ယုတ္တိမရှိတာတွေ ပြောနေလို့ကို ... စိတ်မကောင်းဘူးလို့
ထင်ရတာပေါ့ မေမေ။ လိမ်ပြီဆိုမှတော့ ပိပိရိရိ လိမ်မှာ
ပေါ့"

"အဲဒါပေါ့ ... မိတ်ဆွေအပေါင်းအသင်း မလုပ်အုပ်တဲ့သ
သုံးယောက် ရှိတယ်တဲ့။ ကျောင်းဆရာရယ်၊ ထောင်မှူးရယ်
စိတ်ဝေဒနာကုတဲ့ ဆရာဝန်ရယ်။ ကျောင်းဆရာဆိုလည်း
လူတစ်ယောက်ကိုတွေ့လို့ သေသေချာချာ မမှတ်မိရင် ...



"သူ့တပည့်ပဲ ထင်လိုက်တာပဲ။ ဘယ်ကျောင်းတုန်း
က တပည့်ပါလိမ့်ပေါ့။ ထောင်မှူးလည်း တူတူပဲ။ ငါ
ဘယ်ထောင်မှာ ထောင်မှူးလုပ်တုန်းက တွေ့ခဲ့တဲ့ထောင်
သားလဲ၊ ဘာဖြစ်မှုနဲ့ ကျတာပါလိမ့် ဆိုပြီး တွေးပစ်လိုက်
တာပဲ ...

"စိတ်ဝေဒနာကုတဲ့ ဆရာဝန်မှ အဆိုးဆုံး၊ မြင်မြင်
ကရာလူ ... အရူးချည်းထင်ပြီး ဆေးကုဖို့ပဲ စိတ်ကူးတော့
တာ။ ညည်းယောက်ျားလည်း ဒီတိုင်းဖြစ်နေပြီ။ သူနဲ့
စကားပြောရတာတောင် ခပ်ကြောက်ကြောက်ရယ် ...

"အလိုက်အထိုက် ကြည့်ပြောမှ။ သူ့စိတ်ထဲ ထင့်
ခနဲဖြစ်သွားရင်၊ ငါ့ယောက္ခမ ရူးပါပြီဆိုပြီး ဆေးရုံဖမ်း
တင်မှာ ကြောက်နေရတယ်။ တကတဲ ..."

သူ့စကားသူ သဘောကျကာ ရယ်သည်မို့ သီတာ
ပါ လိုက်ရယ်ရတော့သည်။ ဖြူစင်သန့်ကို ဘယ်မှာထားခဲ့ဖို့
စိတ်မချသည်မို့ သွားလေရာ ခေါ်ရ၏။ တခြားသူတွေနှင့်ကျ
တော့လည်း သူက စကားပြောတာ အကောင်းပင်။

"ညီမလေး မိဘတွေအိမ် သွားမလား"

"ဟင့်အင်း၊ မပို့ပါနဲ့နော် မမ"

"ဒါဖြင့် ... ချမ်းမြေ့ရိပ်ငြိမ်ကို သွားကြည့်မလား"

"သွားကြည့်ချင်ပါတယ်။ မင်းချမ်း ပြန်ရောက်ပြီလားလည်း
မေးချင်တယ်။ ဖုန်းဆက်သေးလားလည်း သိချင်တယ်
မမ၊ အဲဒီအိမ်မှာ အိမ်စောင့်ရှိတယ်မှုလား"

"မောင်ရေ ... သွားကြမလား"

"သွားကြတာပေါ့"

ချမ်းမြေ့ရိပ်ငြိမ်က တိတ်ဆိတ်လွန်းလှတော့သည်။ မင်းချမ်း ရှိတုန်းကဆိုလျှင် တစ်ယောက်တည်းသမားသာဆို၊ သူငယ်ချင်း အပေါင်းအဖော်တွေနှင့် တရုန်းရုန်း။ သူက အပေါင်းအသင်းလည်း မင်သည်။ အကုန်အကျလည်း ခံနိုင်သည်။ ပြီးတော့ သူ့အိမ်မှာ သူပဲလူကြီးသူမ။ လေးစားရမည့်၊ ရှိန်ရမည့်သူ မရှိသည်မို့ သူငယ်ချင်းတွေ စိတ်ကြိုက်ပျော်လို့ ရသည်။

ညဥ့်နက်သန်းခေါင်ထိ ခြံထဲဆင်းပြီး၊ ဂစ်တာတီးလိုတီးကြ။ သူ ဆေးကျောင်းတက်နေတုန်းကဆိုလည်း စာစုကျက်ကြသော စုရပ်ဟာ ချမ်းမြေ့ရိပ်ငြိမ်ချည်း။ မောင်မျိုးထွန်း တစ်ဦးတည်း ရှိပေမယ့်၊ မောင်မျိုးထွန်း ကစားစရာများကို ကိုယ်တိုင်ချက်ပြုတ် စီစဉ်တာလည်းရှိ၊ ဟိုတယ်များသို့ ဖုန်းဆက်မှာကြားတာလည်းရှိ၊ တာဝန်ကျေအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ခုတော့ ... ချမ်းမြေ့ရိပ်ငြိမ်သည် ခြောက်သွေ့တိတ်ဆိတ်လျက်။

"တို့တွေ ပြန်လာလို့ သော့လာပြန်ပေးတာ"

မောင်မျိုးထွန်းက မိုးမြင့်သူတို့ကို မှတ်မိသလို ဖြူစင်သန့်ကိုလည်း မှတ်မိသည်။

"ဒီက အစ်မလည်း ... အစ်ကိုတို့ရှေ့ နှစ်ရက်လား၊ သုံးရက်လား ... ရောက်လာပြီး ကိုချမ်း ဘယ်သွားလဲ လာမေးသေးတာ"

"မောင်မျိုးထွန်းရေ ... မင်းခြံက ပန်းတွေစုံလိုက်တာ။ လိုက်ကြည့်လို့ ရမလား။ ခွေးတွေ ဘာတွေ ရှိလား"



"နေ့ခင်းဘက်ဆို ခွေးသိမ်းထားပါတယ် အစ်မ။ ကြည့်ပါ။ ရပါတယ်။ ကိုချမ်း ရှိရင်တော့၊ သူ့သူငယ်ချင်းတွေက သူတို့ကောင်မလေးတွေ ပေးဖို့ဆိုပြီး ပန်းတောင်းရင်လည်း ချိုးပေးလိုက်တာပဲ။ ကျွန်တော်က ...

"ကြားထဲက နှမြောလို့။ ရေလောင်းထားရတာ၊ ဆေးလောင်းထားရတာက ကျွန်တော်လေ။ ကျွန်တော်ဆို ဘုရားပန်းတောင် ... ကိုချမ်းဆီက ပိုက်ဆံတောင်းပြီး ဝယ်တင်တာ။ ခြံထဲကပန်း မခူးရက်လို့ ..."

"ခုကျတော့ရော ... ဘုရားပန်း ဘယ်လိုတင်နေလဲ"

"ဝယ်ပဲ တင်ပါတယ် အစ်မ"

"ဒါ ... ပန်းမခူးရလို့ ပြောလိုက်တာပေါ့လေ။ မခူးပါဘူးကွာ၊ ကြည့်ရုံကြည့်ပါ့မယ်"

မောင်မျိုးထွန်းက ရယ်နေ၏။ သိတာက ဖြူစင်သန့် မင်ခွဲခေါ်ခဲ့တာဖြစ်သည်။ မိုးမြင့်သူက မောင်မျိုးထွန်းကို ပြောချင်တာရှိလျှင် ပြောခွင့်ရနိုင်အောင်လို့ပါ။

"ညီမလေး ... မင်းချမ်းနဲ့ လက်ထပ်ပြီး ဒီမှာ ဘယ်နှရက်နေလိုက်သေးလဲ"

"မနေပါဘူး မမ"

"ဒါဖြင့် ..."

"မမေးနဲ့တော့ မမရယ်"

"ကောင်းရော"

ခြံကကျယ်သလောက်၊ ကြည့်စရာတွေက များလှ တံခွန်ပေါက်စလေး ရှိသည်။ ကြာကန်တွေ ရှိသည်။

ကျောက်တုံးဥယျာဉ် (Stone Garden) လေး ရှိသည်။ စမ်းချောင်း
လေးတစ်ခုက ပေလေးဆယ်လောက်များ ရှည်မလား မသိ
အကျယ်ကတော့ ... လူတစ်ယောက် ခုန်မကူးနိုင်ရုံ၊ ငါး
ခြောက်ပေနီးပါး ကျယ်မည်။ ကွေ့ကွေ့ကောက်ကောက်က
စတင်စီးဆင်းရာ နေရာက ကျောက်တုံးများဖြင့် ဆင့်စီထားသ
ကျောက်တောင်အမြင့်၊ အဲသည်ကျောက်တုံးတွေကြားမှာ ကျော
ခက်ပင်တချို့။ စမ်းချောင်းလေး ကွေ့ပတ်စီးသည့် လမ်းတ
လျှောက်မှာလည်း ပန်းပင်ကလေးများ ချုံပုတ်ကလေးများ၊ က
မြင့်လေးဖြစ်အောင် မြေဖို့ထားသည့် တောင်ပို့ပေါက်စလေး
ပြီးတော့ စမ်းချောင်းအဆုံးမှာတော့ ရေအိုင်ကျယ်လေး။ အဲသ
ရေအိုင်လေးမှာ စမ်းချောင်း အဆုံးသတ်ပါသည်။

စမ်းချောင်းအောက်ခြေသည် မြေသားမဟုတ်
ကျောက်သား ဖြစ်၏။ ကျောက်စရစ်တုံး ခပ်ကြီးကြီးတွေလ
စမ်းချောင်းထဲ ချထားသည်။ ဘာငါးတွေမှန်း မသိ၊ သုံးလေးလ
ခန့်၊ ငါးလက်မခန့်၊ တချို့က အပြာကွက်၊ တချို့ကမည်း
တချို့က ရွှေရောင်၊ တချို့က ရွှေရောင်နှင့် အဖြူရောင်အ
များ၊ ငါးကလေးများလည်း ကူးခတ်နေသေးသည်။ စမ်းချော
လေး၏ တစ်ဝက်ခန့်မှာတော့ တစ်ဖက်နှင့်တစ်ဖက် ဖြတ်
ဝါးတံတားလေး လုပ်ထားပုံကိုက ချစ်စရာ ကောင်းသလော
ကဗျာဆန်နေရတော့သည်။

"ခုမှ သေသေချာချာ ကြည့်မိတော့တယ်။ နေချင်
ကောင်းလိုက်တာနော်"

"ဖြူစင်နေချင်လိုက်တာ မမရယ်"



"ဖြူစင်က မင်းချမ်း ဇနီးဆို ... နေလေ"

"နေရမှာ ကြောက်တယ် မမရယ်"

သို့ကို သူမ ဖြေနိုင်မည့် မေးခွန်းတွေ ထုတ်စရာ
ကြီးရှိပါသည်။ သို့ပေမဲ့ မမေးရက်တာနှင့် မမေးဖြစ်တော့

"စမ်းချောင်းအတုလေးကို ဘယ်လို လုပ်ထားလဲ မသိဘူး
နော် မမ"

"ဟိုကျောက်တောင်အတုပေါ်က ရေတွေ ဖွင့်ချပြီး စီးခိုင်း
တယ်လေ။ ဒီရေအိုင်မှာ ဆုံးတယ်။ ရေအိုင်မှာ ရေတွေ
လျှံမလာအောင်၊ အိုင်ထဲကရေကို ပိုက်နဲ့ ပြန်သွယ်ပြီး၊
မော်တာနဲ့ ကျောက်တောင်ပေါ် ပြန်ပို့တယ်၊ အဲဒီနည်းနဲ့
သံသရာလည်နေတာပေါ့။ ဟိုဘက်က ရေတံခွန်လည်း ဒီ
နည်းနဲ့ပဲ လုပ်ထားတာ"

"ပျော်လိုက်တာ မမရယ်"

သီတာ ဘာမျှမပြောဖြစ်တော့ပါ။

ဟိုဘက်မှာကျတော့ မိုးမြင့်သူက ဖြူစင်သန့်ပါ ...
သည့် ကောင်မလေးအကြောင်း၊ မောင်မျိုးထွန်းကို ပြောပြနေ
ပြင်ဦးလွင် ချမ်းမြေ့ရိပ်ငြိမ်ကို ရောက်နေသောကြောင့်၊
ကိုးရာလည်း မရှိ၍ ခေါ်လာခဲ့ရကြောင်း ပြောပြနေ၏။

"မင်းချမ်း ဘယ်ရောက်နေလဲ ဆိုတာ ... မင်း တကယ်
မသိဘူးလား မောင်မျိုးထွန်း"

"မသိပါဘူး အစ်ကို။ ဟိုတစ်ခါ ဖုန်းဆက်တုန်းက
မြန်မာပြည်ကို ပြန်မလာချင်သေးဘူးလို့ ပြောပါတယ်။

ကိုချမ်းက အရမ်း စိတ်ထိခိုက်သွားတာ အစ်ကိုရဲ့။ မ
ဖြူစင်ကိုလည်း အရမ်းချစ်တာ၊ သူတို့ကသိုလ်ကံ အရ
ဆိုးကြတယ် ...

"သူ မဖြေနိုင်ဘူးတဲ့။ မမဖြူစင် ဆုံးတယ် ဆိုတ
ကို ယုံကြည်လက်ခံပေးနိုင်ဖို့ ခွန်အားမရှိဘူးတဲ့။ ရင်မဆိုင်
နိုင်ဘူးတဲ့"

"ယောကျ်ားကောင်း တစ်ယောက် စိတ်လေတယ် ဆိုတ
ခြောက်လမပြည့်သင့်ဘူး မောင်မျိုးထွန်း။ မင်း ... ကြ
ပြောပြလိုက်ပါ။ ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ဘူ
ဒီလို အဖြစ်ဆိုးမျိုးဆိုတာ ...

"လူသားတွေကြားထဲမှာ ဖြစ်နေတာပဲ။ ကိုယ်တ
ယောက်တည်း ဖြစ်နေတာ မဟုတ်ဘူး။ စိတ်ထိခိုက်တာ
ဒါပေမဲ့ ... ရင်ဆိုင်ရတာပဲ။ ကြံ့ကြံ့ခံရတာပဲ ငါက မ
ဆရာသမား ... လေလွင့်ရင်းကနေ ပျက်စီးသွားမှာစိုးရိမ်တ

"ဟိုအမျိုးသမီးဟာ မဖြူစင် မဟုတ်ဘူး အစ်ကို"

"သိတယ်လေ။ မင်္ဂလာဆောင်ရော၊ အသုဘပါ ငါမမီ
ဒါပေမဲ့ ... ပြန်လာလာချင်း သိတာပဲ။ ဒါပေမဲ့ ဒီကော
မလေးဟာ ... ငါထင်တာလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့
မင်းချမ်းတို့၊ ဖြူစင်သန့်တို့နဲ့ တစ်နည်းနည်း ...

"ပတ်သက်မှုတော့ ရှိရမယ်။ လုံးဝသူစိမ်းကြီး
မဟုတ်ဘူး။ ဘယ်လိုပတ်သက်မယ်မှန်းသာ မသိတ

"ကျွန်တော့်ဆရာ ကိုချမ်းမှာတော့ ဘာရုပ်ရှုပ်ယှက်ယှ
မှ မရှိဘူး"



"ဖြူစင်သန့်လည်း ရှိတယ် မကြားပါဘူးကွာ၊ ရိုးသား
အေးဆေး၊ လိမ်လိမ်မာမာနဲ့ သဘောမနောကောင်းလေး
ဆိုပြီး သတင်းမွှေးပါတယ်။ ဘေးလူတွေ အားလုံးနှမြော
ကြတာပဲ ...

"မင်းဆရာသမားကျတော့ မဖြေနိုင်အောင် နှမြော
မယ်ပေါ့။ ငါ ကိုယ်ချင်းစာပါတယ်။ ဒါပေမဲ့ ... လောက
မှာ လုပ်ချင်တာတွေချည်း လျှောက်လုပ်နေရတာ မဟုတ်
ဘူး၊ လုပ်သင့်တာကိုလည်း လုပ်ရသေးတယ် ...

"စိတ်လေတယ် ဆိုတာ ယောကျ်ားကောင်းတို့ရဲ့
အလုပ်မဟုတ်ဘူး။ လောကဓံကို ကြံ့ကြံ့ခံနိုင်ခြင်းသာ
ယောကျ်ားကောင်း။ သတ္တိရှိတဲ့ သူရဲကောင်း။ ငါတို့
ဆေးပညာစကားနဲ့ ပြောရရင် ...

"ကိုယ့်ဘဝကိုယ် ရင်မဆိုင်ရဲလို့ ဘဝထဲက ထွက်
ပြေးတဲ့သူဟာ အရူးတစ်မျိုးပဲ"

"အစ်ကို ပြောတာတွေ၊ ဆရာကိုချမ်း ကြားစေချင်လိုက်
တာ"

"ကြားစေချင်ရင် ပြန်ပြောလိုက်ပေါ့"

"သူ ဖုန်းဆက်မှ ကျွန်တော်က နားထောင်ရမှာ"

"မောင်မျိုးထွန်း ... ဆေးခန်းက စက်ပဖွင့်ည်းကိစ္စ ပေါ်တုံး
က၊ မင်းချမ်း ပြန်လာဖို့၊ ဆေးခန်းက ဒါရိုက်တာလူကြီး
တွေက သတင်းစာထဲ ကြော်ငြာထည့်တယ်။ အဲဒီကြော်ငြာ
ကမ္ဘောဒီးယားကို ဘယ်သူပို့လိုက်သလဲ"

"ကျွန်တော် မသိဘူး အစ်ကို"

"အေးကွာ ... အဲဒီတုန်းက သတင်းစာပို့လိုက်တဲ့သူ ငါ စကားတွေ အများကြီး ပြောချင်တယ်။ မင်းချမ်း ပြန်ပြောဖို့"

မောင်မျိုးထွန်းက ခေါင်းငုံ့နေ၏။

"ဒီမှာ မောင်မျိုးထွန်း။ မင်းချမ်းကို ပြောချင်တာ၊ ပြေ ခွင့်မကြုံတော့ မင်းကိုပဲ ငါပြောတော့မယ်။ လူဆိုတာ လူတိုင်းမှာ ကိုယ်ပိုင်ဘဝတစ်ခုစီ ရှိကြတယ်။ သူ့ဘဝ ကိုယ့်ဘဝနဲ့ဟာ မတူဘူး။ တူတာတွေလည်းရှိ၊ မတူ တွေလည်းရှိ ...

"ချွတ်စွပ်တူကြီးတော့ မရှိဘူး။ အဲဒီဘဝဆိုတဲ့ ကြီးထဲမှာ၊ ကောင်းတာတွေလည်း ပါတယ်။ ဆိုးတာ လည်း ပါတယ်။ အကောင်းချည်း ရွေးယူချင်လို့လည်း မရဘူး၊ အဆိုးတွေ ခပ်ထုတ်ပစ်လို့လည်း မရဘူး။ ဆိုင်ရမှာပဲ ...

"တချို့ဘဝက အကောင်းများပြီး အဆိုးနည်းတ နည်းတယ်လို့ ပြောတာနော်၊ မရှိဘူးလို့ ပြောတာမဟု ဘူး။ တချို့ဘဝက အဆိုးများပြီး အကောင်းနည်းတ နည်းတယ်လို့ ပြောတာနော် ...

"အကောင်း လုံးဝမပါဘူးလို့ မပြောဘူး။ အ ဖြစ်ဖြစ် ... ဘဝဟာ ဘဝပဲ၊ ကိုယ့်ဘဝဟာ ကိုယ်ပိုင်တ ကောင်းမွေ ဆိုးမွေ အားလုံးဟာ ကိုယ့်ဘဝ။ ကိုယ်ရင် ရမယ်၊ ကြုံကြုံခံရမယ်၊ ပျော်ရမယ်၊ ဝမ်းနည်းရမယ် ...



"တစ်သက်လုံး ကောင်းခဲ့ပြီး၊ တစ်ခါလေး အဆိုးနဲ့ ကြုံရတာ၊ မခံနိုင်ပါဘူး ဆိုပြီး၊ ဘဝထဲက ထွက်ပြေးတဲ့သူဟာ အရူးပဲ။ မရူးရင်လည်း လူညံ့။ သတ္တိမရှိတဲ့ ငကြောင်။ ယောကျ်ား ဆိုတာ ... မိခင်ရဲ့ အားကိုးခြင်းကို ခံရတယ် ...

"နှမသားချင်းရဲ့ အားကိုးခြင်းကို ခံရတယ်၊ ဇနီးသည်ရဲ့ အားကိုးခြင်းကို ခံရတယ်။ အဲဒါ ယောကျ်ား။ တစ်ဖက်သားရဲ့ အားကိုးခြင်းကို ခံရမဲ့ ယောကျ်ား တစ်ယောက်ဟာ ... ကိုယ့်ဘဝတောင် ကိုယ်ရင်မဆိုင်နိုင်ပါဘူး ဆိုရင် ...

"ဘာသွားအသုံးကျတော့မလဲ။ အိမ်ထောင်ရက်သား ကျလို့ သားသမီး မွေးလာခဲ့ရင်တောင်၊ သားသမီးတွေ အားကျအတုခိုးရမဲ့ ဖခင်ဖြစ်ပါဦးတော့မလား ...

"သားသမီးတွေက လူပျော့ကြီးဆိုပြီး လက်ညှိုးထိုးတာကို ငုံ့ခံနေမလား။ ငါပြောချင်တာ ဒီလောက်ပါပဲ။ ယောကျ်ားတစ်ယောက်ဟာ ယောကျ်ားပီပြင်စေချင်တယ်။ မင်းလည်း ယောကျ်ားကောင်း ဖြစ်အောင် ကြိုးစားပေါ့ မောင်မျိုးထွန်းရယ်"

မောင်မျိုးထွန်းက ခေါင်းညိတ်လေ၏။

သီတာနှင့် ဖြူစင်သန့်တို့က ပြန်ရောက်လာသည်။ င်သန့်က သူ့မှာရှိသော သော့အကြောင်း မပြောပါ။ မောင် ထွန်းကလည်း မတောင်းပါ။ မောင်မျိုးထွန်းဆီက ရခဲ့တာ

မဟုတ်ဘူးဆိုတာ ဖြစ်နိုင်ပါသည်။ ဒါဆို ... ဒီသော့ ... သူဘ
ကရသလဲ။

မောင်မျိုးထွန်းကို နှုတ်ဆက်ပြီး ပြန်ခဲ့၏။ နော
နှစ်ရက်ကြာသော နံနက်ပိုင်း၊ ရှစ်နာရီခန့်တွင် မိုးမြင့်သူ ဆီ
ဖုန်းလာသည်။

"ကိုမိုးလား ... မင်းချမ်းပါ။ ကျွန်တော် ပြန်ရောက်ပြီ" တဲ့

"ဟား ... ဝမ်းသာလိုက်တာကွာ၊ တိုးမြင့် ဘယ်လော
ပျော်သွားမလဲ။ တွေ့ချင်တယ်။ ငါလာရမလား၊ မင်းလာ
မလား၊ တိုးမြင့်ဆီ ဖုန်းဆက်ပြီး ငါနဲ့ တိုးမြင့်ပဲ မင်းဆီ
လာခဲ့မယ်။ ချမ်းမြေ့ရိပ်ငြိမ်မှာပဲ မဟုတ်လား"

"အဲဒါ ကျွန်တော့်အိမ်လေ ကိုမိုးရဲ့၊ ကျွန်တော်
ကျွန်တော့်အိမ်မှာပဲ ရှိနေရမှာပေါ့"

"ကိုယ့်အိမ်မှာ ကိုယ်ရှိဖို့ လိုအပ်သလို၊ ကိုယ့်ဘဝထဲမှ
လည်း ကိုယ်ရှိနေဖို့ လိုအပ်ပါသေးတယ်"

"ပြန်ရောက်နေပါပြီ"

"ကိုယ့်ဘဝထဲ ကိုယ်ပြန်ရောက်တဲ့အခါမှာ ကိုယ်မသိသေး
တဲ့ ကိုယ့်ဘဝ အပြောင်းအလဲ အရှုပ်အထွေးလေးတွေ
လည်း တွေ့ရမယ်။ လာခဲ့မယ်။ ခုပဲ လာခဲ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုမိုး"

"ဘာအတွက်လဲ"

"အစစအရာရာ အတွက်ပါပဲ"

"အေး ... ဒါပဲနော်"



မိုးမြင့်သူ ... ဖုန်းချပြီး၊ သီတာ့ကို လှည့်ကြည့်၏။
သီတာက လက်မတစ်ချောင်း ထောင်ပြသည်။ သူ့ခင်ပွန်း ...
မောင်မျိုးထွန်းမှတစ်ဆင့် ဟောကြားခဲ့သည့် တရား ... အောင်မြင်
သွားပြီပေါ့။ မိုးမြင့်သူကလည်း ပြန်ထောင်ပြလိုက်၏။ နောက်
ဆပ် ... အဲဒီလိုမျိုး လက်မထောင်နိုင်ဖို့အတွက် "ဖြူစင်သန့်"
ဆိုသော ကောင်မလေးကိုလည်း ဘဝထဲသို့ ပြန်သွင်းရပါဦးမည်။

✧ ❧ ✧

## ၁

"ကိုမိုး ... ကျွန်တော့်ဘဝထဲမှာ ဖြူစင် ဆိုတာ ... ဘယ်တုန်းကမှ နှစ်ယောက်မရှိဘူး။ ဖြူစင်ကလွဲရင်လည်း နောက်ထပ် ဘယ်သူတစ်ဦးတစ်ယောက်မှ မရှိဘူး၊ ကျွန်တော် ဘယ်လောက် ကံဆိုးခဲ့သလဲ ကိုမိုး အသိ"

"အေး ... သူက ဖြူစင်သန့်တဲ့။ မင်းမိန်းမတဲ့။ အဲ ... မင်းမိန်းမလို့တော့ မပြောဘူး၊ မင်းနဲ့ သူနဲ့ မင်္ဂလာဆောင်ခဲ့တဲ့ အကြောင်းကို ပြောတယ်။ တူတူပေါ့။ သိပ်တော့ မထူးပါဘူး"

"အရှက်မရှိ ညာတာပဲ"

"မိန်းမသားတစ်ယောက်ဟာ ဘာဖြစ်လို့ အဓိပ္ပာယ်မရှိ ညာမလဲ"

"ရူးနေလို့ ဖြစ်မှာပေါ့"

"မင်းယောက္ခမကြီး ဦးမျိုးသန့်ရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီးများ ... နည်းနည်းပါးပါး ကြားဖူးနားဝ ရှိထားတာမျိုး ရှိလား"



"ဦးမျိုးသန့်ရဲ့ နောက်ထပ်ဇနီးတစ်ယောက်က မွေးတဲ့ ... ဘာသန့် ညာသန့်ပေါ့နော်၊ ဖြူစင်သန့်တော့ မဟုတ်ဘူး၊ တစ်ခုခုသန့်ပေါ့ ... အဲဒီလို သမီးမျိုးလို့ ကိုမိုးက ထင်လို့လား။ မွေးတုန်းကတော့ သူ့နာမည်နောက်မှာ သန့်ပါမယ်၊ ခုကျမှ သူ့ကိုယ်သူ ဖြူစင်သန့် လုပ်ပစ်တာမျိုး ... အဲဒီလို ထင်တာလား"

"မေးကြည့်တာပေါ"

"ဦးမျိုးသန့်ဟာ နာမည်နဲ့လိုက်အောင် မျိုးနဲ့ ရိုးနဲ့ကိုချိုးပြီး စာရိတ္တ သန့်ကြတာဆိုပြီး သတင်းမွှေးပါတယ်။ ကိုယ်ကျင့်တရား ထိန်းတယ်။ တစ်ဖက်သား အပေါ်မှာ ညှာတာသည်းခံတတ်တယ်။ ခွင့်လွှတ် နားလည်ပေးနိုင်တယ် ...

"ကိုယ်ချင်းစာတယ်။ အလှူအတန်း အပေးအကမ်း ရက်ရောတယ်၊ လက်အောက်ငယ်သားတွေ အပေါ်မှာ ကြင်နာတယ်၊ သူ့ဇနီး ဒေါ်ဝင်းဝင်းဖြူကုလွဲရင်၊ ကမ္ဘာပေါ်မှာ ... ကျန်တဲ့လူ အားလုံးကို ယောကျ်ားချည်း ထင်တဲ့သူဆိုပြီး ...

"ပြောစမှတ်တောင် ရှိပါတယ်။ ဦးမျိုးသန့်တင်လား ဆိုတော့ မဟုတ်သေးဘူး။ ဒေါ်ဝင်းဝင်းဖြူကလည်း နာမည်နဲ့လိုက်အောင် သဘောဖြူ မနောဖြူတဲ့ နေရာမှာ နာမည်ကြီးတယ်။ ကျွန်တော့် ဖြူစင် ဆိုရင်လည်း ..."

ဝါကျက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားရတော့သည်။ ဖြူစင်လို မိန်းမသားလေးကလည်း ရှာမှရှားပါ။ ဖြူစင်

ထက် ပိုလှသောသူ၊ ဖြူစင်ထက် ပိုချမ်းသာသောသူ၊ ဖြူစင်ထက် ပညာတွေ အများကြီး ပိုတတ်သောသူများ ... ဤကမ္ဘာတွင် အများကြီး ရှိနိုင်ပါသည်။ သို့ပေမဲ့ ... ဖြူစင်လေးလောက် သဘောမနောကောင်းပြီး၊ စိတ်ထားလေး ဖြူဖြူစင်စင်နှင့် လောဘ၊ ဒေါသ၊ မောဟကင်းသူ ရှားပါလိမ့်မည်။ ဘာတစ်ခုကိုမျှ မက်မက်မောမော မရှိ၊ သူ့ရှိလျှင် ... တစ်ဖက်သားကို ပေးနိုင်ကမ်းနိုင်တာချည်း။

သူငယ်ချင်းတွေအပေါ် ... သူကိုယ်တိုင် စိတ်ဆိုးဖို့ဝေးစွ၊ သူများအချင်းချင်း စိတ်ဆိုးစကားများလျှင်တောင် သူက ဖျန်ဖြေသမား၊ နှစ်ဖက်လုံးအပေါ် နားလည်နိုင်သည့် စကားကို သူမို့ ပြောတတ်ပါဘိခြင်း၊ တစ်ယောက်ယောက်က ဖျောင်းဖျလို့ မရအောင် တစ်ဖက်စွန်း ရောက်နေခဲ့သော် ... ကျန်တစ်ဖက်သားကိုသာ ... အဲဒီ တစ်ဖက်စွန်းသမားအပေါ် နားလည်စိတ်နှင့် ခွင့်လွှတ်သွားနိုင်သည်ထိ ဖျောင်းဖျနားချနိုင်သူတည်း။ အရာရာသည် ငြိမ်းချမ်းလျက် အပူအပင်ကင်းစွာ ရှန်းလက်နေတဘ်သည့် မျက်ဝန်းလေးများကို ပိုင်ဆိုင်သူဖြစ်၏။ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစွာ ပြုံးတတ်သူဖြစ်၏။ တစ်ဖက်သား နားဝင်အောင် ပြောရာ၌ စကားလုံးလေးတွေက လှပညင်သာပြီး ညက်ညောနေတတ်၏။ အသံလေး ချိုသာ၏။

"နတ်သမီးလေးများ ဝင်စားသလားကွယ်"

အေးဆေးလွန်းလို့၊ ငြိမ်းချမ်းလွန်းလို့၊ ချစ်စရာကောင်းလွန်းလို့၊ မိဘဆွေမျိုး၊ သူငယ်ချင်း အပေါင်းအသင်းတို့ ဝိုင်းချစ်ခြင်းကို ခံရသည်။ မင်းချမ်းက ဆိုလျှင် လက်ဖဝါးပေါ်



...ာ တင်ထားလို့ ရပါက၊ တင်ထားချင်၏။ လွယ်အိတ်ထဲ ...ည့်လွယ်လို့ ရပါက၊ ထည့်လွယ်ကာ သွားလေရာ ဆောင်ကြဉ်း ...ွားချင်၏။ ငုံထားမတတ် ချစ်သည် ... ဆိုသော စကားသည် ...င်စားချက်မဟုတ် ... လက်တွေ့ခံစားချက်ဖြစ်၏။ ဖြူစင်လေး ...ို ဘယ်လောက် ချစ်ရပါသလဲဟု မေးလာလျှင် မဖြေတတ်ပါ။ ...ပြာမပြတတ်ပါ။ အပြစ်ရယ်လို့ ပြောစရာ မရှိသော အလိမ္မာ ...ုံးလေးမှ အသက်တိုရလေခြင်း။ သေဆုံးရပုံက နာကျင်ဖွယ် ...ဖြစ်ရပါဘိခြင်း။ မိခင်လည်း မဖြေနိုင်၊ ခင်ပွန်းလည်း မဖြေနိုင်၊ ...ခင်ကြီးသည်သာလျှင် မိခင်ရှေ့မှာ မားမားရပ်ဖို့ လိုအပ်စွာ ...ည်တဲ့ပေးနေရပေမဲ့၊ ဖြစ်နိုင်လျှင် သူလည်း မျက်ရည်မစဲ ...ကြွေးနေချင်ဆဲ ဖြစ်သည်။

"အဲဒီမိသားစုဟာ လူချစ်လူခင် အလွန်ပေါတာကို ကြားဖူးပါတယ်"

"တလွဲတွေ လျှောက်မထင်ပါနဲ့ ကိုမိုးရယ်။ အန်ကယ်လ် ဦးမျိုးသန့်ဟာ ထင်ရက်စရာ မရှိတဲ့ ကိုယ်ကျင့်တရားမျိုးနဲ့ ပုဂ္ဂိုလ်ပါ"

"မင်း ... သူနဲ့တွေ့ပြီး စကားပြောကြည့်မလား"

"စိတ်ဝင်စားပါတယ်၊ ဘာကြောင့် အဲဒီလို ပြောရတယ်ဆိုတာလည်း သိချင်တယ်။ အလိမ်အညာဆိုတာ ပေါ်လွင်သွားစေချင်တယ်။ မင်းချမ်းမြေ့ ဆိုတဲ့ကောင်ကို အဲဒါမျိုးနဲ့ လာရောလို့ မရဘူးဆိုတာလည်း ပြချင်တယ်"

"ခေါ်ခဲ့ရမလား"

"ကျွန်တော်ပဲ လာခဲ့ပါမယ်"

မင်းချမ်းမြေ့ ပြန်ရောက်လာသည့်အတွက် ချမ်းမြေ့ရိပ်ငြိမ် ဆေးခန်းကြီးမှ ဆရာဝန် ဆရာမများ ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၊ ဝန်ထမ်းများအားလုံး ပျော်ရွှင်ကြရပါသည်။

"စိတ်ကိုဖြေပါ ကိုချမ်းရယ်"... ဟူသည့် ပြန်လည်ကူးဆွသော စကားကို မည်သူမျှ မဆိုကြပါ။ အလုပ်ကိစ္စတစ်ခုဖြင့် ... သုံးလေးရက်ခရီး ထွက်သွားသူ၊ ခရီးမှ ပြန်ရောက်လာသလို၊ ဘယ်တုန်းကမှ ဘာမှုမဖြစ်ခဲ့သလို၊ ပုံမှန်ဝိုင်း၍ ပြောဆိုဆက်ဆံကြသည်။ မင်းချမ်းမြေ့ အတွက်ပါပဲ။ အနာဟောင်းကို မဆွကြပါ။ အလုပ်တွေကိုသာ ခါတိုင်းထက်ပို၍ တင်ပြဆွေးနွေးတိုင်ပင် ... လုပ်ပြကြသည်။ မင်းချမ်းမြေ့ ... ခါတိုင်းထက် ပိုအလုပ်ရှုပ်ရသည်မို့ ရင်ထဲမှာ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်သော ချစ်သူဇနီးလေးကို လွမ်းဆွတ်လှပေမဲ့၊ အလွမ်းမင်းသားကြီးလုပ်မနေဖြစ်တော့ပါ။

တမင်တကာ ဝိုင်းဝန်းဖန်တီးကြကြောင်းကိုလည်း နားလည်ပါသည်။ အဲသည်အတွက် ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်များကို ကျေးဇူးတင်ရပါသည်။ ချမ်းမြေ့ရိပ်ငြိမ်သို့ ပြန်ရောက်အပြီး တစ်ပတ်အတွင်းမှာပင် (ဖြူစင်လေးကို အဖြစ်ဆိုးရလေခြင်းဟု သနားတာ၊ လွမ်းမောကြေကွဲရတာ၊ အထီးကျန်ခံစားရတာ၊ ဝမ်းနည်းဆုတ်နစ်ရတာတွေကို ရင်ထဲမှာပင် ပြည့်ကျပ်စွာ သိမ်းဆည်းပွေ့ပိုက်လျက်) အလုပ်ထဲ အံဝင်ခွင်ကျ ပြန်ဖြစ်သွားရတော့၏။

❖ ❧ ❖



"ဟယ် ... မင်းချမ်း"

ဖြူစင်သန့်က ထိုင်နေရာမှ ခုန်ပြီးတော့ကို ထလိုက်ာဖြစ်၏။ အိမ်ပေါက်ဝမှာ ရပ်လာသော မင်းချမ်းမှာ ဖိနပ်ကိုာင် သေသေချာချာ မချွတ်ရသေး ...

"မင်းချမ်းရယ်"

ရင်ခွင်ထဲ တိုးဝင်ကာ ခါးဆီမှာ ကျစ်ကျစ်ပါအောင်က်လျက် ချုံးပွဲချ ငိုရှာပါတော့၏။ မင်းချမ်းမှာ ဒီလိုမျိုးကြီးဖြစ်လာဖို့ မျှော်လင့်မထားသည်မို့ ရုတ်တရက် အငိုက်မိသွားရတော့၏။ ယောင်ယမ်းကာ ပြန်ဖက်မိလုလု လက်နှစ်ဖက်ကမြှောက်တက်လာပြီးမှ ပြန်ကျသည်။

"လွမ်းလိုက်တာ မင်းချမ်းရယ် ... ရက်စက်လိုက်တာ"

ငိုပြန်ပါလေ၏။ ငိုပြီးရင်းငို၊ ငိုတာမှ သည်းသည်းက်ခိုက်၊ ဝမ်းနည်းပက်လက်၊ မချိတင်ကဲ။ ဘာကြောင့်ပဲငိုငို၊ သူငိုရသော အကြောင်းရင်းကို ကိုယ်က ဘယ်လောက်ပဲ မနှစ်သက်သည်ဖြစ်စေ မိန်းမသား ငယ်ငယ်တစ်ယောက်၊ ကိုယ့်ကြောင့်ဒီလောက်ကြီး ငိုရှိုက်နေတာ ကိုယ့်ရှေ့မျက်ဝါးထင်ထင်ကြီးကိုစ်စလက်ခတ် လျစ်လျူမရှုနိုင်တော့ပါ။ ခါးဆီမှာ ကျစ်ကျစ်ဖက်ထားသည့် လက်နှစ်ဖက်ကို လက်နောက်ပြန်ပို့ပြီး ဆွဲဖြေကြည့်၏။ မရပါ။ မိုးမြင့်သူနှင့် သီတာတို့က စောစောတုန်းက ဧည့်ခန်းမှာ အေးဆေးထိုင်နေကြတာ။ ဖြူစင်သန့်ပါ ... သုံးယောက်သား မင်းချမ်း အကြောင်းတွေပဲ ပြောနေကြတာ။

ဖြူစင်သန့် ပြောသမျှ မင်းချမ်းအကြောင်း၊ မင်းချမ်းရဲ့ အကျင့်စရိုက်ကလေးများ၊ ချစ်စဖွယ် အသုံးအနှုန်းကလေးတွေ မွေးနေ့သင္ကြာဇ်နှင့်တကွ အသေးစိတ် အကြောင်းအရာလေးတွေကို ဖြူစင်သန့်က ပြောပြနေသည်။ မိုးမြင့်သူ သိသော အကြောင်းအရာတွေက ဖြူစင်သန့် ပြောတာတွေနှင့် တိုက်ဆိုင်နေ၏။ ဖြူစင်သန့် ပြောသော တချို့အကြောင်းတွေကျတော့ မိုးမြင့်သူတောင် သိမထားတာတွေ ဖြစ်၏။ သို့ပေမဲ့ ... အဲသည်အကြောင်းအရာတွေဟာ မှန်ကန်ရန် ရာနှုန်းပြည့်နီးပါး ရှိ၏။ ဖြစ်နိုင်ချေတွေ ဖြစ်နေ၏။ လီဆယ်လုပ်ကြံ ပြောဆိုနေပုံ လုံးဝမရပါ။

မိုးမြင့်သူနှင့် သီတာတို့က ထိုင်နားထောင်သမားတွေ။ ဖြူစင်သန့်က (မင်းချမ်း အကြောင်းတွေကို) ပုံပြောကောင်းသူလေးတောင် ဖြစ်လို့။ ပြောရင်း အာခေါင်တောင် ခြောက်လာရပြီး ရေထ,သောက်သေး၏။

"ဒီလောက် ဘာဖြစ်လို့ အသေးစိတ် ပြောနိုင်တာလဲ မသိဘူးနော်။ မင်းချမ်း အဖေနဲ့အမေ လက်ထပ်တုန်းက အသက်တွေ၊ ဆုံးတဲ့နေ့တွေကအစ လိုက်ပြောနေနိုင်တာ အံ့ရောပဲ"

သီတာက မိုးမြင့်သူ နား,နားကပ်၍ တီးတိုးညချအပြီး ဖြူစင်သန့် ပြန်ရောက်လာကာ၊ မင်းချမ်း အကြောင်းဆက်ပြောတုန်း၊ ပိတ်ထားသည့် တံခါးမှ ဘဲလ်သံကြား၍ ဖြူစင်သန့်က အားလုံးထဲမှာ အငယ်ဆုံးမို့ တံခါးကို သွက်လက်စွာ ထအဖွင့်၊ မင်းချမ်းနှင့် ဘွားခနဲတွေ့ကာ ပြေးဖက်ငိုယိုခြင်း ဖြစ်လေသည်။ မိုးမြင့်သူနှင့် သီတာတို့က မှင်သက်ငေးနှင့် ကြောင်



ပြီးမှ မတ်တတ်ထရပ်ဖြစ်ကြ၏။ ပြီးတော့ ... ရယ်ချင်သွားရသည်။ မင်းချမ်း ဖြစ်နေပုံကြီးက ကော့လန်ကြီးနှင့် လက်နှစ်ဖက် ဘေးချ နောက်ဆုတ် ပုံစံကြီး။

"မင်းချမ်း အိမ်ထဲ ဝင်ပါစေဦးလေ"

သီတာက ဖြူစင်သန့် ပခုံးကို အားနည်းနည်းသုံး၍ ...းထိုးလိုက်ပေမဲ့ ဖြူစင်သန့်က အဖက်မပျက်ဘဲ ဧည့်ခန်းဆီသို့ ...ချမ်းကိုပါ ခေါ်လာသည်။ ဆိုဖာဆက်တီတစ်လုံးပေါ် ဖိချ...ခိုင်း၏။ သူက ကြမ်းပြင်မှာ (မင်းချမ်းခြေရင်း) ဆင်းထိုင် မင်းချမ်း ဒူးပေါ် လက်ရောမေးပါတင်၏။ မော့ကြည့်ရင်း ...ရည်ပေါက်ပေါက် ကျပြန်၏။

"ဘယ်တွေ လျှောက်သွားနေတာလဲ မင်းချမ်းရယ် ... စင်လေး လွမ်းလိုက်တာ"

မင်းချမ်း ... မြတ်စွာဘုရား ... ဟု တလိုက်မိ၏။ ...င်သန့်ကို မင်းချမ်းက များသောအားဖြင့်မှာ "ဖြူစင်"ဟု ...ဘာ များသည်။ တက္ကသိုလ်မှာ ပထမနှစ်သမားတွေအဖြစ် ...ခဲ့ကြတာမို့ သူငယ်ချင်း ကာလမှာ မင်းချမ်းရေ ... ဖြူစင် ... ပဲ ခေါ်ဝေါ်သုံးစွဲခဲ့၏။ ချစ်သူတွေ ဖြစ်တော့လည်း မင်း...ရေ ... ဖြူစင်ရေ ... ပါပဲ။ သို့ပေမဲ့ ... နှစ်ယောက်တည်း ...ကြသည့်အခါတွေမှာ မင်းချမ်းက ဖြူစင်သန့် ပခုံးကို ...ျင်သည်ထိ ညှစ်ဖက်ကာ ... ချစ်လိုက်တာ စင်လေးရယ် ... ...ပြောတတ်၏။ ဖြူစင်သန့်ကို "စင်လေး"ဟု ခေါ်တာ ဘယ် ...မသိပါ။ ဘယ်လူရှေ့ သူရှေ့မှာမှလဲ မခေါ်ပါ။ နှစ်ယောက် ...းမှာတောင် အခါခပ်သိမ်းခေါ်တာ မဟုတ်ချေ။

"အသီး ... စင်လေးကို ဘာစိတ်ဆိုးသွားတာလဲဟင်"

ဘုရားတရပြန်ချေပြီ။ ဖြူစင်သန့်က မင်းချမ်းကို မင်းချမ်းပဲ အမြဲခေါ်၏။ နှစ်ယောက်တည်းမှာလည်း မင်းချမ်းပဲ ခေါ်တာများသည်။ တစ်ခါတစ်ရံကျမှသာ ...

"ချစ်လိုက်တာ အသီးရယ် ... အရမ်းပဲ"... ဟု အံကလေးကြိတ်ပြီး ပြောတတ်တာပါ။ အဲသည်အခါကျ – မင်းချမ်းက အော်ရယ်မြဲ။

"ဘာလဲ အသီးဆိုတာ ... ဘာသီးလဲ"

ရယ်၍ မေး၏။

"အသည်းလို့ ခေါ်တာ။ စင်လေးရဲ့ နှလုံးသည်းပွတ် အချစ်သည်းလေးလို့ ခေါ်တာ အသဲလို့ နောက်ပစ်နဲ့အသံ မထွက်ဘဲ ညသတ်တဲ့အသံနဲ့ပဲ ထွက်လိုက်တော့ အသီးလို့ အသံရတယ်လေ။ ကာလရွေ့လျောသွားတော့ စင်လေး ခေါ်တဲ့ အသည်းက လုံးကြီးတင်နဲ့သီးတဲ့ အသီးဖြစ်သွား တာပေါ့"

အဲသည်လို ရှင်းပြချိန်မှာလည်း မင်းချမ်း အော်ရယ် နေခဲ့တာပဲ ဖြစ်၏။

"စင်လေးက ကိုယ့်အသီးလေး နာမှာစိုးလို့ ငေးငေးကြည့် လေးနဲ့ပဲ ချစ်ရတယ်။ အသီးကကျတော့ စင်လေး ပုန်း ကိုနာအောင် ညှစ်တယ်"

မျက်စောင်းလေးလည်း ထိုးပြီး ပြောတတ်သေး ၏။



"နောက်တစ်ခါ အရမ်းချစ်လာရင် စင်လေးကို နာအောင် မညှစ်တော့ဘူး၊ ကိုယ့်နှုတ်ခမ်းပဲကိုယ် ... သွေးပေါက်ထွက် အောင်ကိုက်ပြီး ပြောမယ်"

"ဟင့်အင်း ... အဲဒီလို မလုပ်ရပါဘူး။ ကိုယ့်အသီးလေး နာသွားမှာပေါ့ နှလုံးသည်းအူရယ်။ စင်လေးကို အရမ်းချစ် လာရင် ဒီလက်သန်းလေးကို ကိုက်ဖြတ်လိုက်ပါလား"

သူ့လက်သန်းပေါက်စလေးကို ထောင်ပြသေး၏။

"ပြီးရင် မျိုချလိုက်ပေါ့။ စင်လေး လက်ချောင်းလေးချောင်း နဲ့ နေပါ့မယ်။ စင်လေးက အသီးကို သိပ်ချစ်တာ"

နှစ်ယောက်သားဟာ အဲဒီလိုလည်း ကြဲဖန်ချွဲပစ် ...ကြပါသည်။ စင်လေးဟာ မင်းချမ်းကို အသီး၊ နှလုံးသည်း ... အဲသည်လို ကတ်သီးကတ်သတ်ကလေးတွေ ခေါ်တတ်၏။ ...ခါတစ်ရံများဆို ... ဘယ်လောက် ရယ်စရာကောင်းလိုက် ...လဲဆို ... ကျောက်ကပ်ကလေးတဲ့။ အူနုလေးတဲ့။ ရင်တွင်း ...သိစာပေါင်းစုံနှင့် တင်စားပြီး အမျိုးမျိုးခေါ်တတ်သေး၏။ ...သီးလို့ခေါ်တာကတော့ အများဆုံးပါ။ ဒီလို အချစ်နာလန်ထ ...သုံးစွဲလေ့ရှိသည့် အခေါ်အဝေါ်များကို မည်သူမျှ မသိကြပါ။ ...ချမ်းနှင့် သူငယ်တန်းမှ ဆယ်တန်းထိ တူတူ(တက္ကသိုလ်တက် ...့သာ မင်းချမ်းက ဆေး၊ တိုးမြင့်သူက ကွန်ပျူတာ၊ ကွဲပြား ...ကြပေမဲ့ အခင်မင်မပျက်၊ တစ်ပတ်မှာ တစ်ခါမှ မတွေ့ရ ...င် မနေနိုင်သော၊ သမီးရည်းစားနီးပါး ရင်းနှီးသည့်) တက်ခဲ့ ...ာ အချစ်ဆုံးသူငယ်ချင်း တိုးမြင့်သူတောင်မှ မသိပါ။

ဒီကောင်မလေးက ဘာကြောင့် သိနေရပါလိမ့်။

"စင်လေးတို့ ချစ်ခဲ့သမျှ အတောအတွင်းမှာ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ စိတ်ဆိုး စိတ်ကောက်တယ်ဆိုတာ မရှိခဲ့ဘူးလေ အသီးရယ်။ စင်လေးနဲ့ လက်ထပ်ပြီး၊ စင်လေးကို ထားပြီး ထွက်သွားတာ ငါးလတောင်ရှိပြီ၊ အချစ်အသီးလေးကို ရက်စက်တယ်လို့ ပြောရမှာတောင် ပြောသူက ရက်စက်ရာ ရောက်မှာစိုးလို့ အဲဒီစကားလုံးကို မသုံးရက်ဘူး၊ သိလား"

မင်းချမ်း ဒူးပေါ်မေးတင်လျက်၊ မင်းချမ်းရဲ့ခြေသလုံး နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် အကျစ်နိုင်ဆုံး ပိုက်ဖက်လျက်၊ မျက်ရည်စက်လက် မော့ကြည့်နေသူလေးကို မင်းချမ်း ငုံ့ကြည့်မိတော့သည်။

"မင်း ... လူလိမ်" ... ဟု မျက်နှာစေ့စေ့ကြည့်ကာ ပြောပစ်ဖို့ စိတ်ကူးတွေ ထွက်ပြေးကုန်ကြတော့၏။

မျက်ဝန်းရွဲမှာ မျက်ရည်စက်လက်ကြောင့် ပို၍လက်ဖြာကာ ကြယ်နှစ်ပွင့်လောက် တောက်ရှန်းနေသည့် မျက်ဝန်းအစုံက တစ်ဖက်သား၏ အကြင်နာများကို ညှို့ငင်အသနားခံတောင်းယူနေသလိုပင်။

"ကျွန်တော့်ကို လွှတ်ပါဦး၊ ခုံပေါ်မှာ ထိုင်ပါ"

"ဟင် ... အသီး၊ စင်လေးကို ဘယ်လိုပြောလိုက်တာလဲ"

"ဘာပဲဖြစ်ဖြစ် ခုံပေါ်မှာ ထိုင်ပါ"

ပြောရင်း လက်တစ်ဖက်ကပါ သူ့ပခုံးကို တွန်းရ၏။

"ကျေးဇူးပြုပြီး ကျွန်တော့်စကား နားထောင်ပါ"



မင်းချမ်းက သိမ်မွေ့စွာပဲ ပြောဖြစ်၏။ ဖြူစင်သန့်က မင်းချမ်းနှင့် ကပ်လျက်ခုံမှာ ဝင်ထိုင်သည်။ မျက်ရည်စက်ကို တစ်ပေါက်ချင်း ကျဆဲမို့ သီတာက အိမ်ထဲဝင်ပြီး လက်ကိုင်ပါတစ်ထည် ယူပေးရတော့သည်။

"ကျွန်တော်... မင်းချမ်းမြေ့ မှန်ပါတယ်။ ဒါပေမဲ့ ခင်ဗျားက ဖြူစင်သန့် မဟုတ်ဘူး၊ ကျေးဇူးပြုပြီး ခင်ဗျားဘယ်သူလဲဆိုတာ ပြောပြနိုင်မလား"

"ဟင် ... မင်းချမ်း"

အချစ်နည်းနည်းလျော့သွားသလားတော့ မသိပါ။ အသီးမှ မင်းချမ်း ပြန်ဖြစ်သွားသည်မို့ မင်းချမ်းက မချိမဲ့နှင့်ပြုံးဖြစ်ရတော့သည်။

"မင်းချမ်း ... ဖြူစင့်ကို မမှတ်မိဘူးလား၊ မင်းချမ်း ဘာဖြစ်တာလဲ၊ ပျောက်ဆုံးနေတဲ့ လေးငါးလအတွင်းမှာ ဘာတွေ ပြောင်းလဲသွားတာလဲ။ ဆရာ ... မင်းချမ်းက ဖြူစင့်ကို မမှတ်မိဘူး ဆရာ ... ကယ်ပါဦး"

မိုးမြင့်သူဘက် လှည့်ပြောကာ ငိုပြန်ပါလေသည်။

"ကျွန်တော်နဲ့ ဖြူစင်နဲ့ နှစ်ယောက်တည်းသာ သိတဲ့ ချစ်စနိုး အခေါ်အဝေါ်တွေလည်း ခင်ဗျား သိနေတယ်။ ခင်ဗျားဟာ ဖြူစင်နဲ့ ဘယ်လိုပတ်သက်နေလဲ"

"ဖြူစင်ကိုယ်တိုင်လေ မင်းချမ်းရဲ့၊ ထပ်ပြီး ပတ်သက်ရဦးမှာလား"

"ခင်ဗျား ဖြူစင် မဟုတ်တာ လူတိုင်းသိတယ်"

"ဟောတော့"

မျက်ရည်စတွေ ရုတ်တရက် တန့်သွားတော့သည်။ ဖြူစင်သန့်က ပါးပြင်ပေါ်မှ လက်ကျန်မျက်ရည်စတွေကို လက် ကိုင်ပဝါနှင့် သုတ်၏။

"မင်းချမ်း ... ဘယ်လိုဖြစ်တာလဲ၊ ဘာပြောလိုက်တာ လဲ"

"ခင်ဗျား ... ဖြူစင်သန့် မဟုတ်ဘူးလို့ ပြောလိုက်တာ ခင်ဗျားမပြောနဲ့ ဒီကမ္ဘာမှာ ဘယ်မိန်းမတစ်ယောက် ဖြူစင်သန့် မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ... ဖြူစင်သန့်က သေဆုံးသွားခဲ့ပြီ။ ကျွန်တော့်ကို တစ်ယောက် တည်း ထားသွားပြီ"

ဤဝါကျကို ပြောတော့ ရင်ထဲလှိုက်ခနဲ ဆို့လေ၏။ အသံက နစ်တိမ်ဝင်သွားရသည်။ နာကျင်ကြေကွဲခြင်းများ ပြ လည်ရှင်သန်သည်။ စင်လေးသာ ကြားနိုင်မည်ဆိုလျှင် အသံကု ဟစ်၍ အော်ပြောလိုက်ချင်၏။

"ဒီမှာ မိန်းကလေးတစ်ယောက်က သူ့ကိုယ်သူ ဖြူစင်သ ပါလို့ ပြောနေတယ် စင်လေးရယ်။ ကိုယ့်ကိုလည်း က ဖက်သွားလေရဲ့၊ စင်လေး ရောက်ရာဘဝက ခွင့်လွှတ်ပါ"

အော်မပြောဖြစ်သည့်တိုင်၊ ရင်ထဲမှာတော့ ကို ပြောဖြစ်လိုက်ပါသည်။ စင်လေးကို ချစ်ရလွန်းသည့် အချစ် ဘယ်သူနှင့်မျှ မတူပါ။ တစ်ကမ္ဘာလုံးမှာ ရှိသမျှ ချစ်သူစုံတွဲတ ၏ အချစ်တွေ အားလုံးကိုပေါင်းပြီး ချိန်ခွင်တစ်ဖက်မှာတင် ကိုယ့်တစ်ယောက်တည်းရဲ့ အချစ်က ချိန်ခွင်ရဲ့ ကျန်တစ်ဖက်မှာ တင်ပြီး ချိန်စက်မယ် ဆိုရင်တောင် ကိုယ့်အချစ်ဘက်ကိုသာ ချိ



င်လျှာက စောင်းကျနေဦးမှာ။ ဘယ်သူ့အချစ်နှင့်မျှ မတူအောင် ူးထူးကဲကဲကြီး ချစ်ခဲ့တာ စင်လေးရယ်။ ဘာကြောင့် ဒီလိုချစ် သလဲ၊ ဒီလောက် ချစ်ရသလဲဆိုတော့၊ ကိုယ်က တစ်သက်မှာ စ်ခါ စင်လေး တစ်ယောက်တည်းကိုသာ ချစ်ဖူးခဲ့တာကို။ င်လေး အရင်မှာ ချစ်သူရည်းစားရှိဖို့ ဝေလာဝေး၊ အချစ်ဆိုတာ ိုတောင် မေ့လျော့နေခဲ့တာပါ။ အချစ်ဆိုတာ ... ဘာမှန်းကို ားမလည်ခဲ့တာပါ။

စင်လေးနဲ့တွေ့မှ ကိုယ့်ရင်ထဲကို "အချစ်"ဆိုတာ လေး ဖြုန်းခနဲကြီး ဝင်လာတာ၊ အချစ်ကို ရုတ်တရက် တွေ့ဆုံ ိုက်ရတာ၊ အချစ်အကြောင်းကို ချက်ချင်းကြီး သိသွားရတာ၊ ျစ်တတ်သွားခဲ့တာ။ စင်လေးရယ် ... စင်လေးကို အဖြူစင်ဆုံး သန့်ရှင်းဆုံး၊ အလတ်ဆတ်ဆုံး အချစ်တွေ ပေးဆက်နိုင်ခဲ့တာ။ င်လေး မတိုင်ခင်မှာ ဘယ်သူ့ကိုမှ မချစ်မိခဲ့သလို၊ စင်လေးရဲ့ နောက်မှာလည်း ဘယ်သူ့ကိုမှ ချစ်နိုင်တော့တာ မဟုတ်ပါဘူး ွယ်။ ချစ်ရလွန်းတဲ့ ချစ်သည်းအူသာ သိမြင်ခွင့်ရှိရင်၊ သူစိမ်း န်းကလေးတစ်ယောက်က ကိုယ့်ကိုဖက်ပြီး ငိုနေတာကို စင်လေး ကြည့်ရက်နိုင်ပါ့မလား၊ ခံစားနိုင်ပါ့မလား။ ခွင့်လွှတ်တော့ စင်လေး ယ်။

"မင်းချမ်းရယ် ... ဖြူစင် နေမကောင်း ဖြစ်ခဲ့ပါတယ်။ တော်တော်ကြီးကို ဖျားခဲ့ပါတယ်။ ဘဝရဲ့ တချို့နေရာတွေ ကွက်လပ်ဖြစ်ကုန်တဲ့ထိ ဝေဒနာဒဏ်ချက် ပြင်းပါတယ်။ ဒါပေမဲ့ ... ကိုယ့်ကိုယ်ကိုယ် ဘယ်သူ ဆိုတာတော့ ပြော နိုင်ပါသေးတယ် ...

"ဖြူစင် မသေပါဘူး၊ ဒါဟာ ဖြူစင်ကိုယ်တိုင်ပါ၊ ဖြူစင့်ကို သေစာရင်းမှာ မသွင်းလိုက်ပါနဲ့။ ဒါ ... မင်းချမ်းရဲ့ ဖြူစင်ပါ"

သူ့ရင်ဘတ်ကလေး သူပုတ်၍ ပြောရှာ၏။ ကုလားထိုင်လက်တန်းပေါ် တင်ထားသည့် မင်းချမ်း လက်မောင်းကို သူလည်း သူ့ကုလားထိုင် လက်တန်းပေါ် သူ့လက်တင်ပြ... လက်မောင်းနှစ်ခုကို တိုးထိအောင် ရွှေ့လိုက်ပါသည်။ မင်းချမ်းက ကိုယ့်လက်ကိုယ် သိမ်းသည်။ ဖြူစင်သန့် မျက်နှာက ပြင်မ...အောင် ပျက်လေသတည်း။

ဩော် ... စင်လေးနဲ့ တူတူထိုင်နေတဲ့ အခါမှာ တစ်နေရာလေး ... သေးသေးလေး ထိထားချင်တယ်၊ မထိရရင် မနေတတ်ဘူး ဆိုတဲ့ မင်းချမ်းရယ်။ မင်းချမ်းရဲ့ ခြေဖဝါးကို ရွှေ့ရွှေ့ ... ရွှေ့ရွှေ့နဲ့ ဖြည်းဖြည်းရွှေ့လာပြီး ဖြူစင့် ခြေဖဝါးနဲ့ မသိမသာလေး လာတိုးကပ်တာလေ။ မေ့ပြီလား မင်းချမ်းရယ်၊ မင်းချမ်းက အရပ်မြင့်သလောက် ခြေဆန်လက်ဆန်တွေက ရှည်လည်းရှည်၊ ကြီးလည်းကြီး၊ မင်းချမ်း လက်ဖဝါးနဲ့ ဖြူစင့်လက်ဖဝါးနဲ့ လက်ဖဝါးချင်း ... လက်ကောက်ဝတ်နေရာမှာ အညီထားပြီး၊ ထပ်ပြီး တိုင်းကြည့်ကြတုန်းကလေ ...။

မင်းချမ်းရဲ့ လက်ဖဝါးက အကြီးကြီး၊ ဖြူစင့်လက်ဖဝါးက ခပ်သေးသေး၊ ဖြူစင်ရဲ့ လက်ခလယ်လေးဟာ မင်းချမ်းရဲ့ လက်ခလယ်ထိပ်နဲ့စာရင် မင်းချမ်းရဲ့ လက်တစ်ဆစ်လုံးလုံး တိုနေတာလေး မှတ်မိသေးလား မင်းချမ်းရယ်။ မင်းချမ်းရဲ့လက်ခလယ်ဆစ်သုံးဆစ်ရှိတဲ့ အနက်မှာ ဖြူစင် လက်ခလယ်အဆုံး...



မင်းချမ်းရဲ့ လက်ဆစ်နှစ်ဆစ်မှာတင် ဆုံးသွားခဲ့တာလေ။ မေ့ပြီလား မင်းချမ်းရယ်။ ချစ်စရာ ကောင်းလိုက်တဲ့ လက်ကလေးကွာ ... တဲ့။ သေးသေးလေးတဲ့။ ဒီလောက်သေးတဲ့ လက်ကလေးနဲ့ ထမင်းချက်နိုင်မှာလား၊ အဝတ်လျှော်နိုင်မှာလားတဲ့။

မှတ်မိရဲ့လား မင်းချမ်းရယ်။

"ငါတော့ ဒီတစ်သက်မှာ မိန်းမချက်ကျွေးတဲ့ထမင်း စားဖူးပါတော့မလား မသိပါဘူး။ မိန်းမလျှော်ပေးတဲ့ အဝတ် ... ဝတ်ဖူးပါတော့မလားလည်း မသိပါဘူးကွာ။ ဆွေးပြီ ... အမေရေ ... အမေ့သားက ...

"လက်ပေါက်စလေးနဲ့ မိန်းမကို ချစ်မိလို့ ဘာမှ ခိုင်းစားလို့ မရတော့ပါဘူး၊ အမေ့သား ကံဆိုးပြီ"

ဆိုပြီး ဖြူစင့်ကို စ,တာလေ။

တကယ်တော့ ဖြူစင့် လက်ဖဝါးလေးက ပုံမှန်ပါ။ လက်ချောင်းလေးတွေ သွယ်ပျောင်းတာပဲ ရှိပါတယ်။ မင်းချမ်းကသာ ခြောက်ပေဆိုတဲ့ အရပ်နဲ့ လျော်ညီတဲ့ ခြေဆန်ရှည် လက်ဆန်ရှည်ပါ မင်းချမ်းရယ်။

အဲဒီလို ကတ်သီးကတ်သတ် ပျော်ခဲ့ဖူးတာလေးတွေရော သတိရသေးရဲ့လား မင်းချမ်းရယ်။

"မင်းချမ်း ... ဖြူစင့် လက်သန်းလေးကို ကိုက်ဖြတ်မလား ဟင်"

"ဟာ ... ဘာလို့ ကိုက်ရမှာလဲ"

မင်းချမ်း ရှေ့ထိုးပေးလာသော လက်သန်းလေးကို မင်းချမ်းက ပျာပျာသလဲ ပုတ်ထုတ်ပစ်သည်မို့ ဖြူစင်သန့် ...

မျက်ရည် အိခနဲ ဝိုင်းရပြန်ပါသည်။ ဒါ ... မင်းချမ်း သိပ်ချစ်ခဲ့တဲ့ လက်သန်းပေါက်စလေးလေ မင်းချမ်းရယ်။

"ထမင်းတစ်အိုးတော့ Rice Cooker (ထမင်းပေါင်းအိုး)နဲ့ ချက်တာပေါ့။ ဒီလက်ချောင်း သွယ်သွယ်လေးတွေက ဟင်းတစ်အိုးရအောင် ချက်နိုင်မဲ့ပုံလည်း မပေါ်ဘူး ... ပြဿနာပဲ၊ ငါးပိရည်လေး တစ်အိုးတော့ ကျိုကွာ၊ တို့စရာနဲ့ စားမယ်" လို့ မင်းချမ်း ပြောခဲ့တာလေ ...

"ငါးပိရည်လေး တစ်အိုးတော့ ကျိုနိုင်တယ် မဟုတ်လား" ... တဲ့။ ဖြူစင်က တအားကြီးပြုံးပြီး ခေါင်းညိတ်ပြခဲ့တယ်၊

"ထမင်းလေးခူး၊ ငါးပိရည်ပန်းကန်လေး အလယ်ကောင်မှာချ၊ ကိုယ်က စင်လေးခါးကို တို့လိုက်၊ စင်လေး တွန့်ခနဲ ယားသွားတုန်း ငါးပိရည်လေး ထမင်းပေါ်ဆမ်းပြီး လွေးလိုက်၊ ဖြူစင့် အလှည့်ကျတော့လည်း ... ကိုယ့်ခါးကိုတို့ ...

"ကိုယ်လိန်တွန့်သွားတုန်းမှာ စင်လေးက ထမင်းပေါ် ငါးပိရည် ကမန်းကတန်း ဆမ်းပြီး တစ်လုတ်စားလိုက်။ တို့စရာအသီးအရွက်တွေ ချဉ်ပတ်တွေလည်း မလိုတော့ဘူး၊ တစ်ယောက်ခါး တစ်ယောက်တို့ပြီး ငါးပိရည်နဲ့ ထမင်းနဲ့ စားကြတာပေါ့နော်" ... တဲ့။

ကြွကြွဖန်ဖန် ပြောတတ်တဲ့ မင်းချမ်းရယ်။ မင်းချမ်း 2nd M.B စာမေးပွဲ ဖြေကာနီးတုန်းကလေ ...

"1st M.B တုန်းက ဖီးဆစ်တို့ ခယ်မစ်စထရီတို့၊ မက်သ်တို့ မြန်မာစာလည်းပါ အင်္ဂလိပ်စာလည်း ပါပေါ့နော်



စာတွေ များပေမဲ့ ကိုယ်တွေ့ဖူး မြင်ဖူး၊ ရင်းနှီးဖူးတဲ့ ဘာသာရပ်တွေ၊ 2nd M.B လည်း ရောက်ရောကွာ၊ မမြင်ဖူးတာတွေ၊ မရင်းနှီးတာတွေ ...

"သင်ရတာ၊ ဖီဇီဝိုလိုဂျီ Physiology နဲ့ အနာတမီ Anatomy တွေ စသင်ရတော့ ဒီအတန်းဟာ တော်တော်လိုက်ယူရတဲ့ အတန်းလို့ ကိုယ့်ရှေ့က နောင်တော်တွေ ပြောခဲ့တုန်းက သိပ်မယုံချင်ဘူး၊ ငါစာတော်တယ်ပေါ့၊ ငါ လိုက်နိုင်မှာပဲပေါ့ ...

"ထင်ခဲ့တာ။ ကိုယ့်အလှည့်လည်းကျရော ... ကျွတ်နေတာပဲကွာ ... စာမေးပွဲတွေကလည်း အလကားနေရင်း စစ်နေတာ။ မုန်းဖို့ပဲ။ ညတုန်းကလေ ... ကိုယ်စာထိုင်ကျက်ရင်း ခေါင်းမူးလာတယ်၊ ဒါနဲ့ နာရီကြည့်လိုက်တော့ သန်းခေါင်ကျော်နေပြီ၊ နှစ်နာရီနဲ့ ဆယ့်ငါး ...

"ရုတ်တရက်ကြီးကွာ၊ စင်လေးကို လွမ်းလာလိုက်တာ၊ ခုနေသာ စင်လေး အနားမှာရှိရင်၊ ခေါင်းကိုနှိပ်ပေးကွာလို့ ပြောပစ်လိုက်မယ် ဆိုပြီးတော့တောင် ကြုံးဝါးလိုက်သေးတယ်။ အိမ်မှာ ကားရှိပေမဲ့၊ လိုင်စင်လုပ်ဖို့က လပိုင်းလေး နည်းနည်းလိုသေးတော့လေ ...

"ကိုယ့်မှာ ကားသာမောင်းတတ်နေပြီ။ ဆယ့်ရှစ်နှစ် မပြည့်သေးလို့ ကားမောင်းလိုင်စင် မရှိသေးဘူး။ လိုင်စင်မရှိဘဲနဲ့လည်း မမောင်းချင်ဘူး၊ စင်လေးကို ခုချက်ချင်းမှ မတွေ့ရရင်လည်း သေတော့မလောက်ကို လွမ်းတာ၊ ကိုယ် ဘာလုပ်လဲ သိလား ...

"စင်လေးတို့အိမ်ထိ ကုန်းကြောင်းလျှောက်ခဲ့တာ ပေါ့။ စင်လေးတို့ ခြံရှေ့မှာ ဆယ့်ငါးမိနစ်လောက် မတ် တတ်ရပ်နေတယ်။ ခြံမီးကလည်း လင်းနေတော့၊ အပေါ် ထပ်ကို လှမ်းမြင်နေရတယ်။ တံခါးတွေတော့ ပိတ်ထား တာပေါ့နော် ...

"ဒီတိုက်ကြီးရဲ့ အပေါ်ထပ် ဘယ်အခန်းမှာ စင်လေး နေတာလဲ မသိဘူးလို့ တွေးပြီး အလွမ်းနည်းနည်း ပြေ သလိုပဲ။ စင်လေးကို မတွေ့ရပေမဲ့ စင်လေးနေတဲ့အိမ်ကို တွေ့နေရပြီလေ၊ ဒီတိုက်ကြီး တစ်နေရာမှာ ငါ သိပ်ချစ်တဲ့ ကောင်မလေးဟာ ...

"မျက်တောင်လှလှလေးတွေ စေ့ပိပြီး အိပ်ပျော်နေ ရှာမယ် ... ဆိုတဲ့ အတွေးနဲ့ အလွမ်းကို ဖြေလိုက်တယ်၊ စင်လေးကို ချစ်ရလွန်းတော့ စင်လေးတို့ခြံရဲ့ ခြံတံခါး တိုင်ပေါ်က မီးလုံးနှစ်လုံးကိုတောင် သူများမီးလုံးတွေထက် ပိုလှတယ်လို့ ထင်မိတယ်"... တဲ့။

အဲဒီတုန်းက အသီးကို သနားလွန်းစိတ်နဲ့ အရမ်း ချစ်သွားမိပြီး အသီးရဲ့ လက်မကြီးကြီးလေးကို ဆွဲကိုက်ပစ်ခဲ့တာ မှတ်မိသေးလား မင်းချမ်းရယ်။

"ဟ ... ဟ ... ဟဲ့ခွေး၊ ခွေးကိုက်တယ်"... တဲ့၊

မင်းချမ်းက ပြောပြီး အော်ရယ်တာလေ။ ကြည့်လိုက် တော့ မင်းချမ်းရဲ့ လက်မလေးမှာ တကယ်ပဲ သွားရာလေးချိုင့် သွားလို့ ဥုဖွ ဥုဖွ လုပ်ပေးရင်းနဲ့ စင်လေး မျက်ရည်ကျခဲ့ရတာ



"သူကပဲကိုက်၊ သူကပဲငို၊ ဘယ်လိုခွေးမလေးလဲ။ Rabies (ခွေးရူးပျံ ကာကွယ်ဆေး) မထိုးရသေးဘူးထင်တယ်"... တဲ့။

"မင်းချမ်းသာ ခြသေ့"... ဆိုတော့ ...

"အောင်မယ် ... အထင်မသေးနဲ့။ ဒီခြသေ့က ငါး သီလ လုံတယ်"... တဲ့။

မင်းချမ်းရယ် ပျော်စရာလေးတွေ၊ လွမ်းရတဲ့ အဖြစ် ေးတွေကို သတိမရတော့ဘူးလား။

မင်းချမ်း ... စင်လေးကို တွေ့သွားတာ၊ စင်လေးတို့ ဖရက်ရှာဝဲလ်ကမ်းမ် (Fresher Welcome မောင်မယ်သစ်လွင် ဆိုပွဲ)မှာ။ ဖရက်ရှာကွင်းရတဲ့ ကောင်မလေးကို လူတကာ ငေးနေတုန်းမှာ မင်းချမ်း တစ်ယောက်ကျမှ စင်လေးကို ပြုံး ကြည့်နေတော့တာလေ။ မင်းချမ်း ပြောတော့ အဲဒီနေ့ကတည်း ပြီး ချစ်သွားတာတဲ့။ ဆေးတက္ကသိုလ်ကနေ စင်လေးတို့ဆီထိ ကဲရလားဆိုပြီး စင်လေးကတော့ မင်းချမ်းကို ငြိုငြင်ချင်သား။ မနှစ်ရဲ့ တစ်ဝက်ကျိုးချိန်မှာ စင်လေးကို မင်းချမ်းက ချစ် ယ်လို့ ပြောခဲ့တယ်။ မင်းချမ်းနဲ့ စင်လေးဟာ ဆယ်တန်းကို နှစ်တည်း အောင်ခဲ့ကြတဲ့ သက်တူရွယ်တူတွေ။ မင်းချမ်းက တော်လို့ ဂုဏ်ထူးတွေနဲ့ ဆေးတက္ကသိုလ်ကိုရောက်၊ စင်လေး တော့ ဂုဏ်ထူးသုံးလုံးရပေမဲ့ စီးပွားရေးတက္ကသိုလ်။

"ဆေးတက္ကသိုလ် ... ဘယ်တုံးက နေရာရွှေ့သွား ဒိမ့်"... တဲ့။

ထစ်ခနဲဆို စင်လေးဆီ ရောက်ရောက်လာတတ်လို့ မင်းချမ်းရဲ့ သူငယ်ချင်းတွေက စ,တယ်ဆို။ မင်းချမ်းကို စင်လေးက ချစ်ပါတယ်လို့ ပြန်ပြီးအဖြေပေးတာ၊ စင်လေးတို့ ပထမနှစ်စာမေးပွဲ နောက်ဆုံးနေ့ ဖြေအပြီး။ အဲဒီနေ့က မင်းချမ်း ထခုန်လိုက်တာ ကဲန်တီးန် Canteen က လူတွေတောင် ဝိုင်းကြည့်ကြသေးလို့ မင်းချမ်း အဲဒီကျတော့မှ ရှက်ရကောင်းမှန်းသိပြီး မျက်နှာကြီး ရဲတွတ်သွားတာ။

"လာ ... လာ ... သွားစို့" ... ဆိုပြီး စင်လေးလက်ကိုဆွဲပြီး ကဲန်တီးန်ထဲက အရှက်မွှန်ပြီး ထွက်ပြေးခဲ့တာ ... မမေ့နိုင်စရာလေးတွေ မဟုတ်ဘူးလား မင်းချမ်းရယ်။ ဆယ့်ခုနစ်နှစ်ဆိုတဲ့ အရွယ်ကလေးကစပြီး မင်းချမ်းနဲ့ စင်လေးနဲ့ ချစ်ခဲ့ကြတာနော်။ ကိုယ်စီ အချစ်ဦးလေးတွေ ဖြစ်ခွင့်ရတာကိုလည်း ဂုဏ်ယူလို့ မဆုံးခဲ့ကြဘူး။

မင်းချမ်းနဲ့ ဖြူစင်ရဲ့ ချစ်သက်တမ်းတစ်လျှောက်မှာ တစ်ခါမှ ရန်လည်းမဖြစ်ဖူးဘူး၊ စိတ်လည်းတူ၊ သဘောလည်းတူ၊ အတွေးလည်းတူ၊ ဆုံးဖြတ်ချက်တွေလည်း တူပြီး၊ တစ်ယောက်သဘောကို တစ်ယောက်က နားလည်၊ ထူးပြီး ညှိစရာမလို၊ အရာရာမှာ ဆန္ဒချင်း ထပ်တူညီ၊ ငြင်းစရာ ခုန်စရာ ပြဿနာတောင် မရှိခဲ့ကြတဲ့ အချစ်ထူးတဲ့ အချစ်ရူး၊ အချစ်ဦးတွေလေ မင်းချမ်းရယ်။

ဖြူစင်သန့်က ရင်ထဲမှာ စကားတွေ အများကြီး ပြောချလိုက်ပါသည်။ ကိုယ့်လက်မောင်းလေးနှင့် သူ့လက်မောင်းနား တရွေ့ရွေ့ သွားထိတာတောင် လက်မောင်းကို ရှောင်ပစ်



ိက်သည် ဆိုတော့ မင်းချမ်းရဲ့ နာကြည်းချက်က တော်ရုံတော့ ဟုတ်နိုင်ဘူးဟု ထပ်ဆင့် တွေးတောမိပြန်ပါသည်။ မျက်ရည်က်လက် ကျပြန်၏။ စကားတော့ အသံထွက်ပြီး မပြောဖြစ်ဘာ့ပါ။

ပထမတော့ ... မင်းချမ်းက ရှေ့တည့်တည့်မှာ နေသည့် မိုးမြင့်သူနှင့် သီတာတို့ကိုပဲ ကြည့်နေသည်။ ပြီးတော့ ... စင်သန့်ပါ ဆိုသည့် မိန်းကလေးထံ၊ အကြည့်တစ်ချက် လှစ်ခဲ ရောက်သွားသည်။ ကိုယ့်ကို ဘယ်လိုကြည့်နေတာလဲ၊ ရွှန်းဘာက် လက်ဖြာနေသည့် မျက်ရည်စက်လက် မျက်ဝန်းတွေဟာကြင်နာကို မွတ်သိပ်ငံ့လင့် နေလိုက်ကြတာ။ မိန်းကလေး ... ကို ဒီလို မကြည့်နဲ့။ ဒီအကြည့်မျိုးက ငါ့ချစ်သူဆီကလွဲပြီး ယ်သူ့ဆီမှ ငါ မရယူလိုဘူး။

သူ့ဆီက ကိုယ့်အကြည့်ကို တော်တော်နှင့် ပြန်မမ်းဖြစ်ခဲ့ပါ။ မသိမ်းဖြစ်မီကာလ ... ကိုယ့်ရင်ထဲမှာ နာကျင်တာ ဘွ၊ ကြေကွဲတာတွေ၊ လွမ်းမောတာတွေ အကုန်လုံး ကိုယ့်မျက်း:ထဲမှာ မင်း ရှာဖွေတွေ့ရှိသွားပါစေ ... ဟု ဆုတောင်းလိုက်ါသေးသည်။

ကိုယ့်ချစ်သူ ကိုယ့်ဇနီး ကံဆိုးမလေးရဲ့ နေရာ ိုယ့်ရင်ခွင်ထဲမှာ)ကို ဝင်မလုချင်ပါနဲ့ မိန်းကလေး၊ ကိုယ်တောင်းပါတယ် ... ဟု ပြောချင်လိုက်တာ။

ပြောမထွက်သည်မို့ ခေါင်းကိုပဲ ငိုက်စိုက်ချလိုက်တော့သည်။ ကြမ်းခင်းကော်ဇောပေါ်မှာ ကိုယ့်ချစ်သူ ကိုယ့် း:ရဲ့ မျက်နှာလေးက ပြုံးမဲ့မဲ့။

"ဖြူစင်သန့်" ... ပါဆိုသည့် မိန်းကလေးကို လူလိမ်လူညာ စွပ်စွဲပြီး ပြတ်ပြတ်သားသား ပြောပစ်လိုက်ဖို့ ရည်ရွယ်ခဲ့ပါသည်။ ပြေးဖက်ခံရစဉ်ကလည်း ဆောင့်တွန်းထုတ်ပစ်လိုက်ချင်သည်။ ကိုယ့်မှာ ဖြူစင့်အပေါ် သစ္စာဖောက်လိုစိတ် လုံးဝမရှိပေမဲ့၊ အဲဒီအချိန် တစ်ခဏလေးမှာ ကိုယ်ဟာ သာယာမိန်းမောခြင်း တစ်စက်ကလေးမှ ဖြစ်မသွားပေမဲ့၊ လက်တွေ့မှာကျတော့ ပြင်ဆင်ခဲ့သလောက် ပြောမထွက်ခဲ့ဘူး၊ မပြတ်သားနိုင်ခဲ့ဘူးလေ။

ကိုယ် ... တွေဝေလို့တော့ မဟုတ်ဘူး မိန်းကလေးရယ်။ မင်းက မိန်းမသား ဖြစ်နေတယ်။ ကိုယ်က ယောကျ်ားဖြစ်နေတယ်။ အားကြီးသူ အနိုင်မယူစကာမ်း ... ဆိုတဲ့ ကိုယ့်ရဲ့ယောကျ်ားမှုကြောင့် မင်းကို နည်းနည်းပါးပါး ညှာတာလိုက်မိခြင်းသာ ဖြစ်တယ် မိန်းကလေး။

"ကျွန်တော် ပြန်မယ် ကိုမိုး"

"ဟယ် ... မင်းချမ်းရယ် ဘာမှလဲ မကျွေးလိုက်ရဘူး"

သီတာနှင့် မင်းချမ်းက ခုတွေ့ ခုခင်လိုက်ကြရသူတွေ ဖြစ်၏။

"ရတယ် ... သွားမယ်။ ကိုမိုး ... ကောင်းမယ်ထင်သလိုသာ စီစဉ်တော့၊ ကျွန်တော့်ဘက်က လုပ်စရာရှိရင် ခိုင်းပါ။ ကျွန်တော် ဘာမှ မဆုံးဖြတ်တတ်တော့ဘူး"

"အေး ... နောက်မှ ပြောမယ်"

မင်းချမ်းက ဖြူစင်သန့် ဆိုသော မိန်းကလေးကို နည်းနည်းလေးတောင် လှည့်မကြည့်တော့ပါ။ နှုတ်လည်းမဆက်၊ အိမ်ထဲမှ ထွက်၏။



"ဟင် ... စင်ငေလးကို ထားခဲ့ဦးမလို့လား၊ အဲဒီလို မုန်းမှာနဲ့စာရင် ... သတ်ပစ်ခဲ့ပါတော့ ကျောက်ကပ်ကလေးရဲ့"

မင်းချမ်း ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ ဘယ်နင့်ပုံမျိုးမှန်းလဲ မသိနိုင်တော့ပါ။ မိုးမြင့်သူနှင့် သီတာအေးတို့ ဖြူစင်သန့်ကို ထ၍ဆွဲသည်။ ဖြူစင်သန့် ပုံကနဲ ခွေကျကာ လှိမ့်ငိုလေသတည်း။

✧ ❧ ✧

## ၆

"မင်း ... ဖြူစင်သန့် ဆိုရင်၊ ဒီရန်ကုန်မြို့ပေါ်မှာပဲ မင်းမိဘတွေရဲ့အိမ် ရှိနေတာ၊ ဘာလို့မပြန်သလဲ၊ ဘာလို့မသွားသလဲ"

"ဖြူစင် ... မိဘဆိုတဲ့ လူကြီးနှစ်ဦးကို မျက်စိထဲမှာ ပုံဖော်ကြည့်ပါတယ်။ မမြင်ဘူး။ ဘယ်လိုရုပ်ရည်လဲ မမှန်းတတ်ဘူး"

"မှန်းတတ်ခြင်း မမှန်းတတ်ခြင်း ဆိုတာ မင်းကိစ္စ။ မင်းသာ ဖြူစင်သန့် ဆိုရင် မင်းအိမ်၊ မင်းမိဘဆီ ပြန်ရမှာပေါ့"

"ဆရာနဲ့ မမက ပြန်မပို့ဘူး"

"ဘယ်ပြန်ပို့မလဲ၊ ကိုမိုးနဲ့ မသိတာက ဦးမျိုးသန့် ဒေါ်ဝင်းဝင်းဖြူတို့နဲ့ မိတ်ဆွေအသိအကျွမ်းတွေလည်း မဟုတ်ဘူး။ သူတို့အိမ်ပေါ်တက်ပြီး သူတို့သမီး မဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို သွားပို့လို့ရှိရင် လူလိမ်လူညာတွေဆိုပြီး ရဲခေါ် ... အပ်လိုက်မှာပေါ့၊ မင်းက ဖြူစင်သန့်မှ မဟုတ်ဘဲ"



"မင်းချမ်းရယ် ... မင်းချမ်း ချစ်တဲ့ ဖြူစင်ပါ"

"ငါချစ်တဲ့ ဖြူစင်က သေသွားပြီ။ လောကကြီးမှာ မရှိတော့ဘူး၊ လူသိနတ်ကြား သင်္ဂြိုဟ်ပြီးပြီ။ ရေဝေးမှာ ခုတ်ဂူလေးတောင် ခုထိမဟောင်းသေးဘူး။ မင်း ကြည့်ချင်ရင်တောင် လိုက်ပြနိုင်တယ်"

"မင်းချမ်းတို့ ဘာဖြစ်လို့ လိမ်နေကြတာလဲဟင်"

"အဲဒီမေးခွန်း ... ငါတို့က မေးရမှာ"

"ကိုယ့်မိန်းမကိုယ် မမှတ်မိရအောင် မင်းချမ်း ရူးနေလား"

"အေး ... အဲဒီမေးခွန်းကိုလည်း ငါကပဲ မေးရမှာ"

"ရက်စက်တယ်နော် ... မင်းတဲ့။ ငါတဲ့"

"ဒီလို မပြောလို့၊ သူစိမ်းမိန်းမတစ်ယောက်ကို အချစ်ရေလို့ ခေါ်ရမှာလား"

"ဖြူစင်က သူစိမ်းလားကွယ်။ မင်းချမ်း ဇနီးလေ"

"သေချင်တယ်။ မုဆိုးဖိုဖြစ်ပြီးမှ ဘယ်က ဇနီးတစ်ယောက်ပေါ်လာရတယ် မသိဘူး"

"ဖြူစင်ကမှ တကယ် သေချင်တာ"

"သေလိုက်လေ"

"မင်းချမ်း ... ဒီလောက် ရက်စက်တဲ့ စကားကို ပြောနိုင်တယ်နော်၊ ဒီလူဟာ မင်းချမ်း အစစ်မှ ဟုတ်ရဲ့လား။ လူစားများ ဝင်နေသလားဟင်"

"ငါပြောရမဲ့ စကားတွေကို မင်းချည်းပဲပြော။ တကယ် လူစားဝင်နေတာက မင်း။ ငါက မင်းချမ်းအစစ်၊ မင်းက ဖြူစင်အတု"

ဖြူစင်သန့် ရယ်ရှာ၏။ သို့ပေမဲ့ မဲ့မဲ့ကလေးနှင့် ရယ်တာဖြစ်သည်။ မျက်ရည်များက စီးကျလုဆဲဆဲ၊ မျက်ဝန်းအိမ်မှာ ပြည့်နေ၏။

"မင်းကိုယ်မင်း ... ဖြူစင် ဆိုတဲ့ စကားကို တစ်ခွန်းမှ ထပ်မပြောနဲ့တော့။ မင်းသရုပ်ဆောင်နေတာတွေက အကယ်ဒမီရှော့တွေပါပဲ။ မင်းနဲ့ ပတ်သက်ပြီး မှတ်ချက်ချစရာ နှစ်ခုပဲ ရှိတယ်၊ သိလား"

"မသိပါဘူး မင်းချမ်းရယ်"

"နံပါတ်တစ် ... မင်း ရူးနေတာ။ ဥစ္စာရူးတို့ ဘာတို့ပဲ ကြားဖူးပါတယ်၊ မင်းက ဖြူစင်ရူး"

ငိုရှာပါလေတော့၏။

"နံပါတ်နှစ် ... မင်း အကြောင်းတစ်ခုခုကြောင့် လာလိမ်နေတာ။ အဲဒီနှစ်ခုမှာ တစ်ခုခုပဲ။ လိမ်နေတယ်ဆိုလည်း မပိရိဘူး၊ မင်းစကားတွေက ရှေ့နောက် မညီတာတွေ မင်း မဖြေချင်ရင် မသိဘူး၊ မမှတ်မိဘူး လုပ်ပစ်တာတွေ အဲဒါတွေ နည်းနည်းမှ မရိုးသားဘူး ...

"ဒီတော့ ... မင်း ဘာဖြစ်ချင်လဲ၊ ဘာလိုချင်လဲ ဘာလုပ်ချင်လဲ၊ မင်း ဘာကြောင့် လိမ်နေသလဲပြော၊ မင်းရဲ့ လိုအပ်ချက်ကို ငါ ဖြည့်နိုင်ရင် ဖြည့်ပေးမယ်။ ကူညီနိုင်ရင် ကူညီမယ်၊ ပွင့်ပွင့်လင်းလင်းပြော"

"မင်းချမ်းရယ်"

ဖြူစင်သန့်က မင်းချမ်း ရင်ခွင်ထဲသို့ ထွေးခဲ ပြိုကျလေ၏။



"ဟာကွာ"

မင်းချမ်း ဆွဲထူရသည်။ သူ့ခုံမှာ သူထိုင်နိုင်အောင် ပြန်မတ်ပေးရသည်။ ဖြူစင်သန့်က မျက်ရည်စက်လက်ကျရင်း ပျော့ခွေနေ၏။ မင်းချမ်း လက်မောင်းတစ်ဖက်ကို ဖမ်းဆုပ်၏။

"မကိုင်နဲ့။ မင်းအတွက်လည်း မကောင်းဘူး၊ ငါ့အတွက်လည်း မကောင်းဘူး"

ရှိုက်ကြီးတငင် ငိုရှာတော့သည်။ သူ့ကိုကြည့်၍ င်းချမ်း စိတ်မကောင်းပါ။ ဖြူစင်သန့် အပေါ်မှာ ကောက်ချက် ျသည့် အချက်နှစ်ချက်က၊ မိုးမြင့်သူလည်း အဲဒီလိုပဲ မှတ်ချက် ျထားတာမို့ မင်းချမ်းကို တမင်ပြောချိုင်းတာ ဖြစ်၏။ ပြော င်းလို့ ပြောရသည်။ ပြောလည်း ပြောချင်စိတ် ပေါက်သည်။ ဲအောင်မလေးကို မနှစ်မြို့ခြင်းများလည်း ဖြစ်သည်။ ကိုယ့်ဘဝ ဲသို့ ဇွက်ဖက်ကျူးကျော်လာသူဟု မြင်သည်။ မဖိတ်ခေါ်ဘဲ ှဘ်ဝင်ရောက်လာသည့် ဧည့်သည်ဆိုးအဖြစ် စိတ်ပျက်သည်။ သို့ပေမဲ့ ... ဖြစ်ချင်ရာဖြစ် ဆိုပြီးတော့ ... ဥပေက္ခာပြုလိုက်လို့ ရပါ။ သူက ကိုယ့်ဇနီးပါဟု ကြွေးကြော်နေတာလေ။

ခုချိန်မှာ ... သူ့ကြွေးကြော်ချက်ကို ကိုမိုးတို့ဇနီး မောင်နှံနှင့် ကိုယ်ပဲ သေချာသိကြသေးတာ။ ပြင်ဦးလွင်မှ ဦးကျော် အားတောင် သေချာနားလည်မည့်ပုံ မပေါ်ပါ။ ချမ်းမြေ့ရိပ်ငြိမ် ို့ ရောက်လာသည့် မိန်းမသားတစ်ဦးတည်း ဧည့်သည်ဟာ ယ်လိုပါလိမ့် ... ဆိုတာလောက်နှင့် ဇဝေဇဝါ၊ နဝေတိမ်တောင် ဘောလောက်ပဲ ရှိမည်။ သူ့ကို သွားချင်ရာ သွားပါတော့ ... ပြီး (အကယ်၍ သူ့မှာ လောလောဆယ်အားဖြင့် နေထိုင်စား

သောက်ဖို့ စရိတ်လိုအပ်လျှင်) ငွေအနည်းအကျဉ်းပေးပြီး ကို
တို့အိမ်ပေါ်မှ ဆင်းခိုင်းလိုက်ချင်သား။

သို့ပေမဲ့ ... အဲသည်လို လုပ်လိုက်လျှင် သူကဘ
တွေသွားပြီး ဘယ်သူတွေကို ဘာတွေ လျှောက်ပြောဦးမလဲဆို
ခန့်မှန်းလို့ မရပါ။ လူဆိုတာ... ကိုယ်ကောင်းတိုင်းလည်း ခေါ
မရွေ့တာ မဟုတ်ပါ။ ကိုယ်ကောင်းပေမဲ့ ... ခေါင်းကရွေ့ခ
ရွေ့တာ။ သတင်းဆိုး ကျော်စောပြီးမှ လိုက်ရှင်းနေရဖို့ကျ
လည်း အလုပ်မဟုတ်ပြန်။ ကျော်စောသတင်းဆိုးကို ကြား
ကိုယ့်လည်း လာမမေး၊ တွေ့သည့်သူတွေနှင့် ပြောဆိုရင်းပျံ့
ကိုယ့်မှာ ကိုယ်ဘာဖြစ်လို့ ဖြစ်နေမှန်း မသိရဘဲ၊ ကိုယ့်အသိ
အဝိုင်းထဲမှာ မကောင်းကျော်စော ဖြစ်နေရလျှင်လည်း ဘယ်ကော
နိုင်ပါတော့မလဲ။

ကိုမိုးတို့ ဇနီးမောင်နှံ ကိုယ်တိုင်ကလည်း အ
လောက်ထိ လက်လွတ်စပယ်ကြီး လုပ်လိုက်ချင်ပုံမပေါ်။ သံယော
တွယ်သင့်သလောက်တွယ်ပြီး ကရုဏာသက်သင့်သလောက် သ
နေကြတာ အသိသာကြီး။ ဆရာဝန်တွေရဲ့ စိတ်ဓာတ်ပဲဆို
ကိုယ်တိုင် ဆရာဝန်မို့ ကိုယ်ချင်းစာနိုင်ပါသည်။ ကိုယ်တိ
ဆရာဝန် ဖြစ်နေသည်မို့၊ ကိုယ်နှင့် ပတ်သက်ခြင်းသာ မရှိလျှ
သူပြောတာတွေကို ယုံတာ မယုံတာ အပ,ထား၊ လက်လွတ်စပ
ကြီး နှင်ပစ်လိုက်သည်ထိ မလုပ်ရက်မှာ သေချာပါသည်
ပြီးတော့ ... မိန်းမသားဟူသည် အားနွဲ့မျိုးပါ။ အားနွဲ့သူတ
(လောလောဆယ်မှာ အားကိုးရာလည်း မဲ့နေသေး)ကိုယ့်ရှေ့
ဒီလောက် သည်းသည်းခိုက်ခိုက် ငိုနေတာဟာ ကိုယ့်ကြောင်



တော့ ... ကိုယ်က ဘာမှုလုပ်မထားပေမဲ့ နေရင်း ထိုင်ရင်း အပြစ်ရှိသလို ခံစားမိရတော့သည်။ ဒါဟာ ယောကျ်ားကောင်းတို့ရဲ့ စိတ်ဓာတ်ပင်။

“တိတ်ကွာ ... ဒီလောက် ငိုမနေနဲ့၊ ငိုရမှာက ငါ။ စိတ်ညစ်တယ်။ သေချင်တယ်။ ငါပြောရမှာတွေ မင်းပြောပြီး၊ ငါ လုပ်ရမှာတွေ မင်းချည်း လုပ်နေတယ်။ ဒီပုံစံအတိုင်းဆိုရင် မင်းကို ငါ့ရဲ့ကိုယ်ရေးအရာရှိတောင် ခန့်သင့်နေပြီ ...

“ဟုတ်တယ်လေ ... ငါပြောရမှာတွေ မင်းပြော၊ ငါလုပ်ရမှာတွေ မင်းလုပ်၊ ငါ့မှာ လေကုန်လည်းသက်သာ၊ လူပင်ပန်းလည်း သက်သာ။ မင်း ... ငါ့စက္ကက်ထရီလုပ်မလား”

ကိုမိုးက အဲဒီလိုမျိုးတွေ ပြောစမ်းပါ ... ဟု မှာထားပြီး ထိုင်စောင့်ကြည့်၊ နားထောင်နေတာမို့ ပြောပေးနေရရုံမျှမက,ပါ။

ကိုယ်ကိုယ်တိုင်ကလည်း အဲဒီလိုပင် ပြောချင်နေ၏။ စိတ်ညစ် စိတ်ရှုပ်လိုက်တာလည်း မပြောပါနှင့်တော့။

“ကဲ ... ကဲ ... ဖြူစင်ကလည်း အငိုတိတ်တော့၊ မျက်နှာသစ်ရင် သွားသစ်၊ ရေပါ တစ်ခါတည်းချိုးရင်လည်း ချိုးလိုက်၊ ခေါ်သွားလိုက်ပါ သီတာရယ်”

“လာ ... ညီမလေး”

“ဖြူစင့်ကို အိပ်ဆေးတွေသာ အဆမတန် ထိုးပေးပါတော့မမရယ်”

"စိတ်ချ ... အဲဒီလိုတော့ ထိုးမပေးဘူး၊ ဒီလောက် ငိုထာ ရတာ ပင်လည်းပင်ပန်းနေပြီ၊ စိတ်ထဲ အရမ်းလှုပ်ရှား တော့ ဆီဒစ်လ် Sedil တစ်လုံးတိုက်မယ်၊ ရေမချိုးချ မချိုးနဲ့၊ မျက်နှာလောက်သစ်ပြီး ဆေးသောက်၊ အိပ်လိုက် တော့ ... လာ"

သီတာက ဖွတ်သဘော ဆွဲခေါ်မှ ပါလာတော့သည် ဖြူစင်သန့် အိမ်ခန်းထဲ ဝင်သွားမှ မိုးမြင့်သူနှင့် မင်းချမ်းတ သက်ပြင်းမောကို ပြိုင်တူချဖြစ်တော့၏။

"ဘယ့်နှယ်လဲ ကိုမိုး"

"သေချာတယ်။ ဆိုက်ကိုပဲ။ ကေ့စ် Case က သိပ်ကောင် နေပြီ။ ကိုယ် သူ့ကို ဆေးကုတော့မယ်။ အဲဒါ သေ ချင်လို့ စောင့်နေတာ"

"သေချာပြီလား"

"သေချာပြီ။ အစကတည်းကလည်း ထင်ခဲ့ပါတယ်။ ဒါပေ မပြောနိုင်ဘူးလေ၊ လောကမှာ လူလိမ်လူကောက်ဆိုတ ကလည်း အများသား။ ရုပ်ရှင်တွေထဲမှာသာ မင်းသာ မင်းသမီးတွေ သရုပ်ဆောင်ကောင်းရင် အကယ်ဒမီပေ တာ ...

"အပြင်လောကမှာ ဒီ့ထက် သရုပ်ဆောင်ကောင် နေကြတဲ့ လူလိမ် လူညာတွေ အများကြီး။ အပြင်လော မှာသာ သရုပ်ဆောင်ကောင်းလို့ အကယ်ဒမီ ပေးရမယ်ဆို ရင်၊ ရှိသမျှ အကယ်ဒမီတွေ လူလိမ်နဲ့ လူညာတွေချည် ရမှာ။ သူတို့က ပိပိရိရိ လိမ်တတ်ညာတတ်ကြတော့လေ



"မျက်နှာထိ မျက်နှာထားကအစ၊ ပိရိအောင်သရုပ် ဆောင်ကြတာ။ ဒီတော့ ... ဒီကောင်မလေးဟာ အကယ်ဒမီ တွေ ရှုံးအောင်များ သရုပ်ဆောင်နေသလား၊ ဆိုက်ကိုလား ဆိုတာ သေချာတဲ့ထိ စောင့်နေတာ"

"ကိုမိုး ... ဖြူစင်နဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်းကလွဲ လို့ တိုးမြင့်တို့တောင် မသိတဲ့ အဖြစ်အပျက်၊ အခေါ်အဝေါ် တွေ သူ အားလုံး သိနေတာ မဆန်းဘူးလား"

"ဆန်းတယ် ... အဲဒါကတော့ အရင်ကတည်းက သိထား တာ ဖြစ်ရမယ်။ ဒီရောဂါရလို့ သိသွားတာတော့ မဟုတ် ဘူး၊ သူ့ပုံစံက ဖြူစင်သန့်ရဲ့ဝိညာဉ် လာပူးကပ်နေသလား တောင် ထင်ရတယ်"

"ဟုတ်ပါရဲ့ ... ပယောဂဆရာနဲ့သာ တွေ့ရင် ဖြူစင် ဝိညာဉ် ပူးကပ်တယ်ဆိုပြီး ကြိမ်လုံးနဲ့ ရိုက်ထုတ်မှာ မြင် ယောင်သေး"

"မင်းချမ်း ... မင်း သူ့ကို စိတ်ဆိုးလား"

"နည်းနည်းတော့ ဆိုးတယ်ဗျာ"

"နည်းနည်းပဲလား"

"နည်းနည်းပါပဲ။ အလုပ်မရှိ အလုပ်ရှုပ်ခံရတယ်။ စိတ် ပျက်တယ်။ ဖြူစင်နဲ့ ပတ်သက်ပြီး ခံစားရတဲ့ ဒဏ်ရာ ဟောင်းကို သူ တူးဆွတယ်။ စိတ်ညစ်တာက များပါ တယ်။ စိတ်ဆိုးတာက လျော့ပါတယ်"

"မင်း အကူအညီ အများကြီးလိုတယ်"

"ဘာကူညီရမှာလဲ"

"မင်း ... သူ့ကို နည်းနည်းပါပါး အရောဝင်ပေးပါ"

"အဲဒါ ပြဿနာ ... ကိုမိုးရ။ သူက ဆွဲလား ယမ်းလား နဲ့။ တစ်ချက်လောက်များ ပြုံးပြမိရင် ကျုံးဖက်မှာ"

"မင်းက ဒါကို သွေးပျက်နေတာလား"

"ကျွန်တော် ဒီလောက် မညံ့ပါဘူး ကိုမိုးရ။ ဒါပေမဲ့ သူ ... ကျွန်တော့် ဖြူစင်မှု မဟုတ်တာ။ ကျွန်တော် ဖြူစင့်ကို အားနာတယ်။ နောက်ပြီး ... ယောကျ်ားဆို အခွင့်အရေးကိုလည်း မတရား မယူချင်ဘူးဗျာ"

"နည်းနည်းပါးပါးတော့ ချော့မော့ပေးဖို့လိုတယ်။ သူ့ ငါ ဆေးရုံတင်တော့မယ်။ ချမ်းမြေ့ရိပ်ငြိမ်မှာ ... ဖြစ် လား။ အဲဒီအတွက် အခန်းခ ဆေးဖိုးတော့ မရဘူး။ လည်း အဲဒီလောက်ထိတော့ စိုက်ထုတ်ကုန်ကျ မခံနိုင်ဘူး ကွ ..."

"အလုပ်လည်း မဝင်ရသေးဘူး။ မင်္ဂလာဆောင်ထား တာနဲ့။ ဟန်းနီးမွန်း ထွက်ထားတာနဲ့ဆိုတော့၊ ဘိုင် ခပ်ကျကျ"

မင်းချမ်းက ပေါ့ပါးစွာ အော်ရယ်၏။ ဖြူစင် ပြီး ငါးလကျော် ခြောက်လနီးပါးမှာ ဒီတစ်ကြိမ် လွတ်လပ် ပါးစွာ ရယ်မိခြင်း ဖြစ်လေ၏။

"ကိုမိုးတို့ရဲ့ ဟန်းနီးမွန်းက ... မနိပ်လိုက်တာ"

"အေးကွာ ... နှစ်ယောက်တည်းများ နေရမလား မှ တယ်။ ဒီကောင်မလေးကိုပဲ မျက်စိဒေါက်ထောက်ကြည့် ပြန်လာခဲ့ရတယ်။ ကမ္ဘာ့အံ့ဖွယ် ဟန်းနီးမွန်းပဲ"



"ဒါကို ကျေနပ်နေတာ မှလား"

"ဖွတ်ချေး ... ဘယ်သိပ်တော့ ကျေနပ်ပါ့မလဲ။ မင်းရဲ့ ပြင်ဦးလွင်ခြံက ပန်းတွေစုံတော့၊ ငါက ရုပ်ရှင်တွေထဲက လို ပန်းပင်တွေကြားထဲ စိန်ပြေးတမ်း ကစားဖို့ ရည်ရွယ် ထားတာ၊ မလုပ်ခဲ့ရပါဘူးကွာ"

"ဟား ဟား ... ကိုမိုးတို့ အဲဒီလိုလုပ်ရင် မြင်တဲ့သူတွေ က သူငယ်ပြန်တယ် ပြောမှာပေါ့"

"သူငယ် ပြန်ရအောင် ငါတို့က ရှစ်ဆယ်ကျော်တွေလား"

"ဒါပေမဲ့ ... ပြေးရ လွှားရမဲ့ အရွယ်ကိုတော့ လွန်ပြီပေါ့ ဗျ။ သုံးဆယ်ကျော်တွေ။ စိတ်ထိန်းမှပေါ့"

"မင်းမိဘတွေ လက်ထပ်တော့ လေးဆယ်ကျော် ငါးဆယ် နီးပါးတွေနော်။ သူတို့လည်း ခြံထဲပြေးခွင့် ကြုံလိုက်မယ် မထင်ဘူး ... ဟား ... ဟား"

မင်းချမ်းပါ လိုက်ရယ်ဖြစ်သည်။

"ဘယ်လိုလဲ မင်းဆေးခန်းမှာ လက်ခံမှာလား"

"လက်ခံရတော့မှာပေါ့။ ကိုမိုး ကုမှာ မဟုတ်လား။ လော လောဆယ် ... ကျွန်တော့် ဆေးခန်းမှာ မာစတာဘွဲ့ရထား တဲ့ ဆိုင်ခီးယားတရစ်စ် Psychiatrist မရှိဘူး"

"ငါပဲ ကုမှာပါ"

"ကျွန်တော်က ဆေးဖိုးစိုက်ပါပြီတဲ့။ ကိုမိုးက ဝါးခယူဦး မှာလား"

"မေးစရာလား၊ ဆရာဝန်ပင့်ရင် ခြေကြွကအစ သတ်မှတ် ပြီးသား"

"ဒါဆို ... ခြေကြွမပေးရအောင်၊ ကိုမိုး ခြေမကြွနဲ့တော့ သူ့ကို ဆေးခန်းတင်တဲ့ နေ့ကစပြီး ကိုမိုး အိမ်မပြန်ဘ အဲဒီမှာပဲ တစ်ခန်းယူပြီးနေတော့"

"မင်းအခန်းတွေက လူနာခန်းတွေ၊ ငါကတစ်ခန်းယူပြီး ရင် လူနာဖြစ်သွားမှာပေါ့။ မင်းကိုယ်တိုင် လာကုပေးရ မင်းလည်း ခြေမကြွရအောင် အဲဒီမှာပဲနေ"

"ရတယ် ... မသီတာကိုသာ မနက်ပြန် ညပြန် ထမင်း နိုင်းပေး"

"ဟော့ကောင် ... ပင်ပန်းတဲ့ထဲမှာ သီတာ မပါကြေး"

ရယ်ရင်း မောရင်းကပင် ဖြူစင်သန့်ကို ဆေးရုံတ ပို့ ဆုံးဖြတ်ချက် ကျသွားရတော့သည်။

**စင်လေး ... ပျောက်ဆုံးနေတဲ့ အရယ်အမောလေ** တွေ ကိုယ့်ဆီ ပြန်ရောက်လာကြပြီ။ စင်လေး ခွင့်လွှတ် လောကထဲမှာ လူတွေထဲမှာ ဘဝထဲမှာ ရှင်သန်ဆဲ ဆိုတော့ လိုပဲ ... ကြေကွဲခြင်းနဲ့ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းနဲ့ ဝမ်းသာ ခြင်း ... ဆန့်ကျင်ဘက်တွေ ဖြစ်ထွန်းရင်ဆိုင်တော့တယ် စင်လေ ရယ်။ စင်လေး အတွက် ကြေကွဲမှုမှာ ဖြေသာသွားလို့ မဟုတ် ဘူး။

ရင်ထဲမှာ **ကျိတ်၍တောင်းပန်ရင်း** စင်လေး မျက် နှမ်းနှမ်းလေးကို မြင်ယောင်မိတော့သည်။

"ရေချိုးလိုက်တယ်လေ ... ဆေးမသောက်ချင်ဘူး ဆေးသောက်ပြီးမှ အိပ်မပျော်ရင် ပိုဆိုးမှာစိုးလို့တဲ့ မော ရေ ... ထမင်းပဲ စားကြစို့။ ထမင်းမစားရသေးပဲ အိပ်



သွားရင်လည်း မကောင်းတော့လေ ... မင်းချမ်း ... ဒီမှာ စားသွားနော်"

"အရင်တော့ ... တိုးမြင့်နဲ့တူတူ ကိုမိုးတို့အိမ်မှာ စားနေ ကျပဲ၊ မသီတာ လက်ရာတော့ မစားဖူးသေးဘူး၊ ထမင်း လောက်ပါ့မလား၊ ကျွန်တော်က ဘာစားစား နှစ်ပွဲစားရ မှ၊ ထမင်းဆိုလည်း နှစ်ပန်းကန်ပဲ၊ ကောင်းတာ ဆိုးတာ သိပ်ရွေးမများဘူး၊ ဗိုက်ပြည့်ဖို့ လိုရင်းသမား"

"ရပါတယ် ... လောက်တယ်။ မင်းချမ်း အတွက် ... နတ် တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုသလိုပဲ။ မနက်က ထမင်းချက်တာ နို့ဆီဘူးချင်တာ မှားသွားတယ် ...

"နှစ်လုံးထည့်တာ၊ သုံးလုံးထည့်မိသွားတယ်။ ဆန် ဆေးတဲ့ထိ မသိသေးဘူး၊ ဆူမှပဲ သိတော့တယ်၊ ထမင်းတွေ များလှချည်လားလို့။ အဲဒါ ... မသိစိတ်က မင်းချမ်းအတွက် ပါ ထည့်ချက်လိုက်တာ"

မင်းချမ်းက မတ်တတ်ကလေး ရပ်နေရှာသည့် ကောင်မလေးကို မော့ကြည့်တော့ စိုရွှန်းလက်ဖြာသော မျက်လုံး များက ကိုယ့်ကို ငေးကြည့်နေသည်မို့ အကြည့်ချင်း ခလုတ် မိသည်ဟု ဆိုရပါမည်။ ဘယ်လိုမှ သာယာမိခြင်း မရှိပေမဲ့ တော်လှတဲ့ ကောင်မလေး၊ အထူးသဖြင့် မျက်လုံး... ဆိုတာ တော့ မှတ်ချက်ချလိုက်မိပါတော့သည်။

"မင်းနေကောင်းရဲ့လား"

မင်းချမ်းက မတ်တတ်ထရပ်ကာ ကောင်မလေးနား သွား၏။

"ခေါင်းနည်းနည်းမူးတာပဲ ရှိပါတယ်"

"ငိုတာကိုး။ တအားငိုတော့ ဒီလောက်တော့ ဖြစ်မှာပေါ့။ မင်း ... ပိန်လည်း တော်တော်ပိန်တယ်"

"သူ ... မြင်ဦးလွှင်မှာတုန်းက ဒီလောက် မပိန်ဘူး မင်းချမ်းရဲ့။ သွယ်တယ်ပေါ့။ လှရုံ ပိန်တာ၊ ဒီရောက်မှ ဆွဲချလိုက်သလို ချုံးကျသွားတာ"

မသီတာက ဝင်ပြော၏။

"ထမင်းကျတော့ သေချာမစားဘူး၊ ညကျလည်း ချိုးချိုးချွတ်ချွတ်နဲ့ အိပ်တယ် မရှိဘူး။ ငိုတာကတော့ နစ်ဆယ့်လေးနာရီပဲ။ မမူးဘဲ ခံနိုင်ပါ့မလား ဒီခေါင်း။ အစ်မမှာ တစ်ရေးနိုးလည်း သူ့သွားကြည့်ရတယ်၊ သမီးတစ်ယောက် ကောက်ရသလိုပါပဲ မင်းချမ်းရယ်"

"မသီတာနဲ့ ကိုမိုးကို ကျွန်တော် အရမ်းချီးကျူး လေးစားတာပဲ။ တကယ့် စေတနာဆရာဝန်တွေ အဖြစ် ဂုဏ်ယူပါတယ်"

"ရိုးနေပါပြီ မင်းချမ်းရဲ့။ လူတွေက ဆရာဝန်တွေ ကောင်းရင် ... ဒါ မုံမှန်ပဲဆိုပြီး မချီးကျူးဘူး၊ စကားလေး နည်းနည်း မာမာပြောမိရင်၊ ဆရာဝန် ဘာဖြစ်တယ် ညာဖြစ်တယ် ပြောကြရော ...

"ဟောက်စ် House ဆင်းတုံးကရော ... ကလေးဆေးရုံမှာဆို ပိုဆိုးသေး၊ ကလေးလေးတွေက အဟာရချို့တဲ့ပြီး သေးကွေးနေရင်၊ မကြည့်ရက်တာနဲ့ အိတ်ထဲကစိုက်ပြီး အဟာရဖြစ်မဲ့အစာ ဝယ်ကျွေးရတာလေ ...



"ဒါမျိုးတွေကျတော့ လူမသိပါဘူး။ ဆေးရုံတက်မဲ့ လူနာကို ဘာဆေးတစ်လုံးမှ မတိုက်သေးဘူး၊ ဆရာဝန်က ပိုက်ဆံတတ်နိုင်လား မေးတယ်တဲ့။ ကဲ့ရဲ့ကြသေးတယ်။ ဘာကြောင့် မေးသလဲဆိုတာကို မသိကြဘူး ...

"မေးရမယ် မှလား မင်းချမ်းရဲ့။ နည်းနည်းပါးပါး တတ်နိုင်ရင် စရိတ်မျှပေး ကျန်းမာရေးလေ။ များများတတ်နိုင်ရင်တော့ ကိုယ့်ဆေးကိုယ်ဝယ်ပေါ့။ လုံးဝမတတ်နိုင်ရင် ... တာဝန်ကျ ဆရာဝန်က ဆေးတောင်းပေးရမှာ...

"ဆေးတောင်းပေးမလို့ မေးတာကို၊ ဆရာဝန်က ငွေစကား ပြောတယ်တဲ့။ တစ်ခါတစ်ခါတော့လည်း ရင်ထဲမကောင်းပါဘူး မင်းချမ်းရယ်။ အကုန်ကောင်းချည်းလည်း မပြောပါဘူး၊ ဆရာဝန်ဆိုတာလည်း လူထဲကလူပဲ ...

"ပုထုဇဉ်။ ကောင်းတဲ့သူ ရှိသလို ဆိုးတဲ့သူလည်း ရှိမှာပေါ့။ စေတနာဆရာဝန် ရှိသလို အသပြာဆရာဝန်လည်း ရှိမှာပါ။ မသီတာကတော့ ပြောချင်တာပဲ။ ဆရာဝန်တွေအကြောင်း ပြောမယ် စိတ်ကူးရင် ...

"မကောင်းကျော်စောချည်း မပြောကြပါနဲ့၊ ကောင်းကျော်စောလေးများလည်း ထည့်ပြောပေးပါလို့။ စေတနာဆရာဝန်တွေ အကြောင်းက မပေါ်ထင်ဘူး၊ အသပြာဆရာဝန်အကြောင်းက ပေါ်ထင်နေတာ၊ မင်းချမ်းကိုတော့ မသီတာလည်း ချီးကျူးပါတယ်"

ချမ်းမြေ့ရိပ်ငြိမ်မှာ ဝန်ဆောင်မှုက တအားကောင်းသည်မို့ စရိတ်က တော်တော်ကြီးပါသည်။ တော်ရုံတန်ရုံတတ်နိုင်ဖို့ မလွယ်ပါ။ အဲဒါကြောင့် သူဌေးတွေချည်းသာ အဲသည်ဆေးခန်းမှာ တက်နိုင်ကြတာများသည်။ သို့ပေမဲ့ ရဟန်းသံဃာများနှင့် သီလရှင်များကို F.O.C(Free of Charge အခမဲ့) ဆေးခန်းတက်ရောက် ကုသခွင့် ပြုထားပါသည်။

"သံဃာတွေနဲ့ သီလရှင်တွေကို ပိုက်ဆံမယူတာကို ပြောတာလား"

"အင်းပေါ့ ... မောင်ကလည်း အဲဒါကိုပဲ ချီးကျူးနေတာ"

"ချီးကျူးမစောနဲ့ဦး။ တစ်ခါက ဘာဖြစ်တယ် မှတ်လဲ။ လူနာတစ်ယောက် ... အသက်က ငါးဆယ့်လေးနှစ်၊ ချမ်းမြေ့ရိပ်ငြိမ်မှာ ဆေးရုံတက်ချင်တာ၊ ဈေးကလည်းကြီးတော့ ပိုက်ဆံမပေးချင်ဘူး။ မပေးချင်ဘူး ပြောတာနော် ...

"မတတ်နိုင်ဘူး ပြောတာ မဟုတ်ဘူး။ ဆေးရုံတက်ကာနီးမှ ခေါင်းတုံး,တုံးပြီး သင်္ကန်းဝတ်နဲ့ လာတက်တာ။ ခေါင်းတုံးက အသစ်ကြီးပါလို့တော့ ထင်သား။ ဒါပေမဲ့ ဆေးရုံတက်တုန်း ခေါင်းတုံးရိပ်ဖို့ အဆင်မပြေမှာစိုးလို့ ကြိုတုံးတာတယ်ပဲ မှတ်တယ် ...

"ညဆရာမက ပြောတယ်၊ ဘုန်းကြီးကို ညလာစောင့်အိပ်တာ ဘုန်းကြီးရဲ့ တကာမတဲ့။ ဘုန်းကြီးနဲ့က လည်း ရင်းနှီးလွန်းတယ်တဲ့။ ညစာလည်း စားတယ်တဲ့။ စကားပြောတာလည်း ... အရှင်ဘုရားတို့ တပည့်တော်တို့ မဟုတ်ဘူးတဲ့။ ရှင်နဲ့ ကျွန်မနဲ့ ပြောတာတဲ့ ...



"အဲဒါ ... တာဝန်ကျ ဆရာဝန်ကိုပြော၊ အဲဒီဆရာဝန်က ကျွန်တော့်ပြော ... ပြောလုပ်တော့၊ ကျွန်တော်ကလည်း စပ်စပ်စုစု ဝါသနာပါတယ်။ လိုက်စုံစမ်းတယ်။ ကိုမိုးတို့လိုပဲ ကွန်ဒိုနဲ့ နေတာ။ စုပါဆလွန်းကားတစ်စီး ရှိတယ် ...

"လူလတ်တန်းစားထက် နည်းနည်းကလေးတောင်သာပါသေးတယ်။ ကျွန်တော့်ဆေးခန်း ... စရိတ်ကြီးတာမှန်ပါတယ်။ သူများနဲ့ မတူတဲ့ ဝန်ဆောင်မှုကို ရတယ်။ ဒါလိုချင်ရင် ဒါပေးရမှာပဲ၊ အချောင်လိုချင်လို့ လိမ်ညာတာတော့ ခွင့်မလွှတ်ဘူးဗျာ ..."

"တကယ် မတတ်နိုင်ရင်တော့လည်း တစ်မျိုးပေါ့။ ပြီးတော့ ဘာဖြစ်သွားလဲ"

"နေပြီးသမျှရက်နဲ့ ဆေးဖိုးဘီလ် သွားပေးရင်း၊ အရေးပေါ် ဝတ်လာရတော့ သင်္ကန်းက သစ်လွန်းတယ်၊ ခေါင်းတုံးကလည်း လတ်ဆတ်လွန်းတယ်။ ယုတ္တိမရှိလို့ ကန်တော့ပါသေးရဲ့ ... လို့ အေးအေးဆေးဆေး ပြောပြီး ပြန်ထွက်လာတာပါပဲ ...

"နောက်နေ့ကျတော့ ပုဆိုးနဲ့ ဖြစ်သွားပြီး၊ ကျသင့်စရိတ်အားလုံး ချေသွားပါတယ်၊ လူအမျိုးမျိုး စိတ်အထွေထွေပေါ့ ကိုမိုးရယ်။ ကိုမိုးနဲ့ မသိတာကိုတော့ ကျွန်တော် တကယ်ပဲ အလေးပြုပြီး ချီးကျူးပါတယ် ...

"ဇနီးမောင်နှံ အသက်စက်စက် ... ဟန်းနီးမွန်းမှာလည်း မလွတ်လပ်ခဲ့ရ။ ရန်ကုန် ပြန်ရောက်တော့လည်း

သူစိမ်းတစ်ယောက်ကို အိမ်ပေါ်တင်ကျွေးထားရတာ၊ အဝတ်
အစားတွေလည်း ဝယ်ပေးရသေး၊ တကယ့် စေတနာရှင်
တွေလို့ သတ်မှတ်ပါတယ် ...

"ကိုမိုးတို့ရဲ့ စေတနာကို လေးစားလို့ ကျွန်တော်
ဆေးခန်းမှာ ဒီကောင်မလေးကို တင်ပါ။ ကိုမိုး ကုသပ
ကျွန်တော် F.O.C (အခမဲ့) ပေးပါတယ်။ ကျွန်တော်လည်
ကုသိုလ်ရတာပေါ့"

ဖြူစင်သန့်က ဆတ်ခနဲ မော့ကြည့်သည်။

"ဖြူစင် ဘာဖြစ်လို့ ဆေးရုံတက်ရမှာလဲ၊ မတက်ဘူ
ဖြူစင့်မှာ ဘာရောဂါမှ မရှိဘူး၊ မင်းချမ်းရယ် ... ဖြူစ
ကို မချစ်တော့ရင်လည်း ရပါတယ်။ မုန်းပါ၊ စိမ်းကားပ
အရူး ... ဆိုပြီးတော့တော့ ဆေးရုံမှာ လက်လွှတ်စပယ်
သွားပစ်မထားလိုက်ပါနဲ့၊ ဖြူစင် ... မင်းချမ်းရဲ့ အိမ်မှ
ထမင်းချက် အဝတ်လျှော် အိမ်ဖော် အဖြစ်နဲ့ပဲ နေပါရစေ"

"မဟုတ်ဘူး ညီမလေး ... ဆေးရုံမှာ သွားပစ်ထားမှ
မဟုတ်ဘူး"

"မမသီတာ ... ဖြူစင့်ကို ဧည့်သည်တစ်ယောက်လို မဆ
ဆံပါနဲ့။ အိမ်ဖော်အဖြစ် ထားပေးနိုင်မလားဟင်၊ ဖြူစ
လခမယူပါဘူး၊ ထမင်းကျွေးရင် တော်ပါပြီ။ အားကိုး
လို့ပါ မမရယ် ...

"ကိုယ်ထမင်းလည်း ကိုယ်ရှာမစားတတ်ဘူး၊
စရာနေရာလည်း မရှိဘူး၊ ဆရာနဲ့ မမ အလုပ်သွား



ဖြူစင်က အိမ်အလုပ်တွေ လုပ်ထားပါရစေ၊ ဖြူစင် ဘာ
တစ်ခုမှ မခိုးပါဘူး"

"ငိုပြန်ပါပြီကွယ်"

"ဖြူစင် ဆေးရုံမတက်ဘူး၊ ဖြူစင် မရူးဘူး"

"ကဲ ... ကဲ ... ပြီးရော၊ မတက်နဲ့ ထမင်းစားကြမယ်"

ဖြူစင်သန့်က မစားနိုင်ရှာပါ။ မင်းချမ်းကတော့
အတိုင်း နှစ်ပန်းကန် ကုန်၏။

"ထမင်းစားပြီးရင်တော့ နေ့လယ် တစ်ရေးအိပ်မှ ဖြစ်မယ်။
ညီမလေး သိပ်ပိန်နေတယ်။ အဲဒီအခါကျမှ ဆေးရုံမတက်
မဖြစ် တက်ရမှာ။ ရူးလို့ မဟုတ်ဘူး၊ ပိန်ခြောက်ပြီး သေ
သွားမှာစိုးလို့"

သီတာက ရယ်၍ ပြောသည်မို့ ဖြူစင်သန့်လည်း
ခနဲ ရယ်သည်။ အငိုအရယ် အပြောင်းအလဲတော့ မြန်၏။
ပွဲချ ငိုနေပေမဲ့ ရယ်စရာပြောကြ၍ ရယ်ချင်စိတ်ပေါက်လာ
မျက်ရည်ချက်ချင်းသုတ်ပြီး ရယ်နိုင်သူတည်း။

"ပိန်လို့သာ ဆေးရုံတင်ရမယ်ဆိုရင် မိုဒယ်တွေ ဆေးရုံ
ရောက်ကုန်မှာပေါ့"

သူကပေမဲ့ အလာကြီး။ ပြောတတ်ပါပေ၏။

"ဟဲ့ ... သူတို့က လှရုံပိန်တာ၊ ညည်းက လှရုံထက်
အများကြီးပိုပိန်နေပြီ။ မင်းချမ်း ... ဒီကောင်မလေး ဒီ့ထက်
နည်းနည်း ပိုပြည့်လာမယ်ဆိုရင် ပိုလှမလာဘူးလား"

မင်းချမ်းက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ညီမလေး ... ပိုလှလာအောင် အစာပိုစားပြီး နည်းနည်း ပိုအိပ်ပေးလိုက်"

မင်းချမ်းက ပြုံး၍ ပြောလိုက်သည်နှင့် ဖြူစင်သန့် ရင်ထဲ ဘယ်လောက်များ မြူးကြွသွားရသည်မသိ၊ သူ့ခုံမှ ခုန်ထ ကာ မင်းချမ်း နောက်ကျောမှ သွား၍ သိုင်းဖက်လိုက်တော့ သည်။

"စားမယ်။ အိပ်မယ်။ မင်းချမ်းဆေးခန်းမှာ တက်ရမယ် ဆိုရင် တက်မယ်။ မင်းချမ်းက လူနာစောင့် လုပ်ပေးမှာ လား၊ စင်လေးနဲ့ တူတူလာနေမှာလား"

ကျောဘက်မှ သိုင်းဖက်ထားသော လက်များကို မင်းချမ်း ဖြည်းဖြည်းဆွဲခွာရပြန်သည်။ မင်းချမ်း မျက်နှာရိပ်ကို ကို မိုးမြင့်သူက ကြည့်၍ရယ်၏။ သူ စိတ်ချမ်းသာအောင် ဖက် ချင်လည်း ဖက်ပါစေတော့၊ ကိုယ့်အသား ပွဲပါတာမှ မဟုတ်ဘဲ ဟု ခွင့်ပြုလိုက်ချင်ပေမဲ့၊ ကိုယ်ပဲ အသားယူရာ ရောက်မှာစိုးရ သေးသည်။

သူစိမ်းမိန်းကလေးက လာဖက်တာကိုလည်း မကြိုက် ပါ။ တစ်မျိုးကြီး ခံစားရ၏။ ရှက်လည်း ရှက်သည်။ ဒီကောင် မလေးကို တစ်ခါ တစ်ခါတော့ သနား၏။ တစ်ခါ တစ်ခါတော့ အော်ငေါက်ထုတ်ပစ်ချင်သည်။

"သွားချင်ရာ သွားတော့ကွာ ... လာညာမနေနဲ့ မင်း ဖြူစင်မဟုတ်ဘူး"... ဟုဆိုကာ မောင်းထုတ်ပစ်ချင်စိတ် ဖြစ်၏။



အဲဒီအခါကျ ... လမ်းပေါ် လေလွင့်ပြီး မသမာသူ တွေ့ကာ ဘဝပျက်သွားမှာ ပူပန်စိတ်က ရင်ထဲဖြောင်းဆန် ပါ၊ ခံစားရပြန်သည်။

သနားစရာတော့ ကောင်းသားပါ။

"ငါက အစက လိမ်ညာနေတယ်လို့ပဲ ထင်တာ။ ဒီလို လေ ... ဖြူစင်သန့် မဟုတ်ဘဲ ဖြူစင်သန့်ပါလို့ ပြောတဲ့ အခါမှာ ... ဖြူစင်သန့်ရဲ့ အသိုင်းအဝိုင်းက သူ့ကို ဖြူစင် သန့်ပါလို့ လက်မခံဘူးဆိုတာ သူ သိမယ်လေ ... အဲဒီ တော့ ဥစ္စာရူးတို့လို ဖြူစင်သန့် ရူးပေါ့။ သူ့ကိုယ်သူ ဖြူစင်သန့်လို့ ...

"ထင်ပြီး ရူးနေတဲ့ အရူးမလေးယောင် ဆောင်တာ သူ့အတွက် ပိုပြီး ချောင်ချိမယ်၊ ရှေ့နောက်စကား မညီ လည်း ရတယ်။ ရူးနေတာကိုး။ အဲဒါမျိုး လီဆယ်တာလို့ ထင်ခဲ့သေးတယ်။ လောကမှာ လူရှုပ်လူလိမ်တွေကလည်း အများသား မဟုတ်လား။ ရူးပါတယ်ဆိုတိုင်း လက်ခံလိုက် လို့လည်း မရဘူးလေ၊ ခုတော့ ... ငါယုံကြည်သွားပြီကွ။ သူ တကယ် ... စကီဇို(Schizo)ပဲ"

ဟု မင်းချမ်း ပြန်ကာနီးမှာ ကျိတ်ပြောလိုက်သည် ကောင်မလေးကို အမြန်ဆုံး ဆေးကုနိုင်ဖို့ ကြိုးစားရပါတော့

ကောင်းတော့လည်း ကောင်းသား။ ဖြူစင့်အတွက် ကွဲလွမ်းမောနေရသော စိတ်တွေအစား၊ ကောင်းမှုတစ်ခုပြုနိုင်

ခြင်း ပီတိတို့ အစားထိုး ဝင်ရောက်ကာ၊ ရန်ကုန်မှာတောင် မနေ ချင်တော့ပါဘူးဆိုသည့် မင်းချမ်းမြေ့ တစ်ယောက် ဖြေသာနေသာ ဖြစ်သွားရပါတော့သည်။ ဒီကောင်မလေး ရောဂါကို စိတ်ဝင်စား ရပါတော့၏။



# ၇

"ကျွန်မနာမည် ရှင်ယွန်းမေပါ ...။ ငယ်နာမည်က ယွန်းမေ တဲ့။ ငယ်နာမည်ရယ်လို့လည်း မဟုတ်ပါဘူးလေ၊ အဖေ မှည့်လိုက်တာ ယွန်းမေပါပဲ။ ဒါပေမဲ့ ... အမေက နာမည် ရှေ့မှာ "ရှင်"ဆိုတာ ထည့်ပြီး ခေါ်ကျင့်ရှိပါတယ်၊ လမ်း ထဲက ဒေါ်သန်းစိန် ဆိုတဲ့ အမေ့သူငယ်ချင်းကိုလည်း ...

"အမေက ရှင်သန်းစိန် လို့ပဲ ခေါ်တတ်တာပါ။ အဲဒီတော့ ... ကျွန်မကို ခေါ်ပြီလားဆို ... ရှင်ယွန်းမေရေ တဲ့။ အမေ ခေါ်တာနဲ့ပဲ ဘေးအိမ်က လူတွေကပါ ရှင်ယွန်းမေလို့ လိုက်ခေါ်ကြတာတဲ့။ ဒါတွေ ကျွန်မသိလို့ တော့ မဟုတ်ပါဘူး။ အဖေ ပြန်ပြောပြတာ ...

"အဖေကတော့ ယွန်းမေပဲ။ အဖေ အဲဒါတွေ ပြန် ပြောပြတာကို ကျွန်မ မှတ်မိသလိုလို မမှတ်မိသလိုလိုနဲ့ ရေးတေးတေး မှတ်မိနေပါတယ်။ ကျွန်မ ကျောင်းနေတော့ ကျွန်မနာမည် ရှင်ယွန်းမေ ဖြစ်ရတာဟာ၊ အမေ ကျောင်း လိုက်အပ်ပေးလို့ပေါ့ ...

"အဖေသာ လိုက်အပ်ပေးခဲ့ရင် မယွန်းမေ ဖြစ်မှာ၊ ရှင်ယွန်းမေ ဆိုတဲ့ နာမည်လေးကလှတော့၊ ကျောင်းလိုက် အပ်ပေးခဲ့တယ်ဆိုတဲ့ အမေ့ကို ကျေးဇူးတင်လိုက်တာ၊ တကယ်တော့ အမေ့ကို ကျွန်မ မမှတ်မိပါဘူး။ အမေ့ မျက်နှာကိုလည်း မြင်ယောင်ကြည့်လို့ မရဘူး ...

"အမေ့ဓာတ်ပုံတွေ ဘာတွေလဲ မရှိဘူး။ မကျန်ရစ် တာ မဟုတ်ဘူးနော်၊ ရှိကို မရှိတာ။ အဲဒီတုန်းက ကျွန်မ တို့နေခဲ့တာ မြို့ကလေး တစ်မြို့ပဲ။ မြို့တော့ ဟုတ်ပါတယ်၊ ရွာတော့ မဖြစ်နိုင်ဘူး။ ဘာမြို့လဲ ကျွန်မ မမှတ်မိဘူး၊ ကျွန်မ ကျောင်းစတက်ပြီး နောက်တစ်လမှာ ...

"အမေဆုံးတယ်တဲ့။ ဘာရောဂါလဲ ကျွန်မ မမှတ်မိ ပါဘူး။ မကြာခင်မှာ ကျွန်မတို့သားအဖ အိမ်ပြောင်းကြ ပါတယ်။ ဘာမြို့လဲ မသိပါဘူး၊ နောက်တစ်မြို့ကို ပြောင်း တာ။ ကျွန်မ အဖေက အဝေးပြေး ကုန်ကားကြီးတွေ မောင်းတာ မှတ်မိနေတယ်၊ အဲဒီမြို့မှာ ကျွန်မ နောက်အမေ တစ်ယောက် ထပ်ရတာကျတော့ ...

"တော်တော်လေး မှတ်မိနိုင်တဲ့အရွယ်ကို ရောက် ပါပြီ။ ကျွန်မရဲ့ မိထွေး ဆိုတာ ကျွန်မ နားလည်ပါတယ်၊ အဖေက ... အဖေက ကားမောင်းရင်း ခရီးထွက်နေတော့ အိမ်မှာ သမီးတစ်ယောက်တည်း နေလို့မဖြစ်ဘူး၊ သမီးက ငယ်သေးတယ်၊ အဲဒါကြောင့် သမီးအတွက် အမေတစ် ယောက် ...



"အဖေ ထပ်ရှာပေးတာတဲ့။ အမေလို့ပဲ ခေါ်တဲ့။ သမီးရဲ့ အခုအမေက ပိုက်ဆံရှိတယ်၊ သမီး အကျႌလှလှ လေးတွေ ရမယ်၊ လိမ်လိမ်မာမာနေ၊ အမေနဲ့ တည့်အောင် ပေါင်း၊ အမေ့ပြောစကား နားထောင်တဲ့"

အဲဒါ ... ရန်ကုန်မြို့ဆိုတာ အသက်ကလေး နည်း ည်းကြီးလာမှ သိရပါသည်။ ဒုတိယအမေ ဒေါ်တင်တင်ညွန့်က ားသမီးမရှိသော မုဆိုးမ၊ အဖေဦးကြည်အောင်က သမီးတစ် ယောက် ပါလာသော မုဆိုးဖို။ ဒေါ်တင်တင်ညွန့် အထိုက်အလျောက် က်ဆံရှိပြီး၊ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ အဝေးပြေးယာဉ်မောင်း ကြည်အောင် (သမီးတစ်ယောက်လည်း ပါလာသေး)ကို ဘာ ကြောင့် လက်ထပ်ပါလိမ့်ဟု ဆိုရသော် ... အရွယ်နှင့်မလိုက် အောင် နုပျိုအရွယ်တင်ပြီး၊ အလုပ်အကိုင်က ကြမ်းတမ်းပေမဲ့ လုပ်နှင့် မလိုက်ဖက်စွာ ချောမောသန့်ပြန့်လွန်းလှသည့် ရုပ်ရည် ကြောင့်ပဲ ဖြစ်ပါသည်။

ကွယ်လွန်သူ အမေက မလှရှာပါ။

"ကြည်အောင့်သမီးက အဖေတူ။ ဒါကြောင့် လှတာ၊ အမေနဲ့တူရင် ဘယ်ချောလိမ့်မတုံး"

မိတ်ဆွေတချို့က ပြောကြပါသည်။ အဖေ ချောတာ ရှင်ယွန်းမေ မှတ်မိနေပါသည်။ အဖေ့ ရုပ်ရည်ကိုလည်း မှတ် ါသည်။ မှတ်မိဆို ... အဖေက ဒေါ်တင်တင်ညွန့်နှင့် လက် ပ်တော့ ဓာတ်ပုံတွေ ဘာတွေ ရိုက်သည်မို့ အဖေ မရှိတော့သည့် ချိန်မှာ အဖေ့ဓာတ်ပုံက ကျန်ရစ်ပါ၏။ ဒေါ်တင်တင်ညွန့်သည် သွားဆိုး မဟုတ်ပါ။ ကောင်းလည်း မကောင်းပါ။ နှိပ်နှိပ်စက်

စက် မရှိသလို ပတ်ပတ်သက်သက် ရင်းရင်းနှီးနှီးလည်း မရှိချေ။ အမေရှိစဉ်က အဖေနှင့် အမေကြားမှာ ဟိုဘက်ခွလိုက်၊ ဒီဘက်ခွလိုက်နှင့် ကိုယ်ရောစိတ်ပါ လုံခြုံစွာ အိပ်စက်ခဲ့ရသည့် ကျေနပ်ကြည်နူးမှုလေးကို မှတ်မိနေသည်။ အမေမရှိတော့ အဖေနှင့်တူတူအိပ်ပါသည်။ အဖေက ကျောကုတ်ပေး၊ ပုံပြောပြ ... ဆိုတာတွေနှင့် သိပ်ခဲ့၏။

အားငယ်ခြင်း၊ ထိတ်လန့်ခြင်း စသော မလုံမခြုံ ခံစားမှုများကို အဖေ နောက်အိမ်ထောင်ပြုသည့်နေ့မှစ၍ ခံစားရသည်။ အဲသည်နေ့ကစ၍ ရှင်ယွန်းမေ ... အခန်းလေး တစ်ခန်းထဲမှာ ဖျာကလေးခင်း၍ ခေါင်းအုံးလေးကတစ်လုံး၊ စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ပစ္စည်းအသစ်ကလေးတွေ ကိုယ်ပိုင်ရပြီး၊ တစ်ယောက်တည်း စတင်အိပ်ရသည်။ တစ်ညလုံး အိပ်မပျော်ပါ။ ပစ္စည်းသစ်တွေ (ဖျာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး) မှရသော အသစ်နံ့က လူကို ခြောက်လှန့်နေ၏။ ကိုယ်နှင့်စိမ်းသက်ကာ မပတ်သက်သလို ခံစားရသည်။

အဖေ့ ခြင်ထောင်အဟောင်းကြီးကို လွမ်း၏။ မကြာခဏ မလျှော်ဖြစ်သည်မို့ အနံ့အသက် မကောင်းလှပါ။ အဲသည်အဟောင်းနံ့က ရှင်ယွန်းမေနှင့် ယဉ်ပါးကာ စိတ်၏လုံခြုံမှုကို ပေးခဲ့သည်။ ခုတော့ ... ရန်မူမည့်သူတွေ ကိုယ့်ဘေးရောက်နေသလို ခံစားရသည်။ ခြင်ထောင့်အပြင်သို့ ထွက်ထိုင်နေတော့ မှောင်ကြီးမည်းကြီးမို့ ကြောက်၏။ ခြင်ထောင်ထဲ ပြန်ဝင်တော့လည်း မလုံခြုံ။ ငိုချင်စိတ်ထက် ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အားငယ်ခြင်း (အဲဒီအချိန်ကျမှ ... ည,ည အဖေပြောပြခဲ့ဖူးသော သရဲ



ပုံပြင်တွေကို ပြန်သတိရ)တို့သာ စိုးမိုးလျက် ရင်တွေ တဒိတ်ဒိတ်ခုန်၏။

ဒီကြားထဲ ... မိုးက ရွာလိုက်သေး၊ သွပ်မိုးပျဉ်ထောင်အိမ်ကလေးမို့၊ သွပ်ပြားပေါ် မိုးစက်ကျသံ ဖြုန်းဖြုန်းဒိုင်းဒိုင်းတွေကို နားငြီး၊ မိုးခြိမ်းသံက လိပ်ပြာလွင့်လုနီးပါး နှိပ်စက်၊ ဝင်းခနဲ လက်လိုက်သည့် လျှပ်စီးတွေက အိမ်ထဲ ... ဘယ်အပေါက်ကဝင်လာမှန်း မသိ၊ ကိုယ့်တစ်ယောက်တည်း မှောင်မည်းထဲမှာ တုတ်တုတ် ကြောက်နေတုန်း ဖျတ်ခနဲ လင်းသွားတာကို ဖြင်းခနဲ ကြောက်။ ရှင်ယွန်းမေဟာ ငယ်ငယ်ကတည်းက ကြောက်တတ်သူဖြစ်သည်။ နားထောင်လိုက်ပြီလား ဆိုလျှင်ဖြင့် သရဲပုံပြင်ချည်း။

သရဲကြီးက မျက်လုံးနီနီကြီးနှစ်လုံး ပြူးပြူး၊ တစ်လုံးတစ်လုံးက ထမင်းအုပ်ကြီးလောက်ဆိုပဲ။ သစ်ပင်ခွကြားမှာ မွေးပတ်ဖွားကြီးနဲ့ ငုတ်တုတ်ထိုင်နေတဲ့အခါမှာ လျှာကြီးကျတော့ မြေကြီးပေါ်ထိ ရှည်သတဲ့။ တစ်ခါတလေကျတော့ မြေကြီးပေါ်လှဲင်းအိပ်၊ နားရွက်ကြီးတစ်ဖက်ကို ခင်းပြီးအိပ်၊ နောက်နားရွက်တစ်ဖက်ကို စောင်လုပ်ခြုံ၊ နားရွက်ကြီးတွေကလည်း ကြီးလိုက်တာ။ စုန်းတွေ ဆိုတာကလည်း ညညဆို လူတွေရဲ့ဗိုက်ထဲက အူတွေလိုက်နှိုက်စားတတ်တယ်တဲ့။ လျှပ်စီးဝင်းခနဲ တစ်ချက်လက်လိုင်း၊ စုန်းဝင်ပြီထင်ကာ လိပ်ပြာတစ်ချက် လွင့်သည်။ ခါတိုင်းတစ်ခုခုကို ကြောက်တိုင်း အဖေ့ဆီ ပြေးသွားနေကျ။ ခုတော့ ... အဖေနှင့် သမီးကြားမှာ "မိထွေး"ဆိုသော ကန့်လန့်ကာတစ်ခုခြားလေပြီဆိုတာကို စိတ်ထဲ အလိုလိုသိရင်း အဖေ့ဆီလည်း ပြေးမသွားချင်တော့ပါ။

အဖေဟာ အားမကိုးရတော့ဘူး ... ဟူ၍ အားငယ်လိုက်တာ အတိုင်းမသိပင်။

နောက်တစ်နေ့မှာ အဖေက အလုပ်မသွား။ အမေ (အမေပဲ ဆိုပါတော့၊ အဖေက အမေခေါ်ရမည်ဟု သင်ထားတာ) က ချက်ပြုတ်ကျွေး၊ စားချိန်မှာ ...

"ယွန်းမေ ... ထမင်းစားမယ်လာ"... ဟု ခေါ်၍ ဝင်စားလိုက်သည်။

ကျောင်းရောက်တော့ သူငယ်ချင်းတွေထံမှာ ... ငါ မိထွေးရပြီ ... ဟု ပြောပြတော့မှ မျက်ရည်ပေါက်ပေါက်ကျ[illegible]သည်။

"မိထွေး ဆိုတာ စုန်းမကြီးတဲ့"

အဲသည်လို ဝိုင်းပြောသည့် သူငယ်ချင်းတွေရှိသည်။

"မိထွေးရလည်း ဘာဖြစ်လဲ၊ မိထွေး ဆိုတာ အမေကိုမမီရင်တောင် အဒေါ်လောက်တော့ အားကိုးရတာပဲ၊ နင့်အဖေကားမောင်းထွက်သွားရင် တစ်ယောက်တည်း ကျန်ခဲ့တာနဲ့စာရင် အဒေါ်လို မိန်းမကြီးကြီးတစ်ယောက်နဲ့ ကျန်ခဲ့တာပိုကောင်းတာပေါ့"

အဲသည်လို ပြောဖော်ရတာ "ဖြူစင်သန့်"ဆိုသည့် သူငယ်ချင်းလေးပါပဲ။

"မိထွေးကိုလေ ... ကိုယ်စပြီး ချစ်ကြည့်လိုက်ပေါ့။ သူက ပြန်ချစ်လိမ့်မယ်"

ဖြူစင်သန့်သည် လူကြီးလူကောင်း မိဘနှစ်ပါးတို့၏ ကောင်းမွန်စွာ စောင့်ရှောက်ပဲ့ပြင်မှုဖြင့် လူဖြစ်လာရသူတည်း။



[illegible]စင်သန့်၏ မိဘများ ဆုံးမလေ့ရှိသော စကား၊ ပြောလေ့ရှိသော [illegible]ြင်၊ လူသားတိုင်းအပေါ် ထားရှိတတ်သော မေတ္တာတရားတို့ [illegible] ရှင်ယွန်းမေရဲ့ မိဘများနှင့်တော့ ကွာခြားခဲ့တာပင်။ ရှင်ယွန်း[illegible]၏ မိဘနှစ်ပါးနှင့် ဖြူစင်သန့်၏ မိဘနှစ်ပါးတို့၊ သားသမီး[illegible]ပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာ ထုထည်ပမာဏဟာ တန်းတူ[illegible]ပဲ ဖြစ်ပါလိမ့်မည်။ သို့ပေမဲ့ အသိပညာ၊ ဉာဏ်ရည် ဉာဏ်သွေး[illegible]ဘတွေမှာ)၊ အတွေးအခေါ် အယူအဆ စသည်တို့ ကွာခြားပါ[illegible]မ့်မည်။

ဦးမျိုးသန့်နှင့် ဒေါ်ဝင်းဝင်းဖြူတို့က ပညာတတ်မိဘ[illegible]း ဖြစ်၏။ စည်းစိမ်ဥစ္စာ ပြည့်စုံသည်။ စီးပွားချည်း ကျုံးရှာ[illegible]နေဘဲ၊ စာဖတ်ခြင်း၊ ဗဟုသုတရှာမှီးခြင်း၊ ဘာသာတရားကိုင်[illegible]းခြင်းတို့မှာ ရှင်ယွန်းမေ မိဘများနှင့် အဆပေါင်းများစွာ ကွာ[illegible]ားသည်။

သားသမီး ဆုံးမရာတွင် ကွာသည်။ အချစ်ကို [illegible]သပုံခြင်း ကွာသည်။ ဖြူစင်သန့်သည် ကောင်းမွန်စွာ စောင့်[illegible]ာက်ဆုံးမပဲ့ပြင်တတ်သော ချစ်တတ်ပုံ နည်းမှန်သော မိဘများ[illegible]ဆင်းသက်ခဲ့၏။ ရှင်ယွန်းမေ ကျတော့ ... အဖေက ကားမောင်း[illegible]ရသည်။ အိမ်မှာမရှိ။ အမေက နည်းလမ်းမှန်ကန်စွာ ထိန်း[illegible]ာင်း၊ ချစ်ပြတတ်သူ မဟုတ်ပါ။ စင်စစ် ... အမေသည် လေး[illegible]တန်းလောက်ထိသာ ကျောင်းနေဖူး၏။ ဆယ်တန်းနှစ်ခါကျ[illegible]ဖေ၏ နှုတ်ဖျားမှာလည်း (အသိဉာဏ်တိုးပွားစေသည့် စာပေ[illegible] ဖတ်ရှုလေ့လာခြင်း မရှိသောကြောင့်) သရဲပုံပြင်နှင့် စုန်းနတ်[illegible]ဘတို့ အကြောင်းသာ တည်ရှိ၏။

စုန်းနတ်ကဝေ သရဲဆိုတာ ရှိလားလည်း မသိ၊ မရှိလားလည်း မသိ၊ ကိုယ်တွေ့ ကြုံဖူးသူ မရှိသလောက်ပင်။ ကြုံဖူးပါသည် ဆိုသူတို့၏ အတွေ့အကြုံသည်လည်း မျက်ဝါးထင်ထင် ဆိုတာတက်၊ ယုန်ထင် ကြောင်ထင်၊ မပီမိုးတဝါးသာတည်း။ သို့ပေမဲ့ ... အဲသည်အကြောင်းတွေက ရိုးရာပုံပြင်များနှယ် မပြောတတ်သူ မရှိသလောက်ပင်။ တခြား ဘာပုံမျှ မပြောတတ်ဘူး ဆိုလျှင်တောင် ... ချေးစားစုန်းဆိုတာ ဝင်းဝင်းကြီး ... ဆိုသည့် ပုံလောက်တော့ ကြားဖူးနားဝနှင့် ပြန်ပြောတတ်တာပဲ ဖြစ်၏။

ခုနစ်နှစ် ရှစ်နှစ်ရွယ် ကလေးတစ်ယောက်၏ ည… ကြောက်ရွံ့ခန်းများ၊ အိပ်ပျက်ညများသည် ကလေးငယ်၏စိတ်ကို သေသေချာချာကြီး ထိခိုက်စေတော့သည်။ မိဘမစုံလင်တော့သောကြောင့် ဘက်ပဲ့မိဘ တစ်ဦးတည်းနှင့် နေရလျှင်တောင် ကလေးငယ်၏ စိတ်အစဉ်မှာ မလုံမခြုံ၊ မပြည့်မစုံ ခံစားမှုများဖြင့် သိမ်ငယ်ရသေးသည်။ ဘက်ပဲ့မိဘမှတစ်ဆင့် မိထွေး၊ ပထွေး ရလာပြီဆိုလျှင် ပို၍ဆိုးတော့သည်။ ဘယ်သူက စထွင်လိုက်သည် ဇာတ်လမ်းမှန်းတော့ မသိ ... မိထွေး ဆိုလျှင် စုန်းမကြီး၊ ပထွေး ဆိုလျှင် ဘီလူးကြီး ... အဲသည်လို ခံစားတတ်ဖို့ အတွေး… ကလေးငယ်တို့၏ ဦးနှောက်တွင်းသို့ ရိုက်သွင်းခံရမြဲတည်း။

"နင့်မိထွေးက နင့်ကို ရိုက်သေးလား"

"ဟင့်အင်း ... ဘာလို့ မေးတာလဲ"

"ငါက အိမ်မှာ ပြန်ပြောတာပေါ့။ နင့်မှာ မိထွေးရှိတယ် ဆိုတော့၊ ငါ့အမေက ပြောတယ်၊ မိထွေး ဆိုတာ လင်…



သားသမီးတွေကို နှိပ်စက်ဖို့ ရောက်လာတာတဲ့။ နင်တော့ ဒုက္ခရောက်တော့မယ်တဲ့"

ကျောင်းမှာ သူငယ်ချင်း ပေါက်စလေးတွေက သူ…ဉာဏ်မီသလောက်၊ ဦးနှောက်ပေါက်စလေးတွေနှင့် ပြောတတ်…။ ဦးနှောက်အဆင့်အတန်း မြင့်သည့် မိဘမှ ဆင်းသက်ခဲ့သော …စင်သန့်၏ ဦးနှောက်ကတော့ အသိဉာဏ်ကလေး တဝေဝေ…င့်ပါ။

"အဲဒီလို မပြောကြနဲ့ကွာ၊ ကောင်းတဲ့ မိထွေးတွေ အများကြီး၊ ကောင်းတဲ့ ပထွေးတွေလည်း အများကြီးတဲ့။ ငါတို့ မေမေက ပြောတယ်။ ငါတို့ မြတ်စွာဘုရားရဲ့ မိထွေးတော် ဂေါတမီဆိုရင် မြတ်စွာဘုရား အလောင်းမင်းသားလေးကို နို့တိုက်ပြီး မွေးခဲ့တာတဲ့"

ဖြူစင်သန့်၏ အိပ်ရာဝင် ပုံပြင်တို့မှာ၊ ဇာတ်ကြီး…ယ်ဘွဲ့၊ ငါးရာ့ငါးဆယ် နိပါတ်တော်၊ ဗုဒ္ဓဝင်၊ မဟာဝင်စသည်…ကို ကလေးနားလည်လွယ်သည့် စကားလုံးများဖြင့် တန်ဆာ…င်ထားသည့် ပုံပြင်များချည်း။

"ညညကျရင် သရဲ ကုပ်လာချိုးမှာ အရမ်းကြောက်တာပဲ။ ဟိုနားက ချိုးချိုးချွတ်၊ ဒီနားက ချိုးချိုးချွတ်နဲ့"

"သရဲလာရင် ပြောလိုက်၊ ကျွန်မကို မချိုးပါနဲ့ သရဲကြီး ရှင်လို့။ ဖြူစင်သန့်ဆီ သွားပါလို့။ ငါ့ဆီ လွှတ်လိုက်ပေါ့ ဟယ်"

"နင့်ကုပ်ကိုချိုးတော့ ဘယ့်နှယ်လုပ်မလဲ"

“မချိုးပါဘူး။ သရဲဆိုတာ မရှိဘူး။ ဘယ်သူမှလဲ မြင်ဖူး
တာ မဟုတ်ဘူး၊ ရှိရင်တောင် ... သရဲက လူလောက်
မမြင့်မြတ်ဘူး။ ဘုရားရှိခိုးပြီး အိပ်ရင် ဘယ်သရဲမှ အနား
မကပ်နိုင်ဘူး။ ပြေးရော”

ဖြူစင်သန့်သည် အဲသည် အရွယ်ကတည်းမှစ၍
ရှင်ယွန်းမေ၏ မှီခိုရာ အားထားရာ ဖြစ်ခဲ့သည်။ စိတ်ဓာတ်က
စရာနှင့် ကြုံတိုင်း ဝင်ခိုပြီး ငိုစရာဒေသသည် ဖြူစင်သန့်၏ ရင်
ခွင်တည်း။

“နင့်မိထွေးက နင့်ကို မရိုက်မနှက်ဘူး၊ ထမင်းဝအေ
ကျွေးတယ် ဆိုတာ ဘယ်လောက် ဝမ်းသာစရာကောင်းလဲ
နင်စားဖို့ ထမင်းကို သူ ချက်နေတာ၊ ဘယ်လောက်ကျေးဇူ
တင်စရာ ကောင်းလဲ”

ဖြူစင်သန့် ပြောတာကျတော့ ဟုတ်တုတ်တုတ်
ပါပဲ။ သို့ပေမဲ့ ... မဆူမရိုက်သော မိထွေးသည် အရောလည်း
မဝင်ပါ။ တစ်နေကုန်နေလို့မှ စကားတစ်ခွန်း မပြောဖြစ်သည့်
နေ့တွေ ရှိ၏။ ထမင်းစားချိန်မှာ ကိုယ့်ဘာသာ ခူးခပ်စားလိုက်
သည်။ ဟင်းကို တိုင်းမပေးပါ။ စားချင်သလောက် ခပ်စားခွင့်
ရှိ၏။ သို့ပေမဲ့ ... အဖေပါ မစားရသေးသည်မို့ ရှင်ယွန်းမေသည်
ရှိသည့်ဟင်း၏ လေးပုံတစ်ပုံကိုပဲ စားသည်။ လူကြီးနှစ်ယောက်
အတွက် ပိုပိုသာသာ သဘောနှင့် လေးပုံသုံးပုံ ချန်လေ့ရှိသည်
ချည်း။

ဒေါ်တင်တင်ညွန့်က အရင်စားနှင့်လျှင်လည်း ရှင်
ယွမ်းမေ အတွက် လုံလောက်စွာ ချန်သည်ချည်း။ ကုန်ကားသ



ဘတ်သည့် အဖေက ကုန်ကားကိုပဲ ဆက်မောင်းနေတော့
တစ်ခါခရီးထွက်လျှင် ငါးရက်၊ တစ်ပတ်ဆိုသလို။ ပြန်လာ
အိမ်မှာနေသည့်ရက်က တစ်ရက်၊ နှစ်ရက်ထက် ပိုလေ့မရှိ

“နင့်မိထွေးက ပိုက်ဆံရှိတယ်ဆို၊ နင် ဟိုအရင်တစ်ခါ
ပြောတာ၊ သူက ဘာလုပ်လဲ”

“အခု ... ငါတို့နေတဲ့အိမ်က ဒေါ်လေးတင်တင်ပိုင်တာ”

စကားထဲမှာ မိထွေး ... မိထွေး ဆိုတာချည်း ပါ၊
သည်မို့ တစ်ခုခုခေါ်ဖို့ ဖြူစင်သန့်ပဲ သင်ပေးခဲ့၏။ ငါဘယ်
ရမှန်း မသိဘူး ... ဟု ပြောခဲ့သည်။

“နင့်အဖေက သင်မပေးဘူးလား”

“အမေလို့ ခေါ်တဲ့”

“ခေါ်လိုက်လေ”

“ပါးစပ်က မထွက်ဘူး”

“ဒါဆို ... ဒေါ်လေးတင်တင်လို့ ခေါ်လိုက်”

အဲသည်နောက်ပိုင်းမှာ ဒေါ်လေးတင်တင်ဟု ခေါ်
ိထွေးက ခပ်ပြုံးပြုံးလေး ဖြစ်လာသည်။

“သူက ငါ့ကို စကားသိပ်မပြောဘူး”

“ဆူပူမာန်မဲနေတာနဲ့ စာရင် စကားသိပ်မပြောဘဲနေတာ
ဝမ်းသာစရာကြီးပဲ။ ပျော်လိုက်”

ဟု သင်ပေးသည်မို့ ပျော်ကြည့်ပေမဲ့ မပျော်ပါ။
နည်းနည်းလျော့တာကို အပျော်ဟု သတ်မှတ်၍ မရပါ။

“အဲဒီ ဒေါ်လေးတင်တင်က အလုပ် လုပ်သေးလား”

"ဈေးထဲမှာ နေ့ပြန်တိုး ပေးတယ်တဲ့။ မနက်ကျရင် ဈေး
သွားရင်း၊ ပိုက်ဆံတွေလည်း ပေးခဲ့တယ်၊ ပိုက်ဆံတွေလည်း
ရခဲ့တယ်"

"နင် ကျောင်းတက်ရင် ပါလာတဲ့ မုန့်ဖိုးက ဒေါ်လေး
တင်တင် ပေးတာလား"

"မဟုတ်ဘူး၊ အဖေ ပေးတာ"

"နင့်အဖေက ကားထွက်နေတော့ ဘယ်လိုပေးလဲ"

"အဖေက ပိုက်ဆံရလာရင် ဒေါ်လေးတင်တင်ကို တစ်ဝက်
ငါ့ကိုတစ်ဝက်၊ သူတစ်ဝက် ယူတယ်"

"ဒါဆို တစ်ဝက် ဘယ်ဟုတ်မလဲ၊ သုံးပုံတစ်ပုံပေါ့"

"အေး ... သုံးပုံ တစ်ပုံ"

"ဒေါ်လေးတင်တင် သိလား၊ အဲဒီလိုပေးတာ"

"သိတယ်"

"ဆူသေးလား၊ ကျေနပ်ရဲ့လား"

"မဆူဘူး၊ ကျေနပ်တယ်"

"တော်တော်ကောင်းတဲ့ မိထွေးပဲဟယ်၊ ဘယ်လောက်ခ
စရာ ကောင်းလဲ။ ဝမ်းသာစရာကြီး"

"ငါရတဲ့ ပိုက်ဆံလေးတွေကို ငါ့သေတ္တာထဲမှာ ထည့်သိ
ထားပြီး၊ ကျောင်းတက်ရင် နည်းနည်း ... နည်းနည်းယူ
တာ၊ ကျောင်းဖွင့်ကာစ ဆိုရင် မလောက်ဘူး။ အဲဒီအ
ကျ အဖေက ထပ်ပေးတယ်"

"နင် မိထွေးရတာ ကံကောင်းတယ်လို့ မှတ်လိုက်ပြီး အ
ဒေါ်လေးတင်တင်ကို ချစ်လိုက်ပေါ့"



"ငါ ချစ်လို့ကို မရဘူး၊ သူကလည်း ငါ့ကို မချစ်ဘူး။
တစ်ခါတလေကျ ... အဖေ့ကို ပြောနေတာ ကြားတယ်။
သူက မုဆိုးမဘဝနဲ့နေတော့ လူရှိသေ ရှင်ရှိသေ မရှိဘူး
တဲ့။ ယောကျ်ားနဲ့ ဘာနဲ့ဆိုတော့ သူ့မှာ အရိပ်တစ်ခုရတာ
ကျေးဇူးတင်ပါတယ်တဲ့ ...

"ကြီးပေါင်းပေမဲ့ မေတ္တာအများကြီး ထားပါတယ်
တဲ့။ တကယ်တော့ သူက အိမ်ထောင်သာ ပြုလိုက်ရတယ်၊
ကိုယ့်ထမင်း ကိုယ်ရှာစားရရုံ မကဘူး၊ လူပိုနှစ်ယောက်ထဲ
က တစ်ယောက်စာကို သူ ကျွေးရတာတဲ့ ...

"ယောကျ်ားယူပြီး ယောကျ်ားလုပ်စာ မစားရဘူးတဲ့။
ဒါပေမဲ့ ... ကျေနပ်ပါတယ်တဲ့။ သူ့ဘက်က အဲဒီလိုကောင်း
တာတွေ ရှိသလို၊ သူ့အပေါ်လည်း ပြန်ကောင်းပါတဲ့။
သူ့ရဲ့ နေပုံထိုင်ပုံကို အပြစ်မပြောပါနဲ့တဲ့။ ဒီလိုပဲ နေချင်
တယ်တဲ့"

"နင့်ရှေ့မှာ ပြောတာလား"

"ငါ့ရှေ့မှာတော့ မဟုတ်ဘူး၊ ငါကြားတာ။ အဖေက ငါနဲ့
ရင်းရင်းနှီးနှီးနေဖို့ ပြောတာကို မနေချင်လို့ ပြောတာလို့
ထင်တာပဲ"

အဲသည်အချိန်ကျတော့ အသက်ကလေးက ဆယ်
ဆယ့်တစ်နှစ်လောက် ရှိခဲ့ပြီ။

"ဟုတ်လည်း ဘာဖြစ်လဲ"

"နင်တို့ သားမိသားဖတွေကို သိပ်အားကျတာပဲ။ ငါ့အဖေ
သမီး မဟုတ်ဘဲ နင့်အဖေရဲ့သမီးဖြစ်ရင် ကောင်းမှာပဲ"

"အဲဒီလို မပြောကောင်းဘူး၊ သားသမီးဆိုတာ ဘယ်မိဘ ရဲ့သားသမီးဖြစ်ဖြစ်၊ အဲဒီဘဝကို ကျေနပ်ပြီး ကိုယ့်မိဘရဲ့ အရိပ်ကို ကျေနပ်ပျော်ရွှင်နေရမယ်တဲ့"

"ဘယ်သူ ပြောတာလဲ"

"ငါတို့ မေမေ။ နင်က ငါ့မိဘတွေရဲ့သမီး ဖြစ်ချင်တယ်လို့ ခဏ ခဏ အရင်လည်း ပြောဖူးတော့၊ ငါက မေမေ့ကို ပြောတယ်၊ ရှင်ယွန်းမေကို မွေးစားပေးပါလို့။ နင့်အဖေက ဘယ်ပေးမလဲတဲ့"

"ပေးမလားလို့ ငါ မေးကြည့်မယ်"

"မပေးပါဘူး၊ မမေးနဲ့ စိတ်ဆိုးလိမ့်မယ်"

ရှင်ယွန်းမေက မနေပါ။ ခရီးထွက်နေသည်မို့ အဖေမရှိပါ။ တစ်နေကုန်လို့မှ စကားတစ်ခွန်း နှစ်ခွန်းထက် ပိုမပြောဖြစ်ပေမဲ့ မျက်နှာထားတင်းခြင်း၊ ရန်လိုငြူစူခြင်း မရှိသော (ချစ်ခင်ရင်းနှီးမှုလည်း လုံးဝမပြသော) ဒေါ်လေးတင်တင်နားသို့ မရဲတရဲ ကပ်လေ၏။

"ဒေါ်လေးတင်တင် ... ကျွန်မ တစ်ခုပြောချင်လို့ပါ"

ဒေါ်တင်တင်ညွန့်က ခေါင်းညိတ်၏။

"ကျွန်မကို ဖြူစင့်မိဘတွေက မွေးစားရင် ပေးလိုက်မလားဟင်"

ဒေါ်တင်တင်ညွန့် မျက်နှာကွက်ခနဲ ပျက်လေ၏။

"မပေးဘူး၊ ငါ့ကို လူကဲ့ရဲ့မှာပေါ့။ ညည်းကို ငါ ဘာတစ်ခု နှိပ်စက်သလဲ"

"ဟင့်အင်း"



"ပြီးရော"

အဲသည်နေ့က ဝါကျတိုတစ်ကြောင်းနှင့် ဝါကျရှည်တစ်ကြောင်း ပြောဖြစ်တာ (အဲဒီအချိန်ထိ) အဖေ မိန်းမယူပြီးသည့် သက်တမ်းတစ်လျှောက် အဲသည် တစ်ကြိမ်တည်းပါပဲ။ နောက်တစ်ခါမှာ ပြောဖြစ်သည့် ဝါကျရှည်တစ်ကြောင်းက ...

"ဖြူစင်သန့် အိမ်ကို လိုက်လိုက်မသွားနဲ့။ ညည်းကို ငါက ပစ်ထားတယ် ဖြစ်မယ်။ ငါ့ကို သူများကဲ့ရဲ့မယ်။ ဟိုသူဌေးအိမ်မှာ သွားပြီး သွားရေယိုရအောင် ညည်းကို ငါ အငတ်ထားတာလည်း မဟုတ်ဘူး၊ ငါ့စကား နားမထောင်ရင် ညည်းအဖေ ပြန်လာရင် တိုင်မယ်"... တဲ့။

ရှင်ယွန်းမေ နားထောင်ပါသည်။ သို့ပေမဲ့ ... အဖေပြန်လာတော့ တိုင်ဖြစ်အောင် တိုင်သည်။

"ယွန်းမေ ... နင် မိဘကို ပုန်ကန်မယ် စိတ်မကူးနဲ့၊ သောက်သုံးမကျ ဖြစ်သွားမယ်"

အဖေ့ဝါကျက သိပ်မရှည်ပါ။ သို့ပေမဲ့ ... ဖြောင်းခနဲ နားရင်းအုပ်လိုက်ချက်က မျက်လုံးထဲတောင် မီးပွင့်သွားရသည်။ အဖေက ရိုက်ခဲပါသည်။ ရိုက်ပြီဆိုလည်း ချက်ရေမများ တစ်ချက်တည်း။ အဲသည် တစ်ချက်တည်းမှာ ယောကျ်ားကြီး (စိတ်ကြမ်း ကိုယ်ကြမ်း အလုပ်ကြမ်းနှင့် ကြမ်းတမ်းနေသော) တစ်ဦး၏ **ခွန်အား**ကို အပြည့်ထည့်သုံးပစ်လိုက်သည်မို့ တစ်ချက်**ဆို ... ဆိုသလောက်**၊ နားအုံများ ပွင့်ထွက်သွားမလား ထင်**ရသည်။ လေး,ငါးရက်လောက် နားလေးသွားသည်ဟုပင်** ထင်**ပါသည်။**

သိမ်ငယ်စိတ်၊ ဆုတ်နစ်စိတ်၊ ကိုယ့်ဘဝကို အလိုမကျစိတ်၊ တစ်ဖက်သား အားကျစိတ်နှင့်တကွ အကောင် အထည်မရှိ အလကားနေရင်း ကြောက်တတ် လန့်တတ်စိတ် ပူးပေါင်းလျက် ရှင်ယွန်းမေ ဆိုသည့် ကလေးငယ်၏ ဘဝ ရှင်သန်ခဲ့ရပါသည်။

"စိတ်ကျန်းမာဖို့ ကုတယ်ဆိုတာ၊ ဆေးလည်းဆေးဝါး လေ။ ဆေးထက် သူ့စိတ် ပြောင်းလဲလာအောင်၊ လ ကောင်းလေးပေါ် ရောက်လာအောင် တည့်မတ်ပေးရတာ အခါကဆိုတော့ စကားများများ ပြောပေးရတာပဲ။ အခါ ကုသခြင်းဟာ စကားပြောခြင်းနဲ့ သူ့စိတ်ကို လမ်းကြော တည့်ပေးရတာ"

ပထမပိုင်းမှာ မင်းချမ်းနှင့် သီတာအေးတို့ လူ သတင်းမေး တစ်ရက် နှစ်ရက် သွားပါသည်။ လူနာက သူ့ကို သူ ဖြူစင်သန့် အဖြစ်နှင့်ပင် ရပ်တည်၏။ အိပ်မွေ့ချ၍ ကို ဘဝမကျေနပ်ခြင်းများ၊ ကိုယ့်ဘဝထဲမှ ထွက်ပြေးခြင်းများ ပြောခိုင်းပြီးသည့် နောက်တစ်ရက်မှစ၍ မင်းချမ်းနှင့် သီတာအေး တို့ကို လူနာသတင်းမေးလာခွင့် မပြုတော့ပါ။ ဒေါက်တာမိုးမြင့် က ... လူနာ၏ နာမည်ကို ဖြူစင်သန့်ဟုလည်း မခေါ်၊ ရှင်ယွန်း ဟုလည်း မခေါ်။ နာမည်မပါဘဲ စကားပြောသည်။ မပြောမ



ပ်လာလျှင် ... အရင်တုန်းက သုံးခဲ့သည့် "ညီမလေး"ဆိုတာ သည်း မသုံးဘဲ "ညည်း"ဟူသည့် နာမ်စားကိုပဲ သုံး၏။

မင်းချမ်းက မိုးမြင့်သူ ပြန်ကာနီးတိုင်း အခြေအနေ စောင့်မေးသည်။

"ကိုမိုးတို့ ဆေးကုရပုံက အဆန်းပဲနော်"

"ဆန်းတယ်တော့လည်း မဟုတ်ဘူးပေါ့၊ ဒါက ဒီလိုပဲ ကုရတာကိုး။ စိတ်ကျန်းမာရေး ဆရာဝန်ဆိုတာ စကားပြော ခြင်းဟာ ဆေးကုခြင်းပါပဲ"

"ကိုမိုး အင်္ဂလန်မှာတုန်းကလည်း အဲဒီလိုပဲလား"

"အဲဒီလိုပဲ။ စိတ်မကျန်းမာဘူး ဆိုတာ အမျိုးမျိုးရှိတယ်။ စိတ်ကစဉ့်ကလျား ဖြစ်နေတဲ့သူ၊ ကိုယ့်ကိုယ်ကိုယ် သူများ လို့ ထင်နေတဲ့သူ၊ အခု ရှင်ယွန်းမေလိုပေါ့။ တချို့က စိတ်ဓာတ်ကျတာ ... နည်းနည်းကျတာ မဟုတ်ဘူးနော် ...

"သေချင်လောက်အောင်ကျလို့ သေကြောင်းကြံဖို့ ချည်း ကြိုးစားနေတာ၊ တချို့က သက်ကြီးရွယ်အိုတွေ သူငယ်ပြန်တာ"

"သူငယ်ပြန်တာလည်း စိတ်ရောဂါပဲလား"

"စိတ်ရောဂါပဲ။ တို့ဆီမှာတော့ အသက်ကြီးလို့ သူငယ် ပြန်ရင် သားသမီးတွေက အလိုလိုက်၊ အကြိုက်ဆောင်ပြီး စောင့်ရှောက်ထားလိုက်ကြတာပဲ၊ ဆေးကုရကောင်းမှန်း မသိဘူး၊ ဟိုမှာတော့ ကုကြတယ်။ တချို့ကကျတော့ ကလေးတွေ ...

"မွေးတည်းက ဦးနှောက်ကျပ်မပြည့်ဘဲ အစစ
နေးနေတာ၊ ဟိုမသွားခင် ပေးရှင့်တစ်ယောက် တွေ့ဖူးတ
ယောက်ျားလေး ... အသက်က ဆယ့်ကိုး၊ ကျောင်း
စာသင်လို့ မရဘူး။ လူကောင်ကြီးက ထွားနေပြီ၊ သူ့ကြ
လိုက်ရင် ဆော့နေတာပဲ ...

"သုံးလေးနှစ်သားရဲ့ အသိဉာဏ်ပဲ ရှိတော့၊ ထ
ခွံ့ရတယ်၊ ရေချိုးပေးရတယ်၊ အိမ်သာတက်ချင်ရင် သ
အော်တယ်၊ အီးပါမယ် ... တဲ့။ အဲဒါ သွားတည့်ရတ

"မလွယ်ပါလား၊ ဒီအရွယ်ကြီးကို"

"မိဘက ပိုက်ဆံတတ်နိုင်တော့ မေးလ်နာ့စ် (Male N
ယောက်ျားသူနာပြု) ငှားထားရတာပေါ့။ မိန်းမသူနာ
ပြုလို့ဘယ်ဖြစ်ပါ့မလဲ။ အဲဒါမျိုးတွေ ... ဒီမှာတော့ အ
လိုက် ချော့မော့ပြီး ထားကြတာပဲ၊ ဟိုမှာတော့ ဆေးရုံ
ပြီး ကုကြတယ် ..."

"သွက်သွက်လည်တွေရော ရှိလား"

"ရှိတာပေါ့ ... တိုက်ပိတ်ခေါ်တာပေါ့"

"လူနာတွေသတ်လို့ ဆရာဝန်သေတာ ရှိဖူးတယ်ဆို"

"ကြားဖူးတယ်၊ ငါတော့ မသေခဲ့ဘူး၊ တစ်ခါ ငါ့ကို
လှဲပြီး ထွက်ပြေးတာလေ၊ ဒါတောင် ငါ့ဘေးမှာ အာန်
လူသန်ကြီး ငါးယောက်တောင် ပါတာ၊ မိန်းမကြီး
ယောက်ကျတော့ ဘယ်က တုတ်တစ်ချောင်း ရထားတ
မသိဘူး ...



"ငါ့ကို လှမ်းရိုက်လိုက်တာ ပါးကို ထိသွားတယ်
ကွာ၊ နာလိုက်တာ မပြောပါနဲ့တော့၊ အဲဒီဆေးရုံတွေမှာ
လုပ်ပြီဆိုရင် ... ကိုယ့်ကို လူနာတွေက ရန်ပြုရင် ကာကွယ်
ဖို့ ကာကွယ်နည်း၊ သင်တန်းတက်ရတယ် ...

"ဒါပေမဲ့ ... နည်းနည်းကလေးမှ ပြန်မလုပ်ရဘူး၊
သိုင်းသမားတွေလို သူချ ကိုယ်ချ သင်တန်း မဟုတ်ဘူး၊
သူချ ကိုယ်ရှောင်သင်တန်း ခေါ်ရမလားပဲ"

"အန္တရာယ် ကြီးလိုက်တာ ကိုမိုးရာ"

"တစ်ခါတလေကျ ... အဲဒီကြမ်းတဲ့ ပေးရှင့်တွေကို အခန်း
ပြောင်းရတဲ့ အခါလည်း ရှိသေးတယ်။ သူတို့အခန်းကို
သန့်ရှင်းရေးလုပ်ဖို့ လိုတဲ့အခါတို့၊ ဝါ့ဒ်(Ward)ပြောင်းတာ
တို့၊ အဲဒီအခါကျရင် Swat ဆွာ့တ်တွေ သိလား။ ရဲတွေ
ဆိုပါတော့ ... သူတို့ကို အကူအညီခေါ်လို့ရတယ်။ ကြေးစား
လူသန်ကြီးတွေ"

"သိတယ် ... ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးတယ်"

"အဲဒီ Swat တွေ ငှားရတယ်။ လူနာတစ်ယောက် Swat
ဆယ့်ငါးယောက်ထိန်းမှ နိုင်တယ်"

"မြတ်စွာဘုရား"

"စိတ်သာမကျန်းမာတာ၊ လူက အရမ်းကျန်းမာပြီး ခွန်အား
တွေ ဘယ်လိုဖြစ်ထွန်းနေတယ် မသိပါဘူးကွာ၊ အရမ်းလည်း
သတိထားရတယ်၊ စေတနာလည်း အရမ်းထားရတယ်။
ငါတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးကတော့၊ သူတို့ဆီသွားရင်
မေတ္တာပို့ပြီး ဝင်သွားတာပဲ"

"မေတ္တာအပေါင်း အာနိုးငါးယောက်ပေါ့"

"အေး ... ဟုတ်တယ်ကွ"

"ကောင်မလေးက မကြမ်းလို့ တော်သေးတယ်နော်"

"ကောင်မလေး မခေါ်နဲ့၊ မင်းနဲ့ ရွယ်တူပဲ"

"ကိုမိုးက သူ့အသက်ကို သိလို့လား"

"ငါက မင်းယောက္ခမဆီ ရောက်ပြီးပြီ။ သူ့သမီး ဖြူသန့်စင်ရဲ့ သူငယ်ချင်း ရှင်ယွန်းမေ အကြောင်းကို နည်းနည်းပါးပါး ပြောပြနိုင်တယ်"

"မနေ့ကပဲ ကျွန်တော် ရောက်သေးတယ်။ အန်တီဖြူ နေကောင်းလား သွားကြည့်တာ၊ မပြောလိုက်ဘူး"

"အန်တီဖြူကိုမှ မမေးခဲ့တာ။ အန်တီဖြူ့ကို မေးရင် အဟောင်းတွေ အသစ်ဖြစ်မှာစိုးလို့၊ အန်ကယ်လ်ဦးမျိုးသန့်ကိုပဲ သွားတွေ့ခဲ့တာ၊ ရှင်ယွန်းမေ ဆိုတဲ့ ကောင်မလေး နေမကောင်းတာ ငါကုပေးရတဲ့ အကြောင်း ...

"စစချင်းမှာတော့ တိုးမြင့်သူ အစ်ကိုပါဆိုပြီး မိတ်ဆက်ရတာပေါ့ကွာ၊ ဆရာဝန်ဆိုတာ ပြောပြတယ်၊ ပြီးတော့မှ ရှင်ယွန်းမေ အကြောင်း သိသလောက် ပြောပြပါလို့မေးရတာ ...

"ကောင်မလေးက ဘယ်သူမှ မရှိတဲ့၊ တကယ့်တစ်ကောင်ကြွက်ပဲ။ သူက သူ့ကိုယ်သူ ဖြူစင်သန့်ပါလို့ ပြောနေတဲ့ အကြောင်းတော့ မပြောခဲ့ဘူး၊ မင်းယောက္ခမတွေ တကယ် စိတ်ဓာတ်ကောင်းတယ်ကွာ။ ငါ့ကို သိသလောက် ပြောပြတယ် ...



"အဲဒီ ရှင်ယွန်းမေ ဆိုတဲ့ ကောင်မလေးကို သမီးက တစ်သက်လုံး ကူညီလာတာတဲ့၊ အခုလည်း ရှင်ယွန်းမေ အတွက် ငွေရေးကြေးရေး လိုအပ်ရင် ပြောပါတဲ့၊ ဘယ်ဆေးခန်းလဲဆိုလို့ မင်းဆီမှာဆိုတာ ပြောခဲ့တယ်၊ အားတဲ့တစ်နေ့ လာကြည့်ဦးမယ်တဲ့ ...

"မလာပါနဲ့ဦးလို့၊ အရင်က သိခဲ့ဖူးတဲ့ လူတွေနဲ့ တွေ့ချိန်မတန်သေးဘူးလို့၊ ကျွန်တော်ဖိတ်တဲ့ အခါကျရင်သာ အန်ကယ်လ် ကူညီကြွရောက်ပေးပါလို့ ပြောခဲ့တယ်"

"ဖြူစင်တို့ မိသားစုဟာ စိတ်ဓာတ်ကောင်းတဲ့ နေရာမှာ ရှားပါတယ် ကိုမိုးရာ။ ယောကျ်ား ... ဆိုတဲ့ စိတ်နဲ့သာ ဖြေရတယ်၊ ဖြူစင့်အတွက် ခုထိခံစားရတုန်းပါပဲ။ ကျွန်တော်တောင် ဒီလောက်ဆို ... သူ့ မိဘတွေ ပိုဆိုးတော့မှာပေါ့"

"အေး ... ဖြူစင်သန့် ဘဝက အဲဒီလို လူတကာတန်ဖိုးထား ချီးမြှင့်ရလောက်အောင် မက်မောစရာ ကောင်းလွန်းလို့လည်း ဒီကောင်မလေးဟာ ဖြူစင်သန့် ဆိုတဲ့ ဘဝထဲ ရောက်သွားတော့တာပေါ့"

"သူ ... ရှင်ယွန်းမေ ဆိုတာ ကိုမိုး သေချာပြီလား"

"သူပဲ ပြောတာလေ။ သူ့ကို အိပ်မွေ့ချပြီး သူ့အကြောင်းတွေ ပြောခိုင်းရင်၊ ကျွန်မနာမည် ရှင်ယွန်းမေပါ ... ဆိုတာကစပြီး ပြောတော့တာပဲ"

အောက်မေ့တယ် စင့်လေးရေ ... မင်းကို မင်းသူငယ်ချင်းမလေးကတောင် ဒီလောက် မက်မောရင်၊ ကိုယ်ဘယ်လောက် မက်မောမလဲ ဆိုတာ ပြောမပြတတ်တော့ပါဘူး။ နောက်ဘဝဆိုတာ ရှိခဲ့ရင်၊ ပြန်ဆုံချင်တယ် စင်လေးရယ်။



## ၈

"ကျွန်မ နာမည် ... ရှင်ယွန်းမေပါ"

အင့်စိတ်နှင့်သာ ... ဘဝတစ်ခု ရှင်သန်ခဲ့ရသူမို့ ...ရာသည် နာကျင်ဖွယ်ချည်း ဖြစ်နေခဲ့၏။ ပြဿနာတစ်ခု ...ကြောင်းအရာတစ်ခု အသစ်အဆန်း ကြုံရ ကြားရတိုင်း အပျက် ...ဘင့်၊ ဆုတ်နစ်စိတ်ထား၊ နာကျင်ဖွယ် ခံစားချက်တို့နှင့်သာ ...ဆိုင်ဖြစ်၏။

ပျော်ရွှင်ခြင်း ... ဆိုတာ ရှင်ယွန်းမေ ဘဝမှာ မရှိ ...ကြာပြီ။ လုံးဝမရှိပါ ... ဟုတောင် ပြောနိုင်ပါသည်။ မိဘ ...က ပျော်ကောင်း ပျော်ခဲ့ဖူးမည် ဖြစ်သော်ငြား၊ မမှတ်မိပါ။ ...မရှိကတည်းက လုံးဝမပျော်ရတော့ပါ။ မပျော်တတ်တော့ ...ပျော်စရာဆိုတာ ရှာလို့ကို မတွေ့တော့တာပါ။ စိတ်ညစ်ညူး ...ဘူးဆိုလျှင် ကြောက်လန့်နေသည်။ ကြောက်လန့်မနေဘူးဆို ...သည့် အချိန်တွေမှာ အားငယ်နေသည်။ ပတ်ဝန်းကျင်မှာ ရှိရှိ ...(မိမိမ...တ်သော) လူတိုင်း၏ ဘဝတွေသည် ရှင်ယွန်းမေ ...မျှော်တမ်းတဖွယ်ချည်း။ ရယ်မော ပျော်ရွှင်နေကြသူတွေ၏ ...ကို နားမလည်ဘဲ အားကျနေမိသည်။

"ဘာတွေ ဒီလောက် ရယ်စရာကောင်းပြီး ပျော်နေကြတာလဲ"... ဟု မေးချင်၏။

ဖြူစင်သန့်တို့အိမ်သို့ လိုက်လည်ဖြစ်သည့် အခိုက်မှာ ဗီဒီယိုတွေ ဘာတွေ ကြည့်ဖြစ်လျှင်၊ ရယ်စရာပါ၍ သူတို့တွေ ရယ်ကြလည်း ရှင်ယွန်းမေ ရယ်ချင်စိတ် မရှိချေ။ ရယ်မောခြင်း ဆိုသည့် ခံစားချက် ပျောက်ဆုံးနေ၏။ မည်သည့် ဟာသမျှ ရှင်ယွန်းမေကို ရယ်အောင် မစွမ်းဆောင်နိုင်သလို ရှိချေ၏။ တစ်ခါတစ်ရံတော့ ... ရှင်ယွန်းမေ ရယ်ဖူးပါသည်။ အဲသည်အရယ်ဟာ ပျော်လို့ရယ်တာ မဟုတ်ဘဲ မချိမဲ့နှင့် ရယ်တာမို့ "မချိလို့ပေါ်တဲ့သွား၊ ရယ်သလားမမေးကြပါနှင့်"... ဟု ပြောချင်၏။

ရုပ်ရှင်ဇာတ်လမ်းထဲမှာ မင်းသမီးက အကယ်ဒမီရလောက်အောင် ငိုပြလွမ်းပြနေသည်မို့ သူများတွေ လိုက်ငိုသည့်သူကငို၊ တကျွတ်ကျွတ်နှင့် စုတ်သပ်သနားသူက သနား ... ဖြစ်နေလည်း ရှင်ယွန်းမေ သနားစိတ် ကင်းမဲ့နေရသည်။ ဝမ်းမနည်းပါ။ မသနားပါ။ ဒုက္ခဆင်းရဲ ရောက်နေသော မင်းသမီးသည် ရှင်ယွန်းမေ ဆိုသည့် ကောင်မလေးလောက် သနားစရာမကောင်းဟု ထင်၏။ မင်းသမီး ဒုက္ခဟာ ရှင်ယွန်းမေရဲ့ ဒုက္ခတွေကို မမီဟု ထင်၏။ မငိုမရယ်နှင့် တည်ငြိမ်လွန်းလှသည့် ရှင်ယွန်းမေကို ဖြူစင်သန့်က "တရားရှင်"... ဟု ခေါ်၏။

"နင်က တရားပြည့်နေတာပဲ ဖြစ်ရမယ်။ အရာရာကို တရားသဘောနဲ့ ရှုမြင်နေတော့ ဝမ်းနည်းဝမ်းသာဆိုတဲ့ အစွန်းရောက် ခံစားမှုတွေ ဆိတ်သုဉ်းသွားတာ"

ဟုတ်မယ် မထင်ပါဘူး ... ဟု ကျိတ်ငြင်း၏။



ကိုယ့်သူငယ်ချင်း သူတော်ကောင်းမလေးဟာ အရာရာမှာ အကောင်းမြင်ဝါဒ လက်ကိုင်ထား၏။ သူ့ကြည့်လိုက်လျှင် ပျော်ရွှင်ကြည်နူးနေသည်။ ကျေနပ်အားရနေသည်။

"နင့်ကို ငါ အားကျလိုက်တာ"

"အားကျရင် အတုခိုးလိုက်လေ။ လိုက်လုပ်၊ လိုက်နေ၊ လိုက်ပျော်၊ လိုက်ရယ်၊ ငါ့လိုပဲ နေလိုက်"

"နေချင်တယ် နေလို့မရဘူး"

တဖြည်းဖြည်းနှင့် ... ဘယ်သူနှင့်မျှ အပေါင်းအသင်းလုပ်ချင်စိတ် မရှိတော့ပါ။ အမြဲလို အိမ်မကပ်ရသော အဖေ၊ အိမ်ကပ်ရသည့် နှစ်ရက် သုံးရက် ဆိုသော အချိန်ကလေးကို ဒေါ်လေးတင်တင်က သုံးစွဲထားသည်မို့ ဖဲ့ယူဖို့မဖြစ်။ အဖေ့ကို ဒေါ်လေးတင်တင်ထံမှ ဝင်လုခြင်းဖြင့် မလိုလားအပ်သော တင်းမာမှုတွေ ဖြစ်လာမှာကို စိုးရိမ်သည်။ အဲဒါကို အရွယ်နှင့်မလိုက် ... နားလည်လက်ခံပေးနေရသည်။

"သမီး စာတွေ လိုက်နိုင်ရဲ့လား"

အဖေတစ်ခွန်းမေးလျှင် ... ဟုတ်ကဲ့ ... ဟုဖြေပြီး အဖေ့နားမှ အမြန်ခွာဖြစ်၏။ ဒေါ်လေးတင်တင်ဟာ အဖေ့ကို ချစ်ရှာသည် ဆိုတာကို သိ၏။ သမီးကလည်း ချစ်တာပါပဲ။ သို့ပေမဲ့ ... ဒေါ်လေးတင်တင်ကိုပဲ ဦးစားပေး ချစ်ခွင့်ပေးရမည်။ သမီးက ကြည့်မှ နောက်ဆုတ် ... ဟု ကိုယ့်ဘာသာ ဆင်ခြင်လိုက်ခြင်းဖြင့် အဖေသာ ခရီးပြန်ထွက်သွားရော စကားသုံးလေးခွန်းထက် ပိုမပြောဖြစ်လိုက်ပါ။

ကျောင်းတက်နေခြင်းဖြစ်၍ ဆရာ,ဆရာမတို့ စာမေးလျှင် ဖြေရသည်။ သူငယ်ချင်း တချို့နှင့် စကားနည်းနည်းပါးပါး ပြောဖြစ်သည်။ အဲဒီလောက်သာ မရှိလျှင် ရှင်ယွန်းမေ ဆိုတာ စကားတောင် ပြောတတ်ပါတော့မလား မသိ၊ စကားပြောခြင်းကို မေ့လျော့သွားနိုင်၏။ စကား ... အဲဒီလောက် နည်းရပါသည်။ နည်းချင်လို့ နည်းရတာမဟုတ်၊ ပြောစရာစကား မရှိ၊ ပြောစရာလူ မရှိ၊ ဘယ်တော့မဆို တစ်ယောက်တည်း အထီးကျန်မို့ တစ်ယောက်တည်း စကားပြောနေလျှင်လည်း အရူး အထင်ခံရတော့မည်။ ပါးစပ်ပိတ်နေတာ အကောင်းဆုံးပါပဲ။

ပြဿနာသည် ... ရှစ်တန်းနှစ်မှာ စခဲ့သည်ဟု ဆိုရပါမည်။

မိန်းမသားတစ်ယောက် ပျိုဘော်ဝင်ချိန်မှာ သွေးလေချောက်ချားသွားတတ်သည်ဟု ကြားဖူးနားဝရှိသည်။ စိတ်ဂယောက်ဂယက် ဖြစ်တတ်သည်ဆိုတာ ဘယ်သူပြောထားမှန်း (ဟုတ်မဟုတ်၊ မှန်မမှန် မသိပါ)မသိ၊ ကြားဖူးနေသည်။ ဒီအချိန် ဒီလိုဖြစ်တတ်သည်ဆိုတော့ ... ငါ ဘယ်တော့ ဂယောက်ဂယက် ဖြစ်မလဲ ... ဟူသည့် စိုးရိမ်စိတ်က ခြောက်လှန့်၏။ အဲသည်အချိန်မှာ သတင်းဆိုးတစ်ခုက ရှင်ယွန်းမေ၏ ဘဝကို ဝင်ဆောင့်လိုက်တော့တာပါပဲ။

"ဦးကြည်အောင် ... ကားမှောက်လို့"

ဒေါ်လေးတင်တင်က ... အမယ်လေး ... ဟု တ,ကာ သတိလစ်သွားလေ၏။ သတင်းပေးလာသူနှင့် အိမ်နီးပါးချင်းတွေက ဒေါ်လေးတင်တင်ကို ဝိုင်းပွေ့၊ နာနပ်သူကနပ်၊ ချော့မော့



နှစ်သိမ့်သူက နှစ်သိမ့်၊ ခြေမချိုးသူကချိုး၊ ငုတ်တုတ်ကြီး အသက်ပျောက်သလို ဖြစ်နေသည့် ရှင်ယွန်းမေကျတော့ မပြုံမလဲသည်မို့ ဘာမှ မဖြစ်ဘူး ထင်ကြပုံရ၏။ ရှင်ယွန်းမေ ဘေးမှာ ဘယ်သူမျှ မရှိ။

"ဘယ်သူမှ မရှိဘူး ... ဘယ်သူမှ မရှိဘူး"

နှုတ်ခမ်းလေး လှုပ်၍ လေသံကလေးသာ ထွက်သည်။

"တစ်ယောက်တည်း ကျန်ခဲ့ပြီ၊ အားကိုးရာမဲ့ပြီ။ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ကားမှောက်တယ် ဆိုတာ ကားပဲမှောက်တာ၊ လူမှောက်တာမှ မဟုတ်ဘဲ၊ အဖေ မသေပါဘူး၊ အဖေပြန်လာမှာ"

တစ်ယောက်တည်း စကားပြော၏။ လေသံမထွက်သည်မို့ ငုတ်တုတ်လေး ငြိမ်နေသူကို မည်သူမျှ သတိမထားမိကြ ရှင်ယွန်းမေ မျက်ဝန်းတွေက ကြောင်တောင်တောင်။

"အဖေ ပြန်လာမှာ၊ အဖေ ပြန်လာမှာ"

ထပ်တလဲလဲ ရေရွတ်ရင်း ငိုဖို့သတိမရ၊ ငိုစရာ တ်ဟု ထင်၏။ ငိုချင်စိတ် မရှိ၊ ရင်ထဲမှာ ဆို့တာလား ဘာ မသေချာ၊ ထမင်းမစားဖြစ်ပဲ ဆာရကောင်းမှန်းမသိ၊ ဂရု က် ကျွေးမည့်သူလည်း မရှိ၊ အိမ်ပေါ်မှာ လာရောက်ဝိုင်းဝန်း ပြုတ်ကူညီကြသူတွေက ဒေါ်လေးတင်တင်ကို ထမင်းချော့ ကျွေးနေကြသည်။ ဒေါ်လေးတင်တင်က တစ်ငိုတည်းငို၏။ တော့ ဆေးတိုက်ပြီး အိပ်ခိုင်းကြသည်တဲ့။ ဒေါ်လေးတင်တင် ပျော်သွားသည်။

ရှင်ယွန်းမေ မအိပ်ဖြစ်။ ကိုယ်အိပ်နေတုန်း အဖေ ရောက်လာလျှင် မတွေ့လိုက်ရဘဲ ခရီးပြန်ထွက်သွားမှာကို ကြောက် နေသည်။

"အဖေ ပြန်လာမှာ။ အဖေ ပြန်လာမှာ"

တတွတ်တွတ် ရေရွတ်၏။ ဒီတစ်ခါတော့ ပြန် ပြန်လာမှာ။ သေချာသည်။ နောက်တစ်ခါ ပြန်ထွက်သွားလျှ တော့၊ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး ဆိုတာသိ သည်။ နောက်တစ်ခါ ထွက်မသွားဖို့ပဲ အရေးကြီး၏။ မျှော်လ ထားသည့်အတိုင်း အဖေ ပြန်လာသည်။ အဖေ ပြန်လာလို့သ အလောင်းစင် ပြင်ပြထားတာပေါ့။ အဖေက ပြန်တော့လာသည် အသက်ပါမလာ။ သက်မဲ့ရုပ်အဖြစ်နှင့် အကြာကြီးနေလည်း ပြ တာပဲ မဟုတ်လား။

မဖြစ်ဘူးလား မသိပါ။

"အဖေ့ကို ခေါ်မသွားကြပါနဲ့"

အဖေ့ကို ထမ်းသွားကြတော့ ပြေးလိုက်တောင်း ၏။ မရပါ။ ဘယ်သူတွေမှန်းမသိ၊ ကိုယ့်ကို ဝိုင်းဆွဲထားကြသည် သူငယ်ချင်း ဖြူစင်သန့်နှင့် ကျောင်းက သူငယ်ချင်းတချို့ ထင်၏။

"အဖေ့ကို ပြန်ပေးပါ"

အော်ဟစ်တောင်း၏။ မရပါ။ ဒေါ်လေးတင် သတိလစ်သွားသည်။ ပွေ့၍ ထုတ်သွားကြတာ မြင်သည်။ အ နှင့် ဒေါ်လေးတင်တင်တို့ တစ်လမ်းစီ ကွဲကွာသွားကြပြီ။



"အဖေ့ကို ပြန်ပေးပါ"

တံခါးကြီး ဂျိန်းခနဲ မပိတ်မီ ... အဖေ့ကို ထိုးထည့် ိက်သည့် အခန်းထဲမှာ တဟုန်းဟုန်းတောက်နေသည့် မီးတွေ ကို လှစ်ခနဲ မြင်လိုက်သည်။

"အဖေ ပူပြီ။ အဖေ ပူပြီ"

ကျုံးအော်ပစ်လိုက်သည်။

"အဖေ့ကို ပြန်ပေးပါ။ ပြန်ပေးပါ ... ပြန်ပေးပါ"

အသံက တဖြည်းဖြည်း တိမ်ဝင်သွားတာကို နောက် း သိလိုက်ပါသည်။

သတိရတော့ အိမ်ပြန်ရောက်နေပြီ။

ယူကျုံးမရ ... ဆိုသည့် ခံစားချက်ဖြင့် အိပ်ရာမှ လာသလို စိတ်ထဲထင်၏။ အဖေမရှိတော့ပြီ ... ဆိုတာကို နား ည်လိုက်သည်။ အဖေ ပြန်ထွက်သွားပြီ။ အဖေက ပြန်ထွက် ားချင်ရဲ့လား၊ မသွားချင်ဘူးလား မသိပါ။ အဖေ့ကို အတင်း င်းထိုးထုတ်သွားကြတာ၊ အဖေ့ကို နင်လွှတ်ကြတာ၊ အဖေ့ကို ိက်သည့်နေရာကလည်း မီးတဟုန်းဟုန်း။ ဒီတစ်ခါ ထွက်သွား င် ဘယ်တော့မှ ပြန်မလာတော့ဘူး ဆိုတာ အစကတည်းက ပြီးသား။ အဖေမရှိတော့ပြီ ဆိုတော့ အားကိုးရာ ဘယ်မှာလဲ။ ပ် ဘယ်မှာလဲ။

“ရှင်ယွန်း ... နင် စားလည်းမစားဘူး၊ အိပ်လည်း မအိပ်ဘူး၊ သုံးရက်တောင် ရှိပြီ။ ငိုလည်း မငိုဘူး၊ ငိုချလိုက်ပါလား ရှင်ယွန်းရယ်၊ နင် ငိုလိုက်ရင် ... ရင်ထဲပေါ့သွားမယ်”

ဘာလို့ ငိုခိုင်းနေမှန်း မသိ။ ငိုမှ မငိုချင်တာ။ ဘာလို့ ငိုရမှာလဲ။ မငိုပါဘူး။ ငိုလို့သာ ရင်ထဲပေါ့သွားမယ် ဆိုရင် ပိုတောင် မငိုချင်သေး။ ရင်ထဲမှ ... မပေါ့ချင်တာ။ လေးနေ တင်းကျပ်နေ၊ ဆို့နေချင်တာ။ နေပစေ။ မငိုချင်ပါဘူး။

“ရှင်ယွန်း ... ဒါလေး နည်းနည်းသောက်လိုက်နော်”

ချစ်လှစွာသော သူငယ်ချင်းလေး။ ဖြူစင်သန့် ဘာမှန်းမသိ လာတိုက်နေသည်။ ဒီသူငယ်ချင်း ကိုယ့်ပေါ်ကောင်းတာ ကိုယ်သာ အသိဆုံး။ သူ့စကားတော့ နားထောင်ရမည်။ သူ လာပေးသည့် ပန်းကန်ကို ဆွဲသောက်ပစ်လိုက်သည်။ ခဏကြာတော့ အိပ်ချင်လာ၏။ ငုတ်တုတ် ငိုက်မိသည် ထင်သည်။

“လာ ... ရှင်ယွန်း၊ အခန်းထဲမှာ သွားအိပ်မယ်”

ဖြူစင်သန့်က တွဲခေါ်တော့ လိုက်သွားလိုက်၏။ ခဏအကြာမှာ အိပ်ပျော်သွားခဲ့သည်။ စောစောက ဖြူစင် ဘာတွေတိုက်လို့ ငိုက်ကျတာလဲဟု တစ်ချက်ကလေးပဲ တွေးနိုင်သည်။ အတွေးဆုံးသည်နှင့် အိပ်ပျော်၏။

အူကြောင်ကြောင် ငူငေါင်ငေါင် အဖြစ်ကြီးမှ နိုး၏။ အဖေ့ ရက်လည်ဆွမ်း သပိတ်တောင် သွပ်ပြီးပြီ။ အဲသည်အချိန်မှာ အဖေဆုံးပြီဆိုတာ သိစိတ်ဖြင့် လက်ခံနိုင်ခဲ့ပြီ။

“ငါ ဒုက္ခရောက်ပြီ ဖြူစင်”



“ငါနဲ့ လိုက်နေပေါ့”

ဒေါ်လေးတင်တင်ထံ ခွင့်တောင်းတော့ ခေါင်းခါ။ ဒေါ်လေးတင်တင်က ဖြူစင့်ကို ကြည့်သည်။

“ခုချက်ချင်း မခေါ်ပါနဲ့ သမီးရယ် ... ဒေါ်လေး ဘယ်ကောင်းမလဲ။ ရှင်ယွန်းမေ လိုက်မသွားရဘူး။ ငါ ခွင့်မပြုဘူး။ ဒီမှာပဲ ဆက်နေဦး”

ဖြူစင့်ကိုကျတော့ လေသံနည်းနည်းချို၏။ ပျော့၏။ ယွန်းကိုကျတော့ တိကျပြတ်သား၍ ခိုင်မာသော အသံဖြင့်၏။

“ဟုတ်တယ် ... အဖေမရှိတော့လို့ နင့်ကို နင်ချတယ်လို့ ပြောကြရင် ဒေါ်လေးတင်တင် ဘယ်ကောင်းမလဲ။ နင် နေလိုက်ပါဦး”

ဖြူစင် ကိုယ်တိုင်က ပြန်ထားနေမှတော့၊ လိုက် လို့ မဖြစ်ပြန်ချေ။ အိမ်သည် ပို၍တိတ်ဆိတ်ခြောက်သွေ့သွားသည်။ ဒေါ်လေးတင်တင် ရုပ်ရည်က ဆွဲချလိုက်သလို အိုမင်းကျ သည်။ ရှင်ယွန်းက ကျောင်းမသွားမီ ချက်ပြုတ်ပေးခဲ့သည်။ ကျောင်းက ပြန်လာလျှင် တစ်ခါချက်ပြုတ်။ စာလေး ဘာလေး နည်းပါးပါးကျက်။ ဒေါ်လေးတင်တင် ချက်ပြုတ်စဉ်က ...

“ရှင်ယွန်းမေ ... ထမင်းစားမယ်”... ဟု တစ်ခါမျှ ခဲ့။ ရှင်ယွန်းမေ ထမင်းချက်တော့လည်း ...

“ဒေါ်လေးတင်တင် ထမင်းစားမယ်”... ဟု တစ်ခါ ခေါ်ပါ။ သူ ဆာသည့်အချိန် သူ့ဘာသာ ထစားသည်။ ယွန်းက ဆာသည့်အချိန် ကိုယ့်ဘာသာစားသည်။ တစ်အိမ်လုံး

မှာ လူသားက နှစ်ယောက်တည်း။ ခုနစ်ရက်ပြည့်လို့လည်း စကားတစ်ခွန်း မပြောဖြစ်။ စိတ်ဆိုးမုန်းမျက်နေတာလည်း မဟုတ် ရန်လည်း မဖြစ်၊ မခေါ်တာလည်း မဟုတ်၊ ပြောစရာစကားကို မရှိတာ ဖြစ်၏။

ထမင်းဟင်းချက်ဖို့၊ ဆီ ဆန် ငရုတ် စသည်များ ဟင်းရံအခြောက်အခြမ်းအဖြစ်၊ အာလူး၊ ပဲ၊ ကြာဆံ၊ ငါးခြောက် စသည်များ ဒေါ်လေးတင်တင် ဘယ်လိုဝယ်ဖြည့်ထားသည်မသိ၊ နေ့ခင်းနေ့လယ်ပဲ ဈေးသွားသလား၊ လူကြုံပဲ မှာသလားလဲမသိ၊ ရှင်ယွန်းကလည်း မမေး၊ သားငါး အစိမ်းအစို ... ဒေါ်လေးတင်တင် ကလည်း မဝယ်၊ ရှင်ယွန်းလည်း သွားမဝယ်၊ မီးဖိုထဲရှိတာကို ကောက်ချက်နေလိုက်သည်။ စားလို့ဖြစ်လျှင် ပြီးတာပဲမဟုတ် လား။

အဲသည်နှစ်က ရှစ်တန်းလေး အောင်လိုက်တာတော့ အဆိုးထဲမှ အမြတ်ကလေး တစ်ခုပါပဲ။

✧ ❧ ✧

သူငယ်ချင်း ဖြူစင်တို့ အိမ်ပြောင်း၏။

"တက္ကသိုလ်ရိပ်သာလမ်းကခြံက အတော်ပဲ၊ ကေတစ်မင်း နီးပါး ရှိတယ်၊ နှစ်ထပ်တိုက် တစ်လုံးနဲ့ဆိုတော့ တို့သား သားဖသုံးယောက်ရယ် ... ခြံထဲက ကားဂိုဒေါင်နဲ့ အ အပေါ်ထပ်ခန်းမှာ အိမ်ဖော်တွေ အိပ်ဖို့ရယ် အနေတော် ခုနေတဲ့ခြံက ကျယ်လွန်းတော့ ...



"အိမ်ကလည်း သိပ်ကြီးနေတော့ ... ထိန်းသိမ်းရ တာ မလွယ်ဘူး။ တစ်နေ့ တစ်နေ့ တံမြက်စည်းလှည်း ဖုန်သုတ်ရတာကိုက လူတစ်ယောက် ကုန်တယ်၊ ရေချိုး ခန်းဆေး၊ ကြမ်းတိုက်၊ အခန်းတွေလည်းစေ့ရော၊ တစ်နေ လည်းကုန်ရော၊ ဒီကြားထဲမှာ ...

"သူ ထမင်းစားချိန်လေးပဲ အားတယ်၊ ရေတောင် ညနေမှ ချိုးရတယ်၊ ခြံထဲကျတော့လည်း တူတူပဲ၊ မြက် ခင်းအတွက်က လူတစ်ယောက် ကုန်တယ်၊ ငါတို့စိုက်ထား တာက ဂျပန်မြက်၊ သန့်စွမ်းနေတာက မြက်ရိုင်းတွေ၊ အဲဒါတွေ လိုက်နုတ်ရတယ် ...

"ရိတ်ရတယ်၊ မြေစာကျွေးရတယ်၊ မနက်ပြန်ညပြန် ရေလောင်းရတယ်၊ မေမေ့သစ်ခွနဲ့ ပိန်းပန်းတွေ၊ တခြား အပင်တွေအတွက်က တစ်ယောက်ကုန်တယ်။ ခြံထဲမှာချည်း နှစ်ယောက်၊ ထမင်းချက်နဲ့ အဝတ်လျှော်သမားက တစ် ယောက်တည်းနဲ့ပြီးလို့ တော်သေးတယ် ...

"အိမ်မှာ ကောင်မလေးချည်း လေးယောက်၊ ဒရိုင် ဘာတစ်ယောက်ဆိုတော့ အလုပ်သမားက ငါးယောက်၊ အိမ်ရှင်က သုံးယောက် ဖြစ်နေတယ်ကွာ၊ ဂရုစိုက်ရတာ လည်း ပင်ပန်းတယ်။ ဖေဖေက ဒီအိမ်ကို နည်းနည်းထပ် ပြင်ပြီး နိုင်ငံခြားသား ငှားမယ်တဲ့ ...

"ငါတို့က မြေနည်းနည်းကျဉ်းတဲ့ တက္ကသိုလ်ရိပ်သာ လမ်းကအိမ်ကို ပြောင်းမယ်၊ အဲဒီမှာကျတော့ မြက်ခင်း ကလည်း သိပ်မကျယ်ဘူးကွ၊ ပြီးတော့ ဘဲစားမြက်တွေ

စိုက်ထားတော့ သိပ်ဂရုစိုက်စရာ မလိုဘူး၊ ခြံထဲ တစ်ယောက်နဲ့ပြီးရင်၊ သန့်ရှင်းရေးတစ်ယောက်၊ ချက်ပြုတ်လျှော်ဖွပ် တစ်ယောက် ...

"ဒရိုင်ဘာတစ်ယောက်ဆိုရင်၊ အလုပ်သမားတစ်ယောက်စာလည်း သက်သာမယ်၊ မေမေက ခြံကို**မထိန်း**နိုင်တော့တာလည်း ပါတယ်၊ ပြီးတော့ ... လူခေါ်ရတာလည်း မလွယ်ဘူးကွာ၊ မိန်းကလေး ... လေးယောက်ထဲက ...

"တစ်ယောက် ရွာပြန်ရင် ကသိပြီ၊ နှစ်ယောက်လောက်များပြန်ရင် အိမ်မှာ ယန္တရားကြီး ရပ်သလောက်ပဲ၊ မြက်ခင်းလည်း စုတ်ပြတ်၊ ကြမ်းတွေလည်း မပြောင်ရောင်၊ အိမ်ကြီးပြီး ခြံကျယ်လေ အလုပ်သမားလိုလေပဲ၊ မေ**မေက** ခြံကျဉ်း၊ အိမ်ကျဉ်းနဲ့ပဲ နေတော့မယ်တဲ့ ...

"ကောင်မလေးတွေ တစ်ယောက် ပြန်ပြီ**ဆိုတိုင်း** နောက်တစ်ယောက် ထပ်ရှာတာလည်း စိတ်ည**စ်တယ်၊** ရတိုင်းလည်း အဆင်ပြေတာမဟုတ်ဘူး။ မေမေက **တာဝန်**တွေ လျှော့ချင်ပြီတဲ့"

"ဒီခြံထဲက ပန်းပင်တွေ ဘယ်လိုလုပ်မလဲ"

"နိုင်ငံခြားသားငှားရင် ထည့်ငှားမယ်တဲ့"

"သေကုန်ရင်ရော"

"ဖြစ်ကတတ်ဆန်းတော့ သူတို့ မလုပ်ပါဘူး၊ နိုင်ငံခြားသားဆိုကတည်းက သူတို့မှာ မာလီပါပြီးသား၊ သူတို့မာလီနဲ့ သူတို့ဆက်ထိန်းသွားလိမ့်မယ်၊ သူတို့က အဲဒါမျိုးတော့ စည်းကမ်းရှိပါတယ်၊ ဒီကြားထဲကမှ သေရင်တော့လည်း _



"ဒီလိုပဲ ဖြေရမှာပေါ့။ လူတောင် သေရသေးတာ၊ သစ်ပင်ဆိုတာလည်း သေမျိုးပဲလို့"

ဖြူစင်က သူ့စကားသူ သဘောကျပြီး ရယ်၏။ ...ပြောင်းတာက အရေးမကြီးပါ။ ကျောင်းပြောင်းတာက ရှင်ယွန်း...ခတ်ကို ဆွဲချလိုက်သလို ဖြစ်တော့သည်။

"ကိုးတန်း ဆယ်တန်း ဆိုတော့ စာကျက်ရတော့မယ်၊ **မေမေနဲ့** ဖေဖေက ... ဝါသနာမပါရင် ဆရာဝန်လိုင်းယူဖို့ မပြောပါဘူးတဲ့။ ဒါပေမဲ့ ... ယူချင်ရဲ့သားနဲ့ အမှတ်မမီလို့ မယူရဘူးဆိုတာ မဖြစ်စေချင်ဘူးတဲ့။ တက္ကသိုလ်တက်ရင် ...

"ကြိုက်တဲ့လိုင်းကိုယူ၊ ဒါပေမဲ့ ... ဆေးတက္ကသိုလ်ဝင်တဲ့ အမှတ်တော့ ရအောင်ယူပေးရမယ်တဲ့။ ဒီတော့ ... တစ်နေကုန် ကျောင်းက အချိန်ပုပ်တယ်။ နှစ်ချိန်ကျောင်းပြောင်းမယ်တဲ့ကွာ"

"ငါလည်း လိုက်ပြောင်းမယ်"... ဟု ပြောမထွက်... ကျောင်းပြောင်းရတာ လွယ်တာမှ မဟုတ်ဘဲ။ ကျောင်းသစ်...င်ခွင့်ရဖို့အတွက်က မံနည်းကြီး ကြိုးစားရမှာ၊ ဆရာမိဘ...င်း ရန်ပုံငွေအတွက် ကျောင်းအတွက် အလှူငွေထည့်ရဦး ...ကျောင်းပြောင်းတယ် ဆိုတာ ပြောင်းချင်တိုင်း ... ပြောင်းလို့...မှတ်လို့။

"ကျောင်းပိတ်ရက်တွေမှာ တွေ့ကြတာပေါ့၊ အားမငယ်နဲ့။ ကျောင်းစရိတ် လိုတာရှိရင် ပြောနော်"

အဖေ ဆုံးစဉ်က ကြောင်တောင်တောင်ကြီးဖြစ်ကာ မငိုခဲ့သော ရှင်ယွန်း ... ခုမှ ချုံးပွဲချ ငိုတော့သည်။ ဖြူစင်က မျက်ရည်သုတ်ပေးရင်း၊ သူလည်း မျက်ရည်ဝဲရှာသည်။ ဒီသူငယ်ချင်း ရှင်ယွန်း ... ငိုတာကိုပဲ သဘောကျ ကျေနပ်ရသေး၏၊ ငိုစရာရှိလျှင် ငိုတာက ပုံမှန်လေ။ ငိုစရာကို မငို၊ ရယ်စရာကို မရယ်တာက ပုံမှန်မှ မဟုတ်ဘဲ။

ဖြူစင် အိမ်ပြောင်း၊ ကျောင်းပြောင်း ကိုးတန်းတွေ ဖွင့်စမှာ ဒေါ်လေးတင်တင် ဆုံးရှာ၏။

တစ်နေ့ မနက် ... ရှင်ယွန်း စောစောထပြီး ထမင်းအိုးတည်နေတုန်း "ဝုန်း"ခနဲ လဲပြိုသံကြီးကြောင့် ဒေါ်လေးတင်တင် အိပ်ခန်းသို့ ပြေးကြည့်သည်။ အိပ်ရာမှ ထလိုက်ဟန်တူသော ဒေါ်လေးတင်တင် ... အခန်းအလယ်မှာ ဘိုင်းဘိုင်းကြီး လဲနေ၏၊

"ဒေါ်လေးတင်တင်"

ရှင်ယွန်း ပြေးပွေ့သည်။ ဒေါ်လေးက အိပ်ရာဆီသို့ လက်ညှိုးထိုး၏။

"ယူ ... ယူ ..."

သတိတော့ ရနေသည်။ အသက်ရှူနေပုံက ဖုတ်လှိုက် ဖုတ်လှိုက်။ စကားလုံးတွေက မပီမသ။ ယူ ... ဆိုလို့ ဒေါ်လေးကို ကြမ်းပြင်ပေါ် ဖြည်းဖြည်းပြန်ချပြီး ဘာကိုယူရမှန်း မသိ၊ ခေါင်းအုံးကို ဆွဲယူလိုက်တော့ ခေါင်းအုံးအောက်မှာ သော့တွဲတစ်တွဲ။

"ဒါလား ဒေါ်လေးတင်တင်"

ခေါင်းညိတ်၏။



"ဗီရို ... ပိုက်ဆံ"

ရှင်ယွန်း သဘောပေါက်ပါသည်။ ဗီရိုကို သွားဖွင့်သည်။ အဝတ်အစားတွေ ကြားထဲမှာ အိတ်ပျော့တစ်လုံး တွေ့၏။

"ဒါလား ဒေါ်လေးတင်တင်"

မေးရပြန်၏။ ခေါင်းညိတ်သည်မို့ ယူလာခဲ့ပြီး ဒေါ်လေးတင်တင် ရှေ့မှာပဲ ဖွင့်ကြည့်သည်။ ပိုက်ဆံတော်တော်များများနှင့် လက်ဝတ်လက်စားတချို့ကို တွေ့သည်။

"ဆေး ... ဆေးကုပြီးရင် ... ရင် ... ပို ... ပိုတာယူ ... ယူ"

ဪ ... ဒီပိုက်ဆံ ဒီပစ္စည်းတွေနှင့် သူ့ကို ဆေးကုခိုင်းတာ။ ပိုတာကို ယူလိုက်ဟု ပြောတာ ... နားလည်လိုက်သည်မို့ ပိုက်ဆံနည်းနည်း ထုတ်ယူလိုက်ပြီး၊ ဗီရိုထဲ ပြန်ထည့် သော့ပြန်ခတ်၊ သော့သိမ်း၊ အိမ်နီးပါးချင်းတွေ အော်ခေါ်ပြီး ...းငှား၊ ဆေးရုံတင်။ အဲသည်နေ့က ကျောင်းမတက်ဖြစ်တော့ပါ။

✧ ❧ ✧

သူ့ပိုက်ဆံနှင့် သူ့ကို ဆေးကုပေးရသည်မို့ လူနာအတွက် လိုလေသေးမရှိ လုပ်ပေးခဲ့ပါသည်။ ပိုက်ဆံထုပ်ကို ကိုယ့်သေတ္တာလေးထဲ ပြောင်းထည့်ထားတာက လူအထင်မကြီးသည့် နေရာမှာ တမင်ထားခြင်းပါ။ ဗီရိုထဲဆိုလျှင် အဖိုးတန်တာ ရှိနိုင်သည်ဟု လူတိုင်းက ထင်ကြမည်။ သူခိုးသူဝှက် ဝင်လာလျှင်

ဆောင် ဇီရိုကိုသာ ဦးစွာဖွင့်ပါလိမ့်မည်။ မိထွေးကို မှီခိုနေရသည့် လင်းပါသမီး၏ သေတ္တာစုတ်ထဲက တစ်ပတ်နွမ်း အင်္ကျီလုံချည်တွေရဲ့အောက်မှာ ပိုက်ဆံတစ်ထပ် ရှိနေလေရဲ့ ဟူ၍တော့ မည်သူကမျှ အထင်ကြီးမည် မဟုတ်ပါ။

ဆေးရုံတင်ဖို့ သွားကတည်းက လမ်းတစ်ဝက်မှာတင် သတိလစ်သွားခဲ့သော ဒေါ်လေးတင်တင် ခမျာ သတိကို ပြန်လည်မလာတော့တာပါ။ နောက်ထပ် ဘာစကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ၊ ဆေးရုံပေါ် သုံးရက်အကြာမှာ ကွယ်လွန်ရှာပါ၏။ ထုံးစံအတိုင်း ... ရှင်ယွန်း၊ မငိုဖြစ်ပြန်တော့။ ဒါကို ... လင်းပါသမီးမို့ မငိုတာဟု ထင်ကြမည်ဆိုလည်း ရှင်ယွန်းကတော့ ရှင်းပြနေမည် မဟုတ်ချေ။ ဖြူစင်ရောက်လာကာ အားပေးစကားပြောပြီး သူနှင့် လာနေဖို့ ခေါ်သည်။ ရှင်ယွန်း ခေါင်းညိတ်သည်။ ဒေါ်လေးတင်တင်၏ ဈာပနကို လှလှပပ ချသည်။ လှူတန်းအမျှဝေသည်။ သူ့ပိုက်ဆံတွေ သူ့အတွက် ပြန်သုံးပေးတာပဲမို့ တော်တော်လေး ကုန်သွား၏။ အသက်သာ ပြန်မရတာ၊ ဆေးရုံတက် သုံးရက် စရိတ်ကိုက တော်တော်ကုန်သွားခဲ့တာ ဖြစ်၏။ ဒေါ်လေးတင်တင် အသုဘချသည့်နေ့မှာပင် ရောက်လာသူ နှစ်ဦးက ထူးခြားလှသည်။

တစ်ဦးက ဒေါ်လေးတင်တင်၏ ညီမရင်းတဲ့။ နောက်တစ်ဦးက အဖေ့ညီမ နှစ်ဝမ်းကွဲတဲ့။ အဖေဆုံးတုန်းက ... အဲသည်နှစ်ယောက်လုံး ရောက်မလာခဲ့ပါ။ ခုတော့ ... ရောက်လာခဲ့ပါပြီ။

ဘာအတွက်ပါလိမ့်။

✧ ❧ ✧



"မှတ်ပုံတင်ချင်း ကိုက်ကြည့်ပါ။ မိဘနာမည်လည်း တူတယ်။ နှစ်ယောက်လုံး အိမ်ထောင်မကျခင်က မိသားစုသန်းခေါင်စာရင်းပုံစံ(၁၀)ကို မိတ္တူဆွဲထားတာ၊ အဲဒီမှာလည်း ညီအစ်မအရင်း ဆိုတာ ထင်ရှားပါတယ်"

သက်သေ ခိုင်လုံပါသည်။

"ကျွန်မလည်း အိမ်ထောင်ကျ၊ သူလည်း ပထမအိမ်ထောင်ကျတုန်းက ကျွန်မတို့ ညီအစ်မချင်း အဝင်အထွက် ရှိပါတယ်၊ ဦးကြည်အောင်နဲ့ အိမ်ထောင်ကျတော့မှ ကျွန်မတို့ကလည်း သဘောမတူ၊ အစ်မကလည်း ရပ်ကွက်ပါပြောင်းသွားပြီး အဆက်ဖြတ်လို့ အဝင်အထွက် မလုပ်တာပါ"

သူ ... ညီမရင်းဆိုတာ ခိုင်လုံနေသလို၊ ဘာလာလုပ်တာလဲ ဆိုတာလည်း ပေါ်လွင်နေ၏။ လက်ရှိအိမ်သည် ဒေါ်တင်တင်ညွှန့် တစ်ဦးတည်းပိုင်၊ ပထမအိမ်ထောင်နှင့်တုန်းက သက်ထက်ပွားအိမ်ကို ရောင်းခဲ့ပြီး ဒီအိမ်ကို ဝယ်တာမို့ ဦးကြည်အောင်နှင့် ဘာမျှမဆိုင်။ ပိုင်ရှင်နာမည်ပေါက်က ... ဒေါ်တင်တင်ညွှန့် တစ်ဦးတည်း။ ဦးကြည်အောင်နှင့်တောင် ဘာမျှ မဆိုင်မှတော့ ဦးကြည်အောင် သမီးဆို ... ပိုလို့ဝေး။

"အမွေဆိုတာ ရေလိုပဲ မြင့်ရာက နိမ့်ရာကိုစီးဆင်းတယ်"... ဆိုပဲ။

အစ်မသေလျှင်၊ အဲသည်အစ်မမှာ တရားဝင်ခင်ပွန်းသားထောက်သမီးခံ မရှိလျှင် ညီမတို့ မောင်တို့က ရသည်တဲ့။ အစ်မတို့ အစ်ကိုတို့က မရဘူးတဲ့။ နိဂုံးချုပ်ရလျှင် အိမ်ကိုလာသိမ်းတာပါပဲ။ သိမ်းချင်လည်းသိမ်း။ ရှင်ယွန်းကလည်း ဖြူစင်နှင့်လိုက်နေတော့မှာမို့ ကိုယ့်အိမ်မဟုတ်သော အိမ်တစ်လုံး သူများဆီပါသွားလည်း ပါပစေ။

"ခင်ဗျားဗျာ ... ကိုယ့်အစ်မယောက်ျား တစ်ယောက်လုံးဆုံးတုန်းက ရောက်လာခဲ့ရင် ဒီ့ထက်ပိုပြီး ဒီကိစ္စ ချောမောပြေပြစ်တာပေါ့"

"အဲဒီ ဦးကြည်အောင် ဆိုတဲ့သူက ရပ်ပြပြီး အစ်မကို ချ တာ၊ ရပ်ချောတာမက်ပြီး အစ်မက ယူတာ၊ ဘာတစ်ပြား မှတော့ ပါမလာဘူး၊ ကျောင်းထားပေးရမဲ့ သမီးတစ်ယောက် ပဲ ပါလာတယ် ...

"အစ်မက ကိုယ့်ထမင်း ကိုယ်စားပြီး ဒီယောက်ျား ကိုယူရတာ၊ အဲဒီလူသေတာ ဘာနှမြောစရာရှိလဲ"

ခေါင်းညိတ်သူကညိတ်၊ ခေါင်းခါသူကခါ၊ ရပ်ကွက် လူကြီးတွေထဲမှာတောင် သဘောဆန္ဒချင်းက ထပ်တူညီမကျပါ။

"ကျွန်မကတော့ အမွေမက်ပြီး လာတာမဟုတ်ဘူး၊ ကိုယ့် တူမလေး တစ်ကောင်ကြွက် ဖြစ်သွားလို့ စောင့်ရှောက်ဖို့ လာသိမ်းတာ"

သူ့စကားက ချီးကျူးစရာကြီးပေပဲ။

"ခင်ဗျားကလည်း ... အစ်ကိုဆုံးတုန်းကတည်းက လာ သိမ်းဖို့ ကောင်းတာပေါ့"



"ဒေါ်တင်တင်ညွန့်ကလည်း တော်တော်ကောင်းတဲ့ မိထွေး ဆိုတော့လေ၊ သူတို့ကြားထဲက သံယောဇဉ်ကို ဖြတ်တောက် ရာ ရောက်မှာစိုးလို့ပါ၊ ခုကျတော့ တူမလေးက တစ်ကောင် ကြွက် ဖြစ်သွားပြီ ဆိုတော့လည်း စောင့်ရှောက်ရတော့မှာ ပေါ့"

"ရှင်ယွန်းမေ ... အဲဒါ ညည်းအဒေါ်လား"

"ဟုတ်ကဲ့"

အဖေ ဆုံးစဉ်က ရောက်မလာခဲ့ပေမဲ့၊ အဖေ ... ဒေါ်လေးတင်တင်နှင့် အိမ်ထောင်ကျခါစက နှစ်ခေါက် သုံးခေါက် လာဖူးပါသည်။ အဖေ ကိုယ်တိုင်က ညီမဝမ်းကွဲဟု ပြောသည်မို့ အဒေါ်တော်မှန်း သိခဲ့သည်။ အဲသည်တုန်းက ဘာလာလုပ်တာလဲ မသိပါ။ ထင်ရတာတော့ ... အဖေ ... နည်းနည်းပါးပါးပိုက်ဆံ ချေးသည့် (အိမ်ပိုင်နှင့်တောင် မနေနိုင်သည့် အဖေက အိမ်ပိုင်ရာပိုင် ရှိန်းမနှင့် လက်ထပ်တော့ အဖေ့မိန်းမ ပိုက်ဆံရှိသည်ဆိုသော သတင်းတစ်ရပ်၊ အမျိုးထဲမှာ ပျံ့နှံ့ပါလိမ့်မည်) မိန်းမနှင့် ရတာ ဆို ပိုက်ဆံလာချေးတာ ဖြစ်ဖို့များပါသည်။ အဖေ့စကားတချို့ကို ကြားရတာက ...

"ငါ့ပိုက်ဆံမှ မဟုတ်တာ၊ ငါ ကားမောင်းတာက ငါတို့သားအဖတောင် ထမင်းမဝတာ၊ သူ့ဆီက ငါလက်ဖြန့်မ တောင်းချင်ဘူး၊ တောင်းလည်း မတောင်းသင့်ဘူး၊ တောင်းလည်း မှာမဟုတ်ဘူး၊ မရမဲ့တူတူ ပြောမနေချင်ဘူး"... တဲ့။

ပိုက်ဆံချေးမရတာနှင့် မလာတော့တာ ဖြစ်နိုင်ပါ သည်။ ဘယ်လောက်များ စိတ်နာသွားသည်မသိ၊ အဖေဆုံးတုန်း

ကတောင် မပေါ်လာ။ အကြောင်းပြချက်ကျတော့ ... မိထွေးနှ
လင်ပါသမီးတို့၏ သံယောဇဉ်ကို မဖြတ်တောက်ချင်လို့ ဆိုပဲ

"ကျွန်မ ... ကျွန်မသူငယ်ချင်းနဲ့ လိုက်နေမလို့"

"ဟုတ်ပါတယ် အန်တီ ... ရှင်ယွန်းကို ကျွန်မ ခေါ်သွား မှာပါ။ အန်တီ စိတ်ချပါ၊ ကျွန်မနဲ့တန်းတူ နေထိုင်စာ သောက်၊ ကျောင်းတက်ရမှာပါ"

"အိုအေ ... သူစိမ်းနဲ့ ဆွေမျိုးတူမလား"

"ကျွန်မ ... ညီအစ်မအရင်းလို စောင့်ရှောက်ကူညီမှာပါ"

"ကလေးချင်း ကူညီလို့ ဖြစ်မလား၊ လူကြီးမိဘသဘော ထားက ရှိသေးတယ်"

"ဖေဖေနဲ့ မေမေက သဘောတူပါတယ်"

"မထည့်နိုင်ဘူး"

"ကျွန်မနေချင်ရာမှာ နေခွင့်မရှိဘူးလား"

"မရှိဘူး။ မိန်းကလေး ၊ သူစိမ်းအိမ် တက်နေလို့ ဖြစ်မ လား။ ဆွေမရှိ မျိုးမရှိဆိုလည်း ထားပါတော့။ ကိုယ့် အဒေါ် တစ်ယောက်လုံး ရှိနေတာ ဘာဖြစ်လို့ သူစိမ်းအိမ် ထည့်ရမှာလဲ"

"ကျွန်မ ... ဖြူစင်နဲ့ပဲ လိုက်သွားမယ်"

"ဟုတ်ကဲ့ ... ကျွန်မပဲ ခေါ်သွားပါရစေ အန်တီ"

"ဇွတ်ကြီးလား။ ရတယ်။ စမ်းကြည့်လေ။ တရားရုံးက စကားပြောမယ်။ သူစိမ်းနဲ့ ဆွေမျိုး ဘယ်သူစောင့်ရှောက် ခွင့်ရမလဲ ဆိုတာ"

"ကျွန်မဆန္ဒနဲ့ သွားနေမှာ"



"ညည်း ဆယ့်ရှစ်နှစ်မှ မပြည့်သေးတာ။ ဥပဒေအကြောင်း ဘယ်လောက် နားလည်လို့လဲ။ ညည်းမှာ ကိုယ့်ဆန္ဒနဲ့ ကိုယ် နေနိုင်တဲ့ ဆုံးဖြတ်ချက်ချခွင့် မရှိသေးဘူး"

ဟုတ်လား မဟုတ်လားလည်း မသိပါ။ ဆယ့်ရှစ် မပြည့်တာနှင့်ပဲ ဆွေမျိုးက ထိန်းသိမ်းရရောလား၊ ဆွေမျိုးထက် ကောင်းသည့် သူစိမ်းက ထိန်းသိမ်းခွင့် မရဘူးလား။ ဆယ့်ရှစ် မပြည့်သေးသူ မိန်းကလေးက ဘယ်မှာနေချင်ပါသည်ဟု ဆုံး ဖြတ်ပိုင်ခွင့် မရှိ[illegible]ဘူးတဲ့လား။

"ဖေဖေနဲ့ တိုင်ပင်ပြီး ရှေ့နေတွေနဲ့ မေးကြည့်မယ်"

ဖြူစင်က ကျိတ်ပြော၏။

"အံ့သြစရာပဲ၊ ဘာကြောင့် ခေါ်ချင်တာလဲ မသိဘူး၊ နင့် ကိုချစ်လွန်းလို့တော့ ဟုတ်မယ် မထင်ဘူး"

အကောင်းမြင် ဝါဒီသမားလေးတောင်၊ ဒီအခေါ်ပေါ် အကောင်းမမြင်နိုင်အောင် ရှိတော့သည်။

"ငါ စိတ်ပူလိုက်တာဟယ်"

ဖြူစင်က စိတ်ပူသည်ဆိုရုံနှင့် ရှင်ယွန်းက အကြောက် ကြောက်တော့၏။ သူ့ကို ဘာလုပ်မလို့ပါလိမ့်။ တခြားနိုင်ငံ ကူးပြီး ရောင်းစားမလို့လား ... ဆိုသည်ထိကို တွေးကြောက် လိုက်တော့သည်။

ဖြူစင်က ဖခင်ဦးမျိုးသန့်နှင့် တိုင်ပင်ကြည့်တော့ ...

"အဲဒီ ဆယ့်ရှစ်နှစ် မပြည့်သေးတဲ့ ပြဿနာက ရှိတော့ ရှိ တယ် သမီးရဲ့။ ဥပမာဆိုပါတော့ ဆယ့်နှစ်ရှစ် မပြည့်သေး တဲ့ ကောင်မလေးကို ခိုးပြေးရင် ခိုးတဲ့သူ ထောင်ကျတယ်"

"ကောင်မလေးက သူ့သဘောနဲ့သူ လိုက်ပါတယ် ဆို
ရော ဖေဖေ"

"သူ့ သဘောဘယ်လောက်တူတူ၊ ဆယ့်ရှစ်နှစ် မပြည့်သေး
ရင် အုပ်ထိန်းခြင်း မကင်းသေးလို့ ခိုးယူခွင့် မရှိဘူး၊ ငယ်
ငယ်ရွယ်ရွယ်နဲ့ လက်ထပ်နေကြတဲ့သူတွေ ရှိတော့ရှိတာ
ပေါ့၊ ဘယ်သူကမှလဲ ...

"တရားထမစွဲရင် ဘာမှမဖြစ်ဘူးပေါ့။ တကယ်
ဆယ့်ရှစ်နှစ် မပြည့်သေးရင် လက်ထပ်ခွင့်ကို မရှိတာ
မိဘက ပေးစားလိုက်ရင်တောင်၊ တခြားတစ်ဦးဦး
အဲဒီ မိဘကို တရားစွဲလို့ ရတယ်၊ ဆယ့်ရှစ်နှစ် မပြည့်သေး
သူကို အိမ်ထောင်ချမှု ...

"ဖေဖေတော့ အဲဒါတွေ ကြားဖူးတာပဲ၊ အုပ်ထိန်း
ခွင့်မှာတော့ ဘယ်လိုရှိတယ်ဆိုတာ သေချာမသိဘူး၊
အဒေါ်ဆိုတဲ့ အမျိုးသမီးက သူ အုပ်ထိန်းခွင့် မရ
တကယ်တရားစွဲမဲ့ပုံလား"

"ရုံးတော်ကနေ တောင်းယူမယ်လို့ ပြောတာပဲ။ လုပ်မဲ့
ပဲ ဖေဖေ"

"သူက ဘာကိုမက်ပြီး ဒီလောက် ပြင်းထန်နေတာလဲ"

"မရှိပါဘူး ဖေဖေ၊ ရှင်ယွန်းမှာ ... ဘာမှမှ မရှိတာ"

"ဒီတူမလေးကို တော်တော်ချစ်ခင် စိုးရိမ်တဲ့ပုံရောရလား"

"လုံးဝမရပါဘူး ဖေဖေ"

"အင်း ... စိတ်ပူစရာပဲ။ အကြောင်းတစ်ခုခုတော့ ရှိမယ်
ဖေဖေတို့က သမီး သူငယ်ချင်းလေး အားကိုးရာမဲ့နေတာ



စောင့်ရှောက်ဖို့ ဝန်မလေးဘူးနော်၊ လူတစ်ယောက်စရိတ်
ဆိုတာ ဖေဖေတို့အတွက် ဘာမှ အပန်းမကြီးဘူး ...

"ကျောင်းထားပေးရလဲ သမီးနဲ့တူတူ စာကျက်
ဖော်တောင် ရသေးတယ်။ ပညာဒါနပဲ။ ကုသိုလ်ရတယ်။
သမီးမှာ ညီမသားချင်းလည်း မရှိတော့။ အဖော်လည်း
ရတယ် ...

"ဖေဖေတို့ လိုလိုချင်ချင် လက်ခံပါတယ်၊ ဒါပေမဲ့...
ဒါကိုရဖို့ ရုံးပြင်ကန္တားမှာ တရားဆိုင်ရမယ်ဆိုရင်
တော့ မဆိုင်ချင်ဘူး သမီးရယ်။ အလုပ်မဟုတ်ဘူး။
ပြီးတော့ ... သူတို့မှာက ဆွေမျိုး။ ဖေဖေတို့က သူစိမ်း"

"အဲဒီဆွေမျိုးက သူစိမ်းလောက် မကောင်းဘူး ဆိုရင်ရော
ဖေဖေ"

"မကောင်းတော့မှ မကောင်းတဲ့အလျှောက်၊ ဘယ်လောက်
ဆိုးသလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး၊ အဲဒီအခါကျမှ တစ်
မျိုး စီစဉ်ရင် စီစဉ်တာပေါ့။ အသက်တစ်ချောင်း ကယ်
ကောင်းတယ် ဆိုသလို ...

"ဘဝတစ်ခုကိုလည်း ကယ်ကောင်းတာပဲ သမီးရဲ့။
ကယ်ကြတာပေါ့။ ခုလောလောဆယ်မှာ တရားဆိုင်ပြီး
လုရတာမျိုးတော့ မဖြစ်ချင်ဘူး၊ သူဟာဘာမှန်းလဲ မသိ၊
လူကြားလို့လည်း မကောင်းဘူး"

ဖေဖေ ဒီလိုပြောတော့၊ ဖြူစင့် ခမျာ ပြိုင်မလုရဲတော့
ရှင်ယွန်းကို ပြန်ပြောပြတော့လည်း ရှင်ယွန်းက အားနာရှာ
ဒီကြားထဲ ...

"ကျွန်မ အစ်မဟာ နားပေါက်ဟောင်းလောင်း
သေဆုံးခဲ့တာတော့ မဟုတ်ဘူး ထင်ပါတယ်နော်" ... တဲ့။

အိမ်တစ်လုံးလုံး အပိုင်ရမည့် ညီမရင်းက သူ့အင်
မှာ ရွှေတိုရွှေစ ဘယ်လောက်ရှိမှန်းတော့ မသိ၊ အနည်းဆုံး နား
ကပ် တစ်ရန်တော့ ပန်နိုင်လိမ့်မည် မလွဲမို့ အဲဒါတော့ ပြော
၏။

"နားကပ် မက,ပါဘူး အန်တီ၊ ရှိပါတယ်"

ဒေါ်တင်တင်ညွှန့် ပေးခဲ့သည့် အိတ်ပျော့နှင့်တု
ကတော့ လက်ဝတ်လက်စားထုပ်ကလေးဟာ ငွေထုပ်နှင့် အ
ပါပဲ။ ဆေးရုံတင်၊ ဈာပနချဆိုတော့ ပိုက်ဆံထုတ်ထုတ်ယူရင်
နှိုက်ရင်းနှင့် ရွှေထုပ်ကို သပ်သပ်ဖယ်ထားလိုက်ဖြစ်သည်။
ထုပ်ကတော့ ပြောပလောက်အောင် မကျန်တော့ပါ။ တစ်ထုပ်
ဖြစ်သွားပြီမို့ ရွှေထုပ်တော့ သတိရ၏။ ပြောလောက်အော
မကျန်လှတော့သော ငွေထုပ်က တစ်နေရာမို့ သတိမရ။

"ဒါ ... ဒေါ်လေးတင်တင်ရဲ့ ပစ္စည်းတွေပါ"

ရွှေထုပ်ကို ချပေးလိုက်တော့ အမွေဆိုင်သူက
ကြည့်၏။ သိပ်တော့ သက်ာပုံမရချေ။ လင်ပါသမီးက ဘာ
နှိုက်ထားပြီးပြီလဲ၊ ဒီလင်ပါသမီးမှာ အထုပ်အထည်နှင့်မို့ အ
ဆိုသူက မရမက ခေါ်နေတာလား ... သံသယမျက်ဝန်းဖြ
ကြည့်ပေမဲ့ ဒီ့ထက်ပိုတောင်းလို့ မရနိုင်တော့ဘူးဟု တွေးမိလိုက်
ရသည်။

"ရက်လည်ပြီး နောက်တစ်နေ့မှာ အိမ်ကို သော့လာ
ပါမယ်"



ပြောပုံက ပိုင်၏။ ရက်လည်သည့်နေ့ ... ရှင်ယွန်း
မိပေါ်က ဆင်းပေတော့။

ဦးမျိုးသန့်ကလည်း တရားတပေါင် ရင်မဆိုင်ချင်
ား ဆိုတော့၊ ရှင်ယွန်း ... အဒေါ်နှင့်ပင် လိုက်ရတော့မည်။
သက်လေးက ဆယ့်ငါးနှစ်၊ ကိုးတန်း၊ လုပ်ကိုင်လို့လည်း
ားနိုင်သေး။ လုပ်ကိုင်စားနိုင်သော၊ ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်
သာ အရွယ်သာဆို အလုပ်ရှာ၊ ကိုယ့်ဝင်ငွေကလေးနှင့်ကိုယ်၊
း်ကလေး ဘော်ဒါဆောင်တစ်ခုမှာသာ နေလိုက်ရ ...။

စိတ်ချမ်းသာလိုက်မည့်ဖြစ်ခြင်း ... ဟုတော့ မတွေး
ါ။ ရှင်ယွန်းမေ ဆိုတာ အသက်နှင့်ခန္ဓာ မြဲနေသရွေ့ ဘယ်
ာ့မှ စိတ်ချမ်းသာတော့မည့် လူသားဖြစ်လေ၏။ အပျော်
ားလုံး ဆိတ်သုဉ်းသည်။ စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်ဓာတ်ကျ၊
ဘ်နစ်စိတ်ထားတို့နှင့်အတူ ရေညစ်ရေဆိုးတွေထဲ ကူးခတ်ရင်း
း်ကျပ်နေသူလို ...။

သက်ပြင်းမောနှင့်အတူ အဒေါ့်နောက်သို့လိုက်ရန်
ာတ္တာကလေးကို ယူတော့မှ ...

"ဟယ် ... ဖြူစင်၊ ပိုက်ဆံတွေ ကျန်သေးတယ်၊ ဒေါ်လေး
တင်တင် ညီမကို မပေးလိုက်မိဘူး"

"ဘယ်လောက် ကျန်လို့လဲ"

"အစက ခြောက်သိန်းတောင် ရှိတာကွ။ ဆေးရုံ သုံးရက်
တက်တာ နှစ်သိန်းခွဲ ကုန်သွားတယ်"

"အမယ်လေး ... ဈေးကြီးလိုက်တာ၊ တစ်ရက် တစ်သိန်း
နီးပါး"

"တစ်ရက် တစ်သိန်းတော့ မဟုတ်ဘူး၊ တက်တက်ချင်းနေ့မှာ အားလုံး စစ်ဆေးစရာတွေ အကုန်လုံး စစ်ရတော့ အဲဒီနေ့တင် တစ်သိန်းခွဲကျော်တယ်၊ နှစ်သိန်းနီးပါး၊ နောက် သုံးရက်စာ အခန်းခ၊ ဆေးဖိုး၊ သူနာပြုဖိုး၊ ဆရာဝန်ကြေး တဲ့ အခေါက်ရေဖိုးတွေ အားလုံးပေါင်းပြီး ချေခဲ့ရတာ နှစ် သိန်းခွဲ ...

"အသုဘချတာ၊ ယပ်တောင်တို့ ရေပုလင်းတို့ ကမ်းတာ၊ ရပ်ကွက်ထဲက အသုဘပို့ဖို့ ကားကြီးတွေငှား ရတာရယ်၊ ဆွမ်းသွပ်တော့ သံဃာငါးပါး ... ငါးပါးလုံး သင်္ကန်းငါးစုံနဲ့ ဝတ္ထုငွေငါးထောင်စီ၊ ထမင်းကျွေးတော့ လည်း ပိုကုန်တယ်ကွ ...

"ရပ်ကွက်လူကြီးတွေကလည်း ဆွမ်းသွပ်တာ ပိုပြီး အောင် ထမင်းကျွေးတာ ကောင်းတယ်၊ ဝိုင်းချက်ပေးကြ မယ် ဆိုတော့လေ"

"ဟုတ်ပါပြီ၊ အဲဒါ စုစုပေါင်းက ဘယ်လောက်ကုန်လဲ"

"သုံးသိန်းလောက် ကုန်တယ်။ တစ်ရပ်ကွက်လုံး ဖိတ်တာ"

"ဒါဆို ... ငါးသောင်းလောက် ကျန်တာပေါ့"

"ဟုတ်တယ်"

"ပေးမနေနဲ့တော့၊ ငွေငါးသောင်း ဘာမှမဖြစ်လောက်ဘူး နင်က အကုန်ပေးလဲ နင်ကဲ့ထားဦးမှာလို့ ထင်မှာပဲ။ နင် က အိတ်သွန်ဖာမှောက်ပေးလည်း မပေးခင် နိုက်ပြီးသား ထင်မှာပဲ၊ အဲဒီ နိုက်ပြီးသားဆိုတဲ့ သဘောကို လက်ခံနိုင် လို့ ...



"ကျေနပ်ပြီး ပြန်သွားတာ၊ ငါးသောင်းလောက်က တော့ နင် ရထိုက်ပါတယ်ဟယ်၊ ယူလိုက်တော့"

"လိပ်ပြာမသန့်ဘူး"

"မသန့်ရင် ... တစ်ခုခုလှူလိုက်၊ ခုကျမှ လိုက်ပေးရင်၊ မျက်နှာတော့ ရမှာမဟုတ်ဘူး၊ အထင်လွဲပြီး ပြောမလွတ် ရင် ကံကောင်း။ လုပ်မနေနဲ့တော့"

"အေး ... ငါ့ဘဝ ပူလောင်လွန်းလို့ဟာ ဆရာတော်ကျောင်း မှာ မတ်တတ်ပန်ကာတစ်လုံး ဝယ်လှူလိုက်မယ်။ အေးပါ စေလို့ နင်လည်း ဝိုင်းဆုတောင်းပေးနော်"

"အေးပါ"

"လောလောဆယ် အဒေါ်နဲ့ လိုက်သွားရမှာ အရမ်းစိတ် ညစ်တယ်"

"နင့်အပေါ် တစ်ခုခု အကောက်ကြံရင် ရဲစခန်းကိုပြေး တိုင်၊ ပြီးရင် ... ရဲစခန်းကနေ ငါ့အိမ်ကိုဖုန်းဆက်လိုက်၊ ငါ လာခေါ်မယ်၊ အဲဒီအခါကျရင် ခေါ်လို့ရပြီ၊ နင့်အပေါ် အကောက်ကြံတဲ့သူဟာ နင့်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့် မရှိဘူး"

"အေး"

စကားများများ မပြောဖြစ်တာ နှစ်နှင့်ချီ၍ ကြာခဲ့ ပြီ။ စကားမှ ပြောတတ်သေးရဲ့လား ထင်ရအောင် နှုတ်ခမ်း ပွင့်ခွင့် မရအောင် တင်းတင်းစေ့ထားခဲ့တာ နှစ်နှင့်ချီ၍ ကြာခဲ့၏။ ဒီနေ့တော့ စကားတွေ အများကြီး ပြောဖြစ်သည်။

အဒေါ့်နောက်မှာ သေတ္တာလေးဆွဲ၊ အိမ်ပေါ်ကဆင်း၊ အဒေါ်လှ
တားသည့် တက္ကစီပေါ် တက်ထိုင်လိုက်ချိန်မှစ၍ ရှင်ယွန်းမေ
ဘဝတစ်ဆစ်ချိုးရလေတော့သည်။

✧ ❧ ✧



# အခန်း ၉

"ကျွန်မနာမည် ... ရှင်ယွန်းမေပါ"

ရှင်ယွန်းမေကို ... အဒေါ်က ဘာဖြစ်လို့ ဒီလောက် ခေါ်ချင်နေသလဲဆိုတာ အဒေါ့်အိမ်ရောက်မှ ကောင်းကောင်းသိတော့သည်။

အဒေါ်က ထမင်းဆိုင် ဖွင့်ထားသည်။ ထမင်းဆိုင်က တော်တော်ကြီးသား။ အဲသည်ရပ်ကွက်ထဲမှာ ယောကျ်ားလေး ဘော်ဒါဆောင်၊ မိန်းကလေး ဘော်ဒါဆောင်တွေလည်း များသည်။ တစ်လမ်းလုံးလိုလို ... ခြံကြီးဝင်းကျယ်တွေဖြစ်လျက်၊ အဲသည် ဝင်းကျယ်ကျယ်တွေထဲမှာ အဆောင်တွေ ထပ်ဆောက်တော့ ဝင်းကျပ်ကျပ်တွေ ဖြစ်ကုန်၏။ အဆောင်တွေမှာ ... ကျောင်းသားတွေလည်းရှိ၊ အလုပ်သမားတွေလည်းရှိ၊ အဲသည်လမ်း၏ ထူးခြားချက်က လမ်းထဲမှာ ခြံပေါင်းငါးဆယ်ရှိလျှင် လေးဆယ့်ရှစ်ခြံလောက်က ဘော်ဒါဆောင်ဆောက်ပြီး ငှားစားခြင်းပါပဲ။ လမ်းနာမည်ကိုတောင် ဘော်ဒါဆောင်လမ်းဟု ပြောင်းရမလိုပါ။

ဘော်ဒါတွေများတော့ ထမင်းချိုင့် ပို့ရတာတွေလည်း များသည်။ ဆိုင်မှာ လာစားကြသူတွေလည်း ရှိသည်။ သည်လမ်းတိုလေးထဲမှာ ထမင်းဆိုင်ကချည်း သုံးဆိုင်ဆိုတော့ အပြိုင်အဆိုင်မှ တကယ့်ကို အပြိုင်အဆိုင်။ အဒေါ့်ဆိုင်၏ ထူးခြားချက်က ကောင်လေးတွေ စားပွဲထိုးသည်။ ကျန်နှစ်ဆိုင်က ကောင်မလေးတွေ စားပွဲထိုးသည်။

"ငါက မိန်းကလေး အလုပ်သမားကို မငှားခဲ့တာ။ ဘော်ဒါဆောင်တွေက များတော့ ကျောင်းသွား ကျောင်းပြန်ချိန်၊ အလုပ်သွား အလုပ်ပြန်ချိန်တွေဆို ... လမ်းထဲမှာ လူတွေရှုပ်လိုက်တာ ဆိုတာ ... ဘုရားပွဲနီးပါးပဲ သွားကြ လာကြ ပြန်ကြ၊ ဆိုင်မှာ ကောင်မလေးတွေရှိရင် ထိန်းရခက်တယ် ...

"အဲဒါကြောင့် ... ထမင်းဟင်း ဝိုင်းချက်၊ အိုးခွက်ပန်းကန်ဆေး၊ စားပွဲထိုး၊ ထမင်းချိုင့်ပို့ ... အားလုံးကို ယောကျ်ားလေးချည်းပဲ ထားခဲ့တာ၊ ခုတော့ ... ကျုပ်ဆိုင်ကို လူသိပ်မလာတော့ဘူး။ မိန်းကလေး စားမဲ့သူတွေကျတော့လည်း တစ်ဆိုင်လုံး ယောကျ်ားချည်း ဖြစ်နေတဲ့ဆိုင်ကို ...

"မလာချင်ဘူး။ ယောကျ်ားဆိုတဲ့ ဟာမျိုးကျတော့ ပြောရရင် မကောင်းဘူး၊ အကုန်လုံး ဘူးချည်းပဲ။ ငါ ဟင်းကို ဘယ်လောက်ကောင်းအောင် ချက်ချက် မိန်းမ လက်နဲ့ကိုင်ပြီး လာပို့တဲ့ဟင်းမှ အရသာရှိတယ် ထင်တဲ့ ဟာမျိုး။ အဲဒီတော့ ... ငါလည်း ကောင်မလေးတွေပဲ ခိုင်းရတော့မယ်"



အဒေါ့်ယောကျ်ားက အဒေါ်နှင့် ဒိုးတူပေါင်ဖက်၊ ထမင်းဆိုင်မှာပဲ တူတူလုပ်သည်။ တစ်လစာ ငရုတ်သီး၊ ကြက်သွန်၊ ဆီ ဆန် ဝယ်တာမျိုး၊ နေ့စဉ် ဟင်းရံဝယ်တာမျိုးကို ဦးလေးက လုပ်သည်။ အဒေါ်က ချက်၏။ ကောင်လေးတွေကတော့ လက်တိုလက်တောင်း ဟိုဟာလုပ်ဦး၊ ဒီဟာလုပ်ဦး၊ အိုးခွက်ပန်းကန်ဆေးဦး၊ စားပွဲသုတ်ဦး။ အဒေါ့်ဆိုင်က ခြံကျယ်တစ်ခုထဲမှာ ဖွင့်ထားတာဖြစ်၏။

"ခြံကျယ်ထဲ ဆိုင်ဖွင့်ထားလို့ အထင်မကြီးနဲ့၊ နေရာငှားပြီးဖွင့်တာ၊ ခြံပိုင်ရှင်က ဟိုဘက်ကတိုက်၊ ဒီဆိုင်ဖွင့်ဖို့ ပေါ့အေ ... ညည်းအဖေဆီ၊ ကျုပ်ငွေလိုလို့ နည်းနည်း လာချေးပါတယ်၊ အမလေး ... ငြင်းလွှတ်လိုက်တာ ခါနေတာပဲ၊ ကျုပ်ကကျတော့ သူ့သမီးကို ခေါ်ကျွေးရပြီ"

ရှင်ယွန်း ... ဒေါသထောင်းခနဲ ထွက်၏။

"အဒေါ့်ကို မကျွေးပါနဲ့ မခေါ်ပါနဲ့လို့ ပြောသားပဲ၊ အဒေါ်ပဲ တရားရုံးက တောင်းမယ်ဆိုလို့"

အဒေါ်က မျက်လုံးကြီးပြူး၍ တစ်ချက်ကြည့်၏။

"ကိုကြည်အောင့် သမီးက ကိုကြည်အောင့် အတိုင်းပါပဲလား၊ ဆတ်ဆတ်ထိ မခံဘူးတော့။ ညည်း အဲဒီလို ဆတ်ဆတ်ထိ မခံဘဲ ... ခံပက်မနေနဲ့။ ငါဟ ညည်းအဒေါ်၊ အဒေါ်ဆိုတဲ့ ရိုသေလေးစားမှုလေးတော့ထား၊ ညည်းကို ဘယ်သူမှ မတရား မလုပ်ဘူး ...

"ငါက ကလေးလည်းမမွေးဘူး။ မမွေးဆို ... သားအိမ်ထုတ်ထားရတာ၊ ညည်း သိလား၊ ကျန်းမာရေးက

သိပ်ကောင်းချင်တာ မဟုတ်ဘူး၊ ငါ့ရှိတာ ငါသေရင် ညည်းရမှာ။ ဆွေမျိုးသားချင်းတွေက ရွာမှာချည်း။ ပြတ် တောက်ကုန်ပြီ။ ရန်ကုန်မှာ ညည်းနဲ့ငါပဲ ရှိတယ်"

"ကျွန်မ ... ဘာအမွေမှ မလိုချင်ဘူး၊ အဖေတောင် သေ ကျွန်မဆီမှာ ဘာမှ မရှိလဲ ဖြစ်တယ်"

"ဖြစ်မနေနဲ့ ... ညည်း ငါနဲ့ပဲ နေရမယ်၊ ထမင်းဝိုင်းရောင်း ရမယ်"

သူ့ထမင်းဆိုင်မှာ လုတပတ ကောင်မလေးတ ယောက်ရှိရေး ... အဒေါ်အရေး ဆိုပါတော့။ ခုမှပဲ သူ အတင်း ဆွဲချခေါ်သည့် အဓိပ္ပာယ်ကို သိရတော့သည်။

"ကျွန်မ ဒီနှစ် ကိုးတန်းတက်ရမှာ"

"တက်ပေါ့ ... ကျောင်းတော့ပြောင်း၊ ဒီနားကကျောင်း တက်။ ညည်းတက်တဲ့ ကျောင်းက တစ်နေကုန်ကြီး၊ ဆေ လည်းဝေးတယ်"

"ကျောင်းပြောင်းရင် ပိုက်ဆံကုန်တယ်"

"ညည်းမှာ မရှိဘူးလား"

"တစ်ပြားမှ မရှိဘူး။ ဘယ်တုန်းကမှလဲ မုန့်ဖိုးတော ရဖူးတာ မဟုတ်ဘူး"

တမင် ပြောချပစ်လိုက်သည်။ တော်ကြာ ... ရှိတ ဆို၊ ငါ့ချေးဦး ... ဖြစ်လာမှာ ကြောက်၏။ ဒေါ်လေးတင်တင် ပိုက်ဆံလက်ကျန် ငါးသောင်းမှ နှစ်သောင်းရှစ်ထောင်ကို မ တတ်ပန်ကာဝယ်ဖို့ ဖြူစင့်ကို ပေးလိုက်ပြီ။ ဖြူစင်က နှစ်သောင်း ရှစ်ထောင်ဆို ရပြီတဲ့။ လက်ထဲမှာ နှစ်သောင်းနှစ်ထောင်တော



နှန်ပါသေးသည်။ ဒီခေတ်ထဲ နှစ်သောင်းနှစ်ထောင် ဆိုတာ စင့် တစ်လစာ မုန့်ဖိုးတောင် မရှိပါ။

"ကျောင်းပြောင်းစရိတ် ငါပေးမယ်၊ ဒီကျောင်းက ကိုးတန်း နဲ့ ဆယ်တန်းဆိုရင် ညနေပိုင်း၊ ဆယ့်နှစ်နာရီက ငါးနာရီ။ အတော်ပဲ။ ညည်း မနက်ပိုင်း ဆိုင်မှာဝိုင်းလုပ်သွားလို့ရ တယ်။ ညနေစာကျတော့လည်း၊ စားလူရော ချိုင့်ရော ... ငါးနာရီနောက်ပိုင်းမှ လူကျတာ"

ကျောင်းနေရမည်ဆိုသည့်အတွက် ကျေနပ်လိုက်ပါ သည်။

"တူမအရင်းလေ ... မွေးစားလိုက်တာ၊ သမီးပေါ့။ ကိုး တန်းတက်နေတယ်"

လာသမျှလူကို အဒေါ်က ထိုင်ကြွားသည်။ သူများ ထမင်းဆိုင်မှ ကောင်မလေးတွေက နယ်က ရွာက၊ နှစ်တန်း း‌တန်းလောက် တတ်ကြသူလေးတွေ၊ အိမ်ဖော်ပွဲစားမှတစ်ဆင့် ခေါ်ယူထားတာလေးတွေမို့ ရှင်ယွန်းနှင့်ကတော့ အကြွားကြီးကြွာ ။ ရပ်ရည်ကြွာသည်။ (ကြွာဆို ... ရှင်ယွန်းက ပျိုဘော်ကလေး င်လာသည်နှင့် သူ့အလှက အရောင်တင်ဆီ သုတ်လိုက်သလား င်ရအောင် လွှင့်ခနဲကို လှတက်သွားရတာ) နေတတ် ထိုင်တတ်၊ တ်စားတတ်ပုံချင်း ကြွာသည်။ (ဒီပိတ်စ ဒီပုံဝတ်တာချင်း တူ ည်ပဲထားဦး၊ နယ်ချပ်နှင့် ရန်ကုန်ချပ် ကြွာသလို နယ်မှလာ နှင့် န်ကုန်သူတို့ နေတတ်ပုံ ကြွာတာနှင့်ကို အသိသာကြီး ဖြစ်နေရသည်) အပြောအဆို ယဉ်ကျေးပျူငှာတတ်ပုံ ကြွာသည်။ တောင် ရှင်ယွန်းက စကားများများ ပြောတာမဟုတ်ပါ။

ရှင်ယွန်း အလှကလေးကြောင့် အဒေါ်ဆိုင်ဟာ မီးချောင်းတစ်ချောင်း ပိုထွန်းလိုက်သလို လင်းသွားသလားတောင် ထင်ရ၏။ ရှင်ယွန်း ကိုယ်တိုင် ထမင်းဟင်းတွေ သွားချပေးစရာ မလိုပါ။ ငွေသိမ်းစားပွဲမှာထိုင်ပြီး၊ ပိုက်ဆံယူ ပိုက်ဆံအမ်း လုပ်နေရုံနှင့် အဒေါ့်ဆိုင်မှာ နေရင်း ထိုင်ရင်း ကျက်သရေတွေတိုးရတော့၏။ အဒေါ်သည် ဒေါ်လေးတင်တင်လိုပါပဲ။ ဆိုးသည်လည်း မဟုတ်၊ ကောင်းလှသည်လည်း မဆိုသာ။ ဒေါ်လေးတင်တင်နှင့် မတူတာက အဒေါ်က စကားများသည်။ မနားတမ်း ပြောသည်၊ ပါးစပ်နှင့် စကားနှင့် မပြတ်ချေ။ ပြောသမျှ စကားတွေဟာ စကားကောင်းတွေထက် စကားလှေးတွေသာ များ၏။ ဦးလေးက နှုတ်ပိတ်လျက် အလုပ်ချည်း ကျုံးလုပ်သည်။

ဒီလိုဆိုတော့ … ရှင်ယွန်း ဘဝလေးက မဆိုး … ဟု ဆိုရမလို။

ရှင်ယွန်း ဘဝဆိုးပါသည်။ တစ်နေကုန် နှုတ်ပိတ်၍ အလုပ်ချည်း ကျုံးလုပ်နေတတ်သော ဦးလေးက ညနေစောင်း ခြောက်နာရီထိုးတာနှင့် ဘာမျှမလုပ်တော့ပါ။ အရက်ပုလင်းဆွဲ၍ ဆိုင်နောက်ဘက်သို့ ဝင်သည်။ တစ်နေ့ တစ်နေ့ ဘယ်လောက် သောက်သလဲတော့ မသိ၊ နည်းနည်းချင်းပဲ ဆွဲသောက်သလား၊ ဂွပ်ခနဲ ဂွပ်ခနဲပဲ မျိုသလား၊ ရှင်ယွန်း လှည့်မကြည့်၍ မသိသော်လည်း အရက်ဘယ်လောက်ကုန်မှန်း မသိသော်လည်း … ညနေစောင်း ခြောက်နာရီက အရက်ထိုင်သောက်နေသော (ထန်းလက်ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ) ဦးလေးသည် …



"အာလူးကြော်ပေး၊ အာလူးကို လေးစိပ် စိပ်ပြီး အတုံးအတိုင်းကြော်"

"မြေပဲကြော်ပေး၊ ဆားပါထည့်ကြော်၊ မငန်စေနဲ့"

"မနက်က ငါဝယ်လာတဲ့ ပဲပြားတွေ ဘယ်ရောက်ကုန်ပြီလဲ၊ လေးစိပ် စိပ်ပြီးကြော်၊ ပြီးရင် ပါးပါးလှီးပြီးပြန်သုပ်ပေး၊ ငရုတ်ဆီနဲ့ မန်ကျီးသီးနဲ့ ကိုယ့်ဘာသာဖျော်တဲ့ထဲ ကြက်သွန်ဖြူ ညက်အောင်ထောင်းထည့်၊ အချဉ်ရည်နဲ့သုပ်နော်၊ တွေ့ကရာ အချဉ်နဲ့ ဆွဲသုပ်မလာနဲ့"

"ဘဲသွေးဆိုတာ ရေပါမြုပ်အောင်ထည့်ပြီး ပြုတ်ကြော်တစ်ခါတည်း မလုပ်ရင် အထဲကသွေးတွေ မကျက်ဘူး၊ မညှီစေနဲ့၊ ဘဲသွေးသုပ်ရင် သခွားသီးထည့်"

"အောင်မယ် … အလွယ်ဝယ်လို့ရတဲ့ ဒီ … စာကလေးချေးတွေ ဘာလုပ်ရမှာလဲ၊ ပြန်ယူသွား၊ ဘဲဥကို အချက်နှစ်ရာခေါက်ပြီးမှ ဆီများများထဲထည့်ပြီး ကြွပ်နေအောင် ကြော်ခဲ့။ အချက်နှစ်ရာ ပြည့်ပစေနော်၊ အချက်နှစ်ရာ မပြည့်ရင် လျှာပေါ်တင်လိုက်တာနဲ့ ငါသိတယ်။ ဆားလေး နည်းနည်းထည့်"

အဲဒါတွေ တစ်မျိုးပြီးတစ်မျိုး ခိုင်းပါတော့သည်။ …ယွန်း ငယ်ငယ်ကလေးတည်းက အရက်သမားဆို သေလုအောင် …ာက်၏။ ရှင်ယွန်း အဖေဟာ ကားသမားသာဆို … အရက် …ာမသော…က်ပါ။ ကားရပ်နားချိန်မှာ ဆေးလိပ်သောက်သည်။ …းမောင်းတုန်းဆို ကွမ်းကြီး ပါးစောင်းမှာ ခဲထားတတ်သည်။ …ာ ကြာလာတော့ ဝါး၊ ဝါးလို့ကုန်တော့ နောက်ထပ်ကွမ်းတစ်

ယာထည့်။ တစ်နေ့ကို ဆေးလိပ်ငါးလိပ်နှင့် ကွမ်းအယာနှစ်ဆယ်
လောက် စားသည်တဲ့။ အရက်နှင့် မယဉ်ပါးရခဲ့သည်မို့ အရက်
ကို သေလုအောင် ကြောက်သည်။ ဒီကြားထဲ ... ဂဂျိဂဂျောင်တိုက်
သံကြီးတွေ ထွက်လာတော့ ဘယ်တော့ လည်ပင်းထညှစ်မလဲ
ဆိုတာ ကြောက်ရသည်။ များသောအားဖြင့်မှာ သူ ခိုင်းသမျှတွေ
ကို အဒေါ်က လုပ်ပေးပါသည်။ ရှင်ယွန်းကို မခိုင်းပါ။ တစ်ခါ
တလေကျတော့ ဆိုင်ရှေ့မှာ အဒေါ်နှင့်မှ ပိုရင်းနှီးသူတွေ ရောက်
လာလို့ အဒေါ်မရှိမဖြစ် ညှော်ခံရပြီဆိုလျှင်တော့ ရှင်ယွန်း လုပ်
ပေးရသည်။

"သူ့အသံ လူကြားမှာစိုးလို့ မြန်မြန်လုပ်ပေးလိုက်စမ်း
ရှင်ယွန်း"

သူ့ထမင်းဆိုင်ထဲမှာ အရက်သမားသံကြီး ထွက်နေ
လျှင် တော်ရုံမိန်းကလေးတွေ ဘယ်ဝင်စားရဲပါတော့မလဲ။ အဲသည်
နေ့များဆို ... ရှင်ယွန်း ခမျာ တုန်တုန်ယင်ယင်။ လက်ဖျားခြေ
ဖျားများ အေးလျက် ရင်ထဲ တလှပ်လှပ်နှင့်ပင် ကြော်ရလှော်ရ
သွားပို့ရ။

"အဒေါ်ရယ် ... ဦးလေးအတွက် စောစောစီးစီး ပြည့်
အောင် လုပ်ပေးထားလိုက်ပါလား"

အဒေါ့်ဆိုင်မှာ ရှင်ယွန်း စကား(မပြောမဖြစ်လို့
ပိုပြောဖြစ်ပါသည်။ ပြောစရာအကြောင်းတွေကလည်း ပေါ်
နေရထိုင်ရပုံချင်း (ဒေါ်လေးတင်တင်နှင့်)မတူ၊ ဆက်ဆံရေးမတူ
ဘဝပုံစံ ပြောင်းသွားပေမဲ့၊ မပျော်တာချင်းကျတော့ တူတူပါပဲ
ရှင်ယွန်း အမြဲလိုလို စိတ်နောက်ကျိ ရှုပ်ထွေးနေသည်။ စိတ်ည



နေသည်။ ဘာကိုမှန်းမသိ ကြောက်လန့်နေသည်။ မလုံမခြုံ
ားမှုဖြင့် ဘယ်သူ့ကိုမျှ မယုံကြည်နိုင်၊ ရှင်ယွန်း ဘဝကို အလဲ
း အသေသတ် အညွှန့်ချိုးလိုက်မည့် ရန်သူသည် (အစွယ်ကြီး
ငေါထုတ်လျက်) ဘယ်ထောင့်တစ်နေရာမှ မမျှော်လင့်ဘဲ
်းခနဲ ထွက်လာမလဲ ... ဆိုသော ကြောက်စိတ်ကြောင့် ရင်သည်
မြဲတမ်း တဒိတ်ဒိတ်ခုန်လျက် ရှိနေတော့သည်။

"ညည်းပြောသလို ဆယ်မျိုးလောက် လုပ်ထားလည်း မပါ
သေးတာကို ရှာခိုင်းတာ သူ့သောက်ကျင့်"

အဒေါ် ... ယောက်ျားကို ပြောပုံကလည်း လန့်စရာ။

"အဲဒီကောင်ရင်လည်း သေမှ၊ ငါရင်လည်း သိန်းငါးရာဆု
မှာ သိန်းခြောက်ရာ့ငါးဆယ် အပိုဆောင်းပြီး သိန်းပေါင်း
ထောင့်တစ်ရာငါးဆယ် ရမှ"

ယောက်ျားကို ခေါ်ပုံက "အဲဒီကောင်" ... တဲ့။
ယောက်ျားဆိုသူကလည်း ခေါ်ချင်စရာ ထင်ပါရဲ့။ လေးစားစရာ
မရှိဘဲ။ ဈေးဝယ်ပေးပြီး တစ်နေ့လုံးအိပ်။ ညကျအရက်သောက်။
တစ်နေကုန် တတောက်တောက်နှင့် မအားရတာက အဒေါ်။
အဒေါ်ပင်ပန်းတော့ ရှင်ယွန်းပါ ရောပင်ပန်းသည်။

ညဆယ်နာရီမှာ ဆိုင်သိမ်းသည်။

ဦးလေးက သောက်လို့ မပြီးသေး။ ညဆယ်နာရီ
ဆိုတာ အဒေါ်၊ ဆိုင်က ကောင်လေးတွေနှင့် ရှင်ယွန်းတို့ ညစာ
စားရသောအချိန်။ အဲဒီအချိန် ထမင်းဝိုင်းမှာ ဦးလေးမပါသေး။
သောက်တုန်း။ သောက်ချိန်လေးနာရီရှိပြီ။ ဗိုက်ထဲ အရက်တွေ
ဘယ်လောက်ဝင်ပြီလဲ မသိ။

"အဲဒီကောင်လိုဟာမျိုးကျတော့ အသည်းကင်ဆာ မ
ဘူး၊ အသည်းရောင် အသားဝါဘီတွေ စီတွေ ဝင်ပါတော
လား၊ အသည်းခြောက်ပြီး သေပါတော့လား"

အဒေါ် ဘာလို့ အဲသည်လို ပြောရသလဲဆိုတော့ ညဆယ့်တစ်နာရီ၊ အားလုံးအိပ်ကုန်ပြီ၊ အဒေါ်လည်းအိပ်၊ ကောင်လေးတွေလည်းအိပ်၊ ရှင်ယွန်းလည်း အိပ်သည့်ညအိပ်၊ စာကျ တုန်း မအိပ်သေးဘဲ ကျန်သည့်ညတွေကျန် ...

"ကောင်မ"

အဒေါ်က ဦးလေးကို "အကောင်"ခေါ်၍ ဦးလေ က "ကောင်မ"ဟု ခေါ်တာကို သူငယ်ချင်း ဖြူစင် ကြားလျှ ရယ်မည်ထင်ပါသည်။ မရယ်တတ်သော ရှင်ယွန်းက စိတ်ညစ်၏

"ငါ ထမင်းစားမယ်"

"ရှင့်ဟာရှင် **နူးစားတော့၊ လူတကာ** အိပ်ကုန်ပြီ"

"မယားဝတ္တရား **မကျေတဲ့ဟာမ ... ထ**။ ထမင်းခူး"

အဒေါ်က တစ်ခွန်းမှ **ပြန်မပြောဘဲ** ဆက်အိပ်၏

"ဒီကောင်မ ... သောက်**ချိုးလည်း မ**ပြေပါလား"

ဆက်သာ နားထောင်**လိုက်ပါတော့။** ဝုန်းဒိုင်းဘိုင်း ဆိုသော အသံတွေကို ကြားရတော့**မည်။ ဆယ်နာရီ** ဆိုင်ပိတ် ဆယ့်တစ်နာရီ လင်မယားသတ်၊ **အော်ဟစ်တော့ မဆဲ**ပါ။ ကျိ ဆဲ၏။ **အော်ဆဲလျှင်** ခြံရှင်က မောင်းထုတ်**မှာ။ သတ်ပုတ်**ရိုက် နက်သံလောက်ကျတော့ ဒီအချိန် တံခါးတွေပိတ်ပြီး လုံနေပြီဖြ သည့် ခြံရှင်၏ တိုက်ထဲသို့ မရောက်ဘူး ထင်သည်။ ရှင်ယွန်း မှာ ပြေးဆွဲရလည်းအခက်၊ ဘာသိဘာသာနေဖို့ကလည်း အခက်



ယောက်ျားနှင့် မိန်းမပို့ အဒေါ် နာရှာမည်လားဟု တစ်ဖက်သတ် ဘူးလို့လည်း မရပါ။

"သေပါပြီဗျာ ... ညို့သကျည်းကို ထုရလားဟဲ့ ကောင်မ ရဲ့"

တချို့မနက်တွေမှာ ... အဒေါ့်မှာ အာလူးဘူးသီး ာ ထွက်လိုထွက်၊ ယောင်ကိုင်းညိုမည်း ဖြစ်လိုဖြစ်၊ တချို့မနက် ကျတော့ ဦးလေးက ထော့နဲ့ ထော့နဲ့၊ ပါးတစ်ခြမ်းယောင်လို ာင်၊ အလုပ်သမားကောင်လေးတွေက ပြုံးစိ ပြုံးစိ။

"ဒီမှာ ရှင်ယွန်းမေ ... ညညဆို ငါတို့သတ်တဲ့အချိန် ညည်း မအိပ်သေးပါဘူးအေ။ အိပ်လည်း ... ပြန်နိုးတာပဲ မဟုတ်လား"

ရှင်ယွန်းက ခေါင်းညိတ်၏။ ဒီအိမ်မှာ ဒေါ်လေး င်တင် အိမ်တုန်းကထက် စကားပိုပြောဖြစ်ပေမဲ့ သူများနှင့် ဉ်လျှင်တော့ နည်းသေးတာပဲ ဖြစ်သည်။ ခေါင်းညိတ် ခေါင်းခါ င့်ပြီးလျှင် ရှင်ယွန်းက စကားသံ မထုတ်တော့ပါ။

"အသာအကဲခတ်ပါအေ ... ငါနိုင်နေရင် ညည်းလာစရာ မလိုဘူး၊ ဟိုကောင် နိုင်နေရင် ညည်းက ငါ့ဘက်ကများ နည်းနည်းဝင်ရိုက်စမ်းပါ။ ငါ့မှာ တစ်နေကုန် ဆိုင်ထွက်ရ တာ အညိုအမည်းတွေနဲ့ ကောင်းမလား"

ကောင်လေးတွေက ဝါးခနဲ ရယ်၏။

"ပါးစပ်ပိတ် ... ရယ်စရာလား၊ နင်တို့တွေလည်း ကြိုယူ ထားတဲ့ ပိုက်ဆံစေ့ရင် ပြန်ကြ။ ငါ ... ကောင်မလေးတွေ ချည်း ငှားတော့မှာ"

ထမင်းဆိုင်က ဘယ်လောက်ကောင်းတဲ့ အဆော
အအုံမို့လို့လဲ။ မဒမတိုင်ထူ၊ ခနီမိုး၊ ဟိုနားက အဖီလေးထုတ်
ဒီနားက အဖီလေးထုတ်၊ မိုးလုံလျှင် ပြီးရော၊ အကာအရံကျတော့
ဝါးထရံ။ ဦးလေးနှင့် အဒေါ်အိပ်သည့် အခန်းလေးကို ဝါးထရံနှ
ကာသည်။ နံရံလေးဘက်မှာ သုံးဘက်သာ အကာရှိ၍ တစ်ဖက်
ဟင်းလင်း။ ရှင်ယွန်းအတွက်ကျတော့လည်းတူတူ။ သုံးဖက်ဝါ
ထရံ၊ တစ်ဖက်က ကြိုးတန်းလျော့လျော့ဆွဲပြီး စောင်ဟောင်းတစ်
ကို ခန်းဆီးအဖြစ် သုံးထားသည်။ ကောင်လေးတွေကျတော့
ဆိုင်ထဲမှာပဲ စားပွဲတွေ ဆွဲစပ်ပြီး တက်အိပ်ချင်အိပ်၊ နှစ်ယော
သုံးယောက် ထိုင်လို့ရသည့် တန်းလျားရှည်ပေါ်မှာအိပ်၊ ကွပ်ပျစ်
လေးတစ်လုံး ရှိသေးတာမို့ အဲဒီပေါ် အိပ်ချင်အိပ်။

ရှင်ယွန်းဘဝ မလုံလဲလိုက်ပုံများလေ။

ရှင်ယွန်း ... ဖြူစင်နှင့်တူတူ ဆယ်တန်းကို တ
နှစ်တည်း အောင်ပါသည်။ ဖြူစင်က ဂုဏ်ထူးသုံးလုံးထွက်၏

“ရှင် ... ဆေးတက္ကသိုလ် သွားမှာပေါ့နော်”

ငယ်စဉ်က “နင်” “ငါ”သုံးခဲ့ပေမဲ့ ဖြူစင့်က
“နင်”ဟု ပြောရမှာ အားနာလာသည်မို့ “ရှင်” “ကျုပ်”
ရှင်ယွန်းကပဲ စတင်ပြောင်းလဲ သုံးစွဲခဲ့တာဖြစ်၏။ ဖြူစင်သည်
နေ့ကျောင်းကောင်းကောင်း၊ ကျူရှင်ကောင်းကောင်း၊ စာကျ
ချိန်မှာ Guide ကောင်းကောင်းနှင့် ပညာရေးကို အကောင်း



ည်း၊ ညွန့်နေအောင် ဆည်းပူးခွင့် ရခဲ့သည်။ ရှင်ယွန်းကျတော့
ကျူရှင်မှမရှိ။ နေ့ကျောင်းကိုပဲ အားကိုးရသည်။ စာမေးပွဲနား
တော့ အထူးထုတ်တွေ ဝယ်ဖတ်ရသည်။ အဒေါ်က စာအုပ်ဖိုး
ောင်းလျှင် ပေးသည့်အခါပေး၍ ... မရှိသေးဘူး ... ဆိုကာ
င်းသည့်အခါ ငြင်း၏။

ဖြူစင်က အလိုက်သိစွာ ... အထူးထုတ်စာအုပ်တွေ
ယ်လာပေးသည်။ ဖြူစင် ယူသော ကျူရှင်မှပေးသည့် မှတ်စု
းကို ဖိုတိုကော်ပီတစ်စုံကူး၍ ရှင်ယွန်းကို ပေး၏။ သူနှင့်
ရှင်တူတူ လာတက်ပါဟုခေါ်၏။ ကျူရှင်ခ ပေးစရာ မလိုပါ၊
ကျခံပါမည်ဟု ဆို၏။ သို့ပေမဲ့ ... ရှင်ယွန်းမှာ အဲဒီလောက်ထိ
ားပြီးတက်ဖို့ အချိန်မရှိပါ။ ရှင်ယွန်း မနက်ဆို ... လေးနာရီ
အိပ်ရာမှ ထရ၏။ အဒေါ်နှင့် ဝိုင်းလုပ်ရသည်။ ထမင်းဟင်း
ချက်ရသည်။ အဒေါ်က ဟင်းတစ်မျိုးချက်လျှင် ရှင်ယွန်းက
ာက်မီးဖိုတစ်ဖိုမှာ နောက်တစ်ဟင်းကို ချက်ရ၏။ ကောင်လေး
ွက ငရုတ်သီးထောင်း၊ ကြက်သွန်ခွာ၊ ထောင်း၊ အိုးကြီးလျှင်
းမ၊ ထမင်းရေငှဲ့ချက်သော ထမင်းအိုးတွေကကြီးတော့ ကောင်
းတွေ ငှဲ့ရ၏။ မနက်ခုနစ်နာရီမှာ ရှင်ယွန်း ထမင်းကြော်ရ
ည်။ တစ်ဆိုင်လုံးစားဖို့။ ပြီးလျှင် ငွေသိမ်းစားပွဲမှာထိုင်။

အဲသည်လို ထိုင်ရင်း ရှင်ယွန်း စာကျက်ရပါသည်။
ယွန်း၏ စာကျက်ချိန်ဟာ စားပွဲထိုင်သော အချိန်တွေ ဖြစ်၏။
န်အချိန်တွေမှာ စာကျက်ချိန်သပ်သပ် မရပါ။ ကျောင်းသွား
ခနီးမှ ရေမိုးချိုး၊ ထမင်းစား၊ ကျောင်းသွား၊ ရှင်ယွန်းတွင် မုန့်
ပါပါ။ အဒေါ်က အဖြူအစိမ်း ကျောင်းဝတ်စုံသုံးစုံ ချုပ်ပေး

ထားသည်။ တစ်နှစ်လုံး ဝတ်ပေတော့၊ ဆယ်တန်းနှစ်မှာ နှစ်စုံ ထပ်ချုပ်ပေးသောကြောင့်၊ အသစ်နှစ်စုံ အဟောင်းသုံးစုံဖြင့် စုစုပေါင်း ငါးစုံဖြစ်ရသည်။ ရှင်ယွန်းသည် စာမတော်ပါ။ တော်လာစရာ အကြောင်းလည်း မရှိ။ ရှင်ယွန်းမှာ စာကျက်ချိန်နည်းသလို အိပ်ချိန်လည်းနည်း၏။

တစ်နေ့မျှ အိပ်ရေးမဝ။ လူက အမြဲလို ထိုင်းမှိုင်းလျက် မျက်ကြောစင်းစင်း ကျနေခြင်းဟာ ရှင်ယွန်း၏ မူပိုင်ပုံစံ တည်း။ အဲသည်ပုံစံနှင့် **ရှင်ယွန်း** ... ဆယ်တန်းကို နှစ်ချင်းပေါက် အောင်လာတာကိုပဲ **ချီးကျူးရဖို့** ရှိလေ၏။

"ဟင် ... ဖြူစင်၊ ရှင် ... **ဆေးတက္ကသိုလ်** သွားမှာပေါ့နော်"

"ဟင့်အင်း ... ကျုပ် ဝါသနာမပါဘူး၊ ဆေးကုရတာ မကြိုက်ဘူး။ နေထိုင်မကောင်းတဲ့ သူတွေနဲ့ချည်း ဆက်ဆံ နေရမှာ၊ ကျုပ် မပျော်ဘူး"

"ဒါဆို ... ဘာယူမှာလဲ"

"အီကိုပဲ။ အီကို ကြိုက်တယ်။ ဖေဖေတို့ကလည်း စီးပွား ရေးသမားတွေပဲ ဆိုတော့လေ။ ကျုပ် ဘွဲ့ရရင်လည်း ဖေဖေ့ အလုပ်ထဲပဲ ဝင်ရမှာ"

"ဒါဆို ... အီကိုမှာ ရှင် ... ခုံနံပါတ်တစ် ရမှာပဲ"

"ရှင်ရော"

"မြန်မာစာ ယူချင်တယ်။ ရပ့်မလား မသိဘူး။ ကျုပ်ရဲ့ အမှတ်တွေက အားလုံး လေးဆယ်ကျော်ရုံလေးတွေပဲ မှာ၊ ပြီးတော့ ... ကျုပ် နေ့ကျောင်းမတက်ပါဘူး၊ အဝေး သင်ပဲ"



"အဝေးသင်က အမှတ်ပိုမြင့်တယ်ဆို"

"ဟုတ်တယ် ... မီရင်ပေါ့လေ။ မမီရင်လည်း နေ့ပဲစာရင်း သွင်းရမှာပေါ့၊ ဒါပေမဲ့ ... နေ့ကိုင်း တက်ဖြစ်မယ် မထင် ဘူး"

"ဘာဖြစ်လို့လဲ"

"ဆိုင်က ပိုကြီးလာပြီ။ ဝင်ငွေလည်း ကောင်းတယ်။ အဖိ လေးတွေတောင် ဟိုဘက်ချဲ့၊ ဒီဘက်ချဲ့နဲ့၊ မြေပိုမကျန်လို့ ဆိုပြီး ခြံရှင်ကတောင် မြေငှားခပိုတောင်းပြီ"

"အဲဒီဆိုင်က ရှင်ရောက်မှ ပိုတိုးတက်တာ မဟုတ်လား"

"အဒေါ်ကတော့ သူ ... စန်းထချိန်ရောက်လို့လို့ ပြောတာ ပဲ"

ရှင်ယွန်း အဝေးသင်တက္ကသိုလ်တက်ခွင့် မရပါ။ အမှတ်မမီပါ။ ဘော်တနီနှင့် ဆိုက်ကို နှစ်ခုပဲ အမှတ်မီသည်မို့ ဘွဲ့တစ်ခုရလျှင် တော်ပြီ ... ဟု ရှင်ယွန်း ဘော်တနီ ယူ၏။

"ကျုပ်တို့ ကျောင်းမှာ ပြန်ဆုံကြပြီ"

"မဟုတ်ဘူး ဖြူစင် ... ကျုပ် ကျောင်းမှာ မရှိသလောက် ဖြစ်မှာ။ ပရက်တီကယ်လောက် လာလုပ်ပြီး၊ လက်ချာတွေ တော့ လွတ်ဖို့များတယ်"

ရှင်ယွန်း ကျောင်းတက်ရက်နှင့် ပျက်ရက်မှာ ပျက် ရက်က ပိုများပါ၏။ ရှင်ယွန်း ဆယ်တန်းအောင်သွားခြင်းဟာ ရှင်ယွန်းရဲ့ဘဝကို တစ်မျိုးတစ်ဖုံ ဖန်တီးလာနိုင်ဖို့ ခြေလှမ်းအစ ဟု ဆိုနိုင်ပါသည်။

✧ ❧ ✧

"ရှင်ယွန်း ... သတင်းကြားတယ်နော်၊ ရှင်က ကျောင်းမှာ ရှိချိန်သာ နည်းတာ၊ ရှင် ကျောင်းတက်ပြီဆိုရင် တယ် လည်း လူစည် ... ဆိုပဲ"

ဘဝပေးကုသိုလ်ဖြင့် တော်တော်လေး လှလာခဲ့ပြီ ဖြစ်သော ရှင်ယွန်းကို ဖြူစင်က အဝတ်အစားတွေ ဝယ်ပေးပါ သည်။ တက္ကသိုလ်ကျောင်းသူအဖြစ် အလျှပယ်မဝတ်နိုင်ပြ သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်နှင့် လှတန်းစေ့ကလေး ဝတ်နိုင် ပါ၏။

"သူ့ဘာသာ လူစည်စည် ... မစည်စည်၊ ခေါင်းထဲတောင် မဝင်ပါဘူး ... ဖြူစင်ရယ်။ ဘွဲ့မြန်မြန်ရ၊ အလုပ်ကလေး တစ်ခု အမြန်ရရင်၊ အဆောင်ပြောင်းနေပြီး၊ ကိုယ့်ဘဝကိုယ် ရပ်နိုင်ဖို့ပဲ စိတ်ကူးရှိတယ်"

"ရှင့်အဒေါ်က ကျေးဇူးလေးတောင် ပြန်မဆပ်ဘူးလို့ ပြောမှာပေါ့"

"ကျေးဇူးကန်းတာတော့ မဟုတ်ဘူး ဖြူစင်။ အဒေါ်ဆီ မှာ အရိပ်တစ်ခုလို ခိုကိုးခဲ့ရတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ... ရှင်နဲ့ မထည့်လိုက်ဘဲ မရမက ခေါ်ကတည်း က ကျုပ်ဟာ သူ့ဆိုင်မှာ အသုံးကျလို့ သုံးဖို့ဆိုတာ အသိ သာကြီး၊ အဲဒီမှာ နေရတာ၊ စားရတာ မှန်ပါတယ် ...



"ဒါပေမဲ့ ... အဒေါ်က ကောင်မလေးတစ်ယောက် ခေါ်ခိုင်းရင် ကျုပ်လိုပဲ ကျွေးရမယ်။ တစ်နှစ်လုံးမှာ အဝတ်သုံးစုံဆိုတာ သူစိမ်းကောင်မလေးခေါ်လည်း အဲဒီ လောက်တော့ ချုပ်ပေးရမှာပဲ။ သူစိမ်းက လခပေးရမယ်၊ ကျုပ်က လခမပေးရဘူး၊ ကျုပ်ကို ခေါ်ထားတာဟာ ...

"ပွဲစားတစ်ယောက်ဆီက အိမ်ဖော်တစ်ယောက် ခေါ် ထားတာထက် ပိုကိုက်တယ်။ ကျောင်းစရိတ်ဆိုလည်း ရှင်ပဲပေးခဲ့တာ။ ကျေးဇူး ပြန်ဆပ်ချင်း ဆပ်ရင် ... အဒေါ် ကို ဆပ်စရာ မလိုဘူး၊ ရှင့်ကိုပဲ ဆပ်ရမှာ"

ဖြူစင် ရယ်၏။ ရှင်ယွန်း မရယ်ပါ။ ရှင်ယွန်းက ရယ်ဆိုတာကို လုံးဝမေ့လျော့သွားခဲ့ပြီ။ ချစ်လှစွာသော သူငယ် ချင်း ဖြူစင်နှင့်တောင်မှ ရှယ်ချင်စိတ် မရှိတော့ချေ။

"ညဆို ... ကျုပ် အိပ်ရတာ မလုံမခြုံဆိုတော့၊ တစ်ခါမှ အိပ်ရေးဝဝ စိတ်ချလက်ချဆိုတာ မရှိခဲ့ဘူး၊ မအိပ်ခင် ကတည်းက စိတ်က ချောက်ချားပြီး အိပ်ပျော်ရတော့ အိပ်မက်ဆိုးတွေနဲ့ လန့်လန့်နိုးရတာ တစ်ညကို သုံးလေး ခါ"

"ရှင့်ဦးလေးက ရိုးတော့ ရိုးတယ် မဟုတ်လား"

"ကျုပ် ကုသိုလ်ကောင်းတာ တစ်ခုလေးပေါ့လေ။ ကျုပ် ကုသိုလ်လား၊ အဒေါ့်ကုသိုလ်လားတောင် မသိပါဘူး။ ဦးလေးက အရက်သောက်မယ်၊ အမြီးကောင်းကောင်းစား မယ်၊ သောက်လို့ဝရင် မိန်းမနဲ့ ရန်ဖြစ်မယ်၊ အဲဒီသုံးခုက လွဲရင် တခြား ဘာမှစိတ်လဲမဝင်စား ...

"ဘာမှလဲ မလုပ်၊ ဈေးဝယ်ပေးတာ တစ်ခုပဲရှိတယ်။ ဈေးဝယ်မပေးရင် အဒေါ်က အရက်ဖိုးမပေးဘူး။ ခုချိန် ထိ ... ဦးလေးဟာ ကျုပ်ကို မရိုးမသား တစ်ခါမှ မရှိဘူး၊ ရှိတာက ကောင်စုတ်တွေ"

"ဘယ်သူတွေလဲ"

"သူတို့ဖြင့် ရွာမှာ သုံး,လေးတန်းလောက်အောင်၊ ရန်ကုန် မြို့တက်ပြီး ထမင်းဆိုင်မှာလုပ်၊ လက်ဖက်ရည်ဆိုင်မှာလုပ် သတင်းစာတစ်စောင် ဖြောင့်အောင်မဖတ်နိုင်၊ စာတစ် ကြောင်း ဝါကျမှန်အောင် မရေးတတ်၊ မှားလိုက်တဲ့ သတ်ပုံက အလုံးတိုင်းစေ့၊ အဲဒီကြားထဲကများ ကျုပ်ကို လူစေ့တက်စေ့က ရည်းစားစာပေးတယ်"

"ဟောတော့ ... တကယ်"

"ဘယ်သူရရ အမြတ်ပဲ တွက်သလား မသိပါဘူး၊ ကျုပ် အဲဒီရန်တွေလည်း ကြောက်ရပါတယ် ဖြူစင်ရယ်"

"အဒေါ်ကို မတိုင်ဘူးလား"

"တိုင်တယ်။ အဒေါ်က ခိုင်းကောင်းတဲ့ ကောင်လေးဆိုရင် နည်းနည်းပါးပါး ဆူတယ်။ ဆူတယ်ဆိုပေမဲ့ ချော့ချော့ မော့မော့ ပြောတာ။ သူ လက်လွှတ်မှာစိုးလို့၊ တချို့ကောင် လေးတွေက ဆိုင်မှာ သိပ်အသုံးဝင်တယ်။ အသုံးမကျတဲ့ ကောင်က စာပေးရင်တော့ တစ်ခါတည်း ထုတ်ပစ်လိုက် တာပဲ ...

"အစကတည်းက ပျောင်း ဖျောင်းမို့ ထုတ်ချင်နေတာ အကြောင်းရှာမရလို့ ခက်နေတာ။ အကြောင်းမခိုင်လုံဘ



ထုတ်ရင် သုံးလစာ ပေးရမှာတဲ့။ အဒေါ် ပြောတာပဲ။ ငါ့တူမကို စာပေးလို့ ထုတ်တယ် ... ဆိုတော့ ရင်ကော့ ပြီးတော့လည်း ပြောနိုင်တယ်၊ ဘာသုံးလခမှလဲ မပေး ရတော့ဘူး၊ ဘယ်လောက် ကောင်းလဲ ... တဲ့။ အဲဒီလို ပြောတာ"

"ရှင့်ဘဝလေး လုံတော့ လုံခြုံတယ် မဟုတ်လား"

"ခုချိန်ထိပေါ့၊ ဒါပေမဲ့ ... အမြဲကျီးလန့်စာစားပါပဲ"

ကျောင်းမမှန်ပါဘူး ဆိုသည့် ရှင်ယွန်း တစ်ယောက် ကျောင်းတက်သည့်နေ့မှာ "သူ့"ကို စတွေ့ခဲ့တာ ဖြစ်၏။

"အို ..."

ရင်ထဲ လှိုက်ခနဲ ခုန်သွားသည်။ သူ့ဆီသို့ မတော် ဘဆ ရောက်သွားသော ကိုယ့်အကြည့်တွေကို ပြန်မသိမ်းနိုင်ခဲ့ ။ သူဟာ ယောကျ်ားတစ်ယောက် အနေနှင့် မလိုအပ်စွာ ချော ာရှင်းသန့်လွန်းနေ၏။ ကိုယ်နှင့် သက်တူရွယ်တူလောက်ပဲရှိ ာပါ။ ဘယ်မေဂျာကပါလိမ့်။ သူ့အရပ်ကြီးဟာ မြင့်မားလွန်းလှ ။ ခြောက်ပေပြည့်မှာ သေချာသည်။ ရှင်ယွန်း အရပ်က မိန်းမ ားတွေထဲမှာ နည်းနည်းရှား၏။ ငါးပေနှင့် ခြောက်လက်မရှိ ည်။ ရှင်ယွန်း ဖိနပ်ဟာ ပါးပါးလေးမို့ သူက ရှင်ယွန်းကို ခြင်၊ အမှတ်မထင် ဘေးက ဖြတ်သွားတုန်း၊ လူချင်းယှဉ်မိခိုက် ယွန်း ဖျတ်ခနဲ မော့အကြည့်၊ ရှင်ယွန်းရဲ့ ဦးဆံဖျားတို့ဟာ နားရွက်အောက်လောက်မှာပဲ ရှိတာ သတိထားလိုက်မိသည်။

အရပ်ကြီးမြင့်မားပြီး ကိုယ်က ကိုင်းကျကာ ရိုးကြီး ါင်ဂင် ဖြစ်နေသည့် ယောကျ်ားတချို့ကို ရှင်ယွန်း မြင်ဖူးပါ

သည်။ သူ့ကျတော့ အဲဒီလို မဟုတ်ပါ။ ကိုယ်လုံးခပ်သွယ်သွယ် ရှိ၏။ ပိန်ပါးနေတာလည်း မဟုတ်။ လူထွားကြီးလည်း မဟုတ် သွယ်ရုံလောက်သာ။ အသားက အညိုသွေး နည်းနည်းလေးဖြ သည့် အဖြူရောင်မို့ ယောကျ်ားတစ်ယောက်အတွက် ကြည့် လှသော အသားရောင်တည်း။ မျက်ခုံးက မည်းနက်စိမ်းမှောင်က အပြားနည်းနည်းကြီး၏။ နှာတံစင်းပုံ လှသည်။ နှုတ်ခမ်းက မထူမပါးနှင့် ကြည့်ကောင်းလှ၏။ နှုတ်ခမ်းလေးတွေများ ရဲ လိုက်တာ၊ ကျန်းမာရေးနှင့် ပြည့်စုံခြင်း၊ ဆေးလိပ်မီးခိုးငွေ့များ၏ တိုက်စားမှု ခံမထားရခြင်းတို့ ပေါ်လွင်သည်။

ရှပ်အင်္ကျီလက်တိုအဖြူပေါ် ရောင်စုံအစွေကွက် ခ သေးသေးကျဲကျဲလေး၏ ပေါ်လွင်သော အရောင်က လိမ္မော် ပါးပါးလေး ဖြစ်၏။ အညိုရယ် အစိမ်းရယ် အနက်ရယ်ပါသော အကွက်ခပ်စိပ်စိပ် ကချင်လုံချည်၏ ပေါ်လွင်သော အရောင်က နက်မှောင်လှနီးပါးပေမဲ့ အင်္ကျီနှင့် လိုက်ဖက်နေ၏။ သူ့ကို ဤ တစ်ကြိမ် ပထမဆုံး မြင်ဖူးခြင်းပါပဲ။ သူက ကိုယ့်ကို သတိမထား မိဘဲ ကိုယ့်နားမှ ဖြတ်လျှောက်သွားသည်။ ရှင်ယွန်း တစ်ကိုယ် လုံး ချာချာလည်ပြီး လိုက်ကြည့်မိကာ ဣန္ဒြေတောင် မဲ့သွားသလား မသိပါ။ သူ့ကို မှတ်ချက်ချနိုင်တာက၊ သူဟာ သူဌေးသားတစ် ယောက်ပါပဲဟူ၍။

တချို့ ဆင်းရဲသားတွေ နွမ်းပါးချို့တဲ့ပေမဲ့ ရုပ်ရည် ချောမောလွန်းတာ တန်ဖိုးနည်းသော အဝတ်အစားများက မ ဖိနိုင်ပါ။ သို့ပေမဲ့ ... ထိုသူသည် ခြိုးခြံချွေတာရသူ ဆိုတာ နေနိုင်သလိုပင်။ တချို့သူဌေးသားတွေ၊ ရုပ်ရည်ဖက်မှာ ကသို



ည်းပါးလျက် ကြည့်ပျော် ရှုပျော်တောင် မရှိပေမဲ့ (ဘာကမှန်း သိ) သူဌေးသားဆိုတာ ကြေညာပြီးသားလို ရှိ၏။ လူတစ်ယောက် ကိုယ်နေဟန်ထား သွားလာလှုပ်ရှားပုံတွေမှာ ကိုယ့်ဘဝအပေါ် ယ်ဘယ်လောက် ကျေနပ်နေသလဲဆိုတာ ပေါ်လွင်သိသာတတ် ည်။ အဲဒါကြောင့် ... သူ့ကို သူဌေးသားမှန်း ဆုံးဖြတ်နိုင် ည်။

ရှင်ယွန်းကိုပဲ ကြည့်တော့ ... တစ်သက်လုံးမှာ ားငယ်စိတ်၊ ကြောက်ရွံ့ထိတ်လန့်စိတ်၊ အငံ့စိတ်၊ ဆုတ်နစ် တွေနှင့်သာ လူဖြစ်လာရတော့ ရှင်ယွန်း ရုပ်ရည်ကလေး ယ်လောက် ချောမောလှပစေကာမူ ညှိုးနွမ်းနေသည့် မျက်နှာ းဟာ အမြဲတစေ ငုံ့ကျလျက်သာ ရှိနေတတ်သည်။ ဝင့်ကြွား လွှားဖို့ဝေးလို့ လူလူချင်း ယှဉ်တိုင်း ကိုယ်က နောက်တန်းမှာ သည့် ခံယူပြီးသားစိတ်နှင့် ထာဝရ အရှုံးပေးထားတာ မျက်နှာ ပေါ်နေသည်။

"ချောလိုက်တာ"

ကျိတ်၍ ရေရွတ်လိုက်မိသည်။ စားသောက်ဆိုင် မှ ပတ်လျှောက်သွားသော သူ့နောက်သို့တော့ မလိုက်ဖြစ်ပါ။ ယ့်ခန္ဓာကိုယ်ကြီးကိုသာ ပြန်လှည့်ပြီး ကိုယ်သွားရမည့်လမ်း ဦးတည်လိုက်ရသည်။

အဲသည်ညက ရှင်ယွန်း အိပ်မက်မက်သည်။

အိပ်မက်ထဲမှာ သူက မင်းသားတစ်ပါး ဖြစ်နေသည်။ ယွန်းက ဆင်းရဲသူမလေး၊ အဝတ်အစား ခပ်ညစ်ညစ်ကနေ၊ းဆို မင်းသမီးလေးတစ်ပါး ဖြစ်သွားသည်။ အိပ်မက်ထဲမှာ

ပင် စင်ဒရဲလားပုံပြင်ကို သတိရနေ၏။ သူ လာခေါ်ဘာ ပန်း ရထားထင်သည်။ စီးလို့ရသည့် အရာတစ်ခုပေမဲ့ ပန်းတွေနှင့် ဧ နေ၏။ အဲသည်အရာက မြေပြင်မှာ **မသွားဘဲ** မိုးကောင်းကင် ဆီသို့ ပျံတက်၏။ အမြင့်သို့ **တစ်ဆင့်တက်လိုက်**တိုင်း အသည် ထဲက အေးခနဲ ဖြစ်သွားရသည်။ **ရင်ထဲမှာ** တလှပ်လှပ်ဖြာလျက် ရင်ခုန်သံက ကျယ်လွန်းနေ၏။ **သူက** ပြုံးပြ၏။ ပျောက်ဆုံးနေ တာ ကြာပြီဖြစ်သော အပြုံးကို **ရှင်ယွန်း** ပြန်လည်မလေ့ကျင့် ဘဲ ပြန်ရ၏။

သူ့ကို ပြုံးပြလိုက်၏။

အိုး ...၊ ပျော်လိုက်တာ။

ဘယ်တုန်းကမျှ မပျော်ဘူးသော အပျော်တစ်ခု ခံစားရသည်။ အပျော်ဆိုတာ ဒီလိုပါလားဟု သိလိုက်၏။ ပျော် ရတာ တော်တော်ကောင်းတာပါပဲလား။

"ပျော်လား"

သူ ပြုံးပုံနှင့် မေးပုံက အဲသည်အချိန်မှာ ရှင်ယွန်း သေလုအောင် စိတ်ညစ်နေခဲ့လျှင်တောင် သူ့အပြုံးကြောင့် လ ခနဲ ပျော်သွားမှာ အမှန်။

"အရမ်းပျော်ပါတယ်"

"နောက်ဆို ... တစ်သက်လုံး ပျော်ရမယ်၊ သိလား"

"ဟုတ် ... တစ်သက်လုံး ပျော်သွားတော့မယ်"

"ကိုယ့်ကိုရော ချစ်လား"

"ဟင် ... ဘာလို့ အဲဒီလို မေးတာလဲ"

"ကိုယ်က ချစ်နေတာကိုး"



"အဲဒီ ကိုယ်က ချစ်တာကို အရင်ပြောဦးလေ။ ချစ်ခွင့်ကို အရင်တောင်းဦးလေ၊ ပြီးတော့မှ ချစ်လားလို့ မေးရမှာ။ အဆင့်တွေ ကျော်ကုန်ပြီ"

"ဒါဆို ... တစ်ဆင့်စီ သွားမယ်။ ကိုယ်လေ ... မင်းကို သိပ်ချစ်တယ်။ သိလား။ မသိသေးရင် အခုသိလိုက်။ ပြီးတော့ ... တစ်ခါတည်း ယုံလိုက်။ ယုံပြီဆိုရင် ကိုယ် ထပ်ပြောမယ်။ ကိုယ့်ကို ချစ်ခွင့်ပေးပါ။ မင်းကို ချစ်ပါ ရစေ။ မင်းက ကိုယ့်အချစ်ကို လက်ခံပါ။ ပြီးရင် ကိုယ့် ကို ကိုယ့်အချစ်နဲ့ ညီမျှတဲ့ ...

"ပမာဏတူတဲ့ အချစ်ထုထည်နဲ့ ကိုယ်ကို ပြန်ချစ် ပေးပါ။ နည်းနည်းလေးမှ မလျော့စေနဲ့နော်။ မင်းပေးနိုင် မယ် ဆိုရင်တော့ ကိုယ့်အချစ်ထုထည်ထက် ပိုကြီးတဲ့ အဆပေါင်း များစွာသာတဲ့ အချစ်နဲ့ ပြန်ချစ်ပေးပါ။ ကိုယ်က ... ဘယ်တုန်းကမှ ဘာကိုမှ လောဘ မကြီးခဲ့ဖူး ဘူး ...

"အရာရာမှာ လောဘတော်တော်နည်းခဲ့ဖူးတယ်။ အခု ... ကိုယ်လောဘအရမ်းကြီးသွားပြီ။ ပထမဆုံး ... ကိုယ့်တစ်သက်မှာ လောဘတကြီး ရယူချင်တာ မင်းဆီက အချစ်။ အများကြီး ရချင်တယ်။ အပိုင်ရချင်တယ်။ ကိုယ့် ပ ်ယောက်တည်းအတွက် ဖြစ်ရမယ်။ ဘယ်သူ့ကိုမှခွဲ ဝေမပေးနိုင်ဘူး။ ဘယ်နှယ်လဲ ... ဖြစ်မလား"

"ဟုတ်"

ရှင်ယွန်း ခေါင်းတစ်ချက် ညိတ်၏။ စကားပြော ဖို့ မလိုဘဲ ခေါင်းညိတ် ခေါင်းခါရုံနှင့် လုံလောက်လျှင် စကား မပြောတာဟာ ရှင်ယွန်း အကျင့်လေ။ သူ ပြောသမျှ လက်ခံတာ ပဲဆိုတော့ ခေါင်းတစ်ချက် ညိတ်လိုက်ရုံနှင့် အရာရာဟာ ပြီးပြည့် စုံသွားမှာ မဟုတ်လား။ အဆစ်အနေနဲ့ "ဟုတ်"တစ်လုံးတော ထည့်ပေးလိုက်သေး။

"ဒါပဲလား၊ စကားများများပြော"

"ကျွန်မရဲ့ ဟုတ်တစ်လုံးဟာ ရှင့်ဆီက ဝါကျရှည်ကြ ထက် ခွန်အားအများကြီး ပိုပါတယ်"

"ပြောတတ်လိုက်တဲ့ ကောင်မလေးပဲကွာ"

"အို ... ကျွန်မ၊ ကျွန်မတို့ ပြန်ကြစို့၊ ကျွန်မ ဒီ့ထက် ပြီး အချိန်မရတော့ပါဘူး၊ ကျွန်မကို အဒေါ် စောင့်နေလိ မယ်။ ခုဆို ... အဒေါ် ခေါ်နေလောက်ပြီ။ ဟင် ... ကျွ ရဲ့ အဝတ်အစားတွေ ... ဘာဖြစ်ကုန်တာလဲ"

မင်းသမီးတစ်ပါးလို ဝတ်စားထားသည့် အဝတ်ေ က တဖြည်းဖြည်း ချည်ထည်တစ်ပတ်နွမ်းလေးတွေ ဖြစ်ကုန်တော သည်။ တစ်စစ ပြောင်းနေတာကို ကြည့်ရင်း ရှင်ယွန်း မျက်ရ ပေါက်ပေါက်ကျ၏။

"ကျွန်မဟာ ... စင်ဒရဲလားလိုပဲနော်"

မျက်ရည်စက်လက်နှင့် ပြောရင်း သူ့ကို မော့ကြ လိုက်တော့ သူ့မျက်ဝန်းတွေဟာ စူးရှစိမ်းကားနေလို့ပါလာ အထင်သေးခြင်း၊ မတူမတန်ခြင်း၊ ရွံရှာစက်ဆုပ်ခြင်းတို့ ပေါင် လျက် ရက်စက်တော့မည့် မျက်ဝန်းများ။



"ကျွန်မကို အဲဒီလို မကြည့်ပါနဲ့။ ကျွန်မကို အဲဒီလို မလုပ်ပါနဲ့။ ကျွန်မ ကြောက်လို့ပါ။ ကြောက်တယ် ... ကြောက်တယ်"

ချွေးစေးများဖြင့် လန့်နိုးလာချိန်မှာ အဒေါ်က ယွန်း တင်ပါးကို ခြေထောက်နှင့် ခပ်ဆဆ ကန်နေ၏။

"အမလေးဟဲ့ နှိုးလိုက်ရတာ။ ခြေထောက်နဲ့ ဖြည်းဖြည်း ကန်နှိုးတာများ၊ ဒီလို မလုပ်ပါနဲ့တဲ့။ ကြောက်တယ်တဲ့။ တွန်းထိုးရိုက်ပုတ်ပြီးများ နှိုးမိရင် ... အသုဘများတန်းချ ရမလားပဲ။ ထ ... ဘယ်အချိန် ရှိနေပြီလဲ"

"ဟုတ်"

ရှင်ယွန်း လူးလဲထ၏။ အဒေါ်ဖြုတ်ချထားဟန်တူ ာ ခြင်ထောင်ကို ဆွဲယူ၍ ကမန်းကတန်း ခေါက်ရသည်။ ရာမြန်မြန် သိမ်း။

မျက်နှာသစ်။

"ထမင်းကြော်ချေတော့ ... ငါဖြင့် ထမင်းတစ်အိုးတောင် ကျပြီ။ နောက်ကို ဒီလို မဖြစ်စေနဲ့"

ရှင်ယွန်း ခေါင်းညိတ်ပြလိုက်တာကို အဒေါ်မမြင်

ထင်ပါရဲ့"

"ဟဲ့ ... ကြားလား"

"ဟုတ်"

"စကားပြောရင် ... ဟုတ် ... ဟုတ် ... နဲ့ ရိုင်းလိုက်တာ။ ဟုတ်ကဲ့ဖြင့်လည်း ဟုတ်ကဲ့ပေါ့။ တကတဲ"

အိပ်မက်လေးတောင် ပြန်တွေးချိန် မရပါလားကွယ် ခုနေသာ ... ရှင်ယွန်းမေ ... ဆိုသည့် လူမ,လေးဟာ နွားမ မလေး အဖြစ်သို့ ပြောင်းလဲသွားကြည့်ပါလား။

ညက အိပ်မက်ချိုချိုလေးကို ကောင်းကောင်း စားမြို့ပြန်နေပစ်လိုက်မှာပေါ့။ ရှင်ယွန်းမေ ... ဆိုတာထက်စား နွားမလေးသာ ဖြစ်လိုက်စမ်းချင်တော့ကွယ်။

✧ ❧ ✧

"ကျွန်မနာမည် ... ရှင်ယွန်းမေပါ"

ဒီနေ့ ... ကျောင်းမတက်ဖြစ်၊ တက်ချင်လွန်းလို့ သွားတက်ဖို့လုပ်တော့ ...

"ခါတိုင်း ... ညည်းကျောင်းက ရက်ဆက်မတက်ရပါ ဒီနေ့မှ ဘာဖြစ်တာလဲ"

"ကျွန်မ ကျောင်းပျက်ရက်များလို့ နောက်ကျနေတဲ့စာ ကူးဖို့ပါ"

"ဒါဆို ... စာအုပ်ငှားပြီးပြန်ခဲ့။ စားပွဲမှာထိုင်ရင်းကူး မြန်မြန်ပြန်လာခဲ့"

ရှင်ယွန်း ... ခေါင်းကိုသာ ညိတ်ပြခဲ့သည်။

မနေ့က သူ့ကိုတွေ့ရသည့် နေရာလေးနားတ မှာ ရှင်ယွန်း ဟိုဟိုဒီဒီ လျှောက်နေမိသည်။ ရှင်ယွန်း ဘာဖြ ပါလိမ့်။ လူစိမ်းတစ်ယောက်ကို (အဲဒီလူစိမ်းကလည်း ယော သား ဖြစ်နေသေးသည်) တစ်ကြိမ် မြင်ဖူးရုံမျှဖြင့် တအာ



ခွဲလမ်းသွားရသည်။ ကြည့်ကောင်းကောင်းနှင့် ငေးနေမိ၏။ သူ့ နောက် ခပ်လှမ်းလှမ်းမှ အဓိပ္ပာယ်မဲ့စွာ လျှောက်လိုက်ကြည့်ဖြစ် သေးသည်။ ပရက်တီကယ်ခန်းထဲ မဝင်မဖြစ်လို့သာ သူ့ကိုမျက်ခြည် ပြတ်ခဲ့ရတာဖြစ်၏။ ရိုးရိုးလက်ချာသင်တန်း ဆိုလျှင်တောင် တက် ဖြစ်မှာ မဟုတ်တော့ချေ။ ကိုယ့်လို အခြေအနေနှင့် မိန်းကလေး က စာမေးပွဲကျလို့ မဖြစ်ပါ။ အဒေါ့်အိမ်မှာ နေရသည် ဆိုပေမဲ့၊ ထမင်းလောက်သာ စားရတာ၊ အိပ်စရာ ကျောတစ်နေရာစာလေး ကို မလုံမခြုံရတာ၊ အဝတ်အထည်ဆိုတာ မေ့လောက်ရှိမှတစ်ထည် ဆိုသလို။ ဒီလောက်ကလေး ဝတ်နိုင် စားနိုင်၊ ကျောင်းတက်နိုင် နေခြင်းဟာ ကျေးဇူးရှင်လည်းဖြစ် အချစ်ဆုံး သူငယ်ချင်းလည်း ဖြစ်သော ဖြူစင်သန့်၏ ထောက်ပံ့မှုတွေကသာ အဓိကဖြစ်၏။ အဲသည်လိုမျိုး လူစားက စာမေးပွဲကျလို့ ဖြစ်ပါ့မလား။

ထမင်းနှစ်နပ်နှင့် ကျောတစ်နေရာစာအတွက်၊ အဒေါ့် ထမင်းဆိုင်မှာ ဝိုင်းကူလုပ်ပေးရသည့် အချိန်တွေက ကျောင်းချိန် ကျက်ချိန်တွေကို ဖဲ့ယူလွန်းပါသည်။ ကျောင်းဆိုတာ မရောက် ဖြစ်တာကများ၍ တစ်ခါတလေကျ ...

"ဖြူစင်ရယ် ... ကျုပ်ဖြင့် ဒီတစ်ခေါက် ကျောင်းလာရတာ လမ်းတောင် မှားမလား ထင်မိတယ်။ မရောက်တာကြာ လို့"

ကျောင်းတက်ဖြစ်သည့် နေ့တိုင်းမှာတော့ ဖြူစင့် အမြဲလို လိုက်ရှာဖြစ်ပါသည်။ တွေ့သည့်အခါလည်းတွေ့၊ တွေ့သည့် အခါလည်းရှိ။ အဲသည်အခါကျ ... တစ်နေရာရာက ပြီး ဖြူစင့်ဆီ ဖုန်းဆက်၊ အနည်းဆုံး တစ်ပတ်ကို နှစ်ခါဖုန်း

ဆက် ... ဟု ဖြူစင်က ပြောထားပါသည်။ ဖြူစင် ... ကိုယ့်အတွက် ဘယ်လောက် ကူညီသလဲဆို ... ငွေလိုတိုင်း သူငယ်ချင်းဆီလာပြီး လက်ဖြန့်ရမှာစိုးစွာ ... ရှင်ယွန်း မျက်နှာမငယ်စေချင်သောကြောင့်၊ ငွေစုဘဏ်မှာ ရှင်ယွန်းကိုပါ ခေါ်သွားပြီး ရှင်ယွန်းနာမည်နှင့် ဘဏ်စာရင်းတစ်ခု ဖွင့်ပေးခဲ့သည်။ ပြီးတော့ ... မကြာ မကြာ ... သူ့ဘာသာ ငွေနည်းနည်း ... နည်းနည်းဆိုသလို သွင်းပေးသည်။

ဖြူစင့်မှာ ကိုယ်ပိုင်ဘဏ်စာရင်း ရှိသည်။ ဖြူစင်ဟာ သူဌေးသမီးမို့ မုန့်ဖိုးက အလျှံပယ်ပါ။ အလျှံပယ်ရပေမဲ့ ဘယ်တော့မျှ မဖြုန်းတတ်သူလေးမို့ ကလေးဘဝကဆို ... သူ့မှာ စုဘူးကလေး ရှိသည်။ ဆယ်တန်းအောင်လာတော့ အဲသည်စုဘူးကလေးဟာ ဘဏ်စာရင်း ဖြစ်သွားရတော့သည်။

"နည်းနည်းလေးမှ အားနာမယ် စိတ်မကူးနဲ့နော်၊ ကျူပ် မုန့်ဖိုးထဲက ထည့်ပေးတာ"

သူ့ဘဏ်စာရင်းလေးထဲမှ ရှင်ယွန်းဘဏ်စာရင်းလေးထဲသို့ ဘယ်လောက် လွှဲပေးပါ ဆိုတာမျိုးနှင့် သူထည့်ပေးတတ်၏။ တကယ်တမ်းဆို ရှင်ယွန်းမှာ လုံလုံလောက်လောက်ကလေး ရှိပါသည်။ သို့ပေမဲ့ ... ရှင်ယွန်းက သိတတ်စွာ ဘယ်တော့မျှ ပေါပေါများများ မသုံးပါ။ ဖြူစင်က ကျောင်းစရိတ်ထောက်နေမှန်း အဒေါ်သိသည်မို့လည်း ရှင်ယွန်း ကျောင်းတက်တာကို ဖွတ်ကြီး မတားဆီးခဲ့တာ ဖြစ်သည်။ အဒေါ့်စရိတ်နှင့်သာဆို ... ရှင်ယွန်း ... ဆယ်တန်းထိ ရောက်လာစရာအကြောင်းတောင် မရှိပါ။



ဒီနေ့ ... သူ့ကို ဦးစားပေးပြီး ရှာနေမိတာ၊ ဖြူစင့်အပေါ်မှာ သစ္စာဖောက်သလို ဖြစ်ပြီလားဟုတောင် တွေးမိရသည်။ ခါတိုင်းဆို ... ကျောင်းရောက်လျှင် ဖြူစင့်ကို ရှာသည်။ ဒီနေ့ ... အခုထက်ထိ ဖြူစင့်ကို မရှာဖြစ်သေး။ ဒီနေ့ ကျောင်းတက်လာတာကိုက သူ့ကိုရှာဖို့ အဓိက ဖြစ်၏။ ဒီနေ့ သူ့ကို မတွေ့ရပါ။ ညက တစ်ညလုံး သူ့ကိုပဲ မြင်ယောင်လျက် ရင်တွေခုန်နေခဲ့ရသည်။ သူ့ကို မတွေ့ရပြန်တော့ ရင်ထဲမှာ ဘယ်လိုခံစားချက်ကြီးမှန်းမသိ။ မကြည်မလင် မရှင်းမလင်းကြီး။ ရင်ထဲ ... ဦးနှောက်ထဲမှာ ရှုပ်ထွေး နှောက်ကျိကြီးနှင့် လေးလေးလံလံ ရှိတော့၏။

"ဟဲ့ ... ရှင်ယွန်း"

လက်တစ်ဖက်ကို လှမ်းဆွဲခံရမှ လန့်ဖျပ်လှည့်ကြည့်တော့ ကျေးဇူးရှင် သူငယ်ချင်းလေး ဖြူစင်။

"ဟယ် ... ဖြူစင်ရယ်"

ရတ်တရက် အားရှိသလို ခံစားလိုက်မိရသည်။ သူ့ကို မတွေ့ရချိန်မှာ ဖြူစင့်ကို တွေ့လိုက်ရခြင်းဟာလည်း ရင်ထဲ ကျေနပ်နှစ်လိုခြင်း ဖြစ်ရတာပါပဲ။

"ဘာရှာနေတာလဲ။ ဘယ်သူ့ကို ရှာနေတာလဲ"

"ရှင့်ကို"

ပြောပြီး ... ရှက်ကိုးရှက်ကန်း ပြုံးဖြစ်၏။ အပြုံးရယ်ဆိုတာ ပျောက်ဆုံးနေသည့် ရှင်ယွန်းကို ဖြူစင်က ထူးဆန်းကြည့်၏။ ရှင်ယွန်း ပုံစံလေးက ခါတိုင်းထက်ပို၍ လန်းဆန်းသလိုဟုတော့ ထင်သား။ သို့ပေမဲ့ ... ဖြူစင်ကလည်း ကိုယ့်အပျော်နှင့်ကိုယ်။

"ကျုပ်လည်း ရှင့်ကို တွေ့ချင်နေတာ။ ဒီနေ့ ကျောင်းမှာ မတွေ့ရင် ညနေကျ ... ရှင့်အိမ်ကိုတောင် လိုက်လာတော့ မလို့"

"ကိစ္စရှိလို့လားဟင်"

"ပြောစရာရှိလို့"

ပြောစရာရှိလို့ ... ဆိုသည့် ရှက်ပြုံးလေးကို ရှင်ယွန်း ငေးကြည့်လိုက်မိသည်။ သူ့ ရှက်ပြုံးလေးဟာ ... စောစောက ရှင်ယွန်း လှစ်ခနဲ ပြုံးလိုက်ဖြစ်သည့် ရှက်ပြုံးလေးနှင့်များ သဘောချင်း ဆင်နေမလား။

"ပရက်တီကယ်ရှိလား"

"ဟင့်အင်း"

"ဒါဆို အခန်းတစ်ခုထဲ ဝင်ထိုင်ရအောင်၊ ကျုပ်မှာရိုက္ခာတွေ ပါတယ်"

ဖြူစင်က သူ့သူငယ်ချင်းမလေးတွေကို ရှင်ယွန်းနှင့် လိုက်သွားမည်ဟု လှည့်ပြော၏။ ရှင်ယွန်းဟာ ဖြူစင်ရဲ့ ငယ်သူငယ်ချင်း၊ တစ်ယောက်နှင့် တစ်ယောက် သိပ်ချစ်ကြသည်။ ရှင်ယွန်းက နည်းနည်းပါးပါး နွမ်းပါးသည်။ ဖြူစင့်ကရိုက္ခာနှင့် သည်းညည်းကို ခံသည်။ မေဂျာမတူသည့်ပြင် ရှင်ယွန်းက အိမ်မှာဖွင့်ထားသည့် ထမင်းဆိုင်မှာလည်း ဆိုင်ထိုင်ပေးရသေးတာမို့ ဖြူစင်နှင့် တတွဲတွဲ မနေဖြစ်ပါ ... အဲသည်လောက်ထိ၊ ဖြူစင်က သူ့သူငယ်ချင်းတွေကို ပြောထားသည်။ သူ ... ကျောင်းစရိတ်ထောက်နေသည်ထိတော့ မပြောပါ။ ရှင်ယွန်း မျက်နှာငယ်ရမှာစိုးလို့ ဖြစ်ပါသည်။



"ကျုပ်တော့ ရှင့်ကို မတိုင်ပင်ဘဲ လုပ်ချလိုက်ပြီ"

ဖြူစင်က ခိခနဲ ရယ်၏။

"ရှင် ... လက်ခံလိုက်ပြီပေါ့"

"အေး ... အဟဲ"

ဖြူစင့်ကို လူတစ်ယောက် လိုက်နေသည်။ ဒီကျောင်းမဟုတ်၊ ဆေးတက္ကသိုလ်ကတောင် တကူးတက လာရတာဆိုလောက်ထိတော့ ရှင်ယွန်း သိပြီးသားပါ။ ဘယ်သူမှန်းသာ ိသေးတာ။ မြင်သာ မမြင်ဘူးသေးတာ။ မမြင်ဘူးဆို ... ်င်ကလည်း တစ်ခါမှမှ မပြထားသေးတာလေ။

"သူက ကျုပ်ကို ဖရက်ရှာဒေးကတည်းက စတွေ့သွားတယ်ဆိုတာ ရှင့်ကို ပြောဖူးတယ်နော်။ အဲဒီနေ့မှာ ဖရက်ရှာကွင်းကို မငေးဘဲ ကျုပ်ကို လှမ်းငေးနေတဲ့သူကို အဲဒီနေ့ကတည်းက ကျုပ်ကလည်း သတိထားမိခဲ့တာပဲ"

"နောက်တော့ အတင်းလိုက်မိတ်ဆက်တယ် မှလား။ ချစ်တယ်လို့လည်း ပြောထားတယ်လေ။ ငါးလ ခြောက်လလောက်တောင် ရှိပြီလားပဲ"

"အင်း"

"ရှင်ကလည်း ... ကျုပ် မြင်ဖူးရုံတောင် တစ်ခါမှ ပြမထားဘူး"

"ပြမထားတာကလေ ... ဆုံလည်း မဆုံဘူးကွ၊ သူကလည်း တခြားက လာရတာ၊ ဆေးကျောင်းကဆိုတော့ နေ့တိုင်းလည်း မလာနိုင်ဘူး၊ တစ်လမှ တစ်ခါလောက်လာတာ၊ သူလာတဲ့နေ့တွေ ... ရှင်နဲ့ ဆုံကိုမဆုံဘူး။ လာရင်လည်း

ခဏာပဲ။ ကျုပ်ကလည်း လက်ခံသေးတာ မဟုတ်ဘ
လေ ...

"တတွဲတွဲလည်း မနေပါဘူး၊ မုန့်ဆိုင်တောင် တူ
မထိုင်ဘူး၊ သူကလည်း ကြာကြာမနေနိုင်၊ ကျုပ်ကလ
အဖြေမပေးရသေးဘဲနဲ့ တွဲတယ်ဆိုရင် ဘယ်ကောင်းမ
သူ ... ကျောင်းကိုလာတာလည်း လေးငါးခေါက်ထ
မပိုဘူး"

"ဟင် ... တွေ့ရတဲ့ အကြိမ်က နည်းလှချည်လား"

"ညနေတိုင်းတော့ အိမ်ကို ဖုန်းဆက်တယ်"

"ဩော် ..."

"ကျုပ် မေမေ့ကို ဖွင့်ပြောတယ်၊ မေမေက စုံစမ်းပြီးမှ
ပြုတယ်ဆိုလို့၊ မနေ့ကမှ လက်ခံလိုက်တာ"

"မနေ့က ..."

"အင်း"

"လတ်လတ်ဆတ်ဆတ်ကြီးပါလား"

ဖြူစင်က ရှင်ယွန်းကို မနာအောင်ထုရိုက်ရင်း ရ
ရမ်း ရမ်းနေ၏။

"ကျုပ်လည်း မနေ့က ... သူစိမ်း ယောကျ်ားတ
ယောက်ကို မျက်စိအောက်က အပျောက်မခံဘဲ ထိုင်ကြည့်နေ
လောက်အောင် စိတ်ဝင်စားသွားမိတယ်"ဆိုတာ၊ ဖြူစင့်လို
ပွင့်လင်းလင်း ရဲရဲကြီး ပြောချလိုက်ချင်စမ်းပါဘိ။ သို့ပေမဲ့
နှုတ်ထွက်မရဲပါ။ ကိုယ်က သူ့ထောက်ပံ့မှုနှင့် ကျောင်းတက်
ရတာ။ သူများပေးစာကမ်းစာနှင့် ကျောင်းတက်ပြီး၊ စာကျ



ကောင်းကောင်းမသင်၊ ရည်းစားထားဖို့ စိတ်ကူးနေပြီ ... ဆိုသည့် အပြစ်သို့ ရောက်မှာစိုး၏။ ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားမိပါကြောင်း ... ဖွင့်ပြောရမှာ၊ ကျေးဇူးရှင် သူငယ်ချင်းလေးကို ရှက်လည်းရှက်၊ အားလည်းနာ။ အဲသည်ထက် ပိုဆိုးတာက၊ ကိုယ်ကသာ တစ်ညလုံး သူ့ကို မြင်ယောင်နေ ... သူ့ဘက်က ကျတော့ ဤကမ္ဘာပေါ်မှာ ရှင်ယွန်းမေ ဆိုသည့် မိန်းမတစ်ယောက် ရှိနေတယ် ဆိုတာတောင် မသိသေး။

အဲသည်အဖြစ်ဟာလည်း ဣန္ဒြေရှင် မိန်းမသားတစ်ယောက်အဖို့ ရှက်စရာပါပဲ။

"ရှင့်အမေကို ဖွင့်တိုင်ပင်တယ်ဆိုတော့၊ ရှင် အရမ်းလိမ္မာတယ်နော်"

"မိခင်ဆိုတာ အပျိုမလေးတစ်ယောက်အတွက် အကောင်းဆုံးသော သူငယ်ချင်းလေ ... ရှင်ယွန်းရဲ့"

"ကျုပ်မှာတော့ ... အဲဒီ အကောင်းဆုံးဆိုတဲ့ သူငယ်ချင်း မရှိပါဘူး ဖြူစင်ရယ်"

"ကျုပ်ရှိတယ်လေ"

"ဟုတ်တယ် ... ရှင်ဟာ ကျုပ်အတွက် သာမန်သူငယ်ချင်း မဟုတ်ဘူး၊ ကျေးဇူးရှင်။ ပြီးတော့ ... အရိပ်တစ်ခုကို ပေးနိုင်စွမ်းတဲ့သူ၊ ဘဝတစ်ခုတည်ဆောက်ဖို့အတွက် ဖန်တီးပေးတဲ့သူ၊ ရှင်သာ မရှိရင် ကျုပ် အသက်တောင်မရှည်နိုင်ဘူး ...

"တကယ် ... အသက်ရှင်နေမယ် ဆိုရင်လည်း စုတ်ပြတ်သတ်ပြီး လူတကာ ခြေနင်းဖတ်ထဲမှာ ပုံရွဲ့နင်း

ကျေနေရမှာ။ ဖြူစင်ရယ် ... ရှင့်ကျေးဇူးတွေကို နောက်ဘဝထိ သယ်သွားမယ်။ ဘဝဆက်တိုင်း ဆပ်မယ်"

"ဒီလို မပြောပါနဲ့ဟာ ... ကျုပ် ကူညီတာ မဖြစ်လောက်ပါဘူး"

"ရှင့်အတွက် မဖြစ်လောက်ပေမဲ့၊ ကျုပ်အတွက်တော့ ဘဝတက်လမ်းအတွက် ရောမလေ့ကားကြီးပဲ။ ရှင်သွားကြားညပ်လို့ ထွေးထုတ်လိုက်တဲ့ အသားစလေးတစ်ခုဟာ၊ ပုစွက်ဆိတ်တစ်ကောင် အတွက်တော့ နှစ်ရက် သုံးရက်စာ ဟင်းဖြစ်ချင် ဖြစ်နေမှာ"

"ဟာကွာ ... ဒါတွေ မပြောနဲ့၊ စိတ်ညစ်လာပြီ"

"ဆောရီး ... ရှင်ပျော်နေတဲ့ အချိန်လေးကို မီးခိုးရောင် ဆေးသုတ်သလို ဖြစ်သွားပြီ။ ပြောပါဦး ... ရှင့်လူ အကြောင်း"

"သူ့နာမည်က ... မင်းချမ်းမြွေ ... တဲ့"

"မင်း ... ချမ်း ... မြွေ"

ရှင်ယွန်းက တစ်လုံးချင်း ခေါ်ကြည့်သည်။ ခေါ်လို့ ကောင်းသလို ခံစားရသည်။ နောက်ထပ် နှစ်ခွန်း သုံးခွန်း ဆက်တိုက်ခေါ်ကြည့်လိုက်၏။ ရင်ထဲမှာ လှိုက်ခနဲဖြာ၍ အေးသွားရသည်။

"နာမည်က ကောင်းလိုက်တာ ... ချောလား"

"ကျုပ်ကိုမေးရင်တော့ ချောတယ်ပဲ ပြောမှာပေါ့"

"ပုံဖော်ပြ"

"အရပ်က ခြောက်ပေ"



"ကောင်းလိုက်တာ။ ကျုပ်လည်း ... ယောကျ်ား ဆိုရင် အရပ်ရှည်မှ သဘောကျတယ်။ ယောကျ်ားပုတုလေးတွေဆိုရင် အားမကိုးလောက်သလိုပဲ"

"အသားက ဆွတ်ဆွတ်ဖြူတော့ မဟုတ်ဘူး၊ ကျုပ်လောက် မဖြူဘူး"

"ရှင်က နာမည်နဲ့ လိုက်အောင် ဖြူစင်ဖွေးသန့်နေတာ၊ မီးချောင်း ထွန်းထားသလား မှတ်ရတာ။ တော်ရုံတန်ရုံ အသား ... ရှင့်ကို ဘယ်မီမလဲ"

"ဒါပေမဲ့ ... မျက်ခုံး၊ မျက်လုံး၊ နှာတံ ... အားလုံး ကျုပ် ထက်သာတယ်။ တကယ်တမ်းဆို ... သူနဲ့ ကျုပ်နဲ့ ယှဉ်လိုက်ရင်လေ ... ကျုပ်က မိန်းကလေးမို့ ပြင်ဆင်ထားလို့ သာ သိလား၊ သူ့လိုသာ မဖြီးမလိမ်း နဂိုနေဆိုရင် သူက ပိုချောတယ်"

"ဟုတ်လား"

မျက်စိထဲမှာ ... ဖျတ်ခနဲ ပြေး၍မြင်ယောင်လိုက်သည်။ သူလည်း လူချောတစ်ယောက်ပါပဲ။ သူ့အရပ်လည်း ခြောက်ပေပြည့်မည့်ပုံပဲလေ။

"ဆေးတက္ကသိုလ်က ... ဟုတ်လား"

"အေး"

"ရှင်သာ ဆေးပဲတက်မယ်ဆိုရင် ... ရှင်တို့ ကျောင်းတူမှာ နော်"

"သူကလည်း ပြောတယ်။ ဆေး ... ဝင်ရဲ့သားနဲ့ ဘာဖြစ်လို့ အီကိုယူရတာလဲတဲ့"

"သူကကျတော့ ဝါသနာပါတယ်ပေါ့။ ဟုတ်လား"

"သူ့အဖေရဲ့ အဓိကစီးပွားရေးလုပ်ငန်းက ဆေးခန်းကြီး ဖွင့်ထားတာလေ။ သူတို့ သားမိသားဖ သုံးယောက်လုံး ဆေးပညာဝါသနာပါတာ"

"ဟယ် ... အရမ်းသူဌေးကြီးပဲပေါ့နော်"

"အင်း ... ဒါပေမဲ့ ... သူ့ကို ကျုပ်ချစ်တာ၊ ချစ်ကိုချစ် သွားလို့ ချစ်တာ။ သူချမ်းသာလို့၊ ဆရာဝန်လောင်း ဖြစ် လို့တော့ မဟုတ်ဘူး"

ဩော် ... အမြဲတေရှိရာ အမြဲတေစု ... ဆိုသလို ပါပဲလား။ သူဌေးသမီးကျတော့ သူဌေးသားနှင့် ဖူးစာဆုံသတဲ့ သူဌေးသားနှင့် သူဌေးသမီးတို့ ဖူးစာဆုံတဲ့ အခါကျတော့လည်း ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်း ... နှင့် နိဂုံးချုပ်မှာ သူဌေးသားနှင့် သူဆင်းရဲမတို့များ ဖူးစာဆုံကြည့်ပါလား။ သူဌေး သားဘက်က သဘောမတူဘဲနဲ့ လိုက်ခွဲ။ ရင်ကွဲနာကျကြလေ သတည်း ဆိုတာနဲ့ နိဂုံးချုပ်ရမှာ။

"သူ"... ဟာ သူဌေးသားများလား မသိ။ ကိုယ်နဲ့ လိုတော့ ဘယ်လိုမှ မဆင်းရဲမှာ အသိသာကြီး။ သူ့အဝတ်အစား သူ့လက်ပတ်နာရီ။ ဒီလောက်ပဲ မြင်လိုက်တာလေ။ သူ ... ကုန်း ကြောင်းလာသလား၊ ကားနဲ့လာသလားတောင် သိလိုက်တာ မဟုတ်။ ကားနဲ့လာတာသာဆိုလျှင် အဆင့်အတန်းချင်းက ပိုဝေး ကွာပြီပေါ့။ သူနဲ့ ကိုယ်နဲ့တော့ ဘယ်လိုမှ ဖူးစာမဆုံနိုင်ကောင်း ဘူး ထင်ပါရဲ့။



"သူတို့ရဲ့ မိဘမျိုးရိုးကစပြီး စိတ်ထားကောင်းတာတွေ၊ အကျင့်စာရိတ္တ ကောင်းတာတွေ၊ သမာအာဇီဝနဲ့ပဲ အသက် မွေးဝမ်းကျောင်း ပြုတာတွေ၊ အဲဒါတွေ အားလုံး မေမေက စုံစမ်းကြည့်တာ"

"သူကရော ... သူ့အိမ်မှာ သူ ပြန်ပြောတယ်တဲ့လား"

"ပြောတယ်တဲ့။ သူ့အဖေနဲ့ အမေက အသက်တွေ တော် တော်ကြီးနေပြီ။ ဘယ်သူဖြစ်ဖြစ် သားချစ်လို့ ခေါ်လာတဲ့ မိန်းကလေးဟာ သူတို့ချွေးမပဲတဲ့"

"သူတို့ဘက်က လိုက်စုံစမ်းရင်လည်း ရှင့်ကို သဘောကျ မှာပါ။ ရှင်တို့လည်း ဆွေကောင်း မျိုးကောင်း၊ စိတ်စေတနာ ကောင်း၊ ကိုယ်ကျင့်တရားကောင်းတဲ့ သူတွေပဲ။ ဝမ်းသာ တယ် ဖြူစင်ရယ် ... ရှင်တို့ စုံတွဲက လူဖက်တာမဟုတ်ဘဲ နတ်ဖက်တာ ထင်ပါရဲ့"

"လက်ထပ်ဖို့တော့ လိုဦးမယ်။ သူ ဆရာဝန်ဖြစ်မှလေ၊ သူနဲ့စာရင် ကျုပ်က စောပြီးဘွဲ့ရမှာ"

"ရှင့်အဖေကုမ္ပဏီမှာပဲ ဝင်လုပ်မှာ မဟုတ်လား"

"ဖေဖေ့ဆီပဲ လုပ်ရမှာပေါ့။ ရှင်ဘွဲ့ရရင်လည်း ရှင့်ကိုပါ ခန့်ပေးဖို့ ဖေဖေ့ဆီမှာ ပြောပေးမယ်၊ အဲဒီအခါကျရင် ... ရှင့်ကို ဆယ့်ရှစ်နှစ် မပြည့်သေးပါဘူး ဆိုပြီး ... တရား ဆိုင်ပြီး တောင်းမဲ့သူလည်း မရှိတော့ဘူး"

"... ဒါက သူ့ထမင်းဆိုင်မှာ ကျုပ်ကို လိုချင်လို့ ဖွတ်လာ ခေါ်တာလည်း မှန်ပါတယ်။ စရိုက်ကြမ်းတာလည်း မှန်ပါ တယ်။ ဒါပေမဲ့ ... အဆိုးကြီးတော့ မဟုတ်လှပါဘူး"

"ရှင် လုပ်ပေးရတာနဲ့၊ ထမင်းနှစ်နပ်၊ ကျောတစ်နေရာ
နဲ့ တန်လို့လား"

"အမြဲတမ်း အကောင်းမြင်ဝါဒီသမားလေးက ကျုပ်ကို
တဲ့စိတ်နဲ့ ဘက်ပင်းမှုတွေတောင် ဖြစ်ထွန်းကုန်ပြီ။ ကျေး
တင်ပါတယ် သူငယ်ချင်းရယ်"

"ဒါနဲ့ ... ရှင်ရော"

"ဘာလဲ ..."

"နည်းနည်းပါးပါး မတွေ့သေးဘူးလား"

"မတော်တဆ တွေ့လာတောင် ကွေ့ရှောင်ရဦးမဲ့ အ
အနေပါ ဖြူစင်ရယ်။ မလုံမခြုံနဲ့ တဲသာသာနေရာလေးမှာ
ကိုယ့်ဘဝ အစွန်းအထင်း မရှိဖို့နဲ့ စာမေးပွဲအောင်ဖို့က
ရင် ဘာကိုမှ ခေါင်းထဲမထည့်နိုင်သေးပါဘူး"

"ရှင် ဒီလောက်လှတာ၊ ပြောတဲ့သူတော့ ရှိမှာပေါ့"

"ဒါကတော့ ... မိန်းကလေးတစ်ယောက် အရွယ်ရောက်
ဆို ... ယောက်ျားဆိုတဲ့ လူစားမျိုးတွေက ဆည်ဝကဲ့
ကြီးစောင့်သလို၊ ကောက်ကြိုက်ဖို့ အဆင်သင့် ရှိနေတ
တာပဲ၊ ဒါပေမဲ့ ... ဖြူစင်ရယ် ...

"ကျုပ်လို ကျောထောက်နောက်ခံ မရှိတဲ့ မိန်းမ
ကျတော့၊ တည်တည်တံ့တံ့ထက် အချောင်လိုချင်တဲ့
လက်တည့်စမ်းချင်တဲ့သူတွေက ပိုများပါတယ်။ ထမင်း
မှာတောင် ပိုင်ရှင်ရဲ့သမီးလောက်ဆို တော်သေး ...

"ခုတော့ ... ကပ်စားနေတဲ့သူ ဆိုတော့၊ တင်
တစ်ခါကျ ... အလုပ်သမား ကောင်လေးတွေကတော



ရှိသဲ့သဲ့ စချင်တာ၊ ကျုပ်မှာ အဲဒီအဆင့်လောက်ကပဲ စိတ်
ဝင်စားခြင်း ခံရတာ"

"အောင်မယ် ... စ,စရာလား"

"အဒေါ်က အဲဒီတစ်ခုတော့ တော်တယ်။ ကျုပ်ဘက်က
ရပ်ပေးပါတယ်။ ဟန်ဟန်ပန်ပန် လူတွေထဲက ဆိုရင် ...
ကျုပ်လောက်ကို စိတ်မဝင်စားကြဘူး၊ ဝင်စားရင်လည်း
အဲဒီအသိုင်းအဝိုင်းက သဘောမတူဘူး ဖြစ်မှာပါပဲ။ ကျုပ် ...
အပျိုကြီး လုပ်မယ်"

ပြောရင်း ... တစ်ညလုံး မျက်ဝန်းထဲ တရစ်ဝဲဝဲ
ခွဲထင်သူကို မြင်ယောင်မိပြန်သည်။ ဒါဟာ ... အချစ်လား ... ဟု
ဖြူစင့်ကို ဖွင့်မေးလိုက်ချင်စိတ် ဖြစ်ပါ၏။

အမှန်ကို ဝန်ခံရပါ လျှင် ... မပြောရဲပါ။ မပြောရဲလို့
မပြောဖြစ်တော့ပါ။

ဖြူစင် ငြိုငြင်သွားမှာ စိုးပါသည်။

"ကျုပ်တစ်သက် ... ရှင့်တစ်သက်တော့ အပြန်အလှန်
ကူညီကြေး"

"ဖြူစင်ရယ် ... အဲဒီလို မပြောပါနဲ့။ ရှင်ကသာ ကူညီခဲ့
တာ သက်တမ်းနဲ့ အမျှပါ။ ကျုပ် ပြန်ကူညီရတာ ဘာ
တစ်ခုမှ မရှိသေးပါဘူး"

"ရှိပါယ်လေ ... ညီအစ်မအရင်းနဲ့ တန်းတူချစ်ရတဲ့ သူငယ်
ချင်းအဖြစ် ရပ်တည်ပေးနေတာကိုက နည်းတဲ့အကူအညီ
လား"

"ကြံဖန်ပြီး အမွှန်းမတင်ပါနဲ့ ဖြူစင်ရယ်။ ရက်တယ်"

"တကယ် ပြောတာ။ ကျုပ်မှာ အရင်းမရှိပေမဲ့၊ ဝမ်းကွဲတွေ ရှိတာပဲ။ ဆွေမျိုးဆိုတော့ ... သူ့တော့ ခင်မယ်၊ ဒီတစ်ယောက်တော့ မခင်ဘူးလို့ ရွေးခင်လို့ မရဘူး။ တူတူခင် တူတူချစ်ရတယ်။ သူငယ်ချင်း ဆိုတာကျတော့ ကိုယ်ခင်ချင်တဲ့သူ ရွေးခင်တာ ...

"ကိုယ် ချစ်ချင်တဲ့သူကို ရွေးချစ်တာ။ အဲဒါကြောင့် သူငယ်ချင်းချစ်က ဆွေမျိုးချစ်ထက် သာတယ်။ ရှင်အသက်ရှင် တည်ရှိပေးနေတာကိုက ကျုပ်အတွက် ကူညီရာရောက်နေပြီ"

"ဒါဆို ... ဘယ်တော့မှ မသေဘဲ နေလိုက်မယ်"

"မသေကြေး"

"အင်း ... မသေကြေးလို့သာ ပြောလို့ရရင်၊ ဒီနေ့ ... ကျုပ် မိဘမဲ့ ဖြစ်မနေပါဘူးဟယ်"

"ကျုပ်လေ ... ရှင်သိပါတယ်၊ ဘယ်ဟာကိုမှ လောဘမကြီးခဲ့ဘူး။ ငယ်ငယ်ကတည်းက ... မေမေကဆို ကျုပ်ကို အေးဆေးလွန်းလို့တဲ့။ ကလေးဘဝကတည်းက ဟိုဟာလိုချင်တယ်၊ ဒီဟာ စားချင်တယ်နဲ့ ပူဆာတာမျိုး၊ နည်းသလေး၊ များသလေး ဆိုတာမျိုး ...

"ဘယ်တော့မှ မရှိခဲ့ဘူး။ အခု ... ကျုပ် လောဘကြီးတတ်နေပြီ။ ရှင် သိလား၊ ကျုပ်ဘဝမှာ ပထမအကြိမ် လောဘကြီးခြင်းပဲ။ တစ်သက်လုံးလည်း အဲဒီလောဘကကြီးနေမှာ"

"ဘာကို လိုချင်လို့လဲ"



"သူ့အချစ်"

"ဟင်"

"ဟုတ်တယ် ... ကျုပ် ပထမဆုံး လောဘကြီးမိတာ သူ့ဆီကရမဲ့ အချစ်တွေပဲ။ အများကြီး လိုချင်တယ်။ သူ ... ကျုပ်ကို အချစ်တွေ ဘယ်လောက်ပေးပေး ရောင့်ရဲနိုင်မှာ မဟုတ်ဘူး၊ ထပ်ထပ်ပြီး ရချင်နေဦးမှာပဲ ...

"တိုးတိုးပြီး ချစ်တာမျိုးကို ခံယူချင်တယ်။ သူ့အချစ်တွေကိုလေ ... အများကြီးလည်း ရချင်တယ်။ ကျုပ် တစ်ယောက်တည်းပဲ ရချင်တယ်။ တစ်သက်လုံး အပိုင်ရချင်တယ်။ ဘယ်သူ့ကိုမှ ခွဲဝေမပေးနိုင်ဘူး၊ အဲဒါ ... ကျုပ်ရဲ့ အတောမသတ်နိုင်တဲ့ လောဘပဲ"

"ရှင် တော်တော်ချစ်တာပဲ"

"သြော် ... ချစ်ပါတယ်ဆို"

"ဝမ်းသာစရာကြီးနော်။ ရှင်တို့ အပြန်အလှန် အရမ်းချစ်ကြမှာပဲ"

"သူ ... သိပ်ချစ်တယ် ဆိုတာကိုလည်း ယုံတယ်"

"အချစ်ဟာ လူတစ်ယောက်ကို ပြောင်းလဲပစ်လိုက်နိုင်စွမ်းတယ်နော်။ ရှင့်မှာ မုန့်ဖိုးတစ်ထောင်ရှိရင်တောင် ကျုပ်ကို ငါးရာခွဲပေးနိုင်ခဲ့တဲ့ ရှင်က ..."

"ဟုတ်တယ် ... အချစ်ကိုတော့ ဘယ်သူ့မှ ခွဲမပေးနိုင်ဘူး"

"အမလေး ... ကျုပ်ကလည်း မတောင်းပါဘူးနော်"

"စကားအဖြစ် ပြောတာပါကွ။ ရှင် မတောင်းမှာ သိ တယ်။ တကယ်တော့လေ ... အချစ်ဆိုတာ နတ်ဆိုးတစ် လို့လည်း ပြောနိုင်တယ်။ ကျုပ် တစ်ခါမှ စိတ်ဆိုး စိ ကောက် မရှိခဲ့တာ ရှင် သိတယ်နော်။ ခုဆို ... သူ့ကိုစိ ကောက်ချင်တယ်၊ အနိုင်ယူချင်တယ် ...

"ကျုပ် ဘယ်တုန်းကမှ မလုပ်ခဲ့ဘူးတဲ့ ခပ်ဆိုး အတွေးလေးတွေ ဝင်တယ်။ စိတ်များ နည်းနည်းပုပ် သလား မသိဘူး"

"မပုပ်ပါဘူးဟယ် ... ဒါအချစ်ရဲ့ ကဗျာလေးတွေ အချစ်မှာ ကဗျာလေးတွေ ပါတယ်။ ဂီတသံစဉ်လေး ပါတယ်။ စမ်းရေစီးသံလေးတွေ ပါတယ်။ မွှေးကြိုင် တဲ့ ပန်းကလေးတွေ ပါတယ်။ အိပ်မက်လေးတွေ ပါတ အချစ်နဲ့တွေ့တဲ့သူဟာ ပန်းချီကားလှလှလေး တစ်ချ ရောက်သွားသလိုပဲတဲ့။ ဆေးစက်ကျရာ အရုပ်ထင် အရာရာတိုင်းဟာ အပျော်တွေနဲ့ ဝိုင်းရံနေတယ်တဲ့"

"ကြည့် ... မျက်နှာတည်ကြီးနဲ့ အမြဲနေတတ်တဲ့ သူ ပြောတတ်လိုက်တာ၊ ဒါတွေ ဘယ်တုန်းက တတ်နေတာ ပြော ... သိပ်တောင် မသင်္ကာချင်တော့ဘူး"

"ကြားဖူးတာပါ ဖြူစင်ရယ်"

"သူ ပြောပုံက ကိုယ်တွေ့လိုကြီး"

"ကျုပ်သာ အချစ်နဲ့တွေ့လို့ ပန်းချီကားတစ်ချပ်ထဲ သွားခွင့်ရရင်၊ အဲဒီ ပန်းချီကားဟာ အကျည်းတန် လိမ့်မယ်"



"ကြည့် ... အားငယ်စိတ်က ဝင်ရပြန်ပြီ"

"ရှင့်ကို သိပ်အားကျတာပဲ။ ရှင့်ဘဝမျိုးလေး ဖြစ်ချင်လိုက်တာ။ မဟုတ်ဘူး၊ အဲဒါမျိုး ထပ်တူညီ ဖြစ်ချင်တာ မဟုတ်ဘူး၊ ရှင် ဖြစ်တာ။ ကျုပ်ဟာ ရှင် ဖြစ်သွားချင်တာ။ ကျုပ် အမြဲတမ်း အားကျနေရတဲ့ ဘဝလေး။ ရှင့်ကိုလည်း အရမ်းချစ်တော့လေ ...

"ကျုပ်ဘဝထဲမှာလည်း ရှိနေမှဖြစ်မှာ၊ ရှင့်မှာ ချစ်ရမဲ့သူ တွေ့လာလို့ ကျုပ်အပေါ် အချစ်လျော့မသွားနဲ့နော်။ တကယ်ပါ ... ကျုပ်ပြောချင်တယ်။ ပြောပါရစေနော်၊ ရှင် ချစ်သူတွေ့သွားတဲ့အတွက်၊ အဲဒီချစ်သူဟာလည်း လူကြီးမိဘ လက်ခံနိုင်တဲ့ ထိုက်ထိုက်တန်တန် ချစ်သူဖြစ်တဲ့အတွက် ...

"ကျုပ် ဝမ်းသာတယ်။ ရှင့်ကိုယ်စား ပျော်ပေးတယ်။ ဘယ်လိုက်ရှာရမှန်း မသိအောင် ပျောက်နေတဲ့ ကျုပ်ရဲ့ အပျော်လေးတချို့ ပြန်ရတယ်။ ရှင့်အတွက် ကျုပ်ပျော်ပါတယ် ...

"ဒါပေမဲ့ ... တစ်ဖက်မှာကျတော့ ဝမ်းနည်းသွားမိတယ်။ အားငယ်သွားသလိုပဲ ...

"ကျုပ် မှီခိုအားထားနေရတဲ့ အကာအရံတစ်ရယိုင်နဲ့သွားသလိုလည်း ခံစားရတယ်။ ကျုပ် စိတ်ပုပ်တယ်နော်။ အဲဒီလို မဖြစ်သင့်ဘူး မဟုတ်လား"

"ရှင်ဖြစ်တာ သဘာဝ ကျပါတယ်။ စိတ်ပုပ်ရာ မရောက်ပါဘူး။ ဒါပေမဲ့ ... ကျုပ် ကတိပေးတယ်၊ ရှင် အားမငယ်

နဲ့။ ရှင့်နောက်မှာ ကျုပ်ဟာ တစ်သက်လုံးအတွက် ကျော
ထောက်နောက်ခံပဲ။ ဝမ်းမနည်းနဲ့တော့"

"ဆောရီး ဖြူစင်ရယ် ... ကျုပ် တောင်းပန်ပါတယ်။ ဒီ
စကားတွေပြောဖို့ မသင့်ဘူး။ နောက်ဆိုရင် ရှင်တို့ချစ်သူ
နှစ်ဦး ချစ်ကြတဲ့ အကြောင်းတွေပဲ မေးတော့မယ်။ ရှင်က
ပြောပြ။ ကျုပ် နားထောင်မယ်။ ပြီးရင် အားကျမယ်၊
ပျော်မယ်"

ဖြူစင်က ရှင်ယွန်း လက်တစ်ဖက်ကို ဖမ်းဆုပ်ညှစ်
လိုက်တော့သည်။ ဒီသူငယ်ချင်းလေးကို ချစ်ရ ခင်ရတာထက်
သနားရတာက ပိုပါသည်။

သူ့သက်တမ်းတစ်လျှောက်မှာ တစ်ခါမျှကံမကောင်း
ရှာသေးပါ။

သူ ကံကလေးတစ်ခု ကောင်းလာအောင် တစ်ခု
လေး လုပ်ပေးခွင့်ရလျှင် ထပ်မံလုပ်ကိုင်ဆောင်ရွက် ပေးချင်ပါ
သေးသည်။

✧ ✧

ဖြူစင်နှင့်ကလည်း သိပ်တွေ့ခွင့်ရတာ မဟုတ်ပါ။
ဖြူစင်ကတော့ နေ့တိုင်းကျောင်းတက်သည်။ ရှင်ယွန်းက ကျောင်း
ပျက်ရက် များသည်။ ရှင်ယွန်း ကျောင်းရောက်သည့်နေ့တိုင်းမှာ
တော့ ဖြူစင် ရှိသည့်အတန်းသို့ အမြဲတကူးတက သွားတွေ့
သည်။ အဲသည်လို တွေ့နိုင်အောင်၊ ဖြူစင် ဘယ်အချိန် ဘယ်မှာ



ရှိသည် ဆိုတာကို သိနိုင်ရန် ဖြူစင့် အချိန်စာရင်းကိုလည်း ကူး
ထားပါသည်။ ဒီနေ့တော့ ... ရှင်ယွန်း ကျောင်းသို့ရောက်ဖြစ်
သည်။

"ရှင်ယွန်း ... အတော်ပဲ။ ဒီနေ့ ရှင် ကျောင်းမတက်ရင်
ညနေကျရင်တောင် ရှင့်ဆီ လှည့်ဝင်တော့မလို"

"ကိစ္စရှိလို့လားဟင်"

ဖြူစင်က ရှက်ကိုး ရှက်ကန်းလေး ရယ်၏။

"သိလိုက်ပါပြီနော်"

"အေး ... ထင်တဲ့အတိုင်းပဲ၊ မနက်ဖြန် ... သူ ကျောင်း
ကိုလာမယ်။ ရှင် မနက်ဖြန် ကျောင်းလာတက်ပါလို့
ပြောမလို့။ ရှင်နဲ့ မိတ်ဆက်ပေးမယ်"

"ဘယ်အချိန်လဲ"

"ဆယ့်နှစ်နာရီ ... ကျုပ် အတန်းရှေ့ကပဲ စောင့်မယ်။
ရှင် စောရင်လည်း ရှင်စောင့်၊ ကျုပ်တို့ စောရင်လည်း
ကျုပ်တို့စောင့်မယ်။ မုန့်တူတူစားမယ်နော်"

"ကြွားမလို့ပေါ့လေ"

"ရှင်လည်း ကြွားနိုင်အောင် ကြိုးစားဦးလေ"

"ဒီကလည်း ကြွားချင်နေတာနော်"

"ကြည့်စမ်း ... မိန်းမ။ မျက်နှာက မရွှင်စဖူး အရွှင်ထူး
နေပါလား"

"တစ်သက်လုံး မှိုင်ရလွန်းလို့ တစ်ခါတလေ လန်းဆန်း
ကြည့်တာပါ ဖြူစင်ရယ်"

"ရှင့်မှာ ကြွားစရာရှိရင်လည်း မြန်မြန်ကြွား"

"ဩော် ... ကြွားနိုင်မှတော့ မကြွားဘဲ နေပါ့မလား
နေဦး ... ရှင့်ကို ကျုပ် တစ်ခုမေးမယ်။ ချစ်တယ်ဆိုရင်
ဘယ်လိုခံစားရလဲ"

"ချစ်တယ်ဆိုမှ ချစ်တဲ့စိတ်ကို ခံစားရတာပေါ့"

"မဟုတ်ဘူး ... ထူးခြားဖြစ်စဉ် ဘာရှိလဲ"

"သူ့ကို အမြဲမြင်ယောင်နေတယ်၊ အမြဲသတိရတယ်။
သူ့အသံ ကြားချင်တယ်။ သူနဲ့တွေ့ရရင် ပျော်တယ်။ သူ
ရှေ့မှာဆိုရင် လူက အလိုလိုနေရင်း ရှက်ကိုးရှက်ကန်
ကြီး။ နောက်ပြီး ... လူက နည်းနည်းပါးပါး ခပ်ကြောင်
ကြောင်လည်း ဖြစ်သွားတယ်ကွ ...

"ခါတိုင်း မရယ်မဲ့ ဟာသလည်း ရယ်ချင်ရယ်တာ
အူမြူးနေတော့လေ။ အရေးမကြီးတာတွေလည်း အရေးကြီ
ကုန်တယ်။ ကဗျာမဆန်ဘူးတဲ့ လူကလည်း ကဗျာ
ဘာတွေ ဆန်လို့။ ထူးတော့ ထူးတယ်၊ ခါတိုင်းနဲ့မတူဘူး

"ရင်ထဲမှာ ဒိန်းဒိုင်းနဲ့ ခုန်နေတယ်။ ဒီနှုတ်ခ
နှစ်ခုက ဆွဲစေ့ထားလို့ မရအောင် အလကားနေရင်း ပြ
နေတယ်။ သူ စိုက်ကြည့်တာခံရရင် ရှက်တယ်။ မျက်လ
ချရတယ်။ သူ့ကို ခဏခဏ မျက်စောင်းထိုးဖြစ်တယ်

"ဟာ ... ပြောရရင် အများကြီး။ မကုန်နိုင်ဘ
အဓိက,ကတော့ သူ့ကို သိပ်ချစ်နေမိတာပဲ။ ချစ်ကိုခ
နေတာ။ ချစ်တာ ဘယ်လိုခံစားရလဲ ဆိုတော့ ပြောပြ
မှ မရတာ။ ကိုယ့်မိဘလည်း ကိုယ်ချစ်တာပဲ။ ညီ
မောင်နှမတွေ ချစ်မယ်။ သူငယ်ချင်းတွေ ချစ်မယ်



"ချစ်သူဆိုတာကျတော့ အဲဒီ ချစ်ဖူးပြီးသား အချစ်
တွေနဲ့ မတူတဲ့ အသစ်အဆန်း တစ်မျိုးပေါ့။ ရင်ထဲမှာ
အလိုလို ချစ်နေတာပဲ။ ဒါ ... ကိုယ်တိုင် မခံစားဖူးရင်
ရှင်းပြလို့လွယ်တဲ့ကိစ္စ မဟုတ်ဘူးကွ။ ရှင် ... ခုထိဘယ်သူ့
ကိုမှ မချစ်ဖူးသေးဘူးလား"

"ကျုပ်မှာလေ ... ချစ်စရာလူဆိုလို့ တစ်ကမ္ဘာလုံးမှာမှ
တစ်ယောက်တည်း ရှိတယ်။ တစ်ယောက်တည်းကိုပဲ
ချစ်ဖူးတယ်။ အဲဒါ ... ရှင်လေ။ ခုချိန်မှာ ... ရှင်ကလွဲ
ပြီး ချစ်စရာလူ တစ်ယောက်မှ မရှိဘူး"

ရှင်ယွန်း မျက်နှာလေး နွမ်းကျသွားပြန်၏။ ရှင်ယွန်း
ဘ ဒီလိုပါပဲ။ သူ့မျက်နှာပြင်ဟာ နေထိပန်းတစ်ပွင့်လို ဘယ်
ဘာ့မှ မလန်းဆန်းတတ်ပါ။ မျက်နှာလေး လှလွန်းလို့သာ ညှိုး
ှိုးနွမ်းနွမ်း မျက်နှာဖုံးက ကာကွယ်မထားနိုင်တာ။ ဒါတောင် ...
ကကယ်တမ်းလှသလောက်၊ သူ့အလှက မပေါ်လွင်ပါ။ ရှင်ယွန်း
သာ အများတကာလို လူသားဆန်စွာ သဘာဝကျကျ ပြုံးတစ်ခါ
ဘလှည့် ဆိုသလို ပုံမှန်နေနိုင်သွားခဲ့လျှင် မိန်းမချင်းတောင်
ီးကြည့်ရမည့် အလှပိုင်ရှင်မကလေး ဖြစ်မှာပါ။

ခုတော့ ... ဖြူစင်နှင့် တွေ့ခိုက်၊ လူငယ်ဘာဝလေး
ှစ်ခနဲပေါ်ပြီး အပျော်လေး ယာယီရောက်လာလျှင်တောင် အဲဒီ
အပျော်က ချက်ချင်းပြန်ထွက်ပြေးသွားတတ်တာမို့ အားငယ်ဝါကျ
ေးတွေကိုသာ ကြားရပြန်တော့သည်။

"မနက်ဖြန် လာခဲ့နော် ... ဆယ့်နှစ်နာရီ"

ရှင်ယွန်းက မတုန်မလှုပ်ကလေး ဖြစ်နေ၏။

"လာမှာလား ... လာမယ်လို့ပြော၊ ကတိပေး"

"လာချင်တာပေါ့ကွာ ... လာဖြစ်ဖို့ များပါတယ်။ ကျ
လည်း တွေ့ချင်တယ်။ ခင်ချင်တယ်။ ကျုပ်အဖို့မှာ ရှ
တစ်ယောက်တည်းရှိတာ။ ရှင်ဟာ ကျုပ်အဖေဆိုလည်း
ဟုတ်တယ်၊ အမေဆိုလည်း ဟုတ်တယ်"

"ဟာ ... ဒီလောက်ကြီး မမြှင့်ပါနဲ့"

"တကယ်ပြောတာ။ ကျေးဇူးရှင်လည်းဟုတ်၊ သူငယ်ချ
လည်းဖြစ်၊ ညီအစ်မဆိုလည်း ဒါပဲ။ ဘယ်သူ့ကိုမှ အာ
ကိုးဘူး၊ ရှင့်တစ်ယောက်တည်းကို အားကိုးတယ်။ ရှင်ဟ
ကျုပ်ရဲ့ကိုယ်ပွား။ ကျုပ်မဟုတ်တဲ့ကျုပ်။ ကျုပ်ပြောတ
ရှင် နားလည်လား"

"နားလည်တယ်"

"ကျုပ်ကိုယ်ကျုပ်တောင် ဒီလောက် မချစ်ဘူး၊ ရှင့်ကိ
ချစ်တယ်၊ ဘာဖြစ်လို့လဲ သိလား"

"ဘာဖြစ်လို့လဲ"

"ကျုပ်ကိုယ်ကျုပ်က မုန်းတာကိုး။ ကိုယ့်ကိုယ်ကိုယ် ဘ
လို့ မုန်းရလဲ ဆိုတော့ ဒီလိုဘဝမျိုးကြီးနဲ့ လူဖြစ်နေ
ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ မုန်းတာ။ ကျုပ်ဘဝကြီး
မုန်းတယ်။ ဒီဘဝကြီးကိုမုန်းတော့ ဒီဘဝကြီးနဲ့ လူသာ
ကျုပ်ပေါ့၊ အဲဒါကြီးကိုလည်း မုန်းတယ် ...

"ကျုပ်က ရှင့်ကို ချစ်တယ်။ ရှင့်ကို ချစ်တာဟာ ကျ
ကျေးဇူးရှင်မို့ ချစ်တာကသပ်သပ်၊ ရှင့်ဘဝကို ချစ်တာ
ရှင့်ကိုယ်ကျင့်တရား၊ ရှင့်စိတ်နေသဘောထား၊ ရှင်ပိုင်ဆ



ထားတဲ့ အခြေအနေလေးတစ်ခု၊ ရှင်ရပ်တည်နေတဲ့ နေရာလေး၊ အဲဒါတွေ အကုန်လုံးကို ချစ်တယ် ...

"အားကျတယ်။ ကျုပ်ဘဝမှာ ပျော်စရာ မရှိလို့၊ ပျော်ချင်စိတ်ဖြစ်တဲ့အခါမှာ ရှင့်ဘဝထဲ ဝင်ကြည့်ပြီး ရှင့်နေရာမှာ နေမိတယ်။ ရှင့်ကိုယ်စား ပျော်ရတယ်။ ကျုပ်ဘဝမှာ ကျုပ်ဆီကနေ ရှင့်ကို သပ်သပ်ခွဲထုတ်လို့ မရတော့ဘူး၊ တစ်သားတည်းလို ဖြစ်နေပြီ ...

"အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ထက် ရှင့်ကိုပိုချစ်တယ်လို့ ပြောတာ။ ရှင့်ဘဝလေးမျိုး သိပ်ရချင်တာပဲ။ ကံတရားက ကျုပ်ကို တစ်ကြိမ်တစ်ခါ ဖေးမကြင်နာပြီး အခွင့်အရေးတစ်ခု ပေးသနားမယ်ဆိုရင် ... ရှင့်ဘဝကို၊ ကျုပ် ... ခဏလေးပဲဖြစ်ဖြစ် အပိုင်ရလိုက်ချင်တယ် ...

"ရှင့်မိဘဟာ ကျုပ်မိဘပဲ။ ရှင်ချစ်တဲ့လူ အားလုံးကို ကျုပ် လိုက်ချစ်မယ်။ ရှင်မုန်းတဲ့သူ ရှိရင် ကျုပ်ရန်သူပဲ။ ရှင့်အတွက်ဆိုရင် လူသတ်ပေးဖို့လည်း ဝန်မလေးဘူး။ အဲဒီတော့ ... ရှင့်ချစ်သူဟာ ကျုပ်ဘဝမှာ အရေးပါတဲ့ လူသားတစ်ဦး ဖြစ်လာမှာပဲ။ ကျုပ် ခင်မင်လေးစားမယ်"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်"

"မဟုတ်တာ ... ဘာတင်စရာရှိလဲ။ ရှင်ကသာ ကျုပ်ရဲ့ ကျေးဇူးရှင်"

"မဟုတ်ဘူး ... ရှင် ချစ်တတ်ပုံကို ကျေးဇူးတင်တာ။ ရှင် ကျုပ်ကိုချစ်တာ ကြက်သီးတောင် ထမိပါရဲ့။ ကျုပ် ရှင့်ကို ဖေးမကူညီတာက အမှတ်တစ်ရာဆိုရင်၊ ရှင် ... ကျုပ်

ကို ပြန်ချစ်တာက အမှတ်နှစ်ရာလောက် ဖြစ်နေပြီ။ ကျုပ် ကံကောင်းတယ်နော် ...

"ကျုပ်မှာ သိပ်ချစ်တဲ့မိဘ ရှိတယ်၊ သိပ်ချစ်တဲ့ သူငယ်ချင်း ရှိတယ်၊ သိပ်ချစ်တဲ့ ချစ်သူရှိတယ်။ အချစ်ခံ လူသား ဖြစ်ရတာ အရမ်းကံကောင်းတယ်နော်၊ အဲဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောတာ။ မနက်ဖြန်ကျမှ ... ကျုပ် ကို သိပ်ချစ်ကြတဲ့ လူနှစ်ယောက်ကို မိတ်ဆက်ပေးတော့ မယ်"

"အဲဒါ ပြောမလို့။ ကျုပ် လာနိုင်ဖို့ အတတ်နိုင်ဆုံး ကြိုး စားမယ်။ ဒါပေမဲ့ ... ရောက်မလာခဲ့ရင် နားလည်ပေးဖို့၊ ခွင့်လွှတ်ပေးဖို့ တောင်းပန်ချင်တာ။ ကျုပ်ဘဝကို ကျုပ် မုန်းတာ အဲဒါတွေပဲ။ ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူး။ ကိုယ့် ဆန္ဒကို ကိုယ့်ဘာသာ အကောင်အထည်ဖော်ခွင့် မရှိဘူး...

"လူဖြစ်ပြီး သူများနှာခေါင်းပေါက်နဲ့ အသက်ရှူနေ ရတော့ သူများဆန္ဒနဲ့ပဲ ရှင်သန်ရတယ်။ အဒေါ်က ခုတလော တော်တော်ချူချာနေတယ်။ နေမကောင်းဘူး။ အဒေါ် သိပ်အနေဆိုးရင် ကျုပ် ကျောင်းလာလို့ မဖြစ်ဘူး"

"ဘာဖြစ်တာလဲ"

"မပြောတတ်ဘူး၊ အိပ်ရာထဲမှာ ခွေနေတာပဲ။ အလုပ်သိပ် ထမလုပ်ဘူး၊ အချိန်တန်ရင်တော့ ထခူးခပ်စားတယ်။ စားလည်း စားနိုင်တယ်။ ရေမိုးချိုး ဖြီးလိမ်းလည်း လုပ် တယ်၊ ပြီးရင် အိပ်ရာထဲမှာခွေပြီး တဟင်းဟင်း ညည်း တယ်။ နေမကောင်းဘူးတဲ့"



"ထူးဆန်းလိုက်တာ၊ ဘာရောဂါပါလိမ့်"

"ဦးလေးကတော့ အပျင်းဖျားတဲ့။ သိလား။ ပစောက်ယပင့် နဲ့ပျင်းတဲ့ ပျင်းကြောဆွဲတဲ့ အပျင်းဖျားတဲ့။ အဒေါ်က အိပ်ရာထဲက မထတော့ ကျုပ်ချည်း ပင်ပန်းတယ်။ ဒီနေ့ တောင် ကျောင်းမသွားရဘူး ပြောသေးတယ်။ ဇွတ်ထွက်လာ တော့ အော်ဟစ် သောင်းကျန်း ကျန်ရစ်လေရဲ့"

"ကျုပ်တို့နဲ့ လာနေတော့လေ"

"နေချင်တာပေါ့ကွယ် ... သူတော်ကောင်းအိမ်မှာ မှီခိုချင် တာပေါ့။ အနည်းဆုံးတော့ ... မိုးလင်းတာနဲ့ ဘုရားရှိခိုးသံ ကြားရမယ်။ ခုတော့ ... မိုးလင်းလာရင် အဒေါ့်ဒေါသသံ၊ တစ်နေကုန်က ... လူမလေး ခွေးမခန့် ရိသဲ့သဲ့သံ၊ ညကျ တော့ လင်မယား ရန်ဖြစ်သံ"

ရှင်ယွန်းက ရှုံ့မဲ့ပြောပေမဲ့ ဖြူစင်က ခစ်ခနဲရယ် ချလိုက်မိတော့သည်။ ပြီးတော့မှ ... ဆောရီး ... ဟုဆို၏။

"ရှင့်ဟာကလည်း စိတ်တောင် မညစ်နိုင်တော့ဘူး၊ ရယ် ချင်လာပြီ"

"စိတ်ညစ်လွန်းလို့ ရယ်ချင်တယ် ဆိုတာ ဘေးလူရဲ့ခံစား ချက်ပါ ဖြူစင်ရယ်"

"အေးပါ ... ဟုတ်ပါပြီ။ မနက်ဖြန် မလာနိုင်လည်း နောက်တစ်ရက် ကြုံဦးမှာပေါ့။ ရှင် ... ကျုပ်နဲ့နေဖို့ အဒေါ့်ဆီ နည်းနည်းပါးပါး စကားတောက်ကြည့်ဦးလေ"

"တောက်လိုက်တာမှ တတောက်တောက်ပါပဲကွာ။ ရှင်တို့ က သူ့တူမကို မတရားသဖြင့် သွေးဆောင်ဖြားယောင်း

ထားပါတယ်လို့ တရားစွဲမယ်တဲ့။ ကျုပ်က အဒေါ်ရှုံးမှာ
ပေါ့လို့ ပြောလိုက်တယ်"

"ဘာတဲ့လဲ"

"ရှုံးချင် ရှုံးပစေတဲ့။ ရှုံးတာကနောက်။ ရှင်တို့မိသားစု
စိတ်အနှောင့်အယှက်ဖြစ်၊ ပတ်ဝန်းကျင်က ယုံထင် ကြောင်
ထင်၊ ဘာပဲဖြစ်ဖြစ် ... ပဝါဖြူမှာ ရွှံ့တစ်စက်စင်သလို
တော့ ဖြစ်စေရမယ်တဲ့၊ အဲဒီလိုဆို ... ရှင့်မိဘတွေက
ဘယ်ခေါ်တော့မလဲတဲ့"

"သူက ဘာဖြစ်လို့ အဲဒီလို လုပ်ချင်တာလဲ"

"ခိုင်းဖို့ပေါ့ကွယ်။ ခိုင်းလို့ ကောင်းတာကိုး။ ခိုင်းလို့ကောင်း
တဲ့ အရွယ်ကိုး၊ ကျောင်းစရိတ်ကျတော့လည်း ရှင်ကပေး
နေတော့လေ ..."

"မလုပ်ဘဲ နေကြည့်ဖူးလား"

"နေဖူးတယ်"

"မရဘူးလား"

"အဒေါ်က အသံကျယ်ကြီးနဲ့ အော်ဆူတယ်။ ဦးလေးက
ကျတော့ တစ်မျိုး။ ဒီထမင်းဆိုင်ကို သူလည်း ဝိုင်းလုပ်ရတာ
ပဲတဲ့။ သူ ဈေးဝယ်ပေးရတာတဲ့။ သူလည်း ဝိုင်းရှာတာ
တဲ့။ ကျုပ်စားတဲ့ ထမင်းနှစ်နပ်ဟာ၊ တစ်နပ်က အဒေါ်
ကျွေးတာ၊ တစ်နပ်က သူကျွေးတာတဲ့ ...

"သူကျွေးတဲ့ထမင်း စားချင်ရင် ထမင်းမျိုကျအောင်
တန်ရာတန်ရာ ဝိုင်းလုပ်တဲ့။ ဝိုင်းမလုပ်ဘဲ ထိုင်စားရင်
တော့ အလကြည့်မနေနိုင်ဘူးတဲ့"



"ဘုရား ... ဘုရား၊ ရှင်ယွန်းရယ်၊ ဖြစ်မှဖြစ်ရလေ"

"လူကြမ်း လူရိုင်းကြီးမို့ နှုတ်ကြမ်းတာဖြ၊ ခုချိန်ထိတော့
သိက္ခာရှိတယ်"

"ဒါပေမဲ့ ... ဘယ်စိတ်ချထားလို့ ရပါ့မလဲကွယ်၊ ခက်
လိုက်တာ။ ရှင့်ကို ဘယ်နည်းနဲ့ ခေါ်ထားရင် ရမလဲလို့
ကျုပ်အိမ်မှာ ပြန်တိုင်ပင်ဦးမယ်"

"အဲဒါပဲ ဖြူစင်ရယ် ... ကျုပ် မနက်ဖြန် လာနိုင်အောင်
ကြိုးစားမယ်။ မလာနိုင်ရင်သာ နားလည်ပေးပါ။ တကူး
တက စောင့်မနေနဲ့နော်"

"အေးပါ သူငယ်ချင်းရဲ့၊ နားလည်ပါတယ်"

ရှင်ယွန်း အိမ်ပြန်ရောက်တော့ ရေမိုးချိုး ဖြီးလိမ်း
ပြီး သနပ်ခါး အဖွေးသား၊ နှုတ်ခမ်းနီ အရဲသားနှင့် အဒေါ်က
ဆိုင်ရှေ့မှာ ထွက်ထိုင်နေ၏။

နေကောင်းသွားပြီဆိုပဲ။

✧ ❧ ✧

## ၁၀

"ကျွန်မနာမည် .. ရှင်ယွန်းမေပါ"

သူငယ်ချင်း ဖြူစင်သန့်က တစ်ခါမှ မဝတ်ရသေးသည့် အဝတ်သစ်ကို ပထမဆုံး စဝတ်သည့်နေ့မှာ ...

"ဤပုံကိုကြည့်ပါ ... အဝေးကပင် မြင်နိုင်ပါသည်" ဟု နောက်ပြောင်ကျီစယ်မြဲပါ။

ခုတော့ ... ဤပုံကို မြင်လိုက်ရပါသည်။ အဝေးကပင် မြင်လိုက်ရတာပါ။ ရင်ထဲမှာ ဖြုတ်ခနဲ ကြေသွားတာဟာ နှလုံးသည်းအူပါဟု ဝန်ခံလိုက်ချင်ပါသည်။ မြင်လိုက်သည့် ခဏမှာ ရင်ထဲ လှိုက်ခနဲ ဟာကျသွားရပါသည်။ ကိုယ့်ရင်ကိုခွဲ၍ ရေခဲရေနှင့် ပက်ချခြင်း ခံလိုက်ရသလို အေးစက်ကျင်ရှသွားပါသည်။ စပ်ဖျင်းဖျင်းနှင့် အခံရခက်လှပါသည်။ ပြီးတော့ ... တစ်ကိုယ်လုံးမှာ အားအင်ဟူ၍ တစ်စတစ်မျှင်မျှ မကျန်တော့သလို နုံးချည့်ခွေညွတ်ကျသွားရတော့၏။

ဖြစ်မှ ဖြစ်ရလေ။



ဒါဟာ ... တိုက်ဆိုင်မှု ဆိုပါလျှင် ... ရှင်ယွန်းအတွက် အလွန်ကံဆိုးသော တိုက်ဆိုင်မှုပါပဲ။ ဘယ်တုန်းကမျှ ကံမကောင်းခဲ့ရဖူးသော ရှင်ယွန်းမေ ဆိုသည့် ကံဆိုးမဟာ ခုတစ်ကြိမ်မှာလည်း ကံဆိုးရပြန်ပါပြီ။ ဖြူစင်တို့ အတန်းရဲ့အပြင်ဘက်မှာ ဖြူစင် မတ်တတ်ရပ် (ရှင်ယွန်းကို စောင့်နေတာ ဖြစ်နိုင်ပါသည်)နေပါသည်။ သူ့ဘေးမှာ ရပ်နေသူသည် သူ့ချစ်သူမှလွဲ၍ ဘယ်သူ ဖြစ်နိုင်ပါဦးမည်နည်း။ သူတို့နှစ်ယောက် ... တစ်ယောက်နှင့် တစ်ယောက် မကြာခဏဆိုသလို အကြည့်ချင်းဖလှယ်သည်။ စကားတွေ ပြောနေကြသည်။ မျက်နှာတွေက ပြုံးကြည်နေကြသည်။ ပျော်ရွှင်သည် ... ဆိုခြင်းထက် ကြည်နူးခြင်း၊ ကျေနပ်ခြင်းနှင့် ပီတိတစ်မျိုးမှာ နစ်စိမ်နေကြခြင်းပင်။

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အလွန်အမင်း ချစ်မြတ်နိုးနေကြတာကို အဝေးက မြင်ရုံနှင့်ပင် သိသာလွန်းပါ၏။ ဒါဟာ ... သူတို့နှစ်ယောက် အနေအထိုင် ကလက်စွာ ပွေ့ဖက်နေကြလို့ မဟုတ်ပါ။ တူတူယှဉ်ရပ်နေရာမှာ ကိုယ်လုံးချင်း ထိဖို့တောင် နည်းနည်းကွာနေပါသေးသည်။ စကားစမြည် အေးဆေးစွာ ပြောနေကြသည်။ အပြန်အလှန် စကားတွေအတွက် အကြည့်ချင်း ဖလှယ်ဖြစ်ကြခြင်းပင်။ အဲသည် အနေအထားလေးဟာပင် အလွန်အမင်း လှပနေရတော့၏။ နှစ်ယောက်လုံး၏ အပြုံးတွေမှာ အချစ်တို့ဖြင့် ရွှန်းတင့်နေ၏။ မျက်ဝန်းတွေမှာ အချစ်ငို့ဖြင့် လက်ဖြာနေ၏။ သိင်္ဂါရ,ရသကို သရုပ်ဖော်ထားသည့် ပန်းချီကားလေး တစ်ချပ်နှယ် ကြည့်လို့မဝအောင် ရှိချေရတော့သည်။

လှသောမြင်ကွင်းလေးမှာ ရောပါကြည်နူးရင်း၊ ရင်ထဲမှ အသည်းတစ်စုံ ဖြုတ်ခနဲ ကြွေကျသွားရသည့် အဖြစ်ပါပဲ။ နာကျင်ကြေကွဲရင်းက ကြည်နူးပေးရပါသည်။ အေးစက်ကျင်ရှပါလျက် နွေးထွေးလိုက်ဖို့ရပါသည်။ ရင်ထဲမှာ စပ်ဖျင်းဖျင်း နာကျင်ရပါလျက် ချိုကြည်အေးမြရပါသည်။ အချစ်ဆုံးသူငယ်ချင်း ကျေးဇူးရှင်မလေးအတွက် ဝမ်းသာကြည်နူးပေးလိုက်မိပါသည်။ မချိတင်ကဲဆိုသည့် ဝေဒနာသည် ကိုယ့်အတွက် သီးသန့်သာပင်။ ချစ်လှစွာသော ဖြူစင်သန့် အတွက်တော့ နှစ်လိုခြင်းများစွာ ဖြစ်ထွန်းရပါတော့သည်။

"သြော် ... သူ့နာမည်၊ မင်းချမ်းမြေ့ကိုး"

"မင်းချမ်းမြေ့ ဆိုတာ သူကိုး"

အတွေးတွေက ရှင်ယွန်း ခြေလှမ်းများကို တန့်စေလိုက်ပါသည်။ ဘယ်သူမျှ မသိလိုက်ဘဲ လျှပ်တစ်ပြက် ပွင့်သွားရသည့် ရင်ထဲမှ အချစ်ပွင့်ကလေး ... ဘယ်သူမျှ မသိလိုက်ခင်မှာပင် ကြွေကျသွားရပါပြီ။

"ဆရာဝန်လောင်း ... တဲ့။ သူဌေးသား ... တဲ့"

သြော် ... မြန်မာစာမှာ သင်ကြားရသည့် ဦးပုည မေတ္တာစာထဲကလို ... ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ကာလသားများနှင့် လားလားမျှ မထိုက် ... ဆိုသလို။ ရှင်ယွန်းမေ ဆိုသည့် ကံညံ့မနှင့် လားလားမျှမထိုက်၊ ဖြူစင်သန့် ဆိုသည့် အဖိုးတန် မိန်းကလေးနှင့်သာ ထိုက်တန်ပါလေသော ...။

ကိုယ့်ကို သူတို့ မမြင်နိုင်သည့် နေရာမှာပင် ရပ်တန့်လျက် သူတို့စုံတွဲလေးကို ငေးမောနေမိတော့သည်။ နှစ်ဦး



သားတို့မှာ ဂုဏ်ချင်းညီ၊ အချစ်ချင်းညီ။ ကောင်းလှစွာသော ကုသိုလ်ချင်းညီ။ လိုက်ဖက်တင့်မောလှပစွ။ ဒီနေ့ ... ဒီလိုပုံစံမျိုးနှင့် (ဖြူစင်သန့်၏ ချစ်သူအဖြစ်) တွေ့ဆုံရဖို့ ကြမ္မာဖန်တီးမှာ သေချာလျှင် ဟိုတစ်နေ့က သူ့ကို မမြင်ဘူးလိုက်ပါနဲ့တော့လား။ သူဟာ ရင်ထဲကို **ဖြန်းခနဲ ရောက်ရှိ**ခိုနားသွားတာမျိုး မဖြစ်ခဲ့ပါစေတော့လား။ **ဖြူစင့်ကိုသာ** ပြောရဲသည့် သတ္တိရှိလျှင် ...

"သူငယ်ချင်းရယ် ... ကျုပ် လူတစ်ယောက်ကို မြင်ဖူးလိုက်တယ်။ ပထမဆုံးအကြိမ် စိမ်းသက်စွာ မြင်ဖူးတဲ့ အခိုက်မှာပဲ ချစ်မိသွားခဲ့တယ် ဖြူစင်ရယ် ... သူဟာ ဘယ်ကလဲ၊ ဘယ်သူလဲ ဆိုတာ သိဖို့ဝေးလို့ သူ့နာမည်တောင် မသိရသေးပါဘူး ...

"ကျုပ်ဘဝမှာလေ ... ရှင်သိတဲ့ အတိုင်းပါပဲ၊ မေတ္တာဆိုတာ အရမ်းငတ်မွတ်ခေါင်းပါးခဲ့ရတဲ့အရာ။ ကျုပ်မှာသာ ချစ်သူရခဲ့ရင်၊ သူ့ကို အရမ်းချစ်မယ်၊ တအားခွင့်လွှတ်မယ်၊ ဘာပဲဖြစ်ဖြစ် အလိုလိုက်မယ်၊ တစ်သက်လုံး စိတ်မကောက်ဘူးလို့ ပြောခဲ့ဖူးတာလေ ...

"အခု ... အဲဒီလူကို ကျုပ် မြင်ဖူးလိုက်ပြီ။ ညက အိပ်မက်ထဲမှာ သူက ကျုပ်ကို ချစ်တယ်လို့ ပြောတယ်။ တစ်သက်နဲ့ တစ်ကိုယ်မှာ တစ်ခါမျှ မခံစားဖူးတဲ့ အပျော်နဲ့ အရမ်းကြီး ပျော်လိုက်တာ ဖြူစင်ရယ်"

ဟုတောင် ပြောမိလုလုပါ။ အဲဒီလိုသာ ပြောမိရင် ဖြူစင်က ...

**"ဘယ်သူလဲ၊ တွေ့ရင်ပြ ... ပြ"... လို့ ဇွတ်မေးမှာ။**

သူဟာ ဖြူစင့်ကို လပေါင်းများစွာ စောင့်မျှော်
နဲ့ မြတ်နိုးနေသူမှန်းသာ၊ ခုလို တစ်ရက်ကလေး ကြိုမသိလို
ရင်၊ ရှင်ယွန်းက (မတော်တဆများ ကျောင်းထဲလျှောက်သွား
တွေ့လျှင်)... သူပဲ ... ဟု ပြလိုက်မိမှာ။ အဲဒီအခါကျ ... ရှင်ယ
ဘဝ ဘယ်လောက် ပြောင်းလဲသွားမလဲ၊ ဖြူစင် ဘယ်လော
ခံစားငြိုငြင်သွားမလဲ။ အိုး ... မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကံ
မိုးမှောင်တွေထဲ ကျကုန်ရမှာ။ ခုတော့ ... တော်ပါသေးရဲ့
ဟာ ဖြူစင့် ချစ်သူပဲ။ ဖြူစင့်ကို ချစ်ခွင့်တောင်းခံထားရ
ဖြူစင်ကလည်း ပြန်ချစ်လိုက်တာ တစ်ရက် နှစ်ရက် သက်
ကလေးသာ ရှိသေးတဲ့၊ သိပ်ချစ်တတ်တဲ့သူ၊ ဖြူစင့်ရဲ့ချစ်သူ
နေပါပေါ့လား။

ရှင်ယွန်း ... ခပ်ဝေးဝေးမှ ငေးရင်း ဖြူ
မသွားလိုက်တော့ဖို့ပဲ ဆုံးဖြတ်၏။ တော်ပါသေးရဲ့ ...

"လာနိုင်ဖို့ ကြိုးစားမယ်၊ ရောက်မလာရင်
ခွင့်လွှတ်ပေးပါ"... လို့၊ မနေ့ကတည်းက ကြိုတင်တောင်း
မိလို့။ အဲသည်တုန်းကတော့ အဒေါ် မလွှတ်မှာစိုးလို့။ ခု
အဒေါ် အငြိုအငြင်ကိုခံပြီး ကျောင်းကို ရောက်ဖြစ်အောင်လာ
မှ တွေ့လို့မဖြစ်တော့ဘူး ထင်လို့။ ရှေ့လျှောက်ကိုလည်း မ
အောင်ရှောင်ဖို့ အလိုလို ဆုံးဖြတ်လိုက်မိသည်။ ဖြူ
ကျေးဇူးရှင် သူငယ်ချင်း။ မိခင်မေတ္တာကို မမှတ်မိ မသိ
ရတဲ့ ရှင်ယွန်းရဲ့ ဘဝမှာ၊ ရှင်ယွန်း အပေါ်မှာ မေတ္တာအထ
ဆုံးနဲ့ အကောင်းနိုင်ဆုံးသော သူဟာ ဖြူစင် တစ်ယောက်
တာပါ။ ဖြူစင့်ကို သူငယ်ချင်းသာဆို၊ ကျေးဇူးရှင်အဖြစ်



လို အစ်မလို သဘောမျိုးကို ထားခဲ့တာပါ။ ဖြူစင်ကသာ လိုချင်
လျှင် ကိုယ့်အသွေးအသားကိုတောင် ဖောက်ထုတ်လှီးဖြတ်ပေး
သင့်သည်ထိ ဖြူစင့် ကျေးဇူးတွေ ကိုယ့်ပေါ်ပိနေတာပါ။ ခုဟာ
က ... ကျေးဇူးဆပ်ပါသည်ဟု ပြောဖြစ်လျှင်တောင်၊ တကယ့်
ဖြစ်ရပ်နှင့် မညီညွတ်ချင်ပါ။ သူတို့ချင်းက ချစ်သူတွေ။ ကိုယ်
က ... အမိုက်မက ... ကံဆိုးမက၊ ဘာမှန်း ညာမှန်း မသိဘဲ၊
လူတစ်ယောက်ကို လျှပ်တစ်ပြက်အတွင်းမှာ ချစ်မိသွားခဲ့တာ။
ခုတော့ (ဖြူစင့်ချစ်သူမှန်း မသိသေးဘဲ) ကိုယ့်အဖြစ်က ကျေးဇူး
ရှင်ကို ကျေးစွပ်ရာတောင် ရောက်နေနိုင်ပါပြီ။

"မပင့်မဖိတ်ပါဘဲ ရင်ထဲကို ဝင်လာတဲ့ အချစ်ကလေးရယ်။
မင်း ပြန်ထွက်သွားပါတော့"

ရှင်ယွန်း ... အိမ်ပြန်ခဲ့ပါသည်။

✧ ❧ ✧

"သိတဲ့အတိုင်းပါပဲ သူငယ်ချင်းရယ် ... ဒါကြောင့် ကြို
ပြီး ခွင့်တောင်းခဲ့တာပေါ့။ ဆိုင်မှာ လူတွေကလည်း အဲဒီ
နေ့မှာမှ ... ကျလိုက်တာ။ အဒေါ်က ဘယ်လွှတ်ပါ့မလဲ
ဖြူစင်ရယ်"

ဖြူစင်ကဖြင့် ယုံကြည်ရင်းမှာ အသနားလေးတောင်
ကျွှာသေး၏။ ရှင်ယွန်းမှာသာ အိုးမလုံအုံပွင့်၊ ဖြူစင့်ကို
နာ၊ ရှက်ရွံ့၊ စိုးကြောက်စိတ်တွေနှင့် မျက်စိမျက်နှာ ပျက်ရ
တော့သည်။

"လူကြီးမိဘတွေကို ဖွင့်ပြောထားတဲ့။ သူက သိပ်ပြီး လူကြီးလူကောင်း ဆန်တာပဲ။ ကျောင်းကို လာမတွေ့ချင်ဘူးတဲ့။ စာသင်လည်း ပျက်တယ်တဲ့။ ကျောင်းကနေတစ်ဆင့် ဟိုသွား၊ ဒီသွား ... သွားဖြစ်ခြင်းဟာလည်း မိန်းခသားအတွက် မကောင်းဘူးတဲ့ ...

"ကျုပ်က သူ့ကို အဘိုးကြီးလေးလို့ ခေါ်ပေးလိုက်တယ်။ မေမေကလည်း ပြောတယ်။ ဘယ်မှလျှောက်မသွားနဲ့ အိမ်ကိုပဲ လာလည်ပစေတဲ့။ ကိုယ့်မိဘရဲ့ အရိပ်အာဝါသအောက်မှာ တွေ့ဆုံရတာ အန္တရာယ်လည်းကင်း၊ မိန်းကလေးလည်း သိက္ခာရှိတယ်တဲ့"

"ဒါဆို ... နောက်ထပ် ကျောင်းကို မလာတော့ဘူးပေါ့နော်"

"လုံးဝကြီးတော့ မဟုတ်ဘူးပေါ့။ တကူးတကတော့ မလာဘူး၊ ကြုံရင်တော့ လာချင်လာမယ်၊ အိမ်ကိုပဲ ... မေမေကလည်း ခွင့်ပြုတော့လေ"

"ဖြူစင် ... ကျုပ် အရမ်းဝမ်းသာတယ် သိလား"

ဖြူစင့်လက်ကို အားရှိပါးရှိ ညှစ်ပစ်လိုက်မိသည်

"ဟဲ့ ... နာတောင် နာတယ်"

"ဆောရီး ... ကျုပ် အရမ်းဝမ်းသာလို့"

"ကျေးဇူးနော်"

တကယ်ဝမ်းသာတာပါ သူငယ်ချင်းရယ်။ ကျုပ်ရင်ထဲက ချစ်မိသွားတဲ့ လူတစ်ယောက်၊ ကျုပ်တန်ဖိုးထား မြတ်နိုးမိတဲ့ လူတစ်ယောက်ဟာ ရှင့်ချစ်သူ ... တဲ့။ အဲဒါကိုပဲ ကျုပ်



ရင်ထဲမှာ ... ဂုဏ်တွေယူ၊ ဝမ်းတွေသာ၊ အပျော်လုံးတွေ ဆို့မိပါရဲ့ ... ဆိုရင် သူငယ်ချင်းလေး ယုံပေးပါ။ တကယ်ပြောတာ။ အဲဒီလို တအားကျေနပ်ပြီး ပြုံးနေတဲ့ နှုတ်ခမ်းတွင်းကတစ်ဆင့် ရင်ထဲကို ဝင်သွားလိုက်ရင်တော့ သည်းထန်စွာ ငိုကြွေးနေတဲ့ နှလုံးသားတစ်စုကို ရှင် တွေ့ရပါလိမ့်မယ်။

ဖြူစင်ရယ် ...။

ရှင့်အတွက် ဝမ်းသာကြည်နူးစိတ်ပဲ ရှိပါတယ်။ နာလိုစိတ် နည်းနည်းလေးမှ မဖြစ်ထွန်းမိတာ ရှင် ယုံနော်။ ကိုယ့်ဘာသာ ငိုကြွေးနေမိခြင်းက တစ်ကဏ္ဍ။ ရှင့်အတွက် ဝမ်းသာပေးရတာက တစ်ကဏ္ဍ။ ဒါပေမဲ့ ... မင်းချမ်းမြေ့ ဆိုတဲ့လူကိုတော့ ကျုပ်တစ်သက်တာ ရှောင်တော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ... သူ့ကိုတွေ့ရင် ငေးကြည့်မိမယ်။ တော်တော်နဲ့ ပြန်မသိမ်းဖြစ်မဲ့ မင်သက်ငေးတွေထဲမှာ အချစ်တွေ စီးမျောပြီး ပါသွားနိုင်တယ်။ အဲဒါကို ကာယကံရှင်နဲ့တကွ ဘေးလူတွေ မရိပ်မိအောင် ကျုပ် ... ဖုံးဖိနိုင်မယ် မထင်ဘူး။ ဖုံးဖိဖြစ်မယ် မထင်ဘူး။ အဲဒါကြောင့် ... ရှင့်ရှေ့မှာ သူနဲ့ ဘယ်တော့မှ မျက်နှာချင်းဆိုင်ဖြစ်အောင် ကျုပ် ရှောင်မယ်။

ဒါပေမဲ့ ... မတော်တဆ၊ ကံကောင်းလို့ပဲဖြစ်ဖြစ်၊ ကံဆိုးလို့ပဲဖြစ်ဖြစ်၊ သူ့ကိုတွေ့မိရင်တော့ ငေးကြည့်ပါရစေ။ "အို ... သူဟာ ကျွန်မချစ်ရတဲ့သူ။ ပြီးတော့ ... ကျွန်မရဲ့ကျေးဇူးရှင် သူငယ်ချင်းလေးကို သိပ်ချစ်နေတဲ့သူ ..." အဲဒီ ခံစားမှုလေးထဲမှာ ခဏလေးပဲဖြစ်ဖြစ် ကြည်နူးမိန်းမောသွားခဲ့မိရင်လည်း ခွင့်လွှတ်ပေးပါ သူငယ်ချင်းရယ်။

"ကျောင်းမြန်မြန်ပြီး၊ စာမေးပွဲတွေ မြန်မြန်အောင်ချင်
ကွာ"

ရှင်ယွန်း အဲသည်လိုပြောတိုင်း ဖြူစင်က ခပ်ပြုံးပြုံး
နဲ့ ပြန်ကြည့်တတ်မြဲလေ။

"ကျုပ်ပြောဖို့များ ထားပါဦး"

"ရှင်က ဘယ်အချိန်အောင် ... အောင်၊ ဘာအရေးလဲ
ကျုပ်က ဘွဲ့ရရင် အသက်လည်း နှစ်ဆယ်ကျော်ပြီ
ကျုပ် အလုပ်လုပ်လို့ ရပြီ။ ကျုပ် အဒေါ်အိမ်က ဆင်
တော့မှာ၊ ဆင်းချင်လှပြီ။ ဦးလေးက ကျုပ်အပေါ် မရိုးမသား
မရှိပေမဲ့၊ အလကားနေရင်း အရက်သောက်နေတဲ့သူ
ကျုပ် ကြောက်တယ်"

"အဲဒီလိုဆိုတော့လည်း ဟုတ်တာပဲ။ ကျုပ် စာမေးပွဲအောင်
ချင်တာက၊ ကျောင်းမြန်မြန်ပြီးတော့ ချစ်သူနဲ့ မြန်မြန်
တာပေါ့ကွာ။ တစ်ကျောင်းစီဆိုတော့ စိတ်မချဘူး"

"သူဟာ အဲဒီလို သစ္စာမရှိတဲ့ ယောကျ်ား မဟုတ်ပါဘူ
ဖြူစင်ရယ်"

"ရှေ့နေလိုက်ပေးတယ်နော်၊ သူဖြင့် ... မြင်တောင် မမြင်
ဖူးသေးပဲနဲ့"

"မြင်ဖူးပါတယ်"

"ဟောတော့ ... ဘယ်တုန်းကလဲ၊ ကျုပ်လည်း မိတ်ဆက်
မပေးရသေးပါဘူးနော်"

"ချမ်းမြေ့ရိပ်ငြိမ် ဆိုတဲ့ ဆေးခန်းကြီးက နာမည်ကြီး
တယ်။ မင်းချမ်းမြေ့ ဆို ဆရာဝန်လောင်း သူဌေးသား



လေးကိုလည်း မြင်ဖူးချင်ရင် လွယ်ပါတယ်။ ကျုပ်ရဲ့ ကျေးဇူးရှင် သူငယ်ချင်းမလေးရဲ့ ချစ်သူကို ... မမြင်ဘူးပဲ နေမလား။ မြင်ဖူးအောင်ကို ကြည့်ပြီးသား"

"ဘယ့်နှယ်လဲ"

နာမည်နဲ့လိုက်အောင် သဘောထား ဖြူစင်၊ သန့်
ရှာတဲ့ သူငယ်ချင်းလေးကတော့၊ ဘယ်တုန်းကလဲ၊ ဘယ်မှာ
တွေ မလာပါ။ ရိုးရိုးသားသားလေးပဲ တွေးရှာသည်။ ဘယ့်နှယ်
... ဆိုသည့် မေးခွန်းလောက်ပါပဲ။

"ချောတယ် ၊ ရှင်နဲ့ အရမ်းလိုက်တယ်"

"ဟုတ်ရဲ့လားဟယ်၊ ကျုပ်တို့မေဂျာက သူငယ်ချင်းတွေက သူ့ကို ပိုချောတယ်လို့ ပြောလို့ ကျုပ် စိတ်ဓာတ်ကျနေတာ"

"သူလည်း ချောပါတယ်၊ ဖြူစင်လည်း ချောပါတယ်။ နေနဲ့လ ရွှေနဲ့မြပါကွယ်"

တကယ်တမ်းဆို၊ အသားဆွတ်ဆွတ်ဖွေးရှာပေမဲ့
စင်သန့်လေးဟာ သူ့လောက် မျက်လုံး မျက်ခုံး၊ နှာတံတို့
ချိုးမကျလှပါ။ သူဟာ ယောကျ်ားတစ်ယောက်အဖို့ လိုအပ်တာ
က်ကို ပိုချောနေတာပါ။

"ရှင်ယွန်းရယ် ... ရှင်နဲ့ တစ်ခါမှ မဆုံရသေးတာ တစ်မျိုးပဲ။ ဆုံစေချင်တယ်။ တစ်နေ့လောက် ရှင်တို့ထမင်းဆိုင်မှာ မသိချင်ယောင်ဆောင်ပြီး လာစားဦးမှ ထင်တယ်"

"သူငယ်ချင်း ... မလာနဲ့နော်"

"ကြည့် ... တားပုံက အထိတ်တလန့်နဲ့"

"ရှင်က ကျုပ်ကိုချစ်တဲ့စိတ်နဲ့ တောက်လျှောက် ကူညီလာတာနော်၊ ကျုပ်အိမ်ကို ရောက်ဖူးတာနဲ့ ရှင် စိတ်ပျက်သွားလိမ့်မယ်၊ ရှင့်ချစ်သူကလည်း ... ဖြူစင့်မှာ ဘယ်လိုအပေါင်းအသင်းမျိုး ရှိနေတာလဲကွာ ... လို့ စိတ်ပျက်သွားလိမ့်မယ်"

"ဟယ် ... ဒီလိုတော့လည်း မဖြစ်ပါဘူး"

"ကျုပ်နေရတဲ့ အသိုင်းအဝိုင်းကြောင့်၊ ကျုပ်ကိုရော - ကျုပ်ကို သူငယ်ချင်း တော်ထားတဲ့ ရှင့်ကိုပါ အထင်အမြင်သေးသွားမှာ စိုးရိမ်တယ်။ ဖြူစင် ... ဖြစ်နိုင်ရင်၊ ကျုပ်တော်တော်နဲ့ မတွေ့ဖူးချင်ဘူး၊ ကျုပ် မြင်ဖူးတယ်လေပြီးပြီပေါ့ ...

"သူ မြင်ဖူးဖို့ အရေးမကြီးပါဘူး။ ရှင်တို့ လက်ထပ်တဲ့ အချိန်ထိတောင် ... ကျုပ်ဟာ အခုလို အထင်သေးစရာ အသိုင်းအဝိုင်းထဲမှာဆိုရင် ရှင့်သူငယ်ချင်းအဖြစ်လူထဲမတိုးချင်သေးပါဘူး သူငယ်ချင်းရယ်"

သဘောဖြူအူစင်းမလေး ဖြူစင်သန့်က ရှင်ယွန်းကိုတအားကြီး သနားသွားရတော့သည်။ ထမင်းဆိုင် ... တစ်ဖက်ရှိထဲကလေး မလုံမခြုံ၊ နေ့နေ့ညည မူးနေသည့် အဒေါ်ယောကျ်ား - ဒါတွေဟာ လူအထင်သေးစရာ မဟုတ်ပါဘူးလို့ ငြင်းရမယ်ဆိုလျှင်တောင်၊ အထင်ကြီးဖွယ် မဟုတ်တာလည်း အမှန်ပင်။ တက္ကသိုလ်တွေ စတက်ကြပြီ ဆိုကတည်းက ရှင်ယွန်းဟာ ဖြူစင်နှင့် တပူးတွဲတွဲ မလုပ်တော့တာလည်း အမှန်ပင်။ ဆိုင်မှာ ကူလုပ်ရသည်မို့ နေ့စဉ် ကျောင်းမမှန်တာရော၊ မေဂျာချင်းမတူတာရောကြောင့် ဖြူစင်က "တွဲ"ဖို့ သူငယ်ချင်းသစ် ရှာရသည်။



ဖြူစင့်ကို တွဲချင် ခင်ချင်သည့် သူငယ်ချင်းတွေကလည်း တစ်ပုံကြီး။ သဘောမနောကောင်းသလောက်၊ သည်းခံစိတ်ရှည်၊ ရက်ရော၊ စိတ်ဆိုး စိတ်ကောက်သည် ဆိုတာမျိုးကလည်း မရှိ ... အဲဒီလို သူဌေးသမီးလေးကို ဘယ်သူ မပေါင်းချင်ဘဲ ရှိပါ့မလဲ။ ရှင်ယွန်းမေဟာ ကျောင်းမှာ ဖြူစင်နှင့် တတွဲတွဲခင်မင်ပြီးပေါင်းသင်းသည့် သူငယ်ချင်း နေရာမှာ မရှိတော့ပါပြီ။ ကိုယ့်ကျေးဇူးရှင်မို့ ကိုယ်က တကူးတက သွားရောက်တွေ့ဆုံရခြင်းမျိုးသာ ရှင်ယွန်းမှာ ရှိသည်။ ရှင်ယွန်းအတွက် ဖွင့်ပေးထားသည့် ဘဏ်စာရင်းလေးထဲမှာ ကျောင်းစရိတ် မုန့်ဖိုးလေးများ ထည့်ပေးဖို့ (သူစေတနာနှင့် လှူနေတာလည်း ဖြစ်နိုင်ပါသည်) ခင်မင်ရင်းနှီးစွာ မမေ့မလျော့တတ်သည့် ဖြူစင်ဟာ ရှင်ယွန်းမေ ဆိုသည့် သူငယ်ချင်းလေးနှင့်တော့ အတွေ့အကြုံ နည်းသွားရပါသည်။ အမြဲတွဲသော သူငယ်ချင်းမျိုး မဟုတ်တော့ပါ။

အဲသည်တော့ ... သူ့ချစ်သူလေးကို၊ ရှင်ယွန်းရှောင်မယ်ဆိုလည်း ရှောင်နိုင်သည့် အခွင့်အရေးကို ကောင်းကောင်းကြီး လွယ်လွယ်ကူကူ ရရှိတော့သည်။

"သူ့ကိုလေ ... မင်းချမ်းလို့ပဲ ခေါ်တယ်၊ တကယ်တော့ သူနဲ့ ကျုပ်နဲ့က ရွယ်တူပဲ။ ဆယ်တန်းအောင်တာလည်း တစ်နှစ်တည်းလေ ...

"သူကတစ်ခါခါကျ ... စင်လေးတဲ့။ ဖြူစင်လို့ ခေါ်တာတော့ များပါတယ်။ အရမ်းချစ်လာပြီကွ ... လို့လည်း တစ်ခါ တစ်ခါ ထအော်တတ်သေးတယ်။ ကိုက်စားချင်လာပြီနော်တဲ့၊ အဲဒီအခါကျရင် စင်လေး ... တဲ့ ...

"ကျုပ်ကကျတော့ သူ့ကို ဒီရင်ဘတ်ကြီးထဲက အရမ်းချစ်တယ်လေ။ ဒီရင်ဘတ်ကြီးထဲမှာရှိတဲ့ ပစ္စည်းတွေဟာ သူ့ကိုချစ်တတ်တဲ့ အရာဝတ္ထုတွေချည်းပေါ့။ နှလုံးသည်းပွတ်တို့၊ သည်းအူတို့၊ အူနုလေးတို့။ တစ်ခါ တစ်ခါကျတော့ ကျောက်ကပ်လေးရေ ... လို့ ခေါ်ပေးလိုက်တယ်"

ဖြူစင့်ကို ရှင်ယွန်းက သွားတွေ့သည့် အခါတွေမှာ ရှင်ယွန်းက မင်းချမ်းမြေ့ အကြောင်းကို အမြဲမေးပါသည်။

"ကျုပ် ... ရှင့်ရဲ့ မင်းချမ်းမြေ့ အကြောင်းတွေကြားချင်တယ်။ ပြောပြ ..."ဆိုတော့၊ ဖြူစင်က သူတို့အတွင်းရေးလေးတွေ၊ အခေါ်အဝေါ်လေးတွေ၊ တစ်ယောက်နှင့် တစ်ယောက် သိပ်ချစ်ကြတာလေးတွေ ပြောပြောပြသည်။

"ကျုပ်ကလည်း သူ့အကြောင်းပဲ ပြောနေချင်တာ"

"ကျုပ်ကလည်း ကြားချင်နေတာ"

သူငယ်ချင်းနှစ်ယောက် ရယ်မောဖြစ်လိုက်ချိန်မှာ၊ ရှင်ယွန်း တကယ်ပဲ ကြည်နူးစိတ်လေး ဖြစ်ထွန်းရပါသည်။ ကိုယ်သိပ်ချစ်မိသွားရတဲ့သူက ကိုယ့်ကျေးဇူးရှင်မလေးကို သိပ်ချစ်နေပါသည်။ သိပ်ချစ်ခွင့် ရနေပါသည် ... ဆိုသည့် အဖြစ်ကလေး၊ ကိုယ့်ကျေးဇူးရှင် သူငယ်ချင်းလေးဟာ ကိုယ်ချစ်မိသွားရသူရဲ့ အလွန်အမင်း ချစ်ခြင်းကို ခံစားရရှိနေပါသည်ဆိုသော အဖြစ်ကလေး ... အဲသည်အဖြစ်ကလေးထဲမှာ ကိုယ်ပါရောနှောပျော်ဝင်နစ်မြုပ်ရပါသည်။ ကြည်နူးချမ်းမြေ့မှုလေးကို ခံစားရပါသည်ဆိုလျှင် ... ကြားရသူတိုင်း ယုံကြည်ကြပါတော့။ ဒါဟာ ... မင်းချမ်း



အပေါ် ရှင်ယွန်းရဲ့ ချစ်ခြင်းနှင့် ဖြူစင့် အပေါ် ရှင်ယွန်းရဲ့ ချစ်ခြင်းတို့ရဲ့ အဖြူစင်ဆုံးနှင့် အရိုးသားဆုံး သက်သေတည်း။

"ကျုပ်ကျောင်းမှာတွဲတဲ့ သူငယ်ချင်းတွေကိုတောင် ဒီလောက်ထိ ပြောမပြပါဘူး။ အဲဒါတွေ လျှောက်ပြောနေရင် ကျုပ်ကို အချစ်ရူးလို့ ပြောကြမှာစိုးလို့၊ သူတို့နဲ့က ခင်ပေမဲ့ ... ငယ်ပေါင်း မဟုတ်ဘူးလေ။ ရှင်ကတော့ ... ကျုပ်ကို အချစ်ရူးလို့ မစွပ်စွဲဘူး မဟုတ်လား"

"ဘယ်စွပ်စွဲပါ့မလဲ ဖြူစင်ရယ်။ ရှင့်ကို မစွပ်စွဲပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့၊ အဲဒီ အချစ်ရူးဆိုတဲ့ နာမည်ဟာ ကျုပ်နဲ့သာ လိုက်ဖက်နေလို့ပေါ့" ... ဟု ပြောပြဝန်ခံလိုက်ချင်ပေမဲ့၊ မပြောဖြစ်တော့ပါ။

ဟုတ်သည်လေ ...။

တကယ်တော့ ... ကိုယ်သာလျှင် အချစ်ရူး။ ကိုယ်တစ်ကြိမ်လေး မြင်ဖူးလိုက်ရုံနှင့် (အင်္ဂလိပ်လိုတော့ Love at first sight ပေါ့နော်) ဘဝပေါင်းများစွာမှာ ချစ်သူတွေ ဖြစ်ခဲ့ဖူးသူတွေလို (ဒီနေရာမှာ ချဖူးသော ရေစက် ... ဟု သုံးရလျှင် သင့်တော်မည်လား၊ မသင့်တော်ဘူးလား မပြောတတ်ပါ) ချစ်မိသွားရသောသူ။ ကိုယ့်ဘဝရဲ့ အမှန်းအကျုပ်တွေကြားမှာ စိတ်ဓာတ်ကျ ဆုတ်နစ်စွာ ခံစားရတိုင်း ကိုယ့်ကို ခွန်အားအသစ်များ ပြန်လည်ဖြစ်ထွန်းစေသောသူ (ဖြူစင်ပြီးလျှင် မင်းချမ်းမြေ့သည် ကိုယ့်ကို ခွန်အားများ အလိုအလျောက် ဖြစ်ထွန်းစေသူ ဖြစ်ပါသည်) အဲသည်လူကို တစ်ခါတလေ ... ရှင်ယွန်းက သူ့ဆေးကျောင်းမှာ သွားခိုးချောင်း ကြည့်ဖူးပါသည်။

ဆေးကျောင်း ဆိုတာက ... ရှင်ယွန်းနှင့် ဘယ်လိုမှ မနီးစပ် မပတ်သက်သောနေရာ။ ဆေးတက္ကသိုလ်ဝင်းထဲသို့ ဝင်သွားလိုက်သည်နှင့် နောင်တစ်ချိန်မှာ လူတစ်ဖက်သားတို့၏ အသက်ကို ကယ်တင်စောင့်ရှောက်မည့်သူများ ဆိုသော အသိစိတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်၊ ဖွဲ့မာန်တက်နေကြသူများကို တွေ့ရသည်။ သူတို့ ဆရာဝန်လောင်းများ၏ မျက်နှာတွေမှာ စာများလို့ စာမေးပွဲတွေ ခဏခဏစစ်လို့ ... မနိုင်မနင်း စိတ်ညစ်စိတ်ရှုပ် ခံစားမှုတွေ ရှိနေသည်ပဲ ထားဦး၊ သူတို့၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုသတ္တိကလည်း သူတို့ မျက်နှာပြင်မှာ ပျောက်ဖျက်မရပါ။

မြန်မာပြည်၏ ဆယ်တန်းအောင်စာရင်းမှာ အတော်ဆုံးနှင့် အမှတ်အများဆုံး ကျောင်းသူ ကျောင်းသားတွေမို့ သူတို့ထံမှာ ဘယ်လို အရောင်အဝါ တစ်မျိုး လျှံထွက်နေသလဲဟုပင် ထင်ရပါသည်။

အဲသည်လို လူတွေကြားထဲသို့ အဝတ်အစား ခပ်နွမ်းနွမ်း၊ မျက်နှာညှိုးမှိန်မှိန်၊ လွယ်အိတ်ကလေးလွယ်ပြီး ရောက်လာတတ်သည့် ရှင်ယွန်းမေ ... ကျောင်းဝင်းထဲမှ ကားကြိုကားကြားမှာ ကုန်းကြောင်းလျှောက်နေသည့် ရှင်ယွန်းမေကို မည်သူကမျှ သတိမထားမိလိုက်ပေမဲ့ ရှင်ယွန်းမေကတော့ "မင်းချမ်းမြေ့" ဆိုသည့် ဆရာဝန်လောင်းတစ်ယောက်ကို မြင်ဖြစ်အောင် မြင်သည်ထိ စောင့်ကြည့်ပြီးမှ မထင်ရှားစွာ ပြန်ခဲ့တာချည်းပင်။ သူ့ကို တွေ့လိုက်ရတိုင်း ရှင်ယွန်း ရင်ထဲမှာ ကြည်နူးသည်။ ဖြူစင်နှင့် သဘောတူ ကျေနပ်သည်။ မင်းချမ်းသည်လည်းကောင်း၊ ဖြူစင်



သည်လည်းကောင်း၊ တစ်ယောက်ယောက်က သစ္စာဖောက်ဖျက်ခဲ့မည်ဆိုလျှင်တောင် အဲသည်သစ္စာဖောက်ကို ရှင်ယွန်း ကောင်းကောင်းကြီး အပြစ်ပေးဖြစ်မှာ သေချာသည်။

အဲဒါ ... ရှင်ယွန်းမေရဲ့ ခံယူချက်ပင် ဖြစ်သည်။

တစ်ခါတစ်ခါမှာ ကိုယ်လုပ်ပုံတွေဟာ ရူးကြောင်ကြောင်နဲ့ဟု တွေးဖြစ်၏။ သို့ပေမဲ့ ... ကျေနပ်၏။ "အချစ်ရူး" ဆိုသည့် နာမည်ကို ကိုယ့်ဘာသာ ကိုယ်ပေးထားလိုက်သည်။ ကိုယ်အရမ်းချစ်မိသွားရသောသူနှင့်၊ ကိုယ့်ကျေးဇူးရှင်မလေးတို့ကို အရမ်းသဘောတူပါသည်။ သူတို့နှစ်ဦးအတွက် မနာလိုဝန်တိုခြင်းကင်းစွာ ကြည်နူးပေးနေပါသည် ဆိုသော လူမျိုး၊ လောကမှာ ရှိပါ့မလား။ မရှိနိုင်ဘူး ထင်သည်။ ရှင်ယွန်း တစ်ယောက်တည်းသာ ရှိပါသည်ဆိုလျှင် ရှင်ယွန်းမေဟာ ထူးလို့သော်လည်းကောင်း၊ ရူးလို့သော်လည်းကောင်း ... ဟုဝေဖန်တာကို ရှင်ယွန်း ခံယူချင်ပါသည်။

"ရှင်တို့နှစ်ယောက်ကို အရမ်းသဘောတူတာပဲ။ ရှင်တို့ထဲက တစ်ယောက်ယောက် သစ္စာဖောက်ရင်တောင် အဲဒီသစ္စာဖောက်ကို ကျုပ်က သတ်ချင်စိတ် ဖြစ်မှာ"

"ကြောက်နေရပါလား"

ဖြူစင်က ပခုံးလေးတွန့်၍ ရယ်၏။ ရှင်ယွန်း ရောက်လာလျှင် ဖြူစင်က ရှင်ယွန်း အတွက် အချိန်ပေးပြီးလိုက်...ကတတ်တာကို ဖြူစင့် သူငယ်ချင်းတွေက ... ရှင်ယွန်းကို ဖြူစင်ရဲ့ ဆွေဆင်းရဲ မျိုးဆင်းရဲကလေး၊ အကူအညီ လာလာတောင်းတာဟု ထင်ကြသည်။

"ဖြူစင်ရယ် ... ရှင့်သူငယ်ချင်းတွေနဲ့ မိတ်ဆက် မပေးပါနဲ့နော်" ... ဟု ရှင်ယွန်းက အစောကြီးကတည်းက တောင် ပန်ထားသည်။

သူငယ်ချင်းလေး စိတ်အားငယ်ရှာသည် ... ဟု ဖြူစင်က နားလည်၏။ ဒီနေရာမှာ ...

"ဘာဖြစ်လဲ အားမငယ်နဲ့"တွေ ဘာတွေ ပြောမနေ တော့။ ရှင်ယွန်း ဆန္ဒအတိုင်း ရှိပါစေဟု လိုက်လျောထား၏ သူငယ်ချင်းတွေကိုတော့ ...

"ငယ်သူငယ်ချင်း၊ မိဘလည်း မရှိဘူး၊ ဆွေမျိုးအိ မှာ နေရတော့လေ ... သူက အားငယ်တတ်တယ်၊ တတ်နိုင် သလောက် ဖေးမအားပေးရတာပေါ့ကွာ" ... ဟု ပြောထား၏ သူ ကျောင်းစရိတ်ထောက်နေတာထိတောင် (ရှင်ယွန်း မျက်နှာငယ် မှာစိုး၍) ပြောမထားပါ။ ရှင်ယွန်းက ဖြူစင့်ဆီ ရောက်လာလျှ မျက်လွှာလေးချလျက်၊ ဖြူစင့် သူငယ်ချင်းတွေကို တစ်ချက်လော ပြုံးပြပြီးလျှင် ခေါင်းလေးငုံ့နေတတ်တာမို့ ဖြူစင့် သူငယ်ချင်းတေ ကလည်း ပြန်ပြုံးပြရုံ။ အလွန်ဆုံးမှ ...

"နေကောင်းလား" ... ဆိုတာလောက် (ဖြူစင့်မျက်နှ နှင့်) နှုတ်ဆက်လျှင်တောင် ရှင်ယွန်းက ... ဟုတ်ကဲ့ ... တစ်ခွန် နှင့် ပြီးသွားတတ်သည်ချည်းပါ။

"ကျုပ် သူငယ်ချင်းတွေနဲ့ မင်းချမ်းရဲ့ ချမ်းမြေ့ရိပ်ငြိမ်က သွားလည်မလို့"

အဲသည်တုန်းက ပြင်ဦးလွင်ကို လိုက်ချင်လိုက်တာ သေချင်စော်တောင် နံပါသည် ... ဟု ပြောချင်၏။ သို့ပေမဲ့ –



ဖြူစင်က လိုက်ဦးမလား ... ဟု မမေးပါ။ ဖြူစင် မမေးတာကို နားလည်ပါသည်။ သူဌေးသမီးတွေ ကြားထဲမှာ ရှင်ယွန်း အား ငယ်မည်။ မျက်နှာငယ်မည်။ အနေခက်မည်။ ရှင်ယွန်းကို ညှာတာစိတ်ဖြင့် မခေါ်တာဖြစ်ကြောင်း ရှင်ယွန်း နားလည်၏။ ဖြူစင်က ခေါ်လျှင်တောင် ရှင်ယွန်း ငြင်းမှာဖြစ်သည်။ အဒေါ်က လည်း ကန့်ကွက်မှာ။

"အလုပ်ပျက် အကိုင်ပျက်" ... ဟု ပြောမှာ။

အဲသည်လိုနှင့် ဖြူစင်ရော ရှင်ယွန်းပါ ဘွဲ့လေး တစ်ခုစီ ကိုယ်စီရသွားကြသည်။ မင်းချမ်းကတော့ ဆရာဝန်လိုင်း မို့ ကျောင်းမပြီးသေးပါ။ ဖြူစင်က သူ့မိဘကုမ္ပဏီမှာ ဝင်လုပ်ဖို့ ရှင်ယွန်းကို ခေါ်ပါသည်။

"ကျုပ်လည်း ဖေဖေ့ဆီပဲ လုပ်မှာ" ... တဲ့။

သို့ပေမဲ့ ... ကံမကောင်းသူများအတွက် ရောက်ရှိ လာသော ကံဆိုးမိုးမှောင်သည် ကံမကောင်းသူများနှင့် ပတ်သက် နေသော ပတ်ဝန်းကျင်ကိုပါ အဖျားခတ် ညစ်နွမ်းစေတတ်ပါ ၏။

ဦးမျိုးသန့်၏ ဆောက်လုပ်ရေး လုပ်ငန်းများ "မြေ မျိုသည်" ... ဟု သူတို့လုပ်ငန်းမှာ သုံးနှုန်းသည့် စကားအတိုင်း ဆုံးရှုံးနစ်နာခြင်းများ ဖြစ်၏။ ဈေးကြီးပေး၍ ဝယ်ထားသောမြေ များ (ကန်ထရိုက်တိုက်များ ဆောက်ရန်) ဈေးတွေထိုး ကျသည်။ မြေကိုဝယ်ထား၊ ခဏကြာ ပြန်ရောင်းလုပ်မည့် မြေကွက်တချို့ ကျတော့ ဝယ်မည့်သူ မရှိ။ ဆောက်ပြီးသား တိုက်ခန်းတွေ ရောင်း မထွက်။ လုပ်ငန်းကြီးမို့ ငွေဝင်လမ်းမရှိပေမဲ့ ထွက်လမ်းကတော့

ရှိနေသည်။ ရစရာတွေသာ မရလျှင်ရှိရမည်။ ပေးစရာတွေကျတော့ မပေးလို့ မရ။ ဦးမျိုးသန့် စီးပွားရေးပျက်ပြားသည်ဟု **ဆိုရပါမည်။**

ရရန်နှင့် ပေးရန်တွေ ညှိနှိုင်း၊ **ရသည့်ဈေးနှင့်** (အဆမတန် လျှော့ပေါ့လျက်) ရောင်းတန်တာ**တွေရောင်း၊** **ပေး**တန်တာတွေပေး၊ ဆောက်လုပ်ရေး လုပ်ငန်း**ကြီးတစ်ခုလုံးကို** ဖျက်သိမ်း၊ ဆောက်လုပ်ဆဲ လုပ်ငန်းတွေကို **ကြွေးနှင့်ထိုးဆပ်ရ**တာတွေဆပ်။ ဘာပဲဖြစ်ဖြစ် ... ဆင်ပိန်တော့ **ကျွဲခန့်ကျန်၏၊** ဦးမျိုးသန့်မှာ ဘာအလုပ်အကိုင်မျှ မရှိတော့၊ **ဘာစီးပွားရေးမှု** မလုပ်တော့ဘဲ ထိုင်စားပါတော့မည် ဆိုသည့် အချိန်မှာ ... လက်ရှိနေသော ခြံနှင့်တိုက်အပြင်၊ သံလွင်လမ်းထဲမှာ ခြံကျယ်ကျယ်နှင့် နှစ်ထပ်ခွဲတိုက်တစ်လုံး၊ မြေနီကုန်း စမ်းချောင်းဘက်မှာ နှ ခန်းတွဲ ရှစ်လွှာဆိုတော့ ဆယ့်ခြောက်ခန်းပါသည့် ကန်ထရိုက်တိုက်တစ်လုံး လက်ကျန်ရှိ၏။

စီးနေသော ကားနှစ်စီး (ရှုပါဆလွန်းတစ်စီးနှင့် မာ့ခ်တူးတစ်စီး)ရယ်၊ ဒေါ်ဝင်းဝင်းဖြူနှင့် ဖြူစင်သန့်တို့ ဝတ်စားသော စိန်ရွှေရတနာများရယ်နှင့် ဘဏ်လက်ကျန်ငွေ တော်တော်များများလည်း ကျန်ခဲ့ပါသေးသည်။

"ဖေဖေက ဘာကိုမှ ထပ်မရောင်းတော့ဘူး၊ ဟိုဆယ့်ခြောက်ခန်းလည်း ငှားစားမယ်၊ သံလွင်လမ်းထဲကခြံလည်း နိုင်ငံခြားသား ငှားမယ်၊ ဘာအလုပ်မှ မလုပ်တော့ဘဲ ထိုင်စားတော့မယ်တဲ့၊ တကယ်တော့ ... ဖေဖေလည်း ...

"ခြောက်ဆယ်ထဲ ဝင်ပါပြီ။ နားဖို့လည်းကောင်းတဲ့ အချိန်ပါပဲ။ မေမေက ငါးဆယ်ကျော် ဆိုပေမဲ့၊ မေမေ့မှာ



သွေးတိုးရော နှလုံးရော ရှိတယ်။ ဖေဖေက ပြောလောက်တဲ့ ရောဂါကြီးကြီး ဘာမှမရှိဘူး၊ မေမေကလည်း ဖေဖေ့ကို နားစေချင်တယ်"

ဖြူစင် ကိုယ်တိုင် ... အလုပ် လုပ်ချင်လျှင် တခြားကုမ္ပဏီမှာ လျှောက်ရပါမည်။ ကိုယ့်ကုမ္ပဏီ မရှိတော့ပြီမို့ ရှင်ယွန်းကိုလည်း အလုပ်မပေးနိုင်တော့ပါ။ နိုင်ငံခြားသား ငှားသောခြံက တစ်လကို ဒေါ်လာထောင့်ငါးရာ၊ စမ်းချောင်းထဲမှ ဆယ့်ခြောက်ခန်း ငှားရငွေက ဆယ့်လေးသိန်းခန့်၊ ဖြူစင်တို့ မိသားစု ဘာမျှမလုပ်ဘဲ ထိုင်စားနိုင်ပါသည်။ မပြီးမခြံဘဲကို စားနိုင် သုံးနိုင်ပါသေးသည်။ နောက်ထပ်ပွားများအောင် စုဆောင်းဖို့လည်း မလိုပါ။ သားသမီးက ဖြူစင် တစ်ယောက်တည်း။ မိဘမျက်ကွယ်ပြုလျှင်တောင် ပိုင်ဆိုင်မှုတွေက အများကြီး ကျန်ရစ်မည်။ မင်းချမ်းကလည်း တစ်ဦးတည်းသောသား၊ သူက သူဌေးသားတောင် မဟုတ်၊ ကိုယ်တိုင် သူဌေးပေါက်စ။ ဖြူစင့်ဘဝရေ့ရေးက ဘာမျှပူစရာမလို။

ရှင်ယွန်းသည်သာ ... အလုပ်ရှာ။ အဆောင်ကိုပြောင်း၊ ရသည့်လခလေးနှင့် ချွေတာသုံး။ အဒေါ်က ရန်လုပ်၊ အဒေါ်နှင့် အတိုက်အခံလုပ်ပြီးမှ ရန်ဖြစ်ပြီးမှ အိမ်ပေါ်ကဆင်း၊ သည့်လခနှင့် ကုန်သည့်ငွေကြေးက ကွက်တိ။ ဟိုတုန်းက ဖြူစင်ပေးထားသည့် ဘဏ်လက်ကျန်လေး နည်းနည်းပါးပါးကို ခြေစောင့်လက်စောင့်ထား၊ ဖြူစင့်ကို ဆက်လက်မထောက်ပံ့ဖို့ ကောင်းပန်၊ လောက်ပေါပြီ၊ ပြည့်စုံပါပြီဆိုတာ ယုံလောက်အောင် ပြော။

အဲသည်အချိန်မှာ ဒေါ်ဝင်းဝင်းဖြူက နေထိုင် ကောင်းဖြစ်သည်မို့ ဖြူစင်က အလုပ်တွေများ၊ တစ်ပတ်မှာ တ ခါတော့ ဖြူစင့်ဆီ ဖုန်းဆက်ပါသည်။ ရှင်ယွန်းမေ ဆိုသည့် မကောင်းသူလေးမှာတော့ ... ကိုယ့်ဘဝလေး ကိုယ်တည်ဆော ရန် အားယူအစပျိုးကာ ရန်းဖို့ကန်ဖို့ ခွန်အားလေးမွေး ... ဘာ ဖြစ်ဖြစ် ရုန်းရင်း ကန်ရင်း၊ ရင်ဆိုင်ရင်းပါပဲ။



## ၁၁

မင်းချမ်း ... ရှင်ယွန်းကို ငေးကြည့်နေမိပါသည်။

ချစ်စွာသော ဇနီးလေး ဖြူစင် ကူညီထောက်ပံ့ခဲ့ သည့် နွမ်းပါးချို့တဲ့သူလေး ... ဟူ၍ အကြင်နာများ သက်ရောက် မိပါသည်။ ဖြူစင်သာရှိလျှင် သူ့သူငယ်ချင်းလေးကို ပစ်ထားမှာ ဟုတ်တာ သေချာပါသည်။ ဒီသူငယ်ချင်းလေးကို ဖြူစင့်ကိုယ် အကူအညီပေးဖို့ ဆုံးဖြတ်ထားပါသည်။ သူ့ဘဝလေးတွေ သူပြောတိုင်း၊ မင်းချမ်းလည်း ထိုင်နားထောင်သည်။

ကိုမိုး၏ ကူသမှုကို၊ ကိုယ်လည်း ဆရာဝန်မို့ လေ့ ရင်း၊ ရှင်ယွန်းနားမှာ မင်းချမ်း အမြဲလိုလို ရှိနေရပါ၏။

"စင်လေး ... စင်လေးသူငယ်ချင်းကို ကိုယ် ကူညီမယ်၊ စင်လေး ရောက်ရာဘဝက သာဓုခေါ်ပါနော်"

စင်လေး မရှိတော့သည် ဤကမ္ဘာမြေမှာ နေချင်စိတ် မဲ့သွားခဲ့ရတာပါ။ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်ဖို့ထိကျ ဘော့ ယောကျ်ားမာနကို မချချင်။ အဲဒါ ... စင်လေးကို ချစ်တာ မဆိုင်ဟု ထင်၏။

"ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတဲ့ သူတိုင်းဟာ စိတ်ကျန်းမာရေး ချို့တဲ့နေကြတဲ့ သူတွေချည်းပဲ။ တချို့က တော့ သူများတွေကို လိုက်သတ်တယ်၊ တချို့ကျတော့ ကိုယ့်ကိုယ်ကိုယ် သတ်တယ် ... အဲဒီ နှစ်မျိုးလုံးဟာ စိတ္တဇလူသတ်သမား အမျိုးအစားထဲမှာ အကျုံးဝင်တယ်"

ကိုမိုး အဲဒီလို မပြောခင်ကတည်းက ... ကိုယ့်ကိုယ်ကိုယ်သတ်ပြီး၊ စင်လေးနောက်ကို လိုက်သေဖို့ထိ စိတ်ကူးမရှိခဲ့ တာပါ။ ဒါဟာ ... ကိုယ့်စိတ်၊ ကျန်းမာနေသေးလို့ပဲ ထင်ပါရဲ့။ စင်လေး မရှိတော့သည့်အတွက် ဘယ်လိုမှ နေလို့မပျော်တော့တာ အမှန်ပါ။ ကြေကွဲဝမ်းနည်းမှုကို ဘာနှင့်မျှ အစားမထိုးနိုင်ခဲ့ အဲဒါကြောင့် အိမ်ပစ်ရာပစ်၊ ဆေးခန်းကြီး တစ်ခုလုံးကိုပါပစ်ပြီး ပြေရာပြေကြောင်း ပျော်ရာပျော်ကြောင်း လျှောက်သွားနေခဲ့သည်။ မျိုးထွန်း တစ်ယောက်တော့ ကိုယ်ဘယ်ရောက်နေလဲ သိသည်။

"ဘာကိစ္စနဲ့မှ ငါ့ဆီ ဖုန်းမဆက်နဲ့၊ အီးမေးလ်မ နဲ့" ... ဟု မှာထားခဲ့သည်။

"ငါ ဆက်ချင်စိတ်ပေါက်ရင် ငါ့ဘာသာ ဆက်မယ်"

ဆက်ချင်စိတ်က နှစ်ရက်တစ်ခါ သုံးရက်တစ် လောက် ပေါက်သည်။ မြန်မာပြည်ထဲမှာပဲ ဟိုဟိုသည်သည်သွ တော့လည်း ဖြေမပြေ။ နိုင်ငံခြားထိ ထွက်တော့လည်း မရွှင်လ အိမ်လည်း မပြန်ချင်၊ ဘယ်သွားလို့မှလဲ မပျော်၊ စင်လေးကိ တမ်းတရင်း လူက ဂနာမငြိမ်၊ စိတ်က ဂနာမငြိမ်မို့ ဘာလု မှန်း မသိတိုင်း၊ အိမ်ပြန်ဖုန်းဆက်။ မျိုးထွန်းက ... သတင်း ထဲမှာ အမြန်ပြန်လာပါ ... ကြော်ငြာထည့်သည့်အကြောင်းပြော



အဲဒါကို ချက်ချင်းလို သိရတော့လည်း ချက်ချင်းစီစဉ်နိုင်ခဲ့သည်။ အိမ်ပြန်ချင်စိတ်တော့ မရှိသေး။

ကိုမိုးဟာ စိတ်ကျန်းမာရေးကု ဆရာဝန်မို့ ထင်ပါရဲ့။ စိတ်လေနေသည့် ဂနာမငြိမ် မင်းချမ်း တစ်ယောက် လေနှင့်အတူ လွင့်နေတာကို ကြိမ်စကြာနှင့် ရိုက်ခေါ်သလား ထင်ရအောင် "ဝါကျ"နှစ်ကြောင်းတည်းနှင့် လုံလောက်ခဲ့လေ၏။

"ကိုယ့်ဘဝကိုယ် ရင်မဆိုင်ရဲလို့ ဘဝထဲက ထွက်ပြေးတဲ့သူဟာ အရူးတစ်မျိုးပဲ" ... တဲ့။

"ယောကျ်ားကောင်း တစ်ယောက် စိတ်လေချိန်ဟာ ခြောက်လ မပြည့်သင့်ဘူး" ... တဲ့။

ကိုမိုး ... မျိုးထွန်းကို ပြောသည့်စကားတွေကတော့ အများကြီးပါပဲ။ ဒီကောင် မျိုးထွန်းက မှတ်လည်း မှတ်မိပါပေ့။ အားလုံးနီးပါး လုံးစေ့ပတ်စေ့ ပြန်ပြောနိုင်သည်။

"ကိုချမ်း ဖုန်းဆက်တာနဲ့ အတော်ပဲ၊ ဒီနေ့ပဲ ဒေါက်တာမိုးမြင့်သူ ဆိုတာလာပြီး" ... အစချီကာ အားလုံးကို ပြန်ပြောပြသည်။ ကိုယ့်ကိုယ်ကိုယ် "ဖြူစင်သန့်"ပါဟု ပြောနေသူကို (ဒေါသဖြင့်)စိတ်ဝင်စား၏။ ဒါမျိုး ပေါ်တင်ကြီး လိမ်ညာလို့ ရမလား။ အဲဒါကို စိတ်ဆိုးပေမဲ့ မှုလောက်စရာကိစ္စအဖြစ် ခေါင်းထဲတောင် မထည့်ချင်ပါ။

"ယောကျ်ားကောင်းတစ်ယောက် စိတ်လေချိန်ဟာ ခြောက်လ မပြည့်သင့်ဘူး" ... တဲ့။

ကိုယ်စိတ်လေသလို လူပါလွင့်နေတာ ခြောက်လ ပြည့်တော့မည်။ ဆက်ပြီး လေလွင့်နေဦးမည်ဆိုလျှင် ကိုယ်ဟာ

ယောက်ျားကောင်း တစ်ယောက် မဟုတ်တော့ဟု ဆိုချင်၏၊ ယောက်ျားညံ့ ဖြစ်တော့မည်။ အဲဒီစကားက "ယောက်ျား" ဆိုသည့် ကိုယ့်မာနကို တည့်တည့်မှန်၏။

"ကိုယ့်ဘဝကိုယ် ရင်မဆိုင်ရဲလို့ ဘဝထဲက ထွက်ပြေးတဲ့သူဟာ အရူးတစ်မျိုးပဲ"... တဲ့။

အဲသည်ဝါကျက ကိုယ့်အတ္တကို ရိုက်ချိုး၏။ ကိုယ့်သိက္ခာကို ဖွဲ့ရွဲ့၏။ လောလောဆယ်မှာ ကိုယ်ဟာ ... တကယ်ပဲ ကိုယ့်ဘဝကိုယ် ရင်မဆိုင်ရဲလို့ပဲဖြစ်ဖြစ်၊ ရင်မဆိုင်ချင်လို့ပဲဖြစ်ဖြစ် ဘဝထဲက ထွက်ပြေးနေသူတော့ ဖြစ်နေသည်။ ဒါဆို ... ကိုယ် အရူးလား။ မည်သူသည် "အရူး" အပြောခံချင်ပါမည်နည်း။ ကိုမိုးရဲ့ အဲသည်ဝါကျနှစ်ကြောင်းဟာ ကိုယ်ပြန်လာဖို့ ခိုင်လုံလှသော ကြိမ်စကြာတည်း။

မင်းချမ်းမြေ့မှာ မိဘမရှိပါ။ လူကြီးသူမ ဆွေမျိုးသားချင်း အကြီးထဲကလည်း ခပ်ရှားရှား။ ရှိသလောက်မှာ ကိုယ့်ကို ပြောဆိုဆုံးမမည့်သူ၊ ရဲရဲဝေဖန်မည့်သူထက်၊ ကိုယ့်ကို အလိုလိုက်ကြမည့်သူချည်း။ ချော့မော့ဖျောင်းဖျကြမည့်သူချည်း။ အသနားကြီး သနားကာ ကိုယ့်ကို ဘယ်လိုနည်းနှင့် ဖေးမရမလဲ တွေးကာ အကြင်နာတွေ ပြကြမည့်သူချည်း။ ကိုမိုးလို "အရူးလား" ဟု ရဲရဲဝေဖန်မည့်သူ မရှိ။

ကျေးဇူးတင်ပါသည် ကိုမိုး။

အရူးမဖြစ်ချင်တာနှင့်၊ ယောက်ျားညံ့ မဖြစ်ချင်တာနှင့် ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ရောက်လာခဲ့သည်။ ကိုယ့်ဆေးခန်းကြီး ကိုယ်ပြန်ဦးစီးသည်။ ကိုယ့်ဆေးခန်းမှာ ဖြူစင့် သူငယ်ချင်း



လေးကို အခမဲ့တင်ဂျက်၊ ကိုမိုးကလည်း မေတ္တာဖြင့်၊ ဖေးမကူညီခွင့်ကို ရခဲ့ပါပြီ။ ကိုယ်ဟာ ဖြူစင့်ကို မမေ့နိုင်သေးပေမဲ့ ကိုယ့်ဘဝထဲ ကိုယ်ပြန်ရောက်ခဲ့ပြီ။ ကိုယ့်ဘဝ၏ (ကံကြမ္မာ ဖန်တီးသမျှ) ကောင်းမွေ ဆိုးမွေကို ရဲရဲရင်ဆိုင်ဝံ့သူ ဖြစ်ခဲ့ပြီ။ "ဆရာဝန်"... ဆိုသည့် စိတ်ဓာတ်ကလေး ပြန်ရ၏။ "လူနာမလေး" တစ်ယောက်၏ ဝေဒနာကိုလည်း စိတ်ဝင်စားခဲ့ပါပြီ။ စင်လေးသာ တမလွန်မှ သိခွင့်ရလျှင်၊ ဘဝထဲက ထွက်ပြေးနေသော "လူညံ့" ထက်၊ ရင်ဆိုင်ဝံ့သော ယောက်ျားကောင်း တစ်ယောက်ကိုသာ မြင်ချင်ပါလိမ့်မည်။ အရူးတစ်ယောက်ရဲ့ ချစ်သူ ... ဘယ်ဖြစ်ချင်ပါ့မလဲ။

ကိုယ် ... ဘဝထဲ ပြန်ရောက်ပါပြီ စင်လေးရေ ...။

✧ ✧

"ကျွန်မနာမည် ... ရှင်ယွန်းမေပါ"

လူရယ်လို့ ဖြစ်ကတည်းက ... တစ်ခါမျှ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း ဆိုတာနှင့် မကြုံခဲ့စဖူးပါ ... ဆိုလျှင် ယုံချင်မှ ယုံကြပါလိမ့်မည်။ မိခင်ကို မမှတ်မိပါ။ ဖခင်က ကားမှောက်၍ ဆုံးသည်။ "ကားတိုက်ခြင်း၊ ကားမှောက်ခြင်း" ဆိုသည့် ကား Accident အက်ဆီးဒင့်ဟာ ရှင်ယွန်း ရင်ထဲသို့ တွေ့ဇနှင့် ယှဉ်လျက် အကြောက်တရားကြီးစွာ ဝင်ရောက်လာခဲ့သည်။ ရှင်ယွန်း ... ကားဆိုလျှင် အရမ်းကြောက်သည်။ ကားလမ်းတစ်ခါကူးကာနီးတိုင်း၊ အတူတူကူးမည့်လူကြုံ ရှာရ၏။

ကိုယ်နှင့် သိသိ၊ မသိသိ ... ကားလမ်းကူးမည့် လူတစ်ဦးဦးနှ
သို့ကပ်ကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကပ်လိုက်ကူးရသည်ချည်း
ကားကြီးလာနေတာ မြင်ရုံနှင့် ကြောက်နေပြီ။ အဲဒီစိတ်ကိုလုံး
ဖြေလို့ မရပါ။

တစ်ခါတစ်ခါ ... ညညတွေမှာ ရှင်ယွန်းမေ —
ကားတိုက်ခံရပြီး သေသည်ဆိုသော အိပ်မက်မျိုးကို မက်၏
အဖေ့ကို ကားကြီးက အကြိမ်ပေါင်းများစွာ ဖြတ်ကြိတ်နေတာ
လည်း အိပ်မက်သည်။ တစ်ခါတစ်ခါမှာ ... အဓိပ္ပာယ်မဲ့စွာ
အကြောက်လွန်လျက်၊ ညကြီး မင်းကြီး ဓားချွေးပြန်ကာ အိ
လို့မရဘဲ ငုတ်တုတ်ထထိုင်နေရတာ (ခြင်ထောင်ထူထူထဲမှာမို့
ဘယ်သူမျှ မမြင်ပါ။ ဘယ်သူသိသိ ... မသိသိ၊ ကိုယ်သိ၏
တချို့ညတွေမှာ အိပ်လိုက်လျှင် လျှာနီကြီး သုံးပေလောက်နှင့်
သရဲကြီးက အိပ်မက်ထဲသို့ ရောက်လာတော့မည်ထင်ပြီး မအိ
ရဲတာကကျတော့ ငယ်ငယ်က အဖေ ပြောခဲ့သော အိပ်ရာဝင်
ပုံပြင်တွေပါ။

အဒေါ့်အိမ်မှာ နေခဲ့ရသည့် နှစ်များ။

တစ်ညမျှ အိပ်ရေးမဝပါ ... ဟု ပြောလျှင် ဘယ်သူ
ယုံမှာလဲ။ ဘယ်မှာလဲ အခန်း၊ ဘယ်မှာလဲ တံခါး၊ ကိုယ့်အိပ်ရာ
ကိုယ့်ခြင်ထောင်ဆိုတာ ဘာလုံခြုံမှုမျှမရှိ။ ကံဆိုးမိုးမှောင်ရဲ့ ဧ
နားကွပ်လေးအဖြစ် ကိုယ့်ကို စော်ကားချင်သည့်သူ (အရက်သမား
ဦးလေး အပါအဝင်) မရှိပေလို့သာပဲ။ ရှိများရှိလို့ပါက ကိုယ့်မှာ
အကာအကွယ်၊ ကျောထောက်နောက်ခံ ဘာဆို ဘာမျှ မရှိ
ကိုယ့်ဘဝလေး ဘယ်တော့ပျက်မ ... ဆိုသည့် ကျိုးလန့်စာ



ခိတ်၊ ကြက်အိပ် ကြက်နိုး ဆိုသလို ...။ လေတိုက်လို့ သစ်ရွက်
လှုပ်လျှင်တောင် ရယ်ပါသည်ဆိုသော ဆယ်ကျော်သက်အရွယ်
မှာ၊ ကိုယ်က လေတိုက်လို့ သစ်ရွက်လှုပ်လျှင် ချွတ်ခနဲသံကြောင့်
လန့်နိုးရသူ ဖြစ်ခဲ့သည်။

ကျေးဇူးရှင် သူငယ်ချင်းမလေး ဖြူစင်က ...

"ကျုပ် လက်ထပ်တော့မယ်"... တဲ့။

အဆောင်ထိ လိုက်လာပြီး ပြောသည်။

"ကျုပ်ရဲ့ သတို့သားလောင်းကို ရှင်နဲ့ ခုထိ မိတ်ဆက်မ
ပေးရသေးဘူး"

"ကျုပ် မြင်ဖူးပါတယ်ဆို ... ပြီးရောပေါ့"

ဖြူစင့် အထောက်ပံ့ခံ နွမ်းပါးသူလေးအဖြစ်၊ ဖြူစင်
ရဲ့ ဘယ်အသိုင်းအဝိုင်းထဲမှ (သိမ်ငယ်စိတ်ဖြင့်) မဝင်ဆံ့ချင်တာ
ဖြူစင် နားလည်ပါသည်။ ဖြူစင့် အိမ်ကိုတောင် သိပ်ရောက်ဖူး
တာ မဟုတ်၊ ရောက်သလောက်လည်း မနေတတ်၊ မထိုင်တတ်
နှင့်၊ မျက်နှာကို တွင်တွင်ငုံ့လျက် ငိုတော့မတတ် မျက်စိမျက်နှာ
ပျက်နေတတ်တာမို့ နောက်ဆို ... ဖြူစင်ကိုယ်တိုင်က မခေါ်တော့
ပါ။

"ဘာမှ မဖြစ်ပါနဲ့ဟယ်"

ဖြူစင် ဘယ်လောက် အားပေးပေး၊ ကိုယ့်စိတ်ကိုယ်
ငယ်ကာ ဖြူစင့် မိဘ၊ ဖြူစင့် ဆွေမျိုး၊ ဖြူစင့် သူငယ်ချင်း ...
ဘယ်သူနှင့်မျှ ရင်မဆိုင်ရဲစွာ စိတ်အားငယ်လှသူမို့ ဖြူစင့်ချစ်သူ
ကိုလည်း ရင်မဆိုင်ရဲချင်၊ မတွေ့ဝံ့၊ မတွေ့ရဲဟု ဖြူစင်က ထင်
၏။

"ကျုပ်လို သူငယ်ချင်းမျိုးတစ်ယောက် ရှိနေတဲ့အတွက် ရှင့်မှာ ဂုဏ်သိက္ခာ ညှိုးနွမ်းပါ့မယ်"... ဟုလည်း ဖွင့်ပြောထားဖူးတာမို့ပါ။

"မင်္ဂလာဆောင်ကိုတော့ ရှင် လာရမယ်"

"ဖြူစင် ... ကျုပ် ... ကျုပ် ..."

"ဟင် ... ရှင်ယွန်း၊ ဘာဖြစ် ...

မျက်စိမျက်နှာ ပျက်ကျသွားပုံက အထိတ်တလန့်မို့ ဖြူစင်က ရှင်ယွန်း လက်ဖျားတွေကို လှမ်းဆုပ်လိုက်၏။

"အေးလှချည်လား"

ချွေးတို့ဖြင့် စေးထန်းအေးစက်နေသည့် လက်တွေကို ဖြူစင်က လက်နှစ်ဖက်ဖြင့် အပြန်အလှန် ဆုပ်ပေးသည်။

"ဘာဖြစ်တာလဲ၊ ဆေးခန်းသွားမလား"

"ဟင့်အင်း ... ရှင့် မင်္ဂလာဆောင်ကို မလာလို့ မရဘူးလား ဟင်"

"သြော် ... ရှင်ယွန်းရယ်"

ဖြူစင် ... ညည်းပါလေတော့သည်။ ဒါကိုလာပြီ ဒီလောက် ကြောက်ရသတဲ့လား။ သူ့မှာ ဝတ်ကောင်းစားလှမရှိ၊ လက်ဝတ်ရတနာမရှိ၊ လူတောထဲ လှလှပပတိုးဖို့ရန် ဘာမျှအဆင်ပြေပြေ မရှိရှာလို့ဟု ဖြူစင်က ထင်၏။ သူ့အတွက် အဝတ်အစား ဝယ်ပေးနိုင်ပါသည်။ လိုအပ်တာများ သုံးဖို့စွဲဖို့ ငွေပေးဖို့လည်း ဝန်မလေးပါ။ လက်ဝတ်ရတနာလည်း အနည်းအကျဉ်းတော့ ဆင်ပေးနိုင်ပါသည်။ သို့ပေမဲ့ ... သူ့နားမှာတော့ အချိန်ပေးပြီး



နေမပေးနိုင်ပါ။ သူ့တစ်ယောက်တည်းအတွက် အချိန်ပေးပြီး ဧည့်မခံနိုင်ပါ။ ရင်းနှီးလှသည့် သူငယ်ချင်းတွေဆို ... လှည့်ကို မကြည့်အားတော့ဘဲ ခပ်စိမ်းစိမ်း မိတ်ဆွေတွေကိုသာ ဦးစားပေး၍ နှုတ်ဆက်ဧည့်ခံရပါမည်။

သူငယ်ချင်းတွေကလည်း ဒါကို နားလည်ကြမှာပါ။ ဧည့်ခံပွဲပြီးဆုံးလို့ လူရှင်းချည်းကျန်မှ ... သူတို့ ဖြူစင့်နားကပ်ခွင့်၊ နှုတ်ဆက်ခွင့်၊ နောက်ပြောင်ခွင့်ကို ယူကြမှာ။ အဲဒါတွေထဲ ရှင်ယွန်း ပါမှာမဟုတ်၊ ပါရဲမှာမဟုတ်။ ရှင်ယွန်းမှာ ရင်းရင်းနှီးနှီး သူငယ်ချင်းလည်း မရှိ။ တွဲသွားတွဲလာ ပေါင်းသင်းသည့် သူငယ်ချင်း တစ်ယောက်မျှ မရှိ။ လူတကာသည် သူနှင့် ပေါင်းသင်းခင်မင်ဖို့ မတန်သောက်အောင် သူ့ဘဝက နိမ့်ကျည့်ဖျင်းဆိုးဝါးနေသည်ဟု ခံယူထားပြီး ...

"ဖြူစင်သန့် ဆိုတဲ့ အမြင့်စံမလေးဆီမှာ ရှင်ယွန်းမေ ဆိုတဲ့ အစုတ်ပလုပ် သူငယ်ချင်းတစ်ယောက် ရှိနေတာ၊ ဖြူစင် ဂုဏ်ပျက်ဖို့ပဲ"... ဟု ခဏခဏပြောတတ်သူ။

ရှင်ယွန်း ... မင်္ဂလာဆောင် လာရမှာ ကြောက်နေပြီ။

"ကဲဟာ ... မလာနဲ့"

သူ့ကို လူတောထဲ ဆွဲထုတ်ဖို့ ကြိုးစားခြင်းဟာ ဘူညီရာ မရောက်ဘဲ ဒုက္ခပေးရာပဲ ရောက်လိမ့်မည် ဆိုတာ ဖြူစင် နားလည်ရပါသည်။

"ခွင့်လွှတ်နော်"

"လွှတ်ပါတယ် ရှင်ယွန်းရယ်"

ခါတိုင်းလိုတောင် စကားကို အေးအေးဆေးဆေး မပြောနိုင်ဘဲ၊ မျက်စိမျက်နှာပျက်ပျက်နှင့် စကားတွေ ထစ်ငေါ့နေရသည့် ရှင်ယွန်းကို ဖြူစင် သနားသွားရသည်။

ရှင်ယွန်းက ကြောက်လန့်နေတာပါ။ ဖြူစင်လက်ထပ်တော့မည် ဆိုကတည်းက ... ညတိုင်း အိပ်မက်ဆိုးတွေချည်း မက်နေသည်။ တစ်ခါတလေကျ ... ကြောက်လန့်တုန်ယင်နေတာသာ သိလျက်၊ ဘာကို ကြောက်နေမှန်း မသိ။ တစ်ခါကျတော့ ဖြူစင်က စိတ်ဆိုးမာန်ဆိုး ရန်တွေ့နေသည်။

"နင် ... ငါနဲ့ လက်ထပ်မဲ့သူမှန်း သိရက်နဲ့ ဘာလို့ လိုက်ကြိုက်နေရတာလဲ။ ယုတ်မာလှချည်လား" ... တဲ့။

နင်တွေ ငါတွေ သုံးကာ ရင့်သီးသော စကားတွေဆို၏။ ရှင်ယွန်း ရင်တွေ တလှပ်လှပ်ခါလျက်၊ ငြင်းလည်းမငြင်းနိုင်၊ ဖြူစင် ပြောသလို မဟုတ်ရပါကြောင်းလည်း ဖြေရှင်းလို့မရ။ ကိုယ်က ချစ်ခဲ့မိသည်ကိုး။ ယနေ့တိုင်လည်း ချစ်နေဆဲ၊ သူ့ကို ချစ်ရတာ ရယူပိုင်ဆိုင်ဖို့လည်း မဟုတ်၊ မတန်ဘူး ... ရယ်လို့လည်း ကိုယ့်ဘာသာ လက်ခံပြီးသား၊ ဖြူစင်နှင့်လည်း အရမ်းသဘောတူ၊ သူတို့ဘဝလေး ပျော်ရွှင်ပါစေကြောင်း ဆုတောင်းရတာ အမောသား၊ အဲဒီကြားထဲက သူ့မျက်နှာကိုမြင် ရင်ထဲမှာဖြာ၊ သိပ်ချစ်တာပဲ ... ဆိုသည့် ခံစားချက်ကို ဖယ်ထုတ်ပစ်လို့မရ။ ဖြူစင်နှင့် လက်ထပ်မည့်အတွက်၊ နမြောဝန်တိုခြင်း လုံးဝမဖြစ်တာ၊ ဖွင့်ပြောလည်း ယုံမည့်သူမရှိ။ ဒီကြားထဲက ချစ်တာတော့ ချစ်နေတာပဲ ဖြစ်၏။



"ဒီစိတ်ကို ဘယ်လိုဖျောက်ရမလဲ။ ငရဲလည်းကြီး၊ သစ္စာမဲ့ရာလည်းရောက်၊ လူယုတ်မာလည်း ဖြစ်ဦးမယ်"

ဖြူစင် လက်ထပ်မည့် ကိစ္စမှာ ရှင်ယွန်းက စိတ်ခာတ်တွေ ချောက်ချားနေ၏။ ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးမုန်းတီး၊ ရှက်ရွံ့၊ ကြောက်လန့်၊ ကိုယ့်ရင်ထဲမှာ ဖြစ်နေတာကို လူသိမှာစိုး၊ တကယ် ဖြစ်နေတာဟာ ဖြူစင့်ကို မနာလိုနေတာမျိုး၊ ဖြူစင် လက်မထပ်ဖြစ်စေချင်တာမျိုး မဟုတ်ဘဲ၊ မင်းချမ်း ဆိုသည့်လူကို ချစ်ရုံ ချစ်နေတာပါ ... ဆိုတာကို လူတွေ မယုံကြမှာစိုး။ စိတ်တွေ ယောက်ယက်ခတ်လျက် ဂနာမငြိမ်လိုက်ပုံများနှယ် ... ပြောကို မပြတတ်တော့ပါ။

လက်မထပ်မီကလေးမှာတော့ ဖြူစင့်အိမ်သို့ ရောက်ဖြစ်အောင် သွားလိုက်သည်။

ဒါတောင် ... ဟိုကချောင်း၊ ဒီကချောင်း။ မင်းချမ်းသာ ရောက်နေလို့ကတော့ ပြန်ကိုပြေးမှာ။ ရှင်ယွန်း အကြောက်ဆုံးက ... ဖြူစင့် ရှေ့မှာ မင်းချမ်းကို ချစ်ရည်များ ရွှန်းလဲ့စွာ ငေးကြည့်မိမှာကိုသာပဲ ဖြစ်လေ၏။ ကိုယ့်စိတ်ကိုယ် နိုင်ချင်မှနိုင်မှာ။ မင်းချမ်းကိုလည်း တွေ့ရော ... ကိုယ့် မှင်သက်ငေးက မင်းချမ်းရဲ့ မျက်နှာပြင်မှာ ကပ်ငြိကျရောက်ရော ... ဆိုလျှင် ဘယ့်နှယ်လုပ်ကြမလဲ။ တော်ပါသေးရဲ့၊ မင်းချမ်း ရှိမနေပါ။ သတို့သမီးလောင်း၏ အိမ်မို့ ဖြူစင်တို့အိမ်မှာ ဆေးသုတ်ခြင်း၊ ခြံရှင်းခြင်း စသည်ဖြင့် အိမ်တွင်း အိမ်ပြင် အလှဆင်ခြင်းတွေ ပြုလုပ်ထားသည်။

ကောင်းလိုက်၊ လှလိုက်၊ ခံ့ညားလိုက်ပါတဲ့ အိမ်ကြီး။

"အိမ်ကြီးက ကောင်းလိုက်တာ ဖြူစင်ရယ်။ နေချင်လိုက်တာ"

"ရှင့်ကို လာနေပါလို့ ခေါ်ခဲ့တာ ... ရှင့်အဖေ ဆုံးပြီးကတည်းကနော် ... ရှင်က မလာတာ"

"ရှင့်ဘဝကို အရမ်းအားကျတာပဲ"

ဖြူစင်က ရှင်ယွန်း ပခုံးလေးတစ်ဖက်ကို လှမ်းပွေ့ညှစ်လိုက်၏။ သူငယ်ချင်းလေးကို သနားသွားမိရလို့ပါ။

"ကျုပ်လေ ... ညညဘုရားရှိခိုးပြီးရင် ဘာဆုတောင်းလဲ သိလား"

"ဘာဆုတောင်းလဲ"

"ဖြူစင်သန့် ဖြစ်ရပါလို၏ ဘုရားလို့ ..."

"ဟယ် ... ရှင်ယွန်းရယ်"

"ဟုတ်တယ် ... ကျုပ် ... ရှင် သိပ်ဖြစ်ချင်တာပဲ"

ဖြူစင် ဘာပြန်ပြောရမှန်း မသိအောင်ကို ဖြစ်ရတော့၏။

"ရှင့်မှာ သူဌေးမိဘ အစုံအလင် ရှိတယ်။ ဒီလောက်ကောင်းတဲ့ အိမ်ကြီးရှိတယ်။ အရမ်းချောတဲ့ သူဌေးခင်ပွန်းကို ရဦးမယ်"

"ပြီးတော့ ... ရှင့်လို၊ ကျုပ်ကို သိပ်ချစ်တဲ့ သူငယ်ချင်းကောင်းတစ်ယောက် ရှိနေတာကိုလည်း ထည့်ပြောလေ"

"ရှင့်ကို ချစ်ပါတယ်။ အားလည်း ကိုးတယ်။ အားလည်းကျတယ်။ ရှင့်ဘဝမျိုးလည်း အပိုင်ရချင်တယ်။ ဒါပေမဲ့ အဲဒီဆန္ဒတွေ တစ်ခုမှ မပြည့်စုံဘူး။ ကျုပ်မှာ ဖောဖောသီသီ



ရှိနေတာတွေက ... ဆင်းရဲဒုက္ခတွေ အများကြီးနဲ့ ကြမ်းတမ်းတဲ့ ဘဝကြီးကို ပိုင်ဆိုင်ထားတယ်"

"ရှင်ယွန်း ... ရှင် ယုံတော့။ ကျုပ် ကောင်းစားသရွေ့ ရှင်ဘယ်တော့မှ ဒုက္ခမရောက်စေရဘူး။ ကျုပ်သေမှပဲ ရှင့်ကို မျက်နှာလွှဲတော့မယ်။ ကျုပ်အသက်နဲ့ ခန္ဓာ တည်မြဲနေသမျှ ရှင့်အတွက် ... ကျုပ် အမြဲရှိနေမယ်။ အဲဒါကို ယုံကြည်ပြီး စိတ်ချမ်းသာလိုက်နော်"

ရှင်ယွန်းက ... မျက်ရည်လေးဝဲ၍ ခေါင်းညိတ်ပြီး၊ သူ သယ်လာခဲ့သည့် ကြွပ်ကြွပ်အိတ်ကြီးကို ဖွင့်သည်။

"လှလှပပတော့ ထုပ်ပိုးမလာခဲ့ဘူး။ ဒီတိုင်းချည်းပဲ။ ရှင့်အတွက် ကျုပ်လက်ဖွဲ့တာ"

"ဟာ ... ရှင်ယွန်းရယ်"

ဆွဲထုတ်လိုက်တော့ ... ရောမအိပ်ရာဖုံးကြီး။ ခရုရှေးခေါ် တစ်ချောင်းထိုးနှင့် ပန်းပွင့်တွေ တစ်ပွင့်စီ၊ တစ်ပွင့်စီ၊ အပွင့်ပေါင်း အများကြီးရမှ အပွင့်တွေ ပြန်ဆက်လိုက်ခြင်းဖြင့် အပြန့်ကျယ်ကြီး ဖြစ်သွားရသည့် အိပ်ရာဖုံးကြီး။ ဖွေးဖွေးသန့်သန့် ကြွကြွရွရွနှင့် လှပနိုင်လွန်းတော့သည်။

"ဒါ ... အရမ်းဈေးကြီးတာ ရှင်ယွန်းရဲ့"

ဖြူစင်က မယူရက်စွာ ပြော၏။ ရက်ပေါင်းများစွာ တစ်ချောင်းထိုး အပ်ကလေးနှင့် ထိုးနိုင်ပါမှ (တစ်နေ့ကို ဘယ်ပွင့်မှ များများမရနိုင်သော) လက်ထိုးအပွင့်ဖော် အိပ်ရာခင်းကြီး ... ထိုးရသည့် ချည်တန်ဖိုးထက်၊ ထိုးရသည့် ပင်ပန်းခက်ခဲလွန်အမင်း ဈေးကြီးပါသည်။

"ကျုပ် ကိုယ်တိုင် ထိုးတာ။ မဝယ်နိုင်ပါဘူး။ ချည်လုံးချည်းဝယ်တော့ ဘယ်လောက်မှ မကျပါဘူး"

"ရှင်ယွန်းရယ် ... လနဲ့ချီပြီး ထိုးရလိမ့်မယ်"

"ဟုတ်တယ် ... အလုပ်တစ်ဖက်နဲ့မို့ သိပ်မတွင်တာပါ။ အဆောင်ပြန်ရောက်မှ ... ည,ညမှ ထိုးရတာ"

"အမယ်လေးဟယ် ... အိပ်ပျက်ညပေါင်းများစွာနဲ့ ရင်းမှ ရလာတဲ့ အိပ်ရာခင်းကြီးပေါ် မအိပ်ရက်ပါဘူး"

"ယူလိုက်နော်"

"ယူမှာပါ ... မယူရင် ရှင် ဘယ်စိတ်ကောင်းမလဲ။ ဒါပေမဲ့ အရမ်းလည်း အားနာ၊ အရမ်းလည်း ကျေးဇူးတင်၊ ဒါကြီး မျိုးကို ဝယ်လို့လည်း မရပါဘူး။ လိုချင်ရင်တောင် အော်ဒါ မှာမှ ရမှာ။ အဆင်သင့် ရောင်းတာလည်း မရှိပါဘူး။ ရှင်ယွန်းရယ် ...

"ရှင့်လက်ဖွဲ့က ကျုပ်ရသမျှ လက်ဖွဲ့တွေထဲမှာ ကျုပ် အမြတ်နိုးဆုံး၊ အကြိုက်ဆုံး၊ တန်ဖိုးအရှိဆုံးလက်ဖွဲ့ ပါပဲ။ ကျုပ်သူငယ်ချင်းလေး ပင်ပန်းလိုက်မဲ့ဖြစ်ခြင်းဟယ်။ ရှင်ယွန်းရယ် ... ရှင့်စေတနာကို ကျုပ်တစ်သက်လုံး မမေ့ ဘူး သိလား"

"ကျုပ်က ရှင့်ကျေးဇူးတွေကို တစ်သက်လုံး မမေ့ဘူး"

ရှင်ယွန်းက ဖြူစင့်ပါးကို ရွှတ်ခနဲ နမ်းလိုက်၏။

"အဲဒါလည်း ကျုပ်ရဲ့ လက်ဖွဲ့ပဲ"

"ကျုပ်က လက်ဖွဲ့တာတော့ မဟုတ်ဘူး၊ ချစ်လို့ပြန်နမ်းတာ"



ဖြူစင်ကလည်း ပြန်နမ်း၏။ ခဏကြာတော့ ... ရှင်ယွန်းက ဖြူစင့် မိဘနှစ်ပါးကို နှုတ်ဆက်ရင်း ကန်တော့သည်။ သူတို့ရဲ့သမီး ထောက်ပံ့ကြည့်ရှုထားသည့် သူငယ်ချင်းလေးက အိမ်ကို အဝင်အထွက် နည်းလှသည်မို့ ကောင်းကောင်းတောင် မမှတ်မိပါ။ ခုလည်း ခေါင်းလေး တငုံ့ငုံ့နှင့်ပါပဲ။

✧ ❧ ✧

"ဖြူစင် ... ဒီနေ့ လက်ထပ်ပြီ"

အဆောင်မှာ တစ်ယောက်တည်း ဖြစ်နေ၏။ ကျောင်းသမားတွေ ကျောင်းတက်။ ရုံးသမားတွေ ရုံးတက် ...။ ရုံးပိတ်ရက် ကျောင်းပိတ်ရက် မဟုတ်သည်မို့ အဆောင်မှာ လူရှင်းနေသည်။ ဒီနေ့က ဖြူစင်နှင့် မင်းချမ်းတို့ တရားရုံးမှာ လက်ထပ်သောနေ့ ဖြစ်၏။ စေ့စပ်ပွဲက လုပ်ခဲ့ပြီးတာ ကြာပြီ။ စုလျားရစ်ပတ် လက်ထပ်သည့်ပွဲက မနက်ဖြန် စနေနေ့မှာ ပြုလုပ်မည်။ သန်ဘက်ခါ တနင်္ဂနွေနေ့ကျတော့ မင်္ဂလာဧည့်ခံပွဲ။

"ငါ့သူငယ်ချင်းလေး ပျော်နေမလား။ ပျော်ပါစေ။ ပျော်နေမှာပါ"

ဆုတောင်းရင်းက မျက်ရည်ကျလေ၏။ ဘာလို့ငိုမှန်း မသိပါ။ အားငယ်သွားတာလည်း ပါမည်ထင်သည်။

"မင်းချမ်းကို လက်လွှတ်ဆုံးရှုံးလိုက်ရလို့ ငိုတာမဟုတ်ဘူး"

တစ်ယောက်တည်း ခပ်ကျယ်ကျယ် ပြောဖြစ်၏။ ...က ဆောက်တည်ရာ မရပါ။ ဘာလုပ်ရမှန်း မသိ။ ယောင်ချာချာ ...၏။ ကျေးဇူးရှင် သူငယ်ချင်းလေးရဲ့ မင်္ဂလာပွဲမှာ တစ်ပွဲမှမနွဲ

လိုက်ရသည့်အတွက် ဝမ်းနည်း၏။ ဖြူစင်က ပွဲအားလုံးအတွက် ဖိတ်ပါသည်။ ကိုယ့်ဘာသာ မသွားတာ။ မသွားချင်တာ။ မသွားရဲတာ။ ဘာလို့ မသွားချင် မသွားရဲတာပါလိမ့်။ မသွားချင် မသွားရဲစရာ ဘာရှိလို့လဲ။ ငါ အပြစ်ရှိစွာ ခံစားနေတာလား။ လူတောထဲ မတိုးတာလား။

ရေးချင်တာရေးဖို့ဆိုပြီး ဝယ်ထားသည့် စာအုပ်မှာ ဘာမျှမရေးရသေးပါ။ စာမျက်နှာ တစ်ရာ့နှစ်ဆယ်ပါ၏။ အဲသည် စာအုပ်ကိုယူ၍ တစ်ရွက်ဆုတ်သည်။ နှစ်ရွက်ဆုတ်သည်။ သုံးရွက် ဆုတ်သည်။ စာမျက်နှာ တစ်ရာ့နှစ်ဆယ်လုံး ဆုတ်ပစ်လိုက်တော့သည်။ စာရွက်တွေက အိပ်ရာပေါ်မှာ ပြန့်ကျဲနေ၏။

"သူများတွေက အရူးပြောတော့မှာပဲ"

အရူး အထင်ခံရနိုင်သည်ဟု တွေးမိ၏။ "အရူး" လို့ အပြောခံရမှာကျတော့ ကြောက်ပြန်သည်။ စာရွက်တွေကို ဆွဲဆုပ်လုံးချေ ထားမိသမျှ တစ်ရွက်ချင်း ပြန်ဖြန့်၊ ပြန်ထပ် စာအုပ်အကောင်း တစ်အုပ်တော့ ပြန်မဖြစ်တော့ပြီ။ နောက်တစ် နေ့ ... စနေနေ့နှင့် တနင်္ဂနွေ နှစ်ရက်က ရုံးတက်စရာမလို။ အဆောင်ထဲမှာ လူတွေရှိနေ၏။ ရှင်ယွန်းက မေးပြောခေါ်ထူး နှင့် ခေါင်းညိတ် ခေါင်းခါ၊ ပြုံးပြ အဆင့်လောက် သူငယ်ချင်းပဲ ရှိသည်။ မည်သူနှင့်မျှ မရင်းနှီးပါ။ စနေ တနင်္ဂနွေ နှစ်ရက်လုံး ရှင်ယွန်း ငြိမ်ကျပုံက ... တုတ်တုတ်ကလေးတောင် မလှုပ်သည်မို့ တချို့က အကဲခတ်ကြသည်။ ရှင်ယွန်း ... နှစ်ရက်လုံး ရေမချိုး ဖြစ်။ စားပွဲပေါ် ရောက်လာသည့် ထမင်းချိုင့်ကို ဖွင့်စားဖြစ်လား မစားဖြစ်လား မမှတ်မိ။



လူနှင့်စိတ်နှင့် မကပ်ပါ။

တနင်္လာနေ့ကျတော့ ရုံးတက်ရမှာကို သတိမရ။ ကျောင်းသမား ရုံးသမားတွေ ထွက်သွားကြပြီး အဆောင်မှာ လူ ကုန်သွားတာတောင် ဘာဖြစ်လို့ ကုန်သွားပါလိမ့်ဟု တွေးမိသေး သည်။ အိမ်မပျော်တာလည်း သုံးညရှိပြီ။ သောကြာည၊ စနေည၊ တနင်္ဂနွေည။ ညဘက် အိပ်မပျော်လို့ နေ့ခင်းဘက် ပြန်အိပ်သလား ဆိုတော့လည်း မအိပ်၊ မျက်စိက ကြောင်တောင်၊ မအိပ်မစား င့် လူက သရဲရုပ် ပေါက်လာ၏။ အင်္ဂါနေ့ရောက်ပြီ။ ခွင့်စာ သည်း မတင်၊ ရုံးလည်း မတက်။ အလုပ်တော့ ပြုတ်လောက် ပြီဟု အတွေးမှန်တစ်ချက် ဝင်၏။ တနင်္လာညမှာ ညစာစားပွဲ လုပ်ကြမည်။ ဒီအင်္ဂါနေ့ညက သူတို့ ဟန်းနီးမွန်း ထွက်မှာ ... ချမ်းမြေ့ရိပ်ငြိမ်၊ ပြင်ဦးလွင်ကိုတဲ့။

ပြင်ဦးလွင် ချမ်းမြေ့ရိပ်ငြိမ် ဆိုမှ ... အဲဒီအဆောက် အအုံရဲ့ သော့တွဲတစ်တွဲ ကိုယ့်မှာ ရှိနေတာ သတိရသည်။ ိုတလောလေးကပါပဲ။ ကိုယ်ရုံးတက်ရင်းကိုင်သည့် လက်ကိုင် ိပ်ဟာ ဟောင်းလည်းဟောင်း၊ ပုံလည်းရိုး၊ မကိုင်နှင့်တော့ဟု ြူစင်က ပြောသည်။ အဲသည်တုန်းကလည်း ဖြူစင်က အဆောင်ကို င်လာရင်း တွေ့ရတာဖြစ်သည်။ ရှင်ယွန်း အဆောင်မှာ နေဖြစ် တည်းက ... ဖြူစင် မကြာခဏ ဆိုသလို ရောက်ရောက်လာ တ်သည်။ အခုက ... ကတော့ ...

"ဘာလိုသေးလဲ၊ ဘာအကူအညီ ပေးရမလဲ" ... ်တာကို လာလေ့လာတာပဲ ဖြစ်၏။

တစ်ခါ တစ်ခါတော့ ... ဖြူစင် ကိုယ့်ကို ကူညီနေ တာတွေဟာ သူငယ်ချင်းအဖြစ် ချစ်လို့၊ သနားလို့ ဆိုတာလည်း တစ်ကြောင်း၊ သူဌေးတွေ ကျောင်းသားတစ်ယောက်ယောက်ကို တာဝန်ယူပြီး ကျောင်းထားပေးသည့် အခါတွေမှာ တာဝန်ကျေ ချင်ကြသည်။ ဘာလိုလဲဆိုတာ မကြာခဏ မေးမြန်းကူညီပြ ကုသိုလ်ယူကြသည်။ အဲဒီသဘောမျိုးလည်း တစ်ကြောင်းပါမည် ဟု တွေးမိ၏။

"ရှင်ယွန်း ဘာအိတ်ကြိုက်လဲ၊ ကျုပ် ဝယ်ခဲ့မယ်၊ ရှင့်အိတ် ကြီးက ဟောင်းလှပြီ"

"နေပစေ ... ရတယ်။ ကျုပ်က ပစ္စည်းအသစ် တစ်ခေ သုံးရတိုင်း အရမ်းရှက်တာပဲ"

အင်္ကျီသစ်ကို ပထမဆုံး ဝတ်သည့်နေ့မှာ မျက်နှ မထားတတ်အောင် ရှက်ရပါသည်။ အဲဒါကို ဖြူစင် သိပါသည်

"ဒါဆိုရင် ဒီအိတ်ယူလိုက်၊ ဒါ အသစ်မဟုတ်ဘူး"

ဖြူစင့်မှာ အိတ်တွေ ဘယ်နှလုံးတောင် ရှိသည်မ ပါ။ အလဲအလှယ်နှင့် ကိုင်၏။ အိတ်တစ်လုံးတည်းကို စွဲစွဲမြဲ ကိုင်တာမဟုတ်သည်မို့ သူ့အိတ်တွေဟာ တစ်ခါကိုင်၊ နှစ်ခါကိုင် လေးတွေလောက် အသုံးချခံရတာ အသစ်လောက်နီးနီးတွေချည်း

"နေပါစေ ဖြူစင်ရယ် ... ကျုပ်အိတ်ပဲ ကျုပ်ကြိုက် တယ်"

"မရပါဘူး၊ ရှင့်အိတ်ကို ကျုပ် ယူသွားမယ်။ မှတ်ပုံတင် နဲ့ အရေးကြီး စာရွက်စာတမ်း ပါရင်ထုတ်၊ ကျန်တာတွေ ဒီအတိုင်းလဲကြေး"



"ကျုပ်အိတ်ထဲမှာ ပိုက်ဆံက ငါးရာကျော်ပဲ ပါတာ။ ရှင့် အိတ်ထဲက ပိုက်ဆံတွေ ထုတ်လိုက်"

အဲဒါမျိုးက အရင်လည်း လုပ်နေကျပါ။ ဖြူစင်က ရှင်ယွန်းကို ပိုက်ဆံပေးချင်လျှင်၊ လက်ထဲထည့်ရမှာ အားနာပြီး ပိုက်ဆံအိတ်ချင်း လဲမည်ဆိုကာ ဖွတ်လဲသွားတတ်၏။

"ကျုပ်မှာလည်း သိပ်မပါပါဘူး၊ ရှော့ပင်က အပြန်ဝင်တာ အကြွေသာသာပဲပါတယ်၊ မှတ်ပုံတင်တွေ ဘာတွေလဲ မပါဘူး၊ ဒီအိတ်ဟောင်းကို ဒီနေ့ထုတ်ကိုင်လာတာ။ ပိုက်ဆံ နည်းနည်းပဲ ကျန်တယ်"

ပြောပြောဆိုဆို၊ ရှင်ယွန်းအိတ်ကို ဆတ်ခနဲဆွဲလျက် "ပြန်မယ်"ဆိုပြီး ထပြန်တော့သည်။ ဖြူစင်ဟာ ရှင်ယွန်းကို တစ်ခုခု ပေးချင်လျှင်တောင် ရှင်ယွန်း အယူရလွယ်အောင်ပဲ သည်လို ကြံဖန်ပေးတတ်သူပါ။ ဖြူစင် ပြန်သွားမှ သူ့လက်ကိုင် အိတ်ကို ဖွင့်ကြည့်တော့ ... သူ ပြောသလိုပင်။ ပိုက်ဆံသိပ်မပါ ပါ။ ဒါတောင် သုံးသောင်းကျော် ပါသေးသည်။ သုံးသောင်းကျော် ဆိုသော ပိုက်ဆံဟာ ဖြူစင့် အဖို့တော့ "သိပ်မပါ" ... တာပဲ ဖြစ် ၏။ ပြီးတော့ ... သော့တွဲတစ်တွဲ၊ ရှင်ယွန်းက ချက်ချင်းပါပဲ ... အဆောင်မှူး အန်တီထံမှာ ခွင့်တောင်း၍ ဖြူစင့်ဆီ ဖုန်းဆက် လိုက်သည်။

"ရှင့်အိတ်ထဲမှာ သော့တွဲတစ်တွဲ။ အိမ်ကျ ... ရှင့်အခန်းတို့ ရှင့်ဗီရိုတို့ ဖွင့်မရဘဲ နေဦးမယ်။ လာပြန်ယူမလား"

"ဟင့်အင်း ... ကျုပ် သိပြီ။ အဲဒါ အခန်းသော့ မဟုတ် ဘူး။ ပြင်ဦးလွင်က ချမ်းမြေ့ရိပ်မြိမ်ရဲ့ သော့တွေ။ ဟိုအရင်

ကျုပ်နဲ့ ကျုပ်သူငယ်ချင်းတွေ ပြင်ဦးလွင်ကို သွားကြက
တည်းက ကျုပ် ယူထားပြီး ပြန်ပေးဖို့ မေ့နေတာ ...

"အရေးမကြီးဘူး။ မင်းချမ်းမှာလည်း အဲဒီသော့
အပိုင်တွေ ရှိသေးတယ်။ နောက်ကြုံမှ ယူတော့မယ်။
ရှင်ပဲ သိမ်းထားလိုက်"... တဲ့။

ဖြူစင်ကလည်းမေ့၊ ရှင်ယွန်းကလည်းမေ့၊ ခုထိပြန်
မပေးရသေးပါလား။

ခုဆို ... သူတို့ကား စထွက်လောက်ရောပေါ့။ ဒီ
သော့တွဲတော့ လိုမှာမဟုတ်ပါဘူး။ မင်းချမ်းမှာ သော့တွဲအပိုတွေ
ရှိဦးမှာပါ။

အဲသည်ညကလည်း (ငုတ်တုတ်တော့ မဟုတ်
မိုးအလင်း တစ်မှေးမျှ မရ။

"သူတို့ ကားနဲ့သွားကြတာ။ ကားဆိုတာ တိုက်တတ်
မှောက်တတ်တယ်"

"အို ... ဖွ၊ လွဲပါစေ ဖယ်ပါစေ"

"ဖြူစင်နဲ့ မင်းချမ်း စိတ်ချမ်းသာပါစေ"

နှုတ်မှ ရွတ်မိသည်။ စိတ်တွေက ထွေပြား။ ထမင်း
တော့ နည်းနည်းပါးပါး ထစားဖြစ်သည် ထင်ပါရဲ့။ မဟုတ်လျှင်
မတ်တတ်တောင် ဘယ်ထရပ်နိုင်ပါတော့မလဲ။ သေတောင်သေ
လောက်ပြီ ထင်သည်။ အိပ်ရာထဲမှာ နေနေတာ၊ သောကြာ
စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဒီနေ့က ဗုဒ္ဓဟူး ဆိုတော့
ခြောက်ရက်တိတိ။ ဘာဖြစ်လို့ အဲဒီလို နေတာပါလိမ့်။ မသိပါ။
နေချင်လို့ နေတာပဲ ဖြစ်သည်။



ကြာသပတေးနေ့မှာ ဖြူစင့် နာရေးသတင်း ...
သတင်းစာထဲမှာ ပါလာသည်။ အင်္ဂါနေ့ သန်းခေါင်ကျော်၊
ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းထဲသို့ အဝင်မှာ ကွယ်လွန်သည်တဲ့။

မြတ်စွာဘုရား ကယ်တော်မူပါ။

✧ ❧ ✧

## ၁၂

တယ်လီဖုန်း မြည်သံကြောင့် မိုးမြင့်သူက ဖုန်းကို ကောက်ကိုင်လိုက်၏။

"ကိုမိုးလား … ကျွန်တော် မင်းချမ်းပါ"

"ဪ … အေး၊ မင်း ဒီနေ့ ဆေးရုံကို လုံးလုံးမရောက်ဘူးနော်"

"ဟုတ်ကဲ့ ကိုမိုး။ မနက်က အန်ကယ်နဲ့ အန်တီလေ။ ကျွန်တော့် ယောက္ခမတွေ … ကားနဲ့သွားခေါ်ပြီး သူတို့ လှူတဲ့ဆီတွေ လိုက်ပို့ပေးရင်း၊ ကျွန်တော်လည်းလှူ ရေစက်ချ အမျှဝေပေါ့ … ဒီနေ့ ဖြူစင် ဆုံးတာ ခြောက်လပြည့်ပြီ …

"အိမ်မှာတော့ ဘာမှမလုပ်တော့ဘူး၊ အန်တီကလည်း ကျန်းမာရေး သိပ်ကောင်းတာ မဟုတ်ဘူးဆိုတော့လေ။ ရွှေတိဂုံဘုရားမှာ ရွှေသင်္ကန်းကပ်လှူတဲ့ဆီမှာ တစ်သိန်း၊ ဇီဝိတဒါနသံဃာ့ ရုံမှာ တစ်သိန်း၊ နာရေးကူညီမှုအသင်းမှာ တစ်သိန်းလှူခဲ့ပြီး၊ ညနေဘက်ကျမှ …



"အန်တီ ရဟန်းတက်ပေးထားတဲ့ ဦးပဥ္စင်းရဲ့ကျောင်းမှာ လှူဖွယ်တွေရော ဝတ္ထုငွေပါကပ်ပြီး မနက်ကအလှူတွေပါ ရေစက်ချ အမျှဝေတယ်"

"ငါတို့လည်း သာဓုခေါ်ပါတယ်ကွာ"

"ဘာမှ မကြာသေးဘူးနော်၊ ခြောက်လပြည့်သွားပြီ။ သူသာ လူပြန်ဖြစ်ဖို့ တစ်ယောက်ယောက် ဗိုက်ထဲမှာ ဝင်စားရင် ဗိုက်ထဲမှာပဲ ရှိဦးမယ်"

မိုးမြင့်သူက မင်းချမ်း စွဲလမ်းမှုကိုပါ စိတ်ဝေဒနာဆန်နေပြီလားဟု တွေးလိုက်၏။ ဒါကြောင့် …

"စိတ်ကျန်းမာရေးကုတဲ့ ဆရာဝန်တွေနဲ့ အသိမိတ်ဆွေ မဖြစ်ချင်တာ။ တွေ့သမျှလူကို အရူးချည်းထင်ပြီး ဆေးကုဖို့ စိတ်ကူးနေတာ"… ဟု ပြောကြတာဟု တစ်ဆက်တည်းတွေးရင်း ပြုံးလိုက်မိသေး၏။

"ကိုမိုး ဒီနေ့ … ရှင်ယွန်းမေနဲ့ စကားပြောဖြစ်သေးလား"

"အေး"

"ဘာထူးသေးလဲ"

"ဖြူစင်သန့်ရဲ့ နာရေးသတင်းကို သူတို့အဆောင်က ကောင်မလေးတစ်ယောက်က သတင်းစာလာပြတာ။ ဖြူစင်သန့်ကိုလည်း သိတယ်၊ ရှင်ယွန်းဆီ လာလာနေတာလည်း သိတယ်၊ လက်ထပ်ပြီးစီးခြင်း သတင်းကိုလည်း ဖတ်ထားရတဲ့ ကောင်မလေးက လန့်ဖျပ်ပြီးသွားပြတော့ …

"ရှင်ယွန်းက ဖတ်ရင်းနဲ့ တစ်ကိုယ်လုံး တုန်လာပြီး မျက်ဖြူလန် သတိလစ်သွားတာတဲ့။ အဲဒါနဲ့ အဆောင်မှူး

ရယ် အဆောင်သူတွေရယ် ဆေးရုံတင်ပေးလိုက်ကြရတာ။ အမှန်က ရှင်ယွန်းဟာ ... ဒီထက် တော်တော်စောစော ကတည်းက ...

"စိတ်ရောဂါ ရနေပြီးပြီ။ စတာကတော့ ကလေး ဘဝထဲက အစပျိုးခဲ့တာပဲ။ မင်းနဲ့ ဖြူစင်သန့်နဲ့ လက်ထပ်ကာနီးမှာ ရောဂါတော်တော်ရင့်စ ပြုလောက်ပြီကွ။ သတိမထားမိကြလို့သာလေ။ တစ်ချိန်လုံးကြီးလည်း ဖြစ်မနေတော့ ...

"နောက်ပြီး ... ဒီလိုဝေဒနာရှင်တွေကလည်း အပါး။ သူတို့ စိတ်ထင်ရာလုပ်တာ။ ဟန်ဆောင်လည်း ကောင်းကြတယ်။ တချို့ဆို ... နေကောင်းတယ်။ ဒါပေမဲ့ ... မကောင်းချင်ယောင် ဆောင်တယ်။ တချို့က နေမကောင်းဘူး။ ကောင်းချင်ယောင် ဆောင်တယ် ...

"တချို့က သူတို့ဘာသာ ဟန်ဆောင်ပြီး သူတို့ ကျေနပ်နေကြတယ်၊ တချို့က သူတို့ဟန်ဆောင်တာကို သူတို့ဘာသာ တကယ်ပြန်ထင်နေတာ"

"အဲဒီလို ဆေးရုံတင်တော့၊ သူ စဖောက်ပြီလား"

"ခြောက်ရက်မအိပ်ကတည်းက တော်တော်ဖောက်လို့သာ ပေါ့။ ဒါပေမဲ့ ... ဒါကို ဘယ်သူကမှ မရိပ်မိတော့ ဆေးရုံမှာလဲ မပြောဖြစ်ဘူးပေါ့၊ ဆေးရုံကတော့ မအိပ်မစားထားလို့ အားနည်းပြီး သတိလစ်တာကိုပဲ ကုပေးလိုက်တာပေါ့ ...

"သူငယ်ချင်းနာရေးဖတ်ပြီး သတိလစ်တယ်ဆိုတာ က လူကောင်းတွေလည်း ဖြစ်တတ်တာပဲ မဟုတ်လား။



ဆေးရုံက အားပြည့်ပြီး ပြန်ဆင်းလာတော့ ရုံးသွားတက်တယ်တဲ့။ ရုံးကလည်း ပြန်လက်ခံတယ် ...

"အဲဒီကုမ္ပဏီမှာ ဝင်တာကိုက ဖြူစင်သန့်က ပြောပေးထားတာ။ ဦးမျိုးသန့်ရဲ့မိတ်ဆွေကုမ္ပဏီတဲ့။ သူအလုပ်ပြန်ဝင်တယ်။ ဒါပေမဲ့ ... သူ့နားထဲမှာ ကြားနေတယ်၊ ဖြူစင်သန့်က သူ့ကိုလာလာပြီး ရန်တွေ့တယ်တဲ့"

"ဖြူစင်က အဲဒီလိုလုပ်မဲ့သူ မဟုတ်ပါဘူးဗျာ"

"ရှင်ယွန်းက ကြားနေတာလေ။ ဒါမျိုးက ဘယ်သူ့မှ မပြောဘဲ နားထဲကြားတယ်။ ဟုတ်လည်း မဟုတ်ဘဲနဲ့ မျက်စိထဲ မြင်တယ်။ ပြီးရင် အမှန်ထင်ပြီး ခံစားတတ်ကြတယ်။ ဖြူစင်သန့်က ပြောတယ်တဲ့။ နင် ... ငါ့ချစ်သူကို လိုက်ကြိုက်လို့ ငါသေရတာတဲ့"

"ဟာ ... အဲဒါတော့ မဟုတ်ပါဘူးဗျ"

"သူ့ဘာသာ ဂစ်လတီ Guilty (အပြစ်ရှိစွာ ခံစားခြင်း) ဖြစ်တာ၊ ဖြစ်ပြီး နားထဲကြားတာ။ ပြီးတော့ ... ကားတိုက်တဲ့ မြင်ကွင်းတွေ၊ ကားမှောက်တဲ့ မြင်ကွင်းတွေ သူမြင်ပြီး ညညကျ လန့်လန့်အော်တယ်၊ ကားမှောက်တိုင်း၊ ကားတိုက်တိုင်း ...

"သေတဲ့သူက သူချည်းပဲတဲ့။ ရှင်ယွန်းမေ ချည်းပဲတဲ့။ သူ့ကို ကားတိုက်တာ၊ သူစီးတဲ့ကား မှောက်တာတွေ ပြန်မြင်ပြီး သူ သေပါပြီဆိုပြီး အော်တာ၊ ဒါပေမဲ့ ... သူ ဖောက်နေတာ ဘယ်သူမှ မသိသေးဘူး ... အဲဒီလိုနဲ့ လေးငါးလ ကြာသွားတယ်တဲ့ ...

"တစ်နေ့မှာ ... ရုံးသွားတယ်။ ကားလမ်းဖြတ်ကူးတာ။ တည့်တည့်လာမဲ့ဘက်က ကားအတွက် မီးနီနေလို့ ဖြတ်ကူးတုန်း မီးစိမ်းနေတဲ့ ကွေ့ကားဘက်က ကားက ဘွားခနဲဆို သူ့ဆီရောက်လာတာ"

"ဖြစ်မှ ဖြစ်ရလေဗျာ"

"သူလန့်ပြီး လဲကျသွားတယ်"

"ကားက တိုက်မိလား"

"မတိုက်မိဘူး၊ သတိတော့ လစ်သွားတယ်။ တိုက်မိမလို ဖြစ်တဲ့ကားက နီးရာဆေးခန်း ခေါ်သွားပေးတယ်။ မတိုက်မိတော့လည်း အပြစ်မရှိဘူးလေ၊ ဒါပေမဲ့ ... သူက သတိလစ်တာကိုး ...

"အဲဒီမှာ ... သတိရပြန်ရလာတော့ သူ ... ဖြူစင်သန့် ဖြစ်နေပြီ"

"ကျွန်တော် မရှင်းဘူး ကိုမိုး"

"သူ ... ပြန်သတိရလာတဲ့အခါမှာ ... သူ့ကိုယ်သူ ဖြူစင်သန့် အဖြစ် ပြန်နိုးလာတယ်။ သူဟာ ရှင်ယွန်းမေ မဟုတ်တော့ဘူး။ ကိုယ့်ဘဝက ကြမ်းတမ်းလွန်းတော့ ကိုယ့်ဘဝကိုယ် မုန်းတယ်၊ ကြောက်တယ်၊ သူ တစ်သက်လုံး တမ်းတခဲ့တာက ...

"ဖြူစင်သန့်ရဲ့ဘဝ၊ သူ ချစ်မိတာက ဖြူစင်သန့်ရဲ့ချစ်သူ။ အဲဒီတော့ ... ကိုယ့်ဘဝထဲကကိုယ် ပြေးထွက်ပြီး ဖြူစင်သန့် ဘဝထဲကို ဝင်လိုက်တာပဲ",

"ရောဂါများ ... ဆန်းပြားလိုက်တာဗျာ"



"မင်း လေးငါးလပျောက်နေတာ ... ဒီအရင်က သူသိထားတယ်လေ။ ဖြူစင်သန့် အဖြစ်နဲ့ ပြန်နိုးလာတော့၊ သူက ဖြူစင်သန့်ပါ ... ပြောလည်း ဘယ်သူကမှ မဟုတ်ဘူး။ ငြင်းမဲ့သူ ဘယ်ရှိမလဲ၊ ဆေးခန်းမှာလေ၊ သူ့ဘယ်သူ သိတာလိုက်လို့"

"ဟုတ်တာပေါ့"

"ဘာမှ မဖြစ်ပါဘူး ဆိုပြီး ဆေးခန်းက ထွက်လာတယ်။ မင်းချမ်း ပျောက်နေတာ ငါးလရှိပြီ၊ ချမ်းမြေ့ရိပ်ငြိမ်ကို ရောက်နေနိုင်တယ်ဆိုပြီး၊ ပြင်ဦးလွင်ကို ရောက်လာတာပဲ။ သူက ကား Accident ဆိုလည်း သိပ်ကြောက်တာမှလား ...

"သူ့အဖေကွာ၊ ဖြူစင်သန့်ကွာ ... သူ့ဘဝရဲ့အရေးကြီးဆုံးလူတွေ ကားနဲ့ ဆုံးကြတယ်၊ သူ့ကိုလည်း ကားက ဝင်မတိုက်ပေမဲ့ တိုက်ပြီအမှတ်နဲ့ သတိလစ် လဲကျတော့ သူ့ရဲ့ အသိစိတ်မှာ သူ ကားတိုက်လို့ သေသွားပြီ ...

"သူက မသေသေးတဲ့ ဖြူစင်သန့်။ ဖြူစင်သန့်ကားနဲ့ ဆုံးတာကို မေ့သွားတယ်၊ အဲဒါ သူလို့ မှတ်ယူတယ်။ သူ့ကိုယ်သူတော့ ဖြူစင်သန့်လို့ ခံယူလိုက်တယ်"

"ဖြူစင်လို့ သူ့ကိုယ်သူ ထင်သွားရင် ... ဘာဖြစ်လို့ မိဘအိမ်မသွားလဲ"

"အဲဒါကြောင့် ပါးပါတယ်လို့ ငါပြောခဲ့တာပေါ့။ သွားလို့ မရဘူး၊ သူမှ ဦးမျိုးသန့် ဒေါ်ဝင်းဝင်းဖြူ သမီးမဟုတ်တာ။ အဲဒါ သိစိတ်ထဲမှာ ရှိတယ်။ မသိစိတ်နဲ့ အမှန်ထင်လိုက်တာက၊ သူဟာ ... ဖြူစင်သန့်။ ရှင်းလား"

"တော်တော်တော့နက်နဲတာပဲ၊ ခု ... သူကောင်းသွားပြီလား"

"ဒီနေ့တော့ ... သိစိတ်နဲ့ပဲ၊ သူဟာ ရှင်ယွန်းမေ အဖြစ် ပြန်နိုးလာခဲ့ပြီ"

"ဪ ... ဝမ်းသာစရာပဲ"

"မင်းတော့ မလာနဲ့ဦး"

"ဘာဖြစ်လို့လဲ၊ ကျွန်တော်က မနက်ဖြန်လာကြည့်မလို့"

"ရှင်ယွန်းမေ ဘဝမှာ သူ့စိတ်လေး ခိုင်မြဲသွားပစေဦး။ ခုနေ ... ဟိုမရောက် ဒီမရောက် အချိန်မှာ မင်းကိုတွေ့ပြီး တစ်ခုခုဖြစ်သွားရင် ... ဒီတစ်ခါဆို ကုရသရခက်သွားလိမ့်မယ်"

"ဘယ်တော့ လာတွေ့ရမလဲ"

"ရပြီဆိုရင် ငါ ပြောမယ်"

"ကိုမိုးကို ကျေးဇူးအရမ်းတင်ပါတယ်"

"ဘာဖြစ်လို့လဲ။ ငါက ငါ့အလုပ် ငါလုပ်တာ။ တကယ်ဆို ... ဆေးခန်း အလကားတင်ခွင့်ပြုတဲ့ မင်းကိုသာ ငါက ကျေးဇူးတင်ရမှာ"

"ရှင်ယွန်းမေရဲ့ ကိုယ်စားပါ။ ကျွန်တော် ကျေးဇူးတင်ပါတယ်"

"သူ့ကိစ္စမှာ မင်းရော ငါပါ ကုသိုလ်တွေ ရကြပါတယ်။ အဲဒီအတွက် ပီတိဖြစ်ပေါ့"

"ကျွန်တော် ... ဒီည ဘုရားရှိခိုးပြီး ဖြူစင့်ကို အမျှထပ်ဝေဦးမယ်။ ပြီးရင် ... ရှင်ယွန်းမေ နေကောင်းသွားပြီဆိုတာပါ ပြောပြလိုက်မယ်"



"မင်းချမ်း ..."

"ဗျာ"

"မင်းကိုပါ ငါ ထပ်ကုနေရဦးမှာလား"

"မကုရတော့ပါဘူးဗျာ ... တကယ်က ... ဖြူစင်ဆုံးကာစမှာ ကျွန်တော် ဘယ်မှထွက်မသွားဘဲ၊ ကိုမိုးနဲ့ ကုသမှုခံယူရမှာ၊ ခုချိန်မှာတော့ ဆေးကုဖို့ မလိုတော့ပါဘူး၊ ကိုမိုးက ဝါကျွနှစ်ကြောင်းနဲ့ ကုသပြီးသွားပါပြီ"

"ငါ ဘာပြောလို့လဲ"

"ကိုယ့်ဘဝကိုယ် ရင်မဆိုင်ရဲလို့ ဘဝထဲက ထွက်ပြေးတဲ့ သူဟာ အရူး ... တဲ့"

"အဲဒါ ဟုတ်သားပဲ"

"ယောကျ်ားကောင်းတစ်ယောက် စိတ်လေချိန်ဟာ ခြောက်လမပြည့်သင့်ဘူးတဲ့"

"ဒါလည်း ဟုတ်တာပဲ"

"အခု ... ကျွန်တော် ... ကိုယ့်ဘဝထဲ ကိုယ်ပြန်ရောက်နေပါတယ်။ အဖြစ်မှန်ကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ပါတယ်။ ဖြူစင့်ကို သတိရပေမဲ့ စိတ်ကိုအလေမခံဘဲ လုပ်စရာရှိတဲ့ အလုပ်နဲ့ တာဝန်ဝတ္တရားတွေကို ပုံမှန်ဆောင်ရွက်နေပါတယ်"

"ဒါဆိုလည်း ... ရှင်ယွန်းမေ နေကောင်းသွားပြီဆိုတဲ့ အကြောင်း ဖြူစင်သန့်ကို ပြောပြစရာ လိုသေးလား"

"ကျွန်တော် ပြောချင်တယ် ကိုမိုးရဲ့"

"ပြောကွာ"

မိုးမြင့်သူ ... ပြုံးလိုက်မိပါ၏။

✧ ❧ ✧

မင်းချမ်း ... သူ့ဆေးခန်းကြီးသို့ နေ့တိုင်းရောက်ပါသည်။ ဒါဟာ ... သူ့အလုပ်ပဲ ဖြစ်သည်။ ကိုယ်တိုင် ဝင်ရောက်ဆေးကုတာမျိုးတော့ မလုပ်ပါ။ သူက အုပ်ချုပ်ရေးပိုင်းမှာ တာဝန်အရှိဆုံးလူ မဟုတ်လား။ သူပိုင်ဆေးခန်းကြီးမို့ သူ့လောက်အလုပ်ရှုပ်သူက ခပ်ရှားရှားပါ။ အဲဒီလို အလုပ်ရှုပ်သည့်ကြားမှ၊ ကိုမိုး ... ရှင်ယွန်းမေကို ဆေးကုတာ သွားသွားနားထောင်ခဲ့တာ ဖြစ်သည်။

သူ ... တစ်နေ့ပဲ မရောက်ဖြစ်။ အဲဒီနေ့မှာ ရှင်ယွန်းမေက နေကောင်းသွားပြီတဲ့။

"ငါခေါ်မှလာ" ... ဟု ကိုမိုးက ပြောထားသည်မို့ ခေါ်နိုး ခေါ်နိုး စောင့်ရင်း စိတ်စောရ၏။ ရှင်ယွန်းမေကို ခုနေ တွေ့လိုက်ရလျှင် ဘာပုံစံလေး ဖြစ်နေမလဲ ... ဟု တွေးမိ၏၊ ကိုယ့်ကို တစ်ဖက်သတ် စွဲလမ်းခဲ့သူလေး ဆိုတာ ရင်ထဲမှာ အမှတ်ထင်ထင်ရှိသည်။ နေမကောင်းသေးပါ ... ဆိုချိန်က သူ့ကိုယ်သူ ဖြူစင်သန့်ပါ ... ဆိုပြီး မင်းချမ်းနှင့် တရင်းတနှီးလေးတွေ လာလုပ်တာ ပြန်သတိရ၏။ အဲဒါတွေ ပြန်တွေးမိပြီး၊ ကောင်မလေး ရှက်နေမလား ... ဟုလည်း သနားမိသေး၏။

ဖြူစင် ကူညီစောင့်ရှောက်ခဲ့သော၊ ဖြူစင့် သူငယ်ချင်းမလေး၊ ကိုယ့်ကို တစ်ဖက်သတ် ချစ်ခဲ့ဖူးသူလေး၊ သူ့စိတ်



ကလေး မကျန်းမာသည်မို့ ကိုယ့်ဆေးခန်းမှာတင်ပြီး မေင့် ၂ဘ္ဘာနှင့် ကုသခွင့် ပေးခဲ့ရသူလေး အပေါ်မှာ သံယောဇဉ် ဖြစ်ပါသည်။ သွားတွေ့ချင်စိတ်ကို ချိုးနှိမ်ထားရသည်။

စကားပြောကြည့်ချင်သည်။ သူ ဘာတွေပြောမလဲ နားထောင်ကြည့်ချင်သည်။ ခုတော့ ... ကိုမိုးက ခေါ်ကိုမခေါ်။ ကိုမိုး မခေါ်လည်း ... အဲသည်ဝါ့ဒ်အခန်းဘက်ကို သွားလို့ရတာပဲ မဟုတ်လား။ ကိုယ်ပိုင်သည့် ဆေးခန်းလေ။ သို့ပေမဲ့ ... မင်းချမ်း ... ဖြတ်တောင်မလျှောက်ဖြစ်အောင် ကြိုးစားထိန်းသိမ်းနေလိုက်သည်။ တစ်ခုခု ပြန်ဖြစ်သွားမှာစိုးလို့ပါ။ ကိုမိုးက ...

"မင်းကို တွေ့လိုက်ရင် သူ ဘာဖြစ်သွားမယ် ဆိုတာ အာမ,မခံနိုင်သေးဘူး" ... ဆိုလို့ပါ။

ဒီနေ့ညတော့ ကိုမိုးဆီ ဖုန်းဆက်ဖြစ်ပါတော့သည်။

"ကိုမိုးလား။ မင်းချမ်းပါ"

"အေး"

"ကျွန်တော့်ကို မခေါ်သေးပါလား၊ ကျွန်တော် လာလို့မရသေးဘူးလား"

"ငါ့ အိမ်ရောက်နေပြီ"

"ဟောဗျ ... ဘယ်တုန်းက ဆင်းသွားတာလဲ"

"ဒီနေ့"

ဒီနေ့ ... ဆေးခန်းကို ရောက်ပါသည်။ လူနာတစ်ဦး ဆင်းခြင်း တက်ခြင်းကိစ္စထိ မင်းချမ်း ဝင်လုပ်စရာ မလိုသည်မို့ မင်းချမ်း မသိလိုက်ပါ။

"ကျွန်တော် လာခဲ့ရမလား"

"ဘယ်ကိုလဲ"

"ကိုမိုးအိမ်ကိုပေါ့ဗျ"

"မလာနဲ့ဦး"

"ဟာဗျာ"

"မင်း စကားပြောချင်ပြော၊ ငါမေးပေးမယ်၊ ခဏကိုင်ထား ဦး သိလား"

မင်းချမ်း စကားပြောခွက်ကို ကိုင်၍ စောင့်ရပါသည်။

"ကိုချမ်းမြေ့ ... ကျွန်မပါ"

"ဪ ... ရှင်ယွန်းမေ။ နေကောင်းလား"

"ဟုတ်ကဲ့"

"ကိုမိုးတို့နဲ့ နေနေတယ် ဟုတ်လား"

"ဟုတ်ကဲ့ ... မမသီတာက နေပါဆိုလို့"

"ကျွန်တော်လည်း လာလည်ပါဦးမယ်။ လိုတာရှိရင်ပြော နော်။ ကျွန်တော် တတ်နိုင်တာ မှန်သမျှ အားလုံးလုပ်ပေး မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပါဦးနော်၊ ကျွန်မ ကို ဆရာက စကားနည်းနည်းပဲ ပြောဦးလို့ မှာထားလို့ ပါ"

ဖုန်းထဲမှ ကိုမိုး၏ ရယ်သံသဲ့သဲ့ကို ကြားရသည်။

"ကိုမိုး ... စကားနည်းနည်းပဲ ပြောဦးဆိုတာလည်း ကုထုံး တစ်မျိုးပဲလား"

"အေး"

"သူပြောတာ ... လုံးဝ အကောင်းပဲ"



"သူ့ကိုယ်သူ ယုံကြည်စိတ်၊ ကိုယ့်ကိုယ်ကိုယ် အားကိုး စိတ်တွေ ဝင်လာအောင် သွင်းပေးရဦးမယ်။ ရှင်ယွန်းမေ ဆိုတာ မိဘမရှိဘဲနဲ့ ဘွဲ့တစ်ခုရတယ်၊ ဘဝမပျက်ဘူး၊ လောကဓံကို ကြံ့ကြံ့ခံလာတဲ့ သတ္တိခဲ ...

"ဆိုတာတွေ ပြောပြရဦးမယ်၊ စိတ်ဓာတ်မြှင့်တင် ပေးရဦးမယ်ကွ။ လူဆိုတာ ရှိသင့်တဲ့ မာနတို့ သတ္တိတို့ ရှိဖို့၊ အရာရာကို အားငယ်စိတ်နဲ့ ကြောက်ရွံ့မနေဖို့တို့ အဲဒါတွေ ပြောရဦးမယ်"

"ကိုမိုးအိမ်မှာပဲ ဆက်ထားမှာလား"

"သီတာလေ ... အိမ်ထောင်ကျတာမှ၊ တစ်လကျော်ကျော် လေး ရှိသေးတယ်။ နှစ်လမပြည့်တပြည့်လေးရယ်။ အသက် နှစ်ဆယ်ကျော် သမီးကြီးကို မွေးစားပစ်လိုက်ပြီ။ သနားလို့ တဲ့ကွာ၊ သူ့မှာ ဘယ်သူမှလဲ မရှိဘူးတဲ့"

"ကျေးဇူးတင်ပါတယ် ကိုမိုး"

"မင်းက ဘာကိစ္စ ... ကျေးဇူးတွေ ဝင်,ဝင်တင်နေတာ လဲ"

"ကျွန်တော်လည်း သူ့ကို အရမ်းကူညီချင်စိတ် ပြင်းပြင်း ပြပြ ရှိပါတယ်။ ဖြူစင် ရှိရင်တော့ သင့်တော်တယ်။ ဖြူစင် မရှိတော့ မသင့်တော်ဘူး ဖြစ်နေတယ်။ အိမ်မှာ ကလည်း ကျွန်တော် တစ်ယောက်တည်း ...

"နေတာဆိုတော့လေ။ မျိုးထွန်းတို့ ဦးခင်တို့ ဒေါ်လှ သိန်းတို့တော့ ရှိတာပေါ့။ ဒါပေမဲ့ အိမ်သားကျတော့ ကျွန်တော် တစ်ယောက်တည်းလို ဖြစ်နေတော့၊ ကိုမိုးတို့လို

အိမ်ခေါ်ပြီး စောင့်ရှောက်ရင်တောင် မသင့်တော်ဘူးမဟုတ်လား ...

"စေတနာကောင်းကြတဲ့ ကိုမိုးတို့ ဇနီးမောင်နှံ လေးစားချီးကျူးပြီး ကျေးဇူးတင်တာပါ"

"ငါလည်း ညီမတစ်ယောက်လိုတောင် မဟုတ်ဘူး၊ သမီးတစ်ယောက်လိုကို သံယောဇဉ် ဖြစ်သွားတာ။ သနားတာလည်း ပါတာပေါ့ကွာ။ ပြီးတော့ ... သူက ငါ့ရဲ့အောင်မြင်မှုပီတိလေ ...

"မြန်မာပြည်မှာ ငါ့ရဲ့ ပထမဆုံးလူနာ။ ငါ့ရဲ့ပထမဆုံး အောင်မြင်မှု။ အားကိုးရာမရှိတဲ့ မိန်းမသားတစ်ယောက်ကို ကူညီစောင့်ရှောက်ရတာ အပန်းမကြီးပါဘူး"

"ကိုမိုးတို့ရဲ့ မင်္ဂလာဦး အချိန်တွေမှာ အိမ်မှာ လူပိုကြီးဖြစ်မနေဘူးလား"

"အဲဒီလူပိုကြီးက ပျားရည်မဆမ်းခင်ကတည်းက ရောက်လာလို့ ငါတို့ ဘယ်မှာ ပျားရည်ဆမ်းလိုက်ရလို့လဲ။ ပြင်ဦးလွင်မှာကတည်းက သူ့ကရိကထကို ခံရတာ၊ မင်္ဂလာဦး ကရိကထကြီး ဖြစ်သွားပြီ"

ကိုမိုး ရယ်၍ ပြောသည်။

"ငါနဲ့ သီတာနဲ့ နှစ်ယောက်ပေါင်း တစ်ဘဝကို စစချင်း အဲဒီလူပိုကြီး ပါလာတော့၊ ငါတို့ရဲ့ဘဝဟာ နှစ်ယောက်ပေါင်းတစ်ဘဝ မဟုတ်တော့ဘူးကွ၊ သုံးယောက်ပေါင်းတစ်ဘဝလို ဖြစ်သွားပြီ။ ရှင်ယွန်းမေဟာ ငါတို့ရဲ့မိသားစုဝင် ဖြစ်သွားပြီ"



"ကျွန်တော် ... ကိုမိုးကိုရော မသီတာကိုပါ အရမ်းလေးစား ချီးကျူးပါတယ်"

"ဩော် ... တိုးမြင့်က မင်းကို ဆဲနေတယ်"

"ဘာဖြစ်လို့လဲ"

"သူ့ဆီ ဖုန်းမဆက်ဘဲ၊ ငါ့ဆီချည်း ဆက်နေလို့တဲ့"

"ကျွန်တော်ကလည်း ပြန်ဆဲတယ်လို့သာ ပြောပေးပါတော့"

"အေး ...ပြောလိုက်မယ်"

"ကျွန်တော် ဘယ်တော့ လာရမလဲ"

"ငါခေါ်ပါမယ်ဆို"

"ဒါဆိုလည်း ပြီးရောဗျာ ... ဒါပဲ၊ ဒါပဲ"

စကားပြောခွက်ကို ချလိုက်သည်။ ရှင်ယွန်းမေ ဆိုသည့် ကောင်မလေးကို မြင်သည်။ စာကြည့်ခန်းထဲသို့ ဝင်၍ ကွန်ပျူတာရှေ့မှာ ထိုင်လိုက်သည်။ ရှင်ယွန်းမေ ဆိုသော ကောင်မလေးကို မြင်၏။ စာကြည့်ခန်းထဲမှ ပြန်ထွက်၊ အိပ်ခန်းထဲဝင်၊ ပြတင်းပေါက်ကိုဖွင့်၊ ခြံထဲမှ မြက်ခင်းစိမ်းစိမ်းကို ကြည့်လိုက်၏။ ရှင်ယွန်းမေကို မြင်၏။

မျက်နှာလေးက ခပ်နွမ်းနွမ်း၊ ညှိုးညှိုးငယ်ငယ်နှင့်။ အားကိုးရာလည်း မရှိ။ စည်းစိမ်ဥစ္စာလည်း မရှိ။ ခုလောက်ဆို သူ့အလုပ်က ပြုတ်လောက်ပြီ။ ကားတိုက်ခံရမလိုဖြစ်ပြီး၊ ဖြူစင်သန့် အဖြစ် ပြန်နိုးလာကတည်းက သူ ... ရုံးဘယ်ရောက်တော့မှာလဲ။ အဆောင်လည်း ပြန်မရောက်။ အဆောင်မှာ သူ့သတင်းက ဘယ်လိုဖြစ်နေမယ် မသိ။ ရုံးမှာလည်း ဘယ်လိုဖြစ်နေမယ် မသိ။

ရှင်ယွန်းမေ ဘဝလေးထဲ ပြန်ရောက်ကာမှ၊ ရှင်ယွန်းမေရဲ့ ဘဝလေးအတိုင်း လျှောက်လှမ်းစရာလမ်းစက ပျောက်သွားရှာပြီ။ ကိုယ့်ဆေးခန်းမှာ စာရေးမ တစ်နေရာ ခန့်ပေးလျှင် ကောင်းမလား။ လစာများ နည်းမလား။ သူ ဘာဘွဲ့ရထားပါလိမ့်။ ပြောတော့ ပြောခဲ့သား။ မေ့ပြီ။ စာရင်းကိုင်တွေ ဘာတွေတော့ မဟုတ်ဘူး ထင်ပါရဲ့။ သူ့အတွက် လခနည်းနည်းကောင်းမည့် အလုပ်နေရာလေးတစ်ခုခု ကိုယ့်ဆေးခန်းမှာ ... ဘယ်နေရာမှာရှိနိုင်မလဲ။ ဘယ်နေရာမှာ ခန့်ပေးလျှင် ကောင်းမလဲ။ သူက ကိုမိုးတို့ ဘဝလေးထဲမှာ သုံးယောက်တစ်ဘဝတောင် ဖြစ်နေပြီဆိုပဲ။

နေရာမကျပ်ဘူးလား ရှင်ယွန်းမေ။ ကိုမိုးတို့ ဇနီးမောင်နှံစုံတွဲအသစ်လေးခမျာ၊ နှစ်ယောက်တစ်ဘဝလေးပဲ နေရာပါစေတော့လား။ မင်းအတွက် နေရာမရှိရင် ... ကိုယ်ကတော့ တစ်ယောက်တည်း ဖြစ်နေလေရဲ့။

ဖြူစင်သာရှိရင် အဲဒီကောင်မလေးကို ခေါ်မွေးစားလိုက်ချင်တော့၏။

✧ ❧ ✧

ချမ်းမြေ့ရိပ်ငြိမ် ဆေးခန်းကြီးမှာ လူတစ်ယောက် အလုပ်ခန့်ပေးဖို့က လွယ်လွန်းလှပါသည်။ ဒီလောက် အလုပ်ရှုပ်ဗျာများနေသည့် နေရာလေ။ အပြင်လူနာတွေ၊ အတွင်းလူနာတွေ၊ ဆေးရုံတက်ကြ၊ ဆင်းကြ ကျန်းမာရေးအတွက် စက်ကိရိယာ



ပေါင်းစုံနှင့် စစ်ကြ ဆေးကြ၊ အဲသည်အတွက် ... ဆရာဝန်၊ ဆရာဝန်မကြီးများ၊ သူနာပြုအဆင့်ဆင့်များနှင့် ဆေးဝါးကျွမ်းကျင်တွေချည်း လိုအပ်သည် မဟုတ်ပါ။ ဆေးပညာနှင့် ပတ်သက်၍ ဘာမျှ မတတ်သော ရိုးရိုးလူတွေ လုပ်စရာ အလုပ်တွေလည်း အများကြီး၊ ဥပမာ ... စာရေးဝန်ထမ်းပဲ ထားပါတော့။ သို့ပေမဲ့ ...

"သူ ... ပတ်ဝန်းကျင် အသစ်မှာ အရင် ... ရင်ဆိုင်ပါစေဦး။ သူဟာ စိတ်ကျန်းမာရေး ချို့တဲ့သွားလို့ ဆေးဝါးကုသခံယူလိုက်ရတယ် ဆိုတာ မသိတဲ့ လူတွေကြားထဲမှာ သူ့ဘဝလေး ရှင်သန်ပါစေဦး" ... တဲ့။

ကိုမိုး ပြောသမျှ နားထောင်ရပေမဲ့၊ တစ်ခါတစ်ရံမှာ ရင်ထဲ အလကားနေရင်း အလိုမကျခံစားရသည်။ ဖြူစင့်သူငယ်ချင်းလေး။ သူ့ကို ဖြူစင်က နှစ်ပေါင်းများစွာ တာဝန်ယူကူညီခဲ့သည်။ အခု ... ဤကမ္ဘာမှာ ဖြူစင်မရှိတော့ဘူး ဆိုတော့ အဲဒီကောင်မလေးရဲ့ တာဝန်ဟာ ဖြူစင့် ခင်ပွန်း ဆက်လက်မထမ်းဆောင်သင့်ဘူးလား။ မနေ့တစ်နေ့ကမှ လူချင်းတွေ့ပြီး တာဝန်ယူ စောင့်ရှောက်ထားတာ လ,ပိုင်းသာ ရှိသေးသည့် ကိုမိုးက ပိုင်ဆိုင်လွန်းနေတာ၊ ကိုမိုးရဲ့ အစီအစဉ်တွေထဲ ဝင်မစွက်သာအောင် ဖြစ်ရတာ ... မင်းချမ်း အသည်းတယားယားနှင့် မခံချိ မခံသာ ဖြစ်ရသည်။

သို့ပေမဲ့ ... ကိုမိုးနှင့် ပြိုင်ငြင်းလို့လည်း မဖြစ်သေးပါ။ ဒီကောင်မလေးကို၊ ကိုမိုးဆီမှ ဖွတ်ဆွဲခေါ်ပြီး ကိုယ့်မျက်စိအောက်မှာ ထားလိုက်လို့လည်း မဖြစ်သေးပါ။ ကိုမိုးက ကိုယ့်ထက် ပိုတတ်ကျွမ်းသော ဆရာဝန်ကြီး ဖြစ်နေသည်။ ကိုမိုး

ပြောတာတွေက ဆေးပညာရှုထောင့်မှ ကြည့်လျှင် အမှန်တွေချည်းမို့ လက်ခံရမှာချည်း ဖြစ်၏။ သို့ပေမဲ့ ... ကိုယ်က ကိုယ်သာလျှင် အပိုင်နိုင်ဆုံး စောင့်ရှောက်ချင်နေ၏။ တာဝန်ယူလျက် မျက်စိအောက်မှာ ထားချင်နေ၏။

"ဖြူစင့် သူငယ်ချင်းလေး နေကောင်းသွားပြီ"

ညအိပ်ရာဝင်ချိန်၊ နဖူးပေါ် လက်တင်ပြီး အတွေးရောင်စုံတွေကြားမှာ လျှောက်ပြေးမိချိန်တိုင်းမှာ ဖြူစင်က ဖြူဖွေးသော အရောင်ကလေး**တစ်ခုအဖြစ်** အမြဲပါပါသည်။ ဖြူစင် ... ဆိုသည့် အတွေးကလေး၏ **နောက်မှာ** "ဖြူစင့်သူငယ်ချင်းလေး" ဆိုသည့် ကြည်ပြာရောင် **အတွေးလေးကလည်း** ကပ်လျက်ပါလာမြဲ။ အဲသည်နောက်မှာ ...

သူနှင့် ကိုယ် ... **ကိုမိုးတို့အိမ်မှာ**၊ ကိုယ့်အတွက်တော့ ပထမဆုံးအကြိမ် (သူကတော့ အစောကြီးကတည်းက မြင်ဖူးထားပေါင်း များပါသည်) မြင်ဖူးလိုက်ရစဉ်မှာပင် ... ထိုင်နေရာမှ ခုန်ထလျက် ... ဟယ် ... မင်းချမ်း၊ မင်းချမ်းရယ် ... ဆိုပြီး ကိုယ့်ရင်ခွင်ထဲ ကြွေကျလာသည့် ပန်းလေးတစ်ပွင့်တော့ ရှက်သွေးစွန်းစွန်းနှင့် ပန်းသွေးပြေးသော ရောင်စဉ်တန်းလေးအဖြစ် တစ်ဆက်တည်း ပါလာတတ်သေးသည်။ အဲသည်အတွေးအတွက် ရင်ထဲမှာ ရှက်သွေးရဲရဲ စွန်းပါသည်။ မတွေးမိချင်ပါ။ သို့ပေမဲ့ ... အတွေးဆိုတာ သူ့သဘောသာသူ **ဆောင်တတ်တာမျိုး**။ ကိုယ်မှမပိုင်တာ။ မတွေးချင်ပါဘူး ဆိုတာတွေချည်း၊ ခေါင်းထဲဝင်၏။ ရင်ခွင်ထဲ တိုးဝင်ကာ ခါးကိုကျစ်ကျစ်ဖက်လျက် ချုံးပွဲချ ငိုပစ်လိုက်ပုံလေးက စွဲစွဲထင်ထင် ပြန်ဖြစ်သည်။



ကိုယ်လည်း ယောင်ယမ်းကာ ပြန်ဖက်မိနိုးနိုးနှင့် လက်ကြီးတွေတောင် မြောက်တက်လာပြီးမှ ပြန်ပြုတ်ကျရ၏။ ကိုယ်က ကုလားထိုင်မှာထိုင်တော့ ကိုယ့်ခြေရင်း ကြမ်းပြင်ပေါ် ကျုံ့ကျုံ့ကလေး လာထိုင်ပြီး ကိုယ့်ဒူးပေါ်မေးတင်၊ ကိုယ့်ခြေသလုံး နှစ်ဖက်ကို အကျစ်နိုင်ဆုံး ပိုက်ဖက်လျက် မျက်ရည်စက်လက်နှင့် မော့ကြည့်နေသူလေးကို အဲသည်ကတည်းက ... မင်းလူလိမ် ... ဟု ပြောချလိုက်ဖို့ မထွက်ရက်ခဲ့တာတွေ ပြန်သတိရသည်။ အဲသည်တုန်းက ...

"ခင်ဗျားဟာ ဖြူစင်သန့် လုံးဝမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖြူစင်သန့် ဆိုတဲ့ ကျွန်တော့်ဇနီးက သေဆုံးသွားခဲ့ပြီ။ ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့ပြီ"... ဟု လှိုက်မောစွာ ပြန်ပြောဖြစ်ခဲ့ပါသေးသည်။

"ဒီလက်သန်းလေးကိုကိုက်ဖြတ်လိုက်မလားဟင်..."
တဲ့။

ဖြူစင်နှင့်တုန်းက စ,ကြ နောက်ကြသလို၊ သူက သူ့လက်သန်းလေးကို ကိုယ့်နှုတ်ခမ်းနား အရောက်ပို့ပေးခဲ့တာဟာလည်း ကိုယ့်ရဲ့ အတွေးရောင်စုံ ပန်းချီကားထဲက ဆေးစက်လေး တစ်စက်ပါပဲ။ ဩော် ... စင်လေးက သူ့ကို အသေးစိတ်ကအစ ပြန်ပြောပြထားခဲ့တာကိုး ... ဆိုတာ၊ သူ့ကို ... ကိုမိုးဆေးကုမှပဲ သိရတော့သည်။ ဖြူစင်ဟာ ရှင်ယွန်းမေ ဆိုသည့်ကောင်မလေးကို ကိုယ်ပွားလေးလို့များ သဘောထားခဲ့လေသလား။ ရှင်ယွန်းမေဟာ ဖြူစင့် ကူညီပံ့ပိုးမှုပေါင်း များစွာနှင့် ဘဝကလေး ရှင်သန်ခဲ့ရတော့ ဖြူစင်က ဒါလေးတစ်ယောက်ကိုတော့ဖြင့်

သူငယ်ချင်းဆိုလည်းဟုတ်၊ ညီမလေးဆိုလည်းဟုတ်၊ လက်အောက်ငယ်သားလေးလို သဘောထားလည်းရသူ၊ သူများနှင့်ဆိုလျှင် ဖွင့်ပြောဖို့ ရှက်ဖောင်း ရှက်ရမည်ဖြစ်သော ချစ်သူတို့အကြောင်းလေးတွေကို၊ ဒီကောင်မလေးကျမှ ... ရှက်စရာမလိုဘူး ... ဟု သတ်မှတ်ကာ ရင်ထဲရှိသမျှ ဖွင့်ချပြောပြခဲ့တာ ဖြစ်ပါမည်။

ချစ်သူတို့ဘဝမှာ ရင်ထဲမှာ ချစ်စိတ်တွေ တရစ်ရစ်တိုးလျက်၊ ခုချက်ချင်းမှ ချစ်သူ့မျက်နှာလေးကို မမြင်လိုက်ရလျှင် ငုတ်တုတ်ကြီးပင် သေဆုံးသွားမလား ထင်ရလောက်အောင် အသည်းအသန် ခံစားရချိန်များ ရှိပါသည်။ အဲသည်အခါကျ ... အနားမှာသာ လက်ကသုံးတောင်ဖွေးလိုဟာလေးမျိုး တစ်ဦးတလေ ရှိခဲ့လျှင် (သူ့ကို ရှက်ရွံ့လေးစားရတာမျိုးလည်း မရှိခဲ့ပါလျှင်) ကိုယ့်ရင်တွင်း ခံစားချက်တွေကို ဖွင့်ပြောမိမှာ၊ ပြောဖြစ်မှာ သေချာပါသည်။ ရှင်ယွန်းမေဟာ ဖြူစင်ရဲ့ အချစ်ဆုံး သူငယ်ချင်းတော့ မဖြစ်ချေ။ အသနားဆုံး၊ ကရုဏာအသက်ဆုံးနှင့် ကိုယ်ပံ့ပိုးမှ သူ့ဘဝလေး ရင်သန်ရမည့်သူလေး နေရာမှာသာ ထားခဲ့တာ ဖြစ်နိုင်ပါသည်။ သူတို့ချင်းဟာ မခွဲမခွာ တွဲဖြစ်နေတာမျိုးလည်း သိပ်မှမရှိခဲ့ရတာ။ ပညာဒါနတစ်ခုအဖြစ် အမြဲကုသိုလ်ယူဖြစ်နေသည့် ကောင်မလေးလို့ သတ်မှတ်ထားတာ ပိုဖြစ်နိုင်ပါသည်။ အဲဒါကြောင့် ... ကျောင်းက သူငယ်ချင်းတွေကို ဖွင့်ပြောဖို့ ရှက်စနိုးမည့် အကြောင်းအရာတွေ၊ ချစ်သူချင်း အခေါ်အဝေါ်တွေ၊ ချစ်ကြသည့် အပြုအမူလေးတွေကို ရင်နှင့်မဆန့်သည့်အခါတိုင်း ဒီကောင်မလေး ရှင်ယွန်းမေဆီမှာပဲ လာလာရင်ဖွင့်တာ ဖြစ်ပါလိမ့်မည်။



ပထမဆုံး တွေ့သည့်နေ့က ... ကိုယ်ပြန်ကာနီးမှာ ...

"ဟင် ... စင်လေးကို ထားခဲ့ဦးမလို့လား၊ အဲဒီလို မုန်းမှာနဲ့စာရင် ... သတ်ပစ်ခဲ့ပါတော့လား ကျောက်ကပ်ကလေးရဲ့"... ဆိုသည့် ဝါကျကို ပြန်ကြားမိတော့ ပြုံးဖြစ်ရသည်။ ခု ... ဒီကောင်မလေး၊ ကိုမိုးတို့ မသိတာတို့ အိမ်မှာပဲ သောင်တင်နေသည်။ သူတို့ဆီမှာ ထားထားရခြင်းအတွက် ကိုယ်က တာဝန်မဲ့သလို ခံစားရ၏။ ကိုယ်တစ်ယောက်တည်းနေသည့် ဤအိမ်မှာ ခေါ်ထားလို့ကလည်း မဖြစ်။ ဖေဖေတို့ မေမေတို့ မရှိကတည်းက ... ခြံထဲမှာ ဦးခင်နှင့် မောင်မျိုးထွန်း၊ အိမ်ပေါ်အလုပ်အတွက်က ဦးခင်ဇနီး ဒေါ်သိန်းလှ။ လက်ချမီး ဆိုသည့် ကုလားမလေးကတော့ ဒေါ်သိန်းလှကို ကူဖို့ မနက်လာ ညနေပြန် ကူဖော်လောင်ဖက်ကလေး။ အဲဒီ တပည့်တပန်း လေးယောက်နှင့်သာ နေခဲ့တာ။ ကိုယ်လေလွင့်ချိန် ငါးလခန့်မှာ ဦးခင်တို့ ဇနီးမောင်နှံက မတွေ့ရတာ ကြာပြီဖြစ်သော ရွာကဆွေမျိုးတွေဆီပြန်၍ အေးအေးဆေးဆေး နေကြသည်။ လက်ချမီးက အလုပ်လက်မဲ့ဖြစ်၊ မောင်မျိုးထွန်း တစ်ယောက်တည်း ဤအိမ်ကြီးနှင့် ဤခြံကြီးကိုစောင့်။

ဒီအိမ်ကြီးထဲ တစ်ယောက်တည်း ညအိပ်ဖြစ်ခဲ့တာ နှစ်ပေါင်းများစွာ။ တစ်ခါမျှ အထီးကျန် ခံစားမှု မဖြစ်ခဲ့စဖူးပါ။ စင်လေးနှင့် လက်ထပ်ပြီး ဟန်းနီးမွန်းမထွက်မီ ရက်ကလေးနှစ်ရက် သုံးရက်မှာလည်း ဒီအိမ်ကို ပြန်မလာဘဲ ဟိုတယ်မှာပဲ တည်းခိုခဲ့တာ၊ ဟိုတယ်မှာနေခြင်းကို ပထမပျားရည်ဆမ်းလို့ သတ်မှတ်ခဲ့ကာ၊ ဟိုတယ်ကနေပဲ ... ဒုတိယပျားရည်ဆမ်းအဖြစ်

ကားမောင်းထွက်သွားခဲ့တာ ဖြစ်သည်။ ပြောရလျှင်၊ ဒီအိမ်မှာ မင်္ဂလာအခမ်းအနားအဖြစ် ပြင်ဆင်ထားသော ခုတင် မွေ့ရာနှင့် မှန်တင်ခုံ ဗီရို စသည့်များနှင့် နှစ်ယောက်အိပ် အခန်းကျယ်ကြီး ကို ဖြူစင်လေးခမျာ သုံးတောင် သုံးစွဲမသွားရရှာပဲ အသစ်စက် စက်အဖြစ် ကျန်ရှိနေ၏။ ဗီရိုထဲမှာတော့ စင်လေး ပို့ထားသည့် အဝတ်အစား အသုံးအဆောင်၊ လက်ကိုင်အိတ်၊ ဖိနပ် စတာတွေ ရှိသည်။ မှန်တင်ခုံပေါ်မှာ စင်လေး ပြင်ဆင်မည့် အလှပြင်ကိရိ ယာ အသုံးအဆောင်တွေ ရှိသည်။ ဒါတွေအားလုံးဟာ ပြင်ဦးလွင် ဟန်းနီးမွန်းကပြန်မှ ရောက်ရှိသုံးစွဲမည့် သူတို့ရဲ့ သခင်မကို မျှော်လင့်နေကြတာပါ။

မင်းချမ်း ပြန်ရောက်လာကတည်းက ... လူပျိုတုန်းက နေခဲ့သည့် အခန်းမှာပဲ နေသည်မို့ မင်္ဂလာအခမ်းအနားအဖြစ် ပြင်ဆင်ထားဆဲ နှစ်ယောက်ခန်းကြီးဟာ မင်းချမ်းနှင့် စိမ်းသက် နေသည်။ မင်းချမ်း ... အဲသည်အခန်းထဲကို ဝင်ခဲ့သည်။ သက်မဲ့ ပစ္စည်းတွေကို ကိုင်ကြည့်သည်။ ငေးမောသည်။ တစ်လောကလုံး မှာ ငါတစ်ယောက်တည်းပါလား ... ဆိုသည့် အထီးကျန်ခံစားမှု က ပြင်းထန်စွာ ထိုးနှက်၏။ ဒါဟာ ဒုတိယအကြိမ် ခံစားမိခြင်း ပါ။ စင်လေး ဈာပနကို ချသည့်နေက ပထမဆုံးအကြိမ် အသည်း အသန် ခံစားရပြီး လေလွင့်ထွက်သွားနေသည့် ငါးလခန့်ဆိုသော ကာလမှာလည်း ကိုယ် တစ်ယောက်တည်း။

ရန်ကုန်မြေကို ပြန်နင်းပြီး ချမ်းမြေ့ရိပ်ငြိမ် လုပ်ငန်း ထဲ ပြန်ဝင်လိုက်သည်နှင့် ... အဲသည် ခံစားချက်က ထွက်ပြေး ရ၏။ မပြေးလို့လည်း မရ။ ခံစားနေဖို့ကို အချိန်မရှိတာ။ ဆေး



ခန်းကြီးမှာက အလုပ်များလှ၏။ ပြီးတော့ ရှင်ယွန်းမေ ပြဿနာ ကလည်း ရှိသေး။ အလုပ်ရှုပ် စိတ်ရှုပ်၊ အိမ်ပြန်ရောက်တော့ စိတ်မောလူမောနှင့် အိပ်ပျော်။ ခုလို ... တစ်ကြော့ပြန် ရောက်ရှိ လာသည့် အထီးကျန် ခံစားမှု နှိပ်စက်လေမှ အိပ်မပျော်သောည၊ အိပ်ပျက်ည၊ ထိတ်လန့်ညတွေ ပြန်လည်ကျရောက်လာခဲ့တော့ သည်။

"ကိုယ် တစ်ယောက်တည်းပါလား စင်လေးရယ်"

✧ ✧

# အခန်း ၁၃

"ခင်ဗျာ ... ရှင်ယွန်းကို သွားခွင့်ပြုလိုက်ပြီ။ ဘယ်လိုလုပ်လိုက်တာလဲ ကိုမိုးရယ်"

"ဟ ... ရှင်ယွန်းမေဟာ ငါ့သမီးမှ မဟုတ်တာဘဲ"

"ဒါပေမဲ့ဗျာ ..."

"မတွေ့နိုင်တဲ့ မြောက်ဝင်ရိုးစွန်းကို ရောက်သွားတာ မဟုတ်ဘူးကွ။ သူ့လိပ်စာရှိတယ်၊ မင်းတွေ့ချင်ရင်လိုက်သွား"

"ကျွန်တော် ... ဘာမှ မသိလိုက်ရလို့"

"သိချင်ရင် လိုက်မေး။ မင်းသွားတွေ့ဖို့လည်း လိုအပ်ပါတယ်"

"ခုတော့ ... ကိုမိုးက ဒီစကား ပြောတယ်။ ဟိုရက်တွေက လာမယ်ဆိုတော့ မလာနဲ့ဦးတဲ့"

"ရှင်ယွန်းမေ ဘဝထဲမှာ ခိုင်မာပါစေဦးလို့ ပြောတာပါကွာ"

"ခု ... ရှင်ယွန်းမေ အစစ် ဖြစ်သွားပြီလား"

"ဖြစ်သွားပြီ"



"လုံးဝ နေကောင်းသွားပြီလား"

"လုံးဝနေကောင်းသွားပြီ"

"ပြန်ဖြစ်ဦးမှာလား"

"ဒါတော့ ... ဘုရားမှ သိနိုင်မယ်။ ဆေးပညာအရ ပြောရရင်တော့ ပြန်ဖြစ်ဖို့ မရှိဘူး။ လုံးဝကျန်းမာပျောက်ကင်းသွားပြီ။ ဒါပေမဲ့ ... အခြေအနေဆိုတာက ရှိတယ်။ သူ့စိတ်ကို မကျန်းမာအောင် ညှဉ်းဆဲမဲ့ လောကဓံတရားနဲ့ ပြန်ကြုံရရင်တော့ ...

"ပြန်ဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး။ သူ့မှာကလေးဘဝတည်းက အခံသဘောရှိခဲ့တဲ့ အားကိုးရာမဲ့စိတ်တို့ မရှိတဲ့ သရဲတစ္ဆေ၊ စုန်းကဝေတွေကို မြင်လည်း မမြင်ဖူးဘဲနဲ့ အလကားနေရင်း ကြောက်နေတာတို့၊ သူ့ကိုယ်သူ ...

"သူများ နှာခေါင်းပေါက်နဲ့ အသက်ရှုရမှ အသက်ရှင်မယ် ထင်နေတဲ့ အားငယ်အားကိုးစိတ်၊ ဒီပရက်ရှင် Depression ပေါ့ကွာ၊ အဲဒါတွေ ... လူတောမတိုးရဲတာတွေ၊ ကားလမ်းမကူးရဲတာက အစပေါ့၊ ကားမြင်ရင် ကိုယ့်တက်ကြိတ်တော့မယ်ချည်း ထင်နေတဲ့ဟာတွေ ...

"အဲဒါတွေအားလုံး တစ်ခုမှ မကျန်တော့ဘူး။ ငါ တိုက်ထုတ်ပစ်လိုက်ပြီ။ ငါကတော့ ထုတ်ပေးလိုက်တာပဲ၊ ဒါပေမဲ့ ... သူဟာ လူ့ဘဝထဲမှာ လူဖြစ်နေတော့၊ ဒုက္ခသုက္ခဆိုတာ ရှိဦးမယ်။ သူ့လို မိန်းကလေးဟာ သုခနဲ့စာရင် ဒုက္ခကပိုများမယ် ...

"အဲဒါတွေနဲ့ ထပ်ကြုံရရင် ပြန်ဖြစ် မဖြစ်ဆိုတာ ကြိုတင်ဟောကိန်းထုတ်ဖို့ကျတော့ ငါမှ ဗေဒင်ဆရာမဟုတ်တာ"

မိုးမြင့်သူနှင့် မင်းချမ်းတို့မှာ ... အရင်က တိုးမြင့်သူကို ကြားခံလျက် ခင်မင်ကြတာ မှန်ပါသည်။ ရှင်ယွန်းမေ ဆိုသည့် ကောင်မလေးကိစ္စနှင့် ကြုံတော့မှ ကြားခံလူ တိုးမြင့်သူထက်တောင် ပိုရင်းနှီးသွားကြသလို၊ ပိုတွေ့ရ၊ ပိုဆက်ဆံရ ပိုဆွေးနွေးရနှင့် ... ပြောမနာ ဆိုမနာထိ ဖြစ်ကြတော့သည်။ ဒီ တစ်ကြိမ် ကြားခံလူက ရှင်ယွန်းမေပါ။

"ကိုမိုး ဘာရယ်တာလဲ"

မိုးမြင့်သူက ဖုန်းထဲမှာ ရယ်၏။

"ရယ်တာ ပါမစ်ခံရဦးမှာလားကွ။ ရယ်ခွန်ကောက်တယ် ရယ်လို့လည်း မကြားဖူးပါဘူး၊ ရယ်တာဟာ ရယ်ချင်လို့ ပေါ့။ ဒီမှာ ... ရှင်ယွန်းမေ အကြောင်း ငါက ဆက်ပြော ချင်သေးတာ။ ရှင်ယွန်းမေဟာ အိမ်ထောင်ပြုလို့ရတယ်၊ သားသမီး မွေးလာခဲ့ရင်တောင်၊ အသိဉာဏ်ပြည့်စုံ မိဘနှစ်ပါးရဲ့ ကောင်းမွန်စွာ ...

"ပြုစုပျိုးထောင်မှုနဲ့ ကြီးပြင်းရရင်၊ အဲဒီကလေး ကို ရှင်ယွန်းမေရဲ့ရောဂါ လိုက်ပါလာတာမျိုး မဖြစ်နိုင်ဘူး ရှင်ယွန်းမေလိုပဲ ငယ်ငယ်ကတည်းက ရှာကြီးတစ်ကောင် ရှည်တဲ့ သရဲကြီးတို့၊ ဈေးစားစုန်းဆိုတဲ့ ပုံပြင်တွေနဲ့ ကြီး ပြင်းလာခဲ့မယ် ...



"အမေကို မမှတ်မိနိုင်လောက်အောင် စောစောစီးစီး ဆုံးရှုံးရမယ်၊ တိုတိုပြောရရင် ရှင်ယွန်းမေ ကြီးပြင်းခဲ့ရသလို ပေါ့ကွာ၊ အဲဒါမျိုးတွေ ဖြစ်မလာဘူး ဆိုရင်၊ အဲဒီကလေး ... အိုခေပဲ။ သူ့အမေဟာ တစ်ချိန်တုန်းက ရောဂါဖြစ်ခဲ့ဖူး တယ် ဆိုတာကိုတော့ ဖုံးဖိထားရင် အကောင်းဆုံးပဲ"

"ကျွန်တော် တစ်ယောက်လုံး ရှိတာပဲ။ ကျွန်တော် ... ရှင်ယွန်းမေကို အမြဲကူညီသွားမှာပါ"

"မင်းက မိန်းမ မယူတော့ဘူးလား မင်းချမ်း၊ မင်းနှစ်ဆယ့် လေးနှစ်မှာ မုဆိုးဖိုဖြစ်တယ်။ ခုမှ အသက်အစိတ်ထဲ ဝင် ရုံရှိသေးတယ်။ မင်း ... ဘဝကိုစဖို့တောင် ဆယ့်ငါးနှစ် ကျော်ကျော် လိုသေးတယ်။ မင်းဘဝမှာ ပြုပြင်ပြောင်းလဲ ဖြစ်ပျက်သွားမဲ့ အကြောင်းအရာတွေ အများကြီး ...

"သူစိမ်းတစ်ယောက်ကို ကူညီတယ်ဆိုတာ၊ တစ် သက်လုံးကြီးတော့လည်း မဖြစ်နိုင်ဘူး။ ရှင်ယွန်းလည်း ချစ်သူတွေ့လာနိုင်တာပဲ။ သူလည်း မင်းတို့နဲ့ သက်တူ ရွယ်တူ။ ငယ်သေးတယ်။ သူ လက်ထပ်ရင် ဘယ်လိုလူမျိုး နဲ့ ရေစက်ဆုံမယ် မသိသေးဘူး"

"ကိုမိုး ဘာကို ဆိုလိုချင်တာလဲ"

"လူ့ဘဝဆိုတာ ရခဲလွန်းလို့ဆိုပြီး၊ မက်မောကြတယ်။ တကယ်တော့ အချိန်ဟာ တိုတိုလေး။ လူ့သက်တမ်းဟာ ဘယ်လောက်မှ ကြာတာမဟုတ်ဘူး၊ အဲဒီတိုတိုလေးထဲမှာ ဒုက္ခနဲ့ သုခတွေ ရှိတယ်။ တကယ်တော့ သုခ ဆိုတာဟာ လည်း အထင်ပဲကွ ...

"သုခအစစ် မဟုတ်ဘူး၊ လူတွေက ပုထုဇဉ်တွေက သုခလို့ ထင်မှတ်မှားနေတဲ့ ဒုက္ခတစ်မျိုးပဲ။ ငါတို့ရဲ့ မြတ်စွာဘုရားက ဒုက္ခဘုံကြီးလို့ ဟောခဲ့တာပဲ။ သုခဘုံကြီးလို့ ဟောခဲ့တာမှ မဟုတ်တာ။ တချို့လူတွေက ပြောကြတယ်၊ အချိန်ဆိုတာ အကောင်းဆုံးသော ဆေးကုသမားတဲ့ ...

"လူ့ဘဝရဲ့ ဒုက္ခတွေကို အချိန်ဆိုတဲ့ သမားတော်ကြီးက ကုသသွားတယ်တဲ့။ ဒါပေမဲ့ ... တချို့လူတွေ အတွက်ကျတော့ အဲဒီအချိန်ဆိုတဲ့ ကာလဟာ ဒုက္ခများစွာကို ပေးတတ်တဲ့ အတိုင်းအတာတစ်ခုပဲ။ အဲဒါကို ဒုက္ခဘုံသားတွေ ရင်ဆိုင်ကြရမယ်။ ကြံ့ကြံ့ခံကြရမယ်၊ ကိုယ်က ဒီဘုံထဲမှာ လူလာဖြစ်ပြီကိုး"

"ကိုမိုး ... ကျွန်တော့်ကို တရားပြနေတာလား။ ဆေးကုနေတာလား"

"နှစ်ခုလုံးပဲ။ အဓိက ပြောချင်တာက ရှင်ယွန်းမေပါ။ ရှင်ယွန်းမေဟာ ရှင်ယွန်းမေ စစ်စစ်ဘဝနဲ့ လူ့လောကကြီးကို ကြံ့ကြံ့ခံ ရဲရဲရင်ဆိုင်နိုင်အောင်၊ သူ့ကို ငါ လူ့ဘဝထဲ ပြန်လွှတ်လိုက်တာပါပဲ။ အခု ... သူ ကြိုးစားနေတယ်၊ ရုန်းကန်နေတယ်။ ကြံ့ကြံ့ခံနေတယ်"

"ကျွန်တော် ဖေးမကူညီလို့ ရမလား"

"အကူအညီ ဆိုတာ ဘယ်သူ့ဆီကရရ နှောင်ကြိုးကင်းရင် ကောင်းတာချည်းပေါ့ကွာ"

"လိပ်စာပေးပါ"



မိုးမြင့်သူက ... ကမာရွတ်ဘက်ရှိ လမ်းတစ်လမ်း၏ နာမည်ကို ရွတ်ပြသည်။ အဆောင်ဖွင့် အိမ်ပိုင်ရှင် အမျိုးသမီးကြီး၏ နာမည်နှင့် ခြံနံပါတ်ကိုပါ ပြော၏။

"သူ ကံကောင်းတယ်ကွ။ ကုန်တိုက်တစ်ခုမှာ အရောင်းစာရေးမဝန်ထမ်း အလုပ်ရထားတယ်။ အဲဒီလခလေးနဲ့ ရုန်းကန်မယ်တဲ့။ မင်းသွားချင်ရင် ညနေငါးနာရီကျော်မှ သွား၊ ဒါမှမဟုတ်၊ တနင်္လာနေ့ဆိုရင် သူ့အားရက်တဲ့"

"ဟာ ... ကိုမိုး၊ ဒီနေ့ မနက်ဖြန် Monday လေ။ တနင်္လာနေ့လေ"

"အဲ ... ဟုတ်သားပဲ"

"ဒါပဲနော်"

"မင်းကို မိုးမြင့်သူက ဆဲနေတယ်"

"ကျွန်တော် ပြန်ဆဲလိုက်တယ်လို့ ပြောပေးပါ ကိုမိုး"

မိုးမြင့်သူ၏ ရယ်သံတွေ ကြားထဲမှာပဲ စကားပြောခွက်ကို ချပစ်လိုက်တော့သည်။

✧ ❧ ✧

"မိန်းမသား တစ်ယောက်အတွက် အသက်အန္တရာယ်၊ အရှက်အန္တရာယ် လုံခြုံစေရပါမယ်လို့ ယောကျ်ားက ... ပေးရင် ... ကျွန်တော်နဲ့အတူ ချမ်းမြေ့ရိပ်ငြိမ်ကို လ... လည်ပေးနိုင်မလား"

ရှင်ယွန်းမေက ပြုံး၍ခေါင်းညိတ်၏။

"ကျွန်မရဲ့ ကျေးဇူးရှင်ရဲ့ ခင်ပွန်းပဲ ကိုမင်းချမ်းမြေ့ရယ်။ ခိုင်းစရာရှိလို့ လာခဲ့ဦးလို့ ဖုန်းဆက်လိုက်ရင်တောင် ကျွန်မ ရောက်လာမှာပါ"

မင်းချမ်းမြေ့ ကိုယ်တိုင် မောင်းလာခဲ့သည့် ကားပေါ်မှာ မင်းချမ်းမြေ့ ဘေးမှပဲ ထိုင်စီးလာခဲ့ပါသည်။ ဖြူစင် အတိုက်ခံရသည့်ကားကို၊ မင်းချမ်းမြေ့က လုံးဝ လှည့်မကြည့်တော့ဘဲ ပုံတိုက်ရောင်းပစ်လိုက်သည်တဲ့။ ဒီကားဟာ ဖြူစင် မစီးဘူးသေးသောကား၊ ဒီကုရှင်မှာ ဖြူစင်ဟာ မင်းချမ်းမြေ့နဲ့အတူ မထိုင်ဖူးသေးဘူးပေါ့ ... ဆိုတာကို ကြဲကြဲဖန်ဖန် တွေးဖြစ်ပါသေးသည်။

"ဆရာက ကျွန်မကို ကောင်းစေချင်လို့ပါ။ သတ္တိနဲ့ ဖွဲ့နဲ့ လူသားတစ်ယောက်အဖြစ် ရှင်သန်စေချင်လို့ပါ။ ကျွန်မနဲ့ လုံးဝမပတ်သက်ခဲ့ဖူးတဲ့ အသိုင်းအဝိုင်းထဲကို လူသစ်စိတ်သစ်နဲ့ဝင်တဲ့။ ဒီလိုဝင်ပေမဲ့ ဆရာတို့ မမသီတာတို့နဲ့ပဲ နေပါလို့ ပြောပါတယ် ...

"ကျွန်မက ကိုယ့်အားကိုယ်ကိုးပြီးပဲ ရပ်တည်ကြည့်ပါရစေလို့ ဖွင့်ပြောပြီး ဆင်းလာတာပါ။ လောကမှာ ကျွန်မလို ဆွေမဲ့မျိုးမဲ့ မိဘမဲ့ တစ်ကောင်ကြွက် မိန်းမသားတွေ အများကြီး ရှိမှာပါ။ အဲဒါတွေ အားလုံးဟာ ကျွန်မလိုမှ မဖြစ်ကြဘဲ ...

"သူတို့ဘဝ သူတို့ ရုန်းကန်ရင်ဆိုင်နေကြတာပဲ၊ လူသားဆန်စွာ ရှင်သန်နေကြတာပဲ။ ကျွန်မ အဲဒီလို ဖြစ်ဖို့ ကြိုးစားရမှာ"



"ရှင်ယွန်းမေ ရတဲ့လခနဲ့ အဆောင်ကြေးနဲ့ သုံးဖို့နဲ့ လောက်ငှရဲ့လား"

"လောက်အောင် သုံးစွဲရပ်တည်နိုင်ခြင်းဟာ အရည်အချင်းတစ်ခုပဲ မဟုတ်လား။ မလောက်အောင်သုံးရင် မလောက်ဘူးပေါ့။ လောက်အောင်သုံးရင် လောက်ပါတယ်။ သုံးချင်စွဲချင်စိတ်ကို ဦးစားပေးပြီး၊ မသမာတဲ့နည်းတို့၊ ဣန္ဒြေပျက်မဲ့နည်းတို့နဲ့ ...

"အမေ့ စီးပွားမရှာရင် ပြီးတာပဲ။ အစားအသောက်ဆိုတာ ဒီကိုယ်ခန္ဓာကြီး ယန္တရားလည်ပတ်ဖို့ ခွန်အားပြည့်ဖို့ပဲ လိုအပ်တာပါ။ ကျွန်မ ... ငါးတို့ ပဲတို့ ဟင်းသီးဟင်းရွက်တို့ များများစားပါတယ်။ နေ့စဉ်အလုပ်ဆင်းတော့လည်း ကုန်တိုက်က ဝတ်စုံထုတ်ပေးထားတာပဲ၊ တစ်ခုပဲရှိတယ် ...

"သူတို့ပေးတဲ့ စကတ်က ဒူးနဲ့မှ တညီတည်းလိုဖြစ်နေတော့၊ ဝတ်နေမကျလို့ မနေတတ်တာ တစ်ခုပါပဲ။ ကျွန်မအတွက် ဘာမှမှ ... သိပ်မလိုတာ၊ လောက်ပါတယ်"

မင်းချမ်းမြေ့က ကားမောင်းရင်း တစ်ချက်တော့ လှည့်ကြည့်ဖြစ်၏။ မျက်နှာပြောင်ပြောင်လေးမှာ ဘာမျှလိမ်းကျံမထားပါ။ ဖြူစင့်လို ဖွေးဆွတ်မနေပေမဲ့ အဝါသွေးတော်တော်ပြေးသည့် အညိုဖျော့ရောင် အသားလေးက (ကိုမိုးက စိတ်ကျန်းမာရေးဆေးဝါးအပြင် ခွန်အားနှင့် သက်ဆိုင်သော ကိုယ်ခန္ဓာကျန်းမာရေးဆေးဝါးတွေနှင့်ပါ ကုသထားသည် ထင်ပါသည်)

စိုပြည်လတ်ဆတ်လျက် အရောင်ကလေးတစ်မျိုး လက်နေသလို ကြည်စင်ဝင်းပနေ၏။ ရှိသမျှဆံပင်တွေ အားလုံးကို နဖူးပြောင် သိမ်းပြီး ခပ်မြင့်မြင့် တက်ချည်ထားသည်။

စင်းဖြောင့်လှသည့် ဆံပင်တွေဟာ နဂိုဖြောင့်စင်း ဖြစ်ပါလိမ့်မည်။ တစ်ခေါင်းကို နှစ်သောင်း၊ သုံးသောင်း၊ လေးသောင်း ဆိုသလို အကုန်ခံပြီး အလှပြင်ဆိုင်မှာ တကူးတက သွားဖြောင့်ထားတာ ဟုတ်ဟန်မတူပါ။ သဘာဝအလှလေးပဲ ဖြစ်ပါလိမ့်မည်။ မျက်ခုံးနက်နက်လေးမှာလည်း ခဲရာမရှိ။ နဂို အပြားကြီးလေးဖြင့် ကျက်သရေရှိနေသည်။ ဒီကောင်မလေး ဒီ လောက်လှတာ ဒီနေ့မှပဲ သတိထားမိတော့သည်။ လူရောစိတ်ပါ ကျန်းမာနေသည်မို့ အသားအရေကစ ကြည်စင်လတ်ဆတ် စိုပြည် ရွှန်းတင့်နေတာ ဖြစ်ပါလိမ့်မည်။ အဲသည် သဘာဝအလှအပလေး ကို အလှပြင်ဆိုင် တစ်ဆိုင်သို့များ ပို့ပေးလိုက်ရလျှင် ဘယ်လောက် များ ဝင်းလက်တောက်ပသွားလိုက်မလဲဟု တွေးမိ၏။

"ကျွန်မ ဒီခြံကို ... တစ်ခေါက် ရောက်ဖူးပါတယ်"

ခြံထဲသို့ ကားကွေ့ဝင်တော့ ပြော၏။

"မောင်မျိုးထွန်းကို ... မင်းချမ်းရောလို့ လာမေးတာ မဟုတ်လား"

မင်းချမ်းမြေ့က ပြုံး၍မေးတော့ ရှင်ယွန်းမေ ရှက်ကိုးရှက်ကန်းနှင့် ခေါင်းညိတ်သည်။

"အားလုံးကို ပြန်သတိရလား"

မင်းချမ်းက ကားပေါ်မှ ဆင်း၏။

"ဟုတ်ကဲ့ ... အရှုးထခဲ့တာတွေလေ"



ပြောပြီး ရှက်ကိုးရှက်ကန်း ရယ်ရှာပြန်၏။

"ဒေါ်သိန်းလှ"

ဒေါ်သိန်းလှက ချက်ချင်း ရောက်လာ၏။

"ကျွန်တော်တို့ ခြံထဲမှာပဲ ထိုင်မယ်၊ နေရိပ်ကောင်းတဲ့ နေရာပေါ့။ ကြာကန်နဲ့ နီးရင်လည်း ပိုကောင်းတယ်"

"ရပါတယ် ကိုချမ်း၊ ဟို ... နန်းတော်မှိုင်း ဆိုတဲ့ သရက်ပင်က အရိပ်ကောင်းတယ်။ သူ့အရိပ်က လွတ်တာနဲ့ ကြာကန်ပဲ"

"မောင်မျိုးထွန်းကို ခုံတွေချပေးဖို့ ပြောပါ"

"ဟုတ်ကဲ့"

"ခုတော့ ... အအေးပဲပေါ့။ ခဏကြာရင် နေ့လယ်စာစားမယ်၊ ရှင်ယွန်း ဘာကြိုက်လဲ၊ ဘာစားချင်လဲ၊ တစ်ခုခုပေါ့"

"ငါး၊ ပဲနဲ့ ဟင်းသီးဟင်းရွက်"

ရှင်ယွန်းကရယ်၍ ပြော၏။ သူ ပြုံးနိုင် ရယ်နိုင် င်လန်းနေတာ မင်းချမ်းမြေ့က တော်တော်ကြီး ကျေနပ်သဘော သွားရ၏။

"အလကားပြောတာ ဒေါ်သိန်းလှ၊ ကောင်းမယ်ထင်တာ သာ လုပ်တော့"

"ဟုတ်ကဲ့"

"ရှင်ယွန်း ..."

မင်းချမ်းမြေ့ နောက်မှ လိုက်ပါရင်း၊ ရှင်ယွန်းက ချင်းတစ်ပုဒ်ကို မဆီမဆိုင် သတိရလိုက်၏။

ဆင်ပြောင်ကြီး သွားလေရာ ... ဆင်မယဉ်သာ လိုက်ပါရစမြဲလေ ...။

အို ... သွားပါ။ ဘာဖြစ်လို့ ဒီသီချင်းက နှုတ်ဖျ ကိုရောက်လာရတာလဲ။ ကိုယ့်ဘာသာ မာန့်မဲလိုက်ရ၏။ ရှင်ယွ တို့ ရောက်တာနှင့် ... မောင်မျိုးထွန်း ခုံတွေမ,ပြီး ရောက်လာတ တစ်ပြိုင်တည်း လိုလိုပင်။

"အေးဆေးထိုင် ရှင်ယွန်း ... နေကောင်းရဲ့လား။ ခေါ် တွေ ဘာတွေ ကြည်ကြည်လင်လင် ရှိလား"

"ကျွန်မ ... လူရော စိတ်ပါ ကျန်းမာနေပါပြီ"

"ကျွန်တော် ... ကိုမိုးကို ကျေးဇူးတင်တယ်"

"ကျွန်မကကျတော့ ဆရာတို့ ဇနီးမောင်နှံရော ... ကိုမင် ချမ်းမြေ့နဲ့ ဖြူစင့်ကိုပါ ကျေးဇူးတင်ပါတယ်။ တစ်သ လုံး ကျေးဇူးရှင်တွေပါ"

"ကျွန်တော်က ဘယ်နေရာက ပါလာရတာလဲ"

"ချမ်းမြေ့ရိပ်ငြိမ်မှာ တစ်လကျော်ကျော် ဆေးရုံတက်ခဲ့ တယ်လေ။ အဲဒီဝန်ဆောင်မှုနဲ့ ဆေးဖိုးတွေကိုသာ ကျခံ မယ်ဆိုရင် ... ကျွန်မ ... သုံးဘဝလောက် အလုပ်လုပ်ပြ မှ ပြန်ဆပ်နိုင်မှာ"

"ထားပါ။ အခု အလုပ်မှာရော အဆင်ပြေလား"

"ပြေပါတယ်"

"သူငယ်ချင်းတွေ ဘာတွေ ရပြီလား"

"ဟုတ်ကဲ့"



"ခင်ခင်မင်မင် ရင်းရင်းနှီးနှီးထဲက ပြောတာ။ သူငယ်ချင်း ထားရမယ်နော်။ အဆောင်မှာလည်း ခင်ခင်မင်မင်ပေါင်း ရမယ်"

"ဟုတ်ကဲ့ ... ပေါင်းပါတယ်။ ကျွန်မ ... သိုက်သိုက်ဝန်း ဝန်း နေတတ်ပါပြီ"

"လူ့ဘဝဆိုတာ ဒုက္ခဘုံလို့ တရားဓမ္မမှာပါပေမဲ့၊ ကျွန်တော် တို့လို ပုထုဇဉ်တွေအဖို့မှာ ... ပျော်စရာတွေ နေပျော်တာ တွေ အများကြီးပါ။ စိတ်ညစ်တဲ့အခါလည်း ရှိတော့ ရှိ တာပေါ့။ ဒုက္ခဆိုတာ အမြဲရောက်မနေပါဘူး။ စိတ်ချမ်း သာပြီး ပျော်ရွှင်နေတဲ့ ...

"အချိန်မျိုးတွေလည်း ရှိပါတယ်။ ပုထုဇဉ်လူသား မှုလား။ ရှင်ယွန်း ... အခု ပျော်ပျော်နေတတ်ပြီလား၊ သူငယ်ချင်းတွေ ဘာတွေနဲ့ ဝိုင်းဖွဲ့စကားပြောကြ၊ လက် ဖက်သုပ်စားကြ၊ ဈေးသွားကြ ဆိုတာမျိုးတွေ ရှိပြီလား"

"ရှိပါပြီ"

"ကျွန်တော် ... ကြားရတာ ဝမ်းသာတယ်"

"ကိုမင်းချမ်းမြေ့ရော ... ကိုယ့်ဘဝထဲ ကိုယ်ပြန်ရောက်ပြီ လားလို့ မေးခွင့်ရှိရင် မေးချင်ပါတယ်"

"ရှင်ယွန်း ... ခွင့်ရှိရင်တို့ ခွင့်မရှိရင်တို့ ဆိုတာတွေ စိတ် ထဲ မထားနဲ့။ ကျွန်တော်နဲ့ဖြစ်ဖြစ်၊ ဘယ်သူနဲ့ဖြစ်ဖြစ်၊ သိချင်တာရှိရင်မေး၊ ပြောချင်တာရှိရင်ပြောပေါ့။ စားချင် စိတ် ဖြစ်လာတဲ့ဟာ စားပစ်။ မျက်စိရှေ့မှာ လိုချင်တာတွေ့ ရင်ဝယ်။ ဒါမှ လူဖြစ်ကျိုးနပ်မှာ ...

"ရှင်ယွန်း မေးခွန်းကို ဖြေရရင်၊ ကျွန်တော် ကိုယ့်ဘဝထဲ ကိုယ်ပြန်ရောက်နေပါပြီ။ ကျွန်တော့်ဇနီး ဆုံးပါးသွားတဲ့ ဖြစ်ရပ်ကို ရင်ဆိုင်နိုင်ပါပြီ။ ကျွန်တော် ... ကိုယ့်ကိုယ်ကိုယ် မုဆိုးဖိုမှန်း သိပါပြီ"

"အန်ကယ်လ်တို့ အန်တီတို့ နေကောင်းကြရဲ့လား"

"ဖြူစင့် မိဘတွေလား။ အန်ကယ်လ်ကတော့ ကောင်းတယ်။ အန်တီကတော့ ကောင်းအောင်ကြည့်နေရတာပေါ့။ ဆရာဝန်နဲ့ မပြတ်ရဘူး။ ဆေးရုံတက်ဖို့ လိုအပ်လာတဲ့အခါကျတော့လည်း ကျွန်တော့် ဆေးရုံတင်လိုက်တာပေါ့ ...

"ကျွန်တော့်ဘဝမှာ ဖြူစင့်မိဘနှစ်ပါးကို ချန်ရစ်ခဲ့လို့တော့မရဘူး။ ခုဆို ... အဲဒီနှစ်ယောက်ကို ကျွန်တော်က ယောက္ခမလို့ သဘောမထားတော့ဘူး၊ မိဘနှစ်ပါးလို့ပဲ သဘောထားလိုက်တယ်။ သူတို့မှာလည်း ဘယ်သူမှ မရှိဘူးလေ ...

"ကျွန်တော်ပဲ ရှိတယ်။ ကျွန်တော့်မှာကျတော့ မိဘ မရှိဘူး၊ အဲဒီနှစ်ယောက်ပဲ ရှိတယ်။ ကျွန်တော် ... နောက်ထပ်အိမ်ထောင်ပြုဖြစ်ရင်၊ ဦးမျိုးသန့်နဲ့ ဒေါ်ဝင်းဝင်းဖြူဟာ ကျွန်တော် လက်ထပ်မဲ့ အမျိုးသမီးအတွက် ယောက္ခမတွေ ဖြစ်လိမ့်မယ်"

"ကိုမင်းချမ်းမြေ့က နောက်အိမ်ထောင်ပြုတော့မှာမို့လို့လား"

"ချက်ချင်းကြီး မဟုတ်တောင်၊ ကျွန်တော် ပြုဖြစ်မယ်။ ဒါဟာ ဖြူစင့်ကို မေ့သွားလို့လည်း မဟုတ်ဘူး။ ဖြူစင့်အပေါ် သစ္စာဖောက်တာလည်း မဟုတ်ဘူး။ ဒီကမ္ဘာမှာ



ဖြူစင် မရှိတော့ဘူး ဆိုတာကို သဘာဝကျကျ လက်ခံလိုက်တာပဲ"

"မုဆိုးဖိုဘဝနဲ့ သဘာဝကျကျ လက်ခံနေလည်း ရသားပဲ"

"မရဘူးတော့ မဟုတ်ဘူးပေါ့ ရှင်ယွန်းရယ်။ ကျွန်တော် ... ခုမှ အသက် အစိတ်ထဲ ဝင်ကာစပဲ ရှိသေးတယ်။ ကျွန်တော်ဟာ လူသားတစ်ယောက် အနေနဲ့ အဖော်လိုပါတယ်။ ကျွန်တော်က ဘဝခရီးကြီးကို လျှောက်ရဦးမှာ ဆိုတော့လေ ...

"ခရီးဖော် လိုအပ်ပါတယ်။ ပြီးတော့ ... ကျွန်တော့်အတွက် မျိုးဆက် ဆိုတာလည်း လူ့လောကကြီးထဲမှာ ချန်ရစ်ခဲ့ရဦးမယ်။ ဒါဟာ လူသားတို့ရဲ့ တာဝန်ပဲ"

"တာဝန်တစ်ရပ်အနေနဲ့ အိမ်ထောင်ပြုဖြစ်မှာပေါ့နော်"

"အဲဒီလိုကြီးတော့လည်း မဟုတ်ဘူး၊ ကျွန်တော် လက်တွဲသွားမဲ့ ခရီးဖော်နဲ့ ကျွန်တော်ဟာ တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ် မရှိကြရင်၊ မေတ္တာမရှိကြရင် ဘယ်လိုလုပ်ပြီး အပြန်အလှန် ဖေးမ,မလဲ။ အချစ်ဆိုတာ လိုအပ်ပါသေးတယ်"

"အချစ်ဆိုတာ ချုပ်ငြိမ်းတတ်တဲ့အရာ မဟုတ်ဘူးလား။ ကိုမင်းချမ်းမြေ့ ချစ်ခဲ့ဖူးပြီလေ"

"ချစ်ခဲ့ဖူးပြီးပါပြီ။ အဲဒီအချစ်ဟာ ရင်ထဲမှာ တသီးတသန့် နောက်ထပ် နှစ်ပေါင်းများစွာ ရှိနေဦးမှာပါ။ အဲဒီလိုပဲ နောက်ထပ် အချစ်တစ်ခုဟာလည်း တသီးတသန့် ပေါက်

ဖွားလာနိုင်ပါသေးတယ်။ အဲဒါ ... ပထမအချစ် ပျက်ပြယ်သွားလို့လည်း မဟုတ်ဘူး၊ ပထမချစ်သူကို မုန်းသွားလို့ မေ့သွားလို့ ဒုတိယချစ်သူ ပေါ်ပေါက်လာတာလည်း မဟုတ်ဘူး၊ သပ်သပ်စီပဲ"

"ခုပေါ်ပေါက်နေပြီလား"... ဟု မမေးလိုက်တော့ပါ။ ဒေါ်သိန်းလှ လာချပေးသည့် အအေးဖန်ခွက်ကိုပဲ ကောက်မော့လိုက်ဖြစ်၏။

"စပျစ်သီးလေးတွေ စားပါ။ ချိုတယ်"

မင်းချမ်းမြေ့က သူလည်း တစ်လုံးကောက်ဝါး၏။ စပျစ်သီးလေးတွေ ... ဆိုပေမဲ့ သေးသေးလေးတွေ မဟုတ်ပါ။ အလုံးကြီးတွေ။ ရှင်ယွန်းတို့ ကုန်တိုက်မှာ တင်ရောင်းပါသည်။ ဈေးကြီးက ကြီးပါဘိသနှင့်။ ချိုမှန်း သိပါသည်။ ချိုသည်၊ ကောင်းသည်ဟု လူတကာပြောသံ ကြားဖူးပါသည်။ ဒီတစ်ကြိမ် ပထမဆုံးအကြိမ် စားဖူးခြင်းဖြစ်၏။

"ကျွန်တော် ... ရှင်ယွန်းကို တော်တော်သဘောကျတယ်။ ရှင်ယွန်း ... ဟိုအရင်တုန်းကဆို အမြဲတမ်း ကြောက်ရွံ့ ထိတ်လန့်ပြီး လူတွေနဲ့ အမြဲရှောင်နေတတ်တယ်လို့ သိထားရတယ်လေ၊ ကြုံတော့ မကြုံဖူးခဲ့ဘူးပေါ့ ...

"ခု ... ရှင်ယွန်းက သတ္တိနဲ့ မိန်းကလေးပဲ။ ပြောတဲ့စကားတွေလည်း ကြိုက်တယ်။ ရှင်ယွန်း အားတဲ့အချိန်တွေကို ဘယ်လိုသုံးလဲ"

"အခုက ... ထမင်းချိုင့်လည်း ဆွဲမစားဘူး၊ ကိုယ့်ဘာသာ ချက်စားတော့လေ ... အလုပ်ကပြန်မှ ချက်ရ ပြုတ်ရ ဈေး



သွားရ လျှော်ဖွပ်ရပေါ့နော်။ သိပ်တော့ အချိန်မပိုလှဘူး၊ ဒါပေမဲ့ အချိန်ဆိုတာ လုပ်ယူရတာပေါ့ ...

"ကျွန်မ စာဖတ်ပါတယ်။ ဘုရားရှိခိုးပြီးရင်လည်း တစ်နာရီ ... တစ်ခါတလေတော့လည်း နာရီဝက်၊ အဆောင်ပိုင်ရှင် အန်တီကြီးရဲ့ ဘုရားခန်းမှာ တရားသွားထိုင်တယ်၊ သမာဓိပေါ့"

"ကောင်းလိုက်တာ။ ကျွန်တော်လည်း လုပ်ကြည့်ဦးမယ်"

"ကုသိုလ်ရေးအနေနဲ့ မဟုတ်တောင် စိတ်ငြိမ်တယ်၊ Will Power (စိတ်စွမ်းအား)တက်တယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာတယ်။ လူ့ဘဝထဲမှာ နေရထိုင်ရတာ ကောင်းလာတယ်။ ကိုမင်းချမ်းမြေ့တို့ကျတော့ ကောင်းပြီးသား ဆိုတော့လေ"

စကားတွေ အများကြီး ထိုင်ပြောဖြစ်ကြပါသည်။ ဖြူစင့် အကြောင်းတွေလည်းပါ၏။ ဖြူစင်ကောင်းကြောင်းလေးတွေပါ။ ထမင်းစားချိန်မှာ ဒေါ်သိန်းလှ လာခေါ်တော့ အိမ်ပေါ်တက်ပြီး ထမင်းစားခန်းမှာ ထမင်းစားသည်။ ဒေါ်သိန်းလှ ပြင်ဆင်ပေးသည့် အချိုပွဲကလည်း လုပသေသပ်သည်။ စားလို့လည်း ကောင်းသည်။

"ကျွန်မက ... မိန်းမသားတို့ တတ်သင့်တာတွေ တော်တော်များများ တတ်နေပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားတာလေ။ ထမင်းတစ်ပွဲကို စားကောင်းအောင်တော့ ချက်တတ်ပါတယ်။ လုပပြီး အဆင့်အတန်းမြင့်အောင် မပြင်ဆင်တတ်သေးဘူး၊ ဒေါ်သိန်းလှ ဆီမှာ တပည့်ခံရဦးမယ်"

“မင်းက အဲဒီလို ပြင်ဆင်ခွင့် မကြုံခဲ့လို့ပါ။ ဘာခက်တာမှတ်လို့၊ မင်း တတ်သွားမှာပါ” ... ဟု ပြောချင်၏။ မင်းချမ်းမြေ့ အတွေးထဲမှာ ရှင်ယွန်းကို မင်းဟု သုံးလိုက်မိသည်။

“မင်းထိုးပေးထားတာလို့ ဖြူစင်ပြောပြီး ဖုံးထားတဲ့ အိပ်ရာဖုံးကြီးဟာ ဒီနေ့ထိ ... နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ ရှိနေတုန်းပဲ” ... ဆိုတာလည်း မပြောဖြစ်တော့ပါ။

“ကိုမင်းချမ်းမြေ့ ဒီနေ့ ဆေးခန်းမသွားဘူးပေါ့နော်”

“မသွားဘူး”

“အလုပ်တွေ ပျက်ပါပြီ”

“ရပါတယ်”

“ကျွန်မ လုပ်နိုင်တဲ့ ကိစ္စမှန်သမျှ ခိုင်းစရာရှိရင်မှာပါ။ အန်ကယ်လ်နဲ့ အန်တီတို့ ဝေယျာဝစ္စပဲဖြစ်ဖြစ် ... အရင်တုန်းက ကျွန်မ သိပ်မရောက်ဖြစ်ဘူး၊ အခု မကြာခဏသွားဖို့ စိတ်ကူးရှိပါတယ်။ အခု သီတင်းကျွတ်မှာတောင် သွားကန်တော့ဖို့ မှန်းထားတယ်”

“ရှင်ယွန်း”

မင်းချမ်းမြေ့ ခေါ်လိုက်ပုံက ရင်ထဲမှ လှိုက်ထွက်လာသလိုမို့ ရှင်ယွန်း ဖျတ်ခနဲ မော့ကြည့်၏။ အကြည့်ချင်းဆုံသည်။ စူးရှလက်ဖြာနေသည့် မင်းချမ်းမြေ့၏ မျက်ဝန်းများကို ရှင်ယွန်း ရင်မဆိုင်ရဲစွာ မျက်လွှာချဖြစ်လေ၏။

“ရှင်ယွန်း ... ခေါင်းမငုံ့နဲ့လေ။ ကိုမိုး ဘာမှာထားလဲ။ မျက်လွှာမချနဲ့။ ခေါင်းမငုံ့နဲ့၊ မျက်ဝန်းတိုင်းကို ရဲရဲရင်ဆိုင်ဆိုတာ ...”



အဲဒါက ရိုးရိုးသားသား အကြည့်တွေကို ပြောတာပေါ့ ကိုမင်းချမ်းမြေ့ရယ်။ ရှင်ကြည့်ပုံကြီးက အကြည့်မှာ လွန်တစ်ချောင်းတပ်ပြီး တစ်ဖက်သားရဲ့ ရင်ထဲကို ထိုးဖောက်ဝင်ရောက်တော့မဲ့ ပုံစံကြီး။

“ကျွန်တော် ... ရှင်ယွန်းကို လက်ထပ်ပါရစေ”

“အို ... မဟုတ်တာ”

ရှင်ယွန်း လန့်ဖျပ် ငြင်းလေ၏။ မျှော်လင့်မထားလိုက်တာများ ကိုမင်းချမ်းမြေ့ရယ်။ ထင်မှမထားတာ။ ရှင် ... ကျွန်မကို အဲဒီလောက်ထိ အဆင့်မြှင့်ပြီး စိတ်ဝင်စားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မိခဲ့တာ။ အလွန်ဆုံး ... ဖြူစင့် အကူအညီနဲ့ ရှင်သန်လာခဲ့ရတဲ့ ဘဝလေးနဲ့ လူသားကို၊ ရှင် အကြင်နာတွေ သက်ရောက်နိုင်ပါတယ်။ သနားစိတ်နဲ့ အကူအညီတွေ ပေးလာနိုင်ပါတယ်လို့သာ၊ အဲဒီလောက်ပဲ မျှော်လင့်ထားတာပါ ကိုမင်းချမ်းမြေ့ရယ်။ ရှင် ... ကျွန်မကို သနားလိုက်တာလား။ သနားခြင်းနဲ့ လက်ထပ်ခြင်းဟာ တခြားစီပဲ ကိုမင်းချမ်းမြေ့ရယ်။

“ကျွန်တော် လျှောက်လှမ်းရမဲ့ ဘဝခရီးက အများကြီးကျန်ပါသေးတယ်။ အဲဒီအတွက် ကျွန်တော့်မှာ လက်တွဲဖော်လိုအပ်ပါတယ်။ ကျွန်တော် ရှင်ယွန်းနဲ့တူတူ အဲဒီခရီးကြီးကို ဆက်လျှောက်ပါရစေ။ ရှင်ယွန်း ခွင့်ပြုပေးပါ၊ ကျွန်တော့် ဘဝအတွက် ရှင်ယွန်း လိုအပ်ပါတယ်”

“ကိုမင်းချမ်းမြေ့ ... ကျွန်မ အဲဒီလောက် အသုံးမဝင်ဘူး ထင်ပါတယ်”

သူ့မျက်နှာကို ပြန်မော့ကြည့်ပစ်လိုက်တော့သည်။ ဒီလူတစ်ယောက်ရှေ့မှာ ခေါင်းငုံ့နေလို့ ဖြစ်တာမှ မဟုတ်ဘဲ။ သူနှင့် ရင်ဆိုင်ရပါမည်။ သူ့ကို စကားပြန်ပြောရပါမည်။ သူ့ရှေ့မှ ထွက်ပြေးရအောင်လည်း အလုပ်မဟုတ်ပါ။ ဘဝဆိုတာ ဒီလိုပဲ မမျှော်လင့်သည့် အပြင်းစား ရိုက်ချက်တွေ ဝင်လာတတ်တာမျိုး ... ဟု ဆရာပြောထားပါသည်။

"ရိုက်ချက်ပြင်းတော့လည်း ဒဏ်ရာပြင်းတယ်။ ရိုက်ချက်ပျော့ရင် ဒဏ်ရာပျော့မယ်။ ဝေဒနာတော့ ခံစားရမှာပဲ။ ရင်ဆိုင်ရမယ်။ ရင်ဆိုင်ဖို့ သတ္တိရှိရမယ်။ ရင်ဆိုင်တဲ့နည်းလမ်းမှန်ရမယ်။ ထွက်ပြေးလို့ မရဘူး။ အဲဒါဘဝပဲ။ လူ တစ်ယောက် ဖြတ်သန်းရမဲ့ဘဝဆိုတာ ... အဲဒါမျိုးကြီးပဲ" ... တဲ့။

ဆရာ့စကားအတိုင်း သတ္တိမွေးပြီး ရင်ဆိုင်လိုက်ပါသည်။ ရင်ဆိုင်ဖို့ ရွေးချယ်သော နည်းလမ်းလည်း မှန်ကန်သည်ဟု ထင်ပါသည်။ သို့ပေမဲ့ ... အဲသည်အပြင်းစား ရိုက်ချက်ကြီး (မျှော်လင့်မထားသော)က ရင်ဘတ်ကြီး တစ်ခုလုံးထဲ မုန်တိုင်းတစ်ခုလို ဝင်မွှေသည်။ မျှော်လင့်မထားပါဘူး ဆိုတာ ... သူ့ဆီက ရမယ်လို့သာ ထင်မထားတာလေ။ ကိုယ်ကကျတော့ ပေးခွင့်မသာဘဲ ပေးဆက်ထားခဲ့တာ။ လွန်ခဲ့သော နှစ်တွေအများကြီးတည်းကပါ။

"ကျွန်တော်က စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောရပါတယ်။ ကျွန်တော့်မှာ အခက်အခဲ အများကြီး ရှိပါတယ်။ ကျွန်တော့် စကားတစ်ခွန်းဟာ ဖြူစင့် အပေါ် သစ္စာပျက်ရာ ရောက်ရင်လည်း ရှင်ယွန်း စိတ်ဆိုးမယ် ...



"ရှင်ယွန်း အပေါ် မလေးနက်ရာ ရောက်ရင်လည်း၊ ရှင်ယွန်း စိတ်မဆိုးတောင် ကျွန်တော့် တောင်းဆိုမှုကို ရှင်ယွန်း လက်ခံမှာ မဟုတ်ဘူး။ ရှင်ယွန်း အသုံးဝင်တာ မဝင်တာထက် ... ကျွန်တော့်ဘဝထဲကို ရှင်ယွန်း ရောက်လာဖို့ လိုအပ်ပါတယ်"

"ကျွန်မကို သနားနေတာလားဟင်"

"သနားစိတ် မကင်းတာ မှန်ပါတယ်။ ဒါပေမဲ့ ... မိန်းကလေး တစ်ယောက်ကို သနားရုံနဲ့ လက်ထပ်ရမှာလား ရှင်ယွန်းရယ်။ သနားရုံဆိုရင် ကူညီစောင့်ရှောက်နိုင်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ်"

"ကျွန်မကို ဆရာဆေးကုနေစဉ်က ကျွန်မ ပြောခဲ့တဲ့ စကားတွေအတွက် ကိုမင်းချမ်းမြေ့က ကယ်တင်တာဆိုရင် မလိုအပ်ပါဘူးလို့ ပြောပါရစေ"

"ရှင်ယွန်း ... ကွာ ..."

ဆေးကုစဉ်က ... ရှင်ယွန်းမေ ဘဝနှင့် မင်းချမ်းမြေ့ကို မြင်မြင်ချင်း ချစ်သွားမိခဲ့တာ ဝန်ခံပြောဖြစ်ခဲ့မည် ထင်ပါသည်။ အဲသည်အတွက် ... ဒီစကားအတွက်၊ ဒီမိန်းကလေး ရှက်ရှာမည်ဆိုသော စာနာစိတ်နှင့် ကယ်တင်ဖေးမဖို့ မလိုပါ။ မင်းချမ်းမြေ့မှာ တာဝန်မရှိပါဟု ထင်၏၊ ကိုယ်ချစ်တာက ချစ်တာပဲ။ အရင်ကလည်း ချစ်ခဲ့သည်။ ရှင်ယွန်းမေ ဘဝတုန်းကလည်း ချစ်ခဲ့သည်။ ဖြူစင်သန့်ရဲ့ ဘဝလေးထဲ အငှားရောက်နေတော့လည်း ဒီလူတစ်ယောက်ကိုပဲ ချစ်ခဲ့တာဖြစ်၏။ ကိုယ့်ချစ်သူရယ်လို့ ပိုင်

ပိုင်ချစ်စိတ်ဖြင့် ပိုလို့တောင် ချစ်ရပါသေးသည်။ အခု ... ရှင်ယွန်းမေ စစ်စစ် ဖြစ်သွားပါပြီ။

သူ့ကို ချစ်နေသေးလားဟု ... သူများက မေးလျှင်တော့ ဤမေးခွန်းဟာ ဖြေဆိုရန် မေးခွန်းမဟုတ်ပါ။ အဲဒီလို အမေးခံရသည့် အဆင့်သို့ ရောက်မလာအောင်ကို ထိန်းသိမ်းရပါမည်။ အမေးခံရပြီဆိုလျှင် ကိုယ်စောင့်ရှောက်အပ်သည့် ဣန္ဒြေသိက္ခာပိုင်းမှာ လျော့ရဲလို့ပဲဟူ၍ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်စိတ်ဆိုးရပါမည်။ ကိုယ်စောင့်နတ်ကသာ မေးလာလျှင်တော့ ဖြေဆိုရန် အဖြေက အမြဲထာဝရ အဆင်သင့် ရှိနေပြီးသားပါ။ ဖြေလည်း ဖြေမှာပါ။

"သိပ်ချစ်နေဆဲပါပဲ ကိုယ်စောင့်နတ်ကလေးရယ်" ဟူ၍၊

"ဘာတွေ လျှောက်တွေးနေတာလဲ ရှင်ယွန်းရယ်။ ကိုယ် ယောကျ်ားပါ။ မိန်းကလေးတစ်ယောက်ကို သံယောဇဉ်မရှိဘဲ၊ မေတ္တာမရှိဘဲ၊ အချစ်မဖြစ်ထွန်းဘဲ ဘာဖြစ်လို့ လက်ထပ်ခွင့် တောင်းရမှာလဲ"

"ရှင် ..."

"မင်းကို ကိုယ် သိပ်ချစ်သွားမိပါပြီ ရှင်ယွန်း။ အဲဒါယုံပါ။ ဘာကြောင့် ချစ်တာလဲလို့ မေးရင် အဖြေမရှိပါဘူး။ ရေစက်လို့ပဲ လွှဲချလိုက်မယ်။ ဖူးစာလို့ပဲ ပြောမယ်။ မင်းက ဖြူစင့် သူငယ်ချင်း ဖြစ်နေတဲ့အတွက် ကိုယ့်မှာ အပြောရခက်တာတွေ ရှိနေတယ် ...



"ဖြူစင့်ကို မေ့ပြီလားလို့ မင်းမေးရင် ကိုယ်ဖြေပါ့မယ်။ မမေ့သေးပါဘူး၊ မုန်းသွားလို့လား ဆိုရင်လည်း၊ မမုန်းပါဘူး၊ ဘာလို့ မုန်းရမှာလဲ၊ မုန်းစရာအကြောင်းမှ မရှိတာလို့ ကိုယ်ဖြေပါ့မယ်။ ချစ်နေသေးလားလို့ မင်းမေးချင်လိမ့်မယ် ထင်တယ် ...

"ကိုယ် ဖြေပါ့မယ်။ ချစ်နေပါသေးတယ်။ ဖြူစင်သာ သက်ရှိထင်ရှား ရှိနေဆဲဆိုရင် ကိုယ်ဟာ နောက်ထ ယောက်ကို ထပ်ချစ်ပြီး သစ္စာပျက်မဲ့ ယောကျ်ားမျိုးမ တ် ပါဘူး၊ အမှန်စကားမို့ မင်းနားဝင်မချိုရင် ခွင့်လ တ်ပါ၊ ကိုယ် ... အခု မင်းကိုပဲ ချစ်ပါတယ်"

အို ... ကျွန်မ ယုံလိုက်တာ ကိုမင်းချ မြဲ့ရယ်။ ရှင် ဘာပြောပြော ကျွန်မ ယုံနေတော့တာပဲ။ ပြီးတော့ ... ရှင့်စကားတွေကို ကျွန်မ နားဝင်ချိုပါတယ်။ ရှင် ဒ်၂က် ့ပြောရမှာပေါ့။

အဲဒါ အမှန်တရားပဲလေ။ ဖြူစ ပြီး မေ့ပါပြီ။ မချစ်တော့ပါဘူး ဆိုတာမျိုး၊ ကျွန်မကို ဖြူစင့်ထက် ပိုချစ်ပါတယ် ဆိုတာမျိုး ပြောလာရင်တောင် ရှင့်ရဲ့ ပလီပလာစကားပဲ ဆိုပြီး ကျွန်မ ယုံကြည်မှာ မဟုတ်ပါဘူး။

ရှင် ... ဖြူစင့်ကို ဘယ်မေ့နိုင်ပါဦးမလဲ။ ကျွန်မ လက်ခံပါတယ်။ ရှင် ... ဖြူစင့်ကို ချစ်နေဦးမှာပဲ၊ ဖြူစင်သာ ရှိရင် ကျွန်မကို ရှင် ဘယ်ချစ်ပါ့မလဲ။ အဲဒီစကားကို ကျွန်မ နားဝင်ချိုပါတယ်။ ရှင့်ကို လေးစားလိုက်တာ ကိုမင်းချမ်းမြေ့ရယ်။

ရှင်ယာ ယောကျာ်းပီသစွာ အမှန်တရားကို ရင်ဆိုင်ဝံ့တဲ့သူပဲ။ ဒါ... ကျွန်မ ရှုံးလို့ပြောတာ မဟုတ်ဘူးနော်။ အမှန်တရားကို ရဲရဲရင်ဆိုင်တတ်တဲ့ ရင်ဆိုင်နိုင်တဲ့ စွမ်းအားတွေ ရရှိထားတဲ့ ရှင်ယွန်းမေ စစ်စစ်က ကိုယ်ခန္ဓာရော စိတ်ပါ ကျန်းမာစွာ လက်ခံနားဝင်ချိုခြင်းပါ ကိုမင်းချမ်းမြေ့ရယ်။

"ကိုယ်တို့ တွေ့ဆုံချိန် တိုတိုလေးမှာ ကိုယ်ဟာ ဒီလောက် မြန်မြန်ဆန်ဆန် စိတ်ယိုင်ရသလားလို့ မင်း ကိုယ့်ကိုအထင် သေးချင် သေးလိမ့်မယ်။ ကိုယ့်ကို နားလည်ပေးပါ။ မင်းဟာ ကိုယ့်ဘဝထဲမှာ တစ်စတစ်စ အရေးပါလာတဲ့နှုန်းက သိပ်မြန်ပါတယ် ...

"ကိုယ့်ဘဝထဲမှာ မင်း မရှိလို့ မဖြစ်တော့တဲ့အထိ မင်း ဒီ ကိုယ်ချစ်သွားတာပါ။ ကိုယ့်လိုလူမျိုးကျတော့ တ[illegible]စ်ခါ လက်ထပ်ပြီးသား လူတစ်ယောက်ဆိုတော့ မင်း[illegible] ဘယ်လောက် လေးနက်တယ်ဆိုတာ ထင်ရှား [illegible] ...

"လက်ထပ်ခွင့်ကို အရင်တောင်းရပါတယ်၊ ကိုယ်လိုလူဟာ မိန်းမသားတစ်ယောက်ကို ရူးရူးနစ်နစ် မချစ်မိရင် လက်ထပ်ခွင့် မတောင်းပါဘူး။ ယုံပေးပါ ရှင်ယွန်းရယ်"

ယုံလိုက်တာ ကိုမင်းချမ်းမြေ့ရယ်။ ရှင့်ကို ကျွန်မက အထင်ကြီး လေးစားပြီးသား။ မြတ်နိုးတွယ်တာနင့်ပြီးသား။ ချစ်နေတဲ့သူလေ။ ရှင့်ကို မြန်မြန်ဆန်ဆန် စိတ်ယိုင်တယ်လို့



အထင်မသေးပါဘူး။ ကျွန်မတုန်းကဆို ... ရှင့်ကို တစ်ကြိမ်မြင် ဖူးရုံနဲ့ ချစ်သွားခဲ့တာလေ။ ရှင်ပြောသလိုပဲ၊ ရေစက်နဲ့ ဖူးစာကိုပဲ လွှဲချကြပါစို့ ကိုမင်းချမ်းမြေ့ရယ်။

"ရှင်ယွန်း ... ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ"

ကျွန်မ ရင်ထဲမှာ စကားတွေ အများကြီး ပြောနေတာပဲ ကိုမင်းချမ်းမြေ့ရယ်။

နားနဲ့မနာ ဖဝါးနဲ့မနာ နှလုံးသားနဲ့ နာပါတော့လား ရှင်။

"ရှင်ယွန်း ကိုယ့်ကို စိတ်ဆိုးလား၊ ဒီတစ်ခုတော့ ဖြေပါ"

"မဆိုးပါဘူး"

"အထင်သေးလား"

"ဘယ်တုန်းကမှ အထင်မသေးခဲ့ပါဘူး၊ နောက်လည်း တစ်သက်လုံး အထင်သေးဖို့ ရည်ရွယ်ချက် မရှိပါဘူး"

"ဒါဖြင့် ကိုယ့်ကို လက်ခံလား"

"ကိုမင်းချမ်းမြေ့က ကျွန်မကို ထမင်းကျွေးပြီး အကျပ်ကိုင်တာတော့ မဟုတ်ပါဘူးနော်"

"ဟာ ... ရှင်ယွန်း၊ ကိုယ် အဲဒီလိုလူစား မဟုတ်ဘူး။ အမှန်က ကိုယ် လောသွားတာ။ ဒီနေ့ပြောဖို့ မရည်ရွယ်ဘူး။ အချိန်စောင့်ဦးဖို့ပါ။ ပြောဖြစ်သွားတယ် ရှင်ယွန်းရယ်"

"ကျွန်မရဲ့ ကျန်းမာရေးကိုရော ရှင်စိတ်ချရဲ့လား။ ကိုယ်ခန္ဓာရော၊ စိတ်ရောပေါ့"

"ကျန်းမာရေး ပြန်ချွတ်ယွင်းရင်လည်း ကိုယ် တစ်သက်လုံး ဆေးကုသွားဖို့ ဆုံးဖြတ်ထားပါတယ်။ အခုလည်း စိတ်ချပါတယ်"

"ကျွန်မ ... အခု ခေါင်းညိတ်ရင် ... ရှင် ကျွန်မကို အထင်သေးမလားဟင်"

"ဟာ ... ရှင်ယွန်း၊ တကယ်လား။ ဘာလို့ အထင်သေးရမှာလဲ။ ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြမယ်။ ပျော်လိုက် ... ရှင်ယွန်းရယ်။ ကိုယ့်ဘဝမှာ ပျောက်ဆုံးသွားတဲ့ အပျော်တွေကို အခု ပြန်ရပါပြီဆိုရင် ရှင်ယွန်း စိတ်ဆိုးမလား"

"မဆိုးပါဘူး။ ဒါပေမဲ့ ... ရှင်နဲ့ ကျွန်မ အသက်တူတူပဲလေ။ အခု နှစ်ဆယ့်ငါးထဲကို ဝင်ကြပြီ။ နောက်ထပ်သုံးနှစ်လောက် စောင့်လိုက်လို့၊ ကျွန်မတို့အသက်တွေ နှစ်ဆယ့်ရှစ်ထဲဝင်မှ လက်ထပ်ရင်လည်း နောက်ကျတယ်လို့ မပြောနိုင်ပါဘူး"

"ဒီကြားထဲမှာ သုံးနှစ်ထဲမှာ ... ရှင်ယွန်းက ဘာလုပ်နေမှာလဲ။ ဘာလုပ်ချင်လို့လဲ"

"အချိန်ကာလတစ်ခုကို စောင့်စားချင်တာပါပဲ။ ကျွန်မက အလုပ်လုပ်နေမှာပေါ့။ အဆောင်မှာ နေနေမှာပေါ့။ ထမင်းဟင်းတွေ ချက်စားနေမှာပေါ့။ စာတွေ ဖတ်နေမှာပေါ့။ ရှင်အားတဲ့ရက်၊ ကျွန်မအားတဲ့ရက်တွေမှာ ...



"ကျွန်မတို့နှစ်ယောက် သိက္ခာရှိစွာ တွေ့ဆုံကြမှာပေါ့။ ရှေ့ရေး နောက်ရေးတွေ တိုင်ပင်ကြမှာပေါ့။ အဓိပ္ပာယ်မရှိ သောင်စဉ်ရေမရ စကားလေးတွေ လျှောက်ပြောပြီး ပျော်နေကြမှာပေါ့ ကိုမင်းချမ်းမြေ့ရယ် ...

"သုံးနှစ်ဆိုတဲ့ အချိန်ဟာ ခဏလေးပါ။ လူပြောသူပြော လွတ်နိုင်တဲ့၊ ကဲ့ရဲ့ခံရခြင်း ဆိုတဲ့ လောကဓံတရားရဲ့ ကင်းလွတ်ချိန်လေးဖြစ်တဲ့ အချိန်ကာလတစ်ခုကို ပျော်ရွှင်စွာ စောင့်ဆိုင်းနေကြရင်လည်း ကျွန်မတို့ နှစ်ယောက် တစ်ကမ္ဘာ ဘဝလေးထဲဝင်ဖို့ နောက်မကျနိုင်ပါဘူး ကိုမင်းချမ်းမြေ့ရယ်"

"လိမ္မာလိုက်တဲ့ ရှင်ယွန်းလေးပဲကွယ် ... ကိုယ် အရမ်းကံကောင်းတယ်နော်"

"ကံကောင်းခြင်း ဆိုတာကို ... ကျွန်မအတွက်တော့ ကိုမင်းချမ်းမြေ့ရဲ့ ဘဝထဲကို ဝင်ခွင့်ရတဲ့ အချိန်ကမှ စပြီးရမှာပါ။ ကျေးဇူးတင်ပါတယ် ကိုမင်းချမ်းမြေ့ရယ်၊ ကျွန်မ ပျော်ပါတယ်"

အချိန်ဆိုတာ ... ခုတော့လည်း ပျော်ရွှင်စရာကာလတစ်ခုအတွက် စောင့်ဆိုင်းဖို့ အသုံးကျရတဲ့ အရာတစ်ခု ဖြစ်သွားပြန်ပါရောလားရှင်။

ကျွန်မနာမည် ရှင်ယွန်းမေပါ။ ရှင်ယွန်းမေရဲ့ ဘဝစစ်စစ်ထဲမှာ ကျွန်မရဲ့ချစ်သူကို ပိုင်ဆိုင်ခွင့် ရလိုက်တာပါ။ အချစ်စစ်စစ်နဲ့ ချစ်ခွင့်ရလိုက်တာပါ။ ဒါပေမဲ့ ... ကျွန်မက